
တက္ကသိုလ်

# တင်မြင့်

## ချစ်စိတ်လေးတွေချာချာလည်




တက္ကသိုလ် တင်မြင့်

# ချစ်စိတ်လေးတွေ ချာချာလည်



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

# ၁၉၈၇ – ခုနှစ်





## အခန်း(၁)

"ဘုရား ... ဘုရား ... ဘုရား"

ရင်ထဲမှာအေးပြီး တုန်တုန်ယင်ယင်ဖြစ်သွား၍ မဖြူ ဘုရားတ,လိုက်မိပါသည်။

လေယာဉ်သည် တည့်တည့်ပျံသန်းနေရင်းက ရုတ်တရက်တုန်ခါလျက် အောက်သို့ အိကျသွားသောကြောင့် မဖြူရင်ထဲ အေးခနဲဖြစ်သွားရခြင်း ဖြစ်ပါသည်။

မဖြူ ဘုရားတ,လိုက်ခြင်းကြောင့် စိုင်းမောင်မောင်ပင် အိပ်ပျော်နေရာမှ လန့်နိုးသွားရသည်။

မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

ယှဉ်တွဲထိုင်နေရသော အမျိုးသမီးလေး၏ ပခုံးစွန်းပေါ် စိုင်းမောင်မောင်၏ခေါင်းက မှီအုံးထားသလို အနေအထားဖြစ်နေသည်။

ချက်ချင်းပင် လန့်နိုးပြီး စိုင်းမောင်မောင် သူ့ခေါင်းကို ပြန်တည့်လိုက်ပြီး အားနာစွာ အမျိုးသမီးလေးကို လှည့်ကြည့်လိုက်သည်။

အမျိုးသမီးလေးခမျာ အကြောက်ကြီးကြောက်နေပုံ ရ၏။ မျက်လုံးအစုံကိုလည်း စုံမှိတ်ထားသည်။

နှုတ်ခမ်းကလေးကလည်း တလှုပ်လှုပ်၊ စိတ်ထဲက ကျိတ်ပြီး ဘုရားစာရွတ်ဆိုနေခြင်း ဖြစ်မည်ဟု စိုင်းမောင်မောင် တွေးမိရင်း ပြုံးလိုက်မိသည်။

အမျိုးသမီးလေး မျက်နှာမှာ တော်တော်လှသည်။ အရပ်အမောင်း ကိုယ်လုံးကိုယ်ဖန် မငယ်လှပေ။ သူမ၏အရပ် သည် ငါးပေသုံးလက်မထက် မနည်းပေ။ ကိုယ်လုံးကိုယ်ဖန်မှာ အရပ်အမောင်းနှင့် လျော်ညီသည့် ရင်၏အနေအထား၊ ခါးအသေး အကျဉ်၊ တင်၏စို့စို့ပို့ပို့တို့သည် သူရဲ့ကိုယ်ထည်နှင့် အရပ်အမောင်း တို့ အချိုးကျနေသဖြင့် ကြည့်လို့ကောင်းသည်။

လှသည်ဆိုခြင်းထက် ကျက်သရေရှိသည်ဟုပြောက ပို၍မှန်ကန်နိုင်ပါသည်။

မျက်ခုံးကမည်းမှောင်ပြီး စင်ရော်တောင်ပံလို ကော့ ပျံနေ၏။

နှာတံကလေးက ဖြောင့်စင်းပြီး တင်ထားသကဲ့သို့ ဘုရားစာရွတ်ဆိုနေသည့် နှုတ်ခမ်းငုံလေးလည်း နှင်းဆီဖူးလေးပမာ ပင်။

စိုင်းမောင်မောင် ကြည့်ကောင်းကောင်းနှင့် စိုက် ကြည့်နေစဉ်မှာပင်-အမျိုးသမီးလေး၏မျက်ဝန်းများ ပွင့်လာသည်။

ပန်းပွင့်လေးတစ်ပွင့် ငုံနေရာမှ ရုတ်တရက်ပွင့်ဟ လာတာ မြင်လိုက်ရသလို စိုင်းမောင်မောင် ခံစားမိသည်။ တကယ် ပါပဲ။



"ဟင်"

မဖြူ ရှက်သွားရ၏။

သူစိမ်းယောက်ျားတစ်ဦးက သူ့ကို စူးစိုက်ကြည့်နေ တာ မြင်လိုက်ရ၍ဖြစ်သည်။

"ဟဲ ... ဟဲ ... ဟဲ ... ဟဲ"

စိုင်းမောင်မောင်ကလည်း သူခိုးလူမိခြင်း ဖြစ်သွား၍ အရှက်ပြေ ရယ်မောစရာ လုပ်လိုက်၏။

ပြီးတော့မှ ...

"သိပ်မကြောက်ပါနဲ့ဗျာ၊ ဘာမှ မဖြစ်ပါဘူး၊ ဒါ လေယာဉ်ပျံ ခလုတ်တိုက်တာပါ"

"ရှင်"

စိုင်းမောင်မောင်စကားကြောင့် မဖြူ သိပ်ပြီးအံ့ဩ သွားရသည်။

"လေယာဉ်ခလုတ်တိုက်တာပါ"ဆိုသည့် စကား ကြောင့် ကြောက်တဲ့စိတ်များပြေပျောက်သွားပြီး မဖြူ ရယ်ချင်သလို ဖြစ်မိသွားရသည်။

"လေယာဉ်လည်း လူလိုပေါ့ဗျာ"

"လေယာဉ်ကလူလို ..."

စိုင်းမောင်မောင် ထပ်ပြောလာသဖြင့် မဖြူ ရေရွတ် လိုက်မိခြင်းဖြစ်သည်။

"ဟုတ်တယ်ဗျ၊ လေယာဉ်လည်းလူလိုပဲ၊ သွားရင်းလာရင်း ခလုတ်ကန်သင်းတိုက်မိတာပေါ့၊ လေယာဉ်ကျတော့ ခလုတ် တိုက်တယ်မခေါ်ဘူး၊ လေအိပ်မိတယ်လို့ သုံးနှုန်းကြတယ်"

နောက်တစ်ကြိမ် အခုလိုပဲ လေယာဉ် ရုတ်တရက် အိကျသွားပြန်သည်။

သည်တစ်ခါတော့ မဖြူ သိပ်မကြောက်တော့ပါ။ အခုန စိုင်းမောင်မောင် ပြောပြထားသောစကားကြောင့်ပင်။

မကြောက်သည့်အပြင် မဖြူ စိုင်းမောင်မောင်ကိုပင် ပြုံးပြလိုက်နိုင်သည်။

"ပြုံးတဲ့အခါကျတော့လည်း ဘယ်သူမှမမီအောင်လှတဲ့ အလှပိုင်ရှင်မလေးပါလား"လို့ စိုင်းမောင်မောင်ရင်ထဲက မှတ်ချက်ချလိုက်မိ၏။

"ဪ ... ဒီကနာမည်"

"မဖြူပါ"

မဖြူက သွက်သွက်လက်လက်ပင် သူ၏နာမည်ကို ပြောလိုက်သည်။

"အားပါး ... နာမည်လေးက ခေါ်လို့အရမ်းကောင်းပါလား၊ ဆန်းလည်းဆန်း လှလည်းလှတယ်၊ မဖြူတဲ့ ... ဖြူစင်ပါပေတယ်"

သည်တစ်ခါလည်း စိုင်းမောင်မောင် ရင်ထဲကပင် မှတ်ချက်ချလိုက်ခြင်းဖြစ်ပါသည်။ နှုတ်ကမူ ...

"ဟုတ်ကဲ့၊ အခုလိုသိရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော် မဖြူကို တောင်းပန်စရာရှိပါတယ်"

"ရှင်"

မဖြူ အံ့အားသင့်သွားရသည်။



"ကျွန်တော့်ကို အအိပ်ကြီးတယ်လို့ ပြောချင်ပြောတော့ဗျာ၊ ကျွန်တော် တစ်လမ်းလုံး အိပ်ငိုက်လာခဲ့မိတယ်၊ အိပ်ရုံတင် ဘယ်ကမလဲ၊ မဖြူရဲ့ပခုံးကိုတောင်မှီပြီး အိပ်နေမိသေးတယ်၊ အဲဒါ မဖြူကို တကယ်အားနာပါတယ်၊ ကျွန်တော် တော်တော်ဆိုးတယ်ဗျာ ...

"အင်း ... ဒါပေမဲ့ ကျွန်တော် ဘာမှ မသိတာအမှန်ပါ၊ တမင်သက်သက် ဇိမ်ယူတာမဟုတ်ပါဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ မဖြူကို အနှောင့်အယှက်ပေးသလို ဖြစ်သွားတယ်၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

စိုင်းမောင်မောင်၏တောင်းပန်စကားက အရှည်ကြီး ဖြစ်သည်။

"ခရီးသွားတာပဲ ရှင်၊ ဒီလောက်တော့ သည်းခံရမှာပေါ့၊ ဟုတ်ဘူးလား"

စိုင်းမောင်မောင် အအိပ်ကြီးမှုကြောင့် တစ်လမ်းလုံး စိတ်ညစ်ခဲ့ရသော မဖြူ ခုတော့ ဘာကြောင့်များ အလွယ်တကူ ခွင့်လွှတ်စကားဆိုမိပါလိမ့်။

ဘယ်လိုကဘယ်လို သည်လောက်မြန်မြန်ကြီး ခွင့်လွှတ်စကားများ ပြောဖြစ်သွားသည်ကို မဖြူ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်အောင် ဖြစ်နေမိသည်။

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော်ကလည်း ရန်ကုန်မှာ အလုပ်တွေသိပ်များခဲ့လို့ ပင်ပန်းပြီး အခုလို ဖြစ်သွားရတာပါ၊ အို ... ဒါနဲ့ ကျွန်တော့်နာမည်တောင် မပြောမိသေးဘူး၊ ကျွန်တော့်နာမည် စိုင်းမောင်မောင်ပါ"

"စိုင်းမောင်မောင်"

စိုင်းမောင်မောင်နာမည်ကို စိတ်ထဲကရေရွတ်ဆိုကြည့်ရင်း မဖြူ စိုင်းမောင်မောင်ကို သေသေချာချာ စူးစူးစိုက်စိုက်ကြည့်လိုက်မိ၏။

ဟုတ်ပါပြီ။

စတီရီယိုအဆိုကျော်နာမည်ကြီး စိုင်းမောင်မောင်ပါပဲ။

ဒါကြောင့် လေယာဉ်ပေါ်တက်လာကတည်းက သည်လူကိုမြင်ဖူးသလိုလိုပဲလို့ မဖြူ စိတ်ထဲမှာ တွေးထင်မိခဲ့ပါသေးသည်။

စိုင်းမောင်မောင်ကို အပြင်မှာတော့ မဖြူ မမြင်ဖူးပါ။ မဂ္ဂဇင်းစာအုပ်များထဲက စိုင်းမောင်မောင်သီချင်း ကြော်ငြာများ၊ စိုင်းမောင်မောင်၏သီချင်းခွေမျက်နှာဖုံးပုံများကိုသာ မဖြူ မြင်တွေ့ခဲ့ရဖူးခြင်းဖြစ်၏။

"စတီရီယိုအဆိုကျော် စိုင်းမောင်မောင်လားဟင်"

သေချာသထက် သေချာအောင်လို့ မရဲတရဲကလေး မဖြူမေးမိသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် သီချင်းဆိုတဲ့ စိုင်းမောင်မောင်ပါ"

မဖြူ အမေးကို စိုင်းမောင်မောင် ပြုံးပြုံးကလေးဖြေလိုက်သည့်အဆုံးတွင် ...

"အစ်ကိုစိုင်းမောင်မောင်ကို မဖြူ သိပ်ကြိုက်တာပဲ"

စိုင်းမောင်မောင် မျက်လုံးပြူးသွားသည်။



လွှတ်ခနဲပြောလိုက်မိပြီးမှ သူ့စကားမှားသွားကြောင်း မဖြူ သတိပြုမိသည်။

ဒါပေမဲ့ စကားပြင်ပြီးပြောရန်လည်း မပြောရဲသည့်အတွက် ရှက်ပြုံးလေး ပြုံးနေမိ၏။

"ဩော် ... မဖြူကြိုက်တာ စိုင်းမောင်မောင်သီချင်းတွေ မဟုတ်လား၊ ရပါတယ်၊ ကြိုက်ပါ ... ကြိုက်ပါ၊ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ... ဖြူက ဘယ်ကိုသွားမှာလဲ၊ မန္တလေးလား၊ စပ်စုတယ်လို့ မထင်ပါနဲ့နော်၊ မန္တလေးကို ရောက်လုနီးနေပြီမို့ မေးတာပါ"

မဖြူ ရှက်နေမှန်းသိ၍ စိုင်းမောင်မောင် စကားလမ်းလွှဲပေးနေခြင်းဖြစ်၏။

"မဖြူ ဟဲဟိုးသွားမှာပါ"

"ဟဲဟိုး"

စိုင်းမောင်မောင် အံ့အားသင့်စွာ ရေရွတ်မိသည်။

"ဟုတ်ပါတယ်၊ ဟဲဟိုးမှာ ဆင်းပြီး ကလော သွားမလို့ပါ"

စိုင်းမောင်မောင် ဒုတိယအကြိမ် အံ့ဩမိရင်း ...

"ဟာ ... တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကျွန်တော်ကလည်း ကလောသွားမလို့ပဲ၊ ကျွန်တော်က ကလောသားလေ၊ မဖြူက ဘာလဲ၊ တာဝန်နဲ့လား အလည်သက်သက်လား"

"တာဝန်နဲ့ ဆိုပါတော့ရှင်"

မဖြူ စကားကို တိုတိုပဲဖြတ်ထားလိုက်သည်။

စိုင်းမောင်မောင်ကတော့ ဆက်မေးချင်ပါသေးသည်။ ဒါပေမဲ့ မမေးကောင်းသဖြင့် ဆက်မမေးတော့ဘဲ အောင့်အည်းနေလိုက်သည်။

"ခရီးသည်များရှင် ... မကြာမီ အချိန်အတောအတွင်းမှာ ကျွန်မတို့လေယာဉ်ဟာ မန္တလေးလေဆိပ်ကို ဆင်းသက်ပါတော့မယ်၊ မိမိတို့ထိုင်ခုံမှာရှိတဲ့ ခါးပတ်များကို ပတ်ထားကြဖို့ မေတ္တာရပ်ခံပါတယ်"

လေယာဉ်မယ်က ကြေညာလိုက်ခြင်းဖြစ်ပါသည်။

စိုင်းမောင်မောင်နှင့် မဖြူတို့ ခါးပတ်များ အသီးသီး ပတ်ထားလိုက်ကြသည်။

ညင်ညင်သာသာလေးပင် လေယာဉ်ပျံဆင်းသက်နိုင်ခဲ့ပြီး လေဆိပ်အဆောက်အအုံရှေ့မှာ ရပ်တန့်သွား၏။

"ကဲ ... အညောင်းပြေအညာပြေ ဆင်းလိုက်ကြဦးစို့"

စိုင်းမောင်မောင်ကပြောပြီး ရှေ့ကဆင်းသွားသည်။ မဖြူလည်း တခြားခရီးသည်များနှင့်ရောပြီး လေယာဉ်ပေါ်မှဆင်းလိုက်ပါသည်။

✤ ◆ ✤



## အခန်း(၂)

ရှုမျှော်ခင်းတွေက ပထဝီအနေအထား ပြောင်းလဲသည်နှင့် တဖြည်းဖြည်း ပြောင်းလဲလာပါသည်။

မြေပြန့်ကို သိပ်မမြင်ရတော့ပါ။

တောင်တန်းအထပ်ထပ်ကိုသာ မြင်နေရပါသည်။

မြေပြန့်မှာတုန်းက တိမ်ကင်းစင်သလောက် ရှမ်းပြည်နယ်ထဲဝင်ရောက်လာတာနှင့် တိမ်စိုင်တိမ်ခဲများကို မကြာခဏ တွေ့တွေ့နေရ၏။

လေယာဉ်အပြင်ဘက်မှာတော့ ဘယ်မျှအေးချမ်းနေမလဲမသိပါ။

လေယာဉ်ထဲမှာတောင် ဟော်တော်အေးစိမ့်ပြီးလာသဖြင့် မဖြူ သူ့ရဲ့ ကြက်သွေးရောင်နီနီ ထရိုင်ဇာအနွေးထည် ဆွယ်တာဝတ်လိုက်သည်။

စိုင်းမောင်မောင်ကတော့ သူ့ခါးတွင် ဝတ်ထားသော ဝေါ့မင်းနှင့် အလုပ်ရှုပ်နေ၏။

စိုင်းမောင်မောင်တစ်ယောက် နားကြပ်ဖြင့် ကက်ဆက်ဖွင့်ပြီး သီချင်းနားထောင်လိုက်၊ စာရွက်တစ်ရွက်ပေါ်တွင် သီချင်းနာမည်ရေးမှတ်လိုက်နှင့် အလုပ်ရှုပ်လျက်ရှိသည်။

မန္တလေးလေဆိပ်မှာတုန်းက စိုင်းမောင်မောင် စပတ်ကရင်လီမွန်ဖြင့် ညှော်ခံခဲ့သေးသည်။

မဖြူကလည်း စိုင်းမောင်မောင်ကို မန္တလေးထိုးမုန့်တစ်ထုပ် လက်ဆောင်ပြန်ပေးလိုက်၏။

စိုင်းမောင်မောင် အိပ်ရေးဝသွားပြီဖြစ်၍ ပြန်ပြီး မအိပ်တော့ပါ။

မဖြူကတော့ လေယာဉ်ပြတင်းမှနေ၍ အပြင်ရှုခင်းများကိုသာ တစ်လမ်းလုံး စိတ်ဝင်စားစွာ ကြည့်ရှုလာမိခဲ့သည်။

သည်အရပ်သည်ဒေသသည် မဖြူအတွက် အားငယ်စရာလိုလို၊ လွမ်းဆွတ်စရာလိုလို ဖြစ်နေသည်ဟု မဖြူ ခံစားမိသည်။

သည်တောင်တန်းကြီးတွေ၊ ရေတံခွန်ကြီးတွေ၊ စိမ့်စမ်းတွေ၊ လှိုမြောင်ချောက်ကမ်းပါးတွေက မဖြူအဖို့ စိမ်းလျက်ရှိ၏။

ထင်းရှူးပင်တွေ၊ ကော်ဖီပင်တွေ၊ လိမ္မော်ပင်တွေ၊ တောင်လှေခါးထစ်စနစ်ဖြင့် စိုက်ပျိုးထားသည့် စပါးပင်တွေအားလုံးကိုလည်း မမြင်ဖူးပါ။ မဖြူအဖို့ ဆွေမျိုးလည်းမရှိ၊ မိတ်ဆွေလည်း မရှိပါ။

မိတ်ဆွေသူငယ်ချင်းဆိုလို့ အခု လေယာဉ်ပေါ်၌ အသိအကျွမ်းဖြစ်လာရသည့် စိုင်းမောင်မောင်တစ်ယောက်သာရှိပါ၏။



သည်တော့ မဖြူမှာ အားငယ်မည်ဆိုပါက ငယ်လောက်ပါသည်။

"ဟယ် ... ဟိုမှာရေတွေ၊ ရေကန်ကြီးကြီးမှ အကြီးကြီးပဲ"

ရုတ်တရက် ရေကန်ကြီးတစ်ခုခုလို မြင်လိုက်ရ၍ မဖြူ နှုတ်မှ လွှတ်ခနဲ ရေရွတ်မိခြင်းဖြစ်၏။

"အဲဒါ အင်းလေးကန်လေ၊ ဟဲဟိုးကို ရောက်တော့မယ်ဗျ"

စိုင်းမောင်မောင်က လှမ်းဖြေလိုက်ခြင်းဖြစ်၏။

ဟဲဟိုးရောက်ခါနီးပြီဖြစ်၍ စိုင်းမောင်မောင် သီချင်းနားထောင်ခဲ့သော နားကြပ်ကိုဖြုတ်၊ ကက်ဆက်ကိုပိတ်၍ သိမ်းဆည်းနေစဉ် မဖြူ၏ တအံ့တဩရေရွတ်သံလေးကို ကြားလိုက်မိ၍ ဖြစ်ပါသည်။

"အင်းလေးကန်ကြီးဟာ တော်တော်ကြီးတာပဲလားဟင်"

"ကြီးတာပေါ့ဗျာ၊ တချို့လူတွေက ဒီအင်းလေးကန်ကြီးကို တောင်ပေါ်ပင်လယ်လို့တောင် တင်စားပြီးခေါ်ကြသေးတယ် မဖြူရဲ့၊ မရောက်ဖူးရင် သွားလည်ဖို့ကောင်းတယ်၊ အဲဒီမှာ တန်ခိုးကြီးတဲ့ ဖောင်တော်ဦးဘုရား ရှိတယ်လေ၊ ဖူးရတာပေါ့ဗျာ၊ ဪ ... ဒါနဲ့ မဖြူကို လာတော့ကြိုကြပါလိမ့်မယ်နော်"

စိုင်းမောင်မောင်အမေးကြောင့် မဖြူ နည်းနည်းတော့ တွေဝေသွားရပါသည်။

အခု အိမ်အလုပ်ဝင်ရမယ့် အလုပ်ရှင်ရဲ့ ရန်ကုန်မှာ နေတဲ့ ကိုယ်စားလှယ်ကတော့ သူဖုန်းဆက်အကြောင်းကြားထားပြီး ပြီ။ ဆက်ဆက်လာကြိုပါလိမ့်မယ်။ စိတ်ချသွားပါလို့ပြောတာပဲ။

ဒါပေမဲ့ မဖြူ ရင်ထဲမှာတော့ တွေးပြီး ပူတာပေါ့ လေ။

လာမကြိုရင် ဘယ့်နှယ်လုပ်ရပါ့။ သည်အရပ်သည် ဒေသက မဖြူ မရောက်ဖူးသေးတော့ ဘယ်သွားရ ဘယ်လာရမှန်း လည်းမသိပါ။

စိုင်းမောင်မောင်မေးလာမှ မိမိအခြေအနေကို တွေးမိ ပြီး မဖြူ စိတ်အားငယ်သွားလိုက်တာ။

ဒါကို စိုင်းမောင်မောင်ကလည်း ရိပ်မိလိုက်ပါသည်။

"လာမကြိုကြရင်လည်း ကျွန်တော် လိုက်ပို့ပေးပါ့မယ် စိတ်မပူပါနဲ့၊ ကျွန်တော်လည်း ကလော်သွားမှာပဲ ဟာ၊ အပန်းမကြီးပါဘူး၊ ဒါနဲ့ မဖြူသွားရမယ့်နေရာက ဘယ် မှာလဲ၊ လိပ်စာတော့ သိပါတယ်နော်"

စိုင်းမောင်မောင်ကို မိဖြူ ကျေးဇူးတင်မိသွားသည်။ ယုံလည်းယုံကြည်မိသည်။

နဂိုကတည်းက စိုင်းမောင်မောင် သီချင်းများနှင့် ပတ်သက်ပြီး လေးစားချစ်ခင် စွဲလမ်းနှစ်သက်ခဲ့ပြီးသား မဟုတ်ပါ လား။

ဒါကြောင့် လက်ပွေ့အိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်၍ မဖြူ ဖတ်ပြလိုက်သည်။



"ဒေါက်တာအောင်စိုး" ကလောဟိုတယ်အနီးတဲ့။

"ဒေါက်တာအောင်စိုး"

စိုင်းမောင်မောင် ရေရွတ်လိုက်ခြင်းဖြစ်၏။

"ဟုတ်ပါတယ် ဒေါက်တာအောင်စိုးတဲ့၊ သိလားဟင်၊ သိလို့လား"

မဖြူအမေးကို စိုင်းမောင်မောင် ခေတ္တစဉ်းစားလိုက် ပြီးမှ ...

"သြော် ... သိပြီ၊ သိပြီ၊ ကျွန်တော့်ခြံဘေးကပဲ၊ ဒီလူက နိုင်ငံခြားကပြန်ရောက်လာတာ မကြာသေးဘူးဗျ၊ ဒါကြောင့် ကျွန်တော် စဉ်းစားနေတာပါ၊ လူကြီးလူကောင်းတစ်ယောက် ပါပဲ၊ ကျွန်တော်တော့ တစ်ခါလား နှစ်ခါလား ဒါပဲမြင်ဖူး တယ်၊ လူချင်းတော့ စကားမပြောဖူးဘူး"

စိုင်းမောင်မောင် စကားကြောင့် မဖြူ အားတက်လာ ရသည်။

ဒေါက်တာအောင်စိုးက လူကြီးလူကောင်းတစ်ယောက် ဆိုတာ ကြားသိရလို့ပါပဲ။

ဒါ့အပြင် စိုင်းမောင်မောင်တို့ခြံဘေးချင်းကပ်လျက်၊ အရေးရယ်အကြောင်းရယ်ဆို စိုင်းမောင်မောင်ကို အားကိုးနိုင်တာ ပေါ့လို့ မဖြူ တွေးနေမိသည်။

"ဟော ... ဆင်းပြီဗျ၊ ဆင်းပြီ၊ ဟဲဟိုးရောက်ပြီ၊ ဒေါက်တာ အောင်စိုးလာမကြိုရင် ကျွန်တော်လိုက်ပို့ပေးပါ့မယ်၊ ဟုတ် လား"

နိုင်းမောင်မောင်၏စကားများက မဖြူမျက်နှာကလေး ဝင်းလက်သွားအောင်ပင် အားတက်ရွှင်လန်းသွားစေ၏။

ရေနစ်သူအား ဝါးမကူ မနှစ်ဘဲ မြက်ပင်ကလေးတစ်စသာမဟုတ် နွယ်ကြိုးကြီးတစ်ပင် ကမ်းပေးလိုက်သည်ဟု မဖြူ မှတ်ယူမိပါသည်။

✤✦✤



## အခန်း(၃)

ဒေါက်တာအောင်စိုး ကံကောင်းပါသည်။

သူ့ဂိုဏ်း ဟဲဟိုးလေဆိပ်ထဲရောက်လာတော့ လေယာဉ်မစိုက်သေး။

လေယာဉ်ဆိုက်ခါနီး သံချောင်းခေါက်လေ့ရှိသော သံချောင်းတော့ ခေါက်ပြီးနေလေပြီ။

ဒေါက်တာအောင်စိုး အခုလို လေဆိပ်ကို လက်မတင်လေးရောက်လာရခြင်းမှာ သူ့တူမလေး နှင်းဆီကြောင့်ဖြစ်ပါသည်။

နှင်းဆီက သူ့ကျောင်းကို ဝင်ပို့ပေးပါဟု ပူဆာသဖြင့် ဒေါက်တာအောင်စိုး ဝင်ပို့နေရခြင်းကြောင့်ဖြစ်ပါသည်။

နှင်းဆီဆိုသည့် ကောင်မလေးကလည်း တော်တော်နဲ့ဆိုးဆိုးတဲ့ကောင်မလေးမို့ ခက်သည်။

သူ့မိဘများက ဟိုပုန်းမှာဖြစ်၏။ သူ့မိခင်က ဒေါက်တာအောင်စိုး၏ အစ်မဝမ်းကွဲပါ။

ကလောမှာ ကျောင်းကောင်းသည်ဆိုပြီး အိမ်မှာလာထားသဖြင့် ဒေါက်တာအောင်စိုး တာဝန်ယူနေရသည်။

ဆယ်တန်းစာကို ကျက်လား မကျက်လား၊ ရလား မရလားတော့မသိပါ။ တစ်ဖက်ခြံက စိုင်းမောင်မောင်ဆိုသည့် အဆိုတော်ကလေး၏ သီချင်းများအားလုံးနီးနီးရပေပြီ။

ဒေါက်တာအောင်စိုး နှင်းဆီအကြောင်း စဉ်းစားနေမိစဉ်မှာပင် လေယာဉ်ပျံက လေဆိပ်အဆောက်အအုံနှင့် ခပ်လှမ်းလှမ်း၌ ထိုးရပ်ထားလိုက်သည်။

ဒေါက်တာအောင်စိုး ဘောင်းဘီအိတ်ထဲမှ ဓာတ်ပုံလေးတစ်ပုံကို ထုတ်ကြည့်လိုက်သည်။

မဖြူ လျှောက်လွှာ၌ကပ်ထားသော မဖြူ၏ဓာတ်ပုံဖြစ်သည်။

ဓာတ်ပုံကို သေသေချာချာ စူးစိုက်ကြည့်ပြီးမှ အသာ အိတ်ထဲပြန်ထည့်ကာ လေဆိပ်အဆောက်အအုံ အပြင်ဘက်သို့ ထွက်လိုက်ပါသည်။

ခရီးသည်များကြား၌ အရပ်ရှည်ရှည်၊ ကိုယ်လုံးသွယ်သွယ် အသားဖြူဖြူနှင့် စိုင်းမောင်မောင်ကို ဒေါက်တာအောင်စိုး အရင်ဆုံးတွေ့မြင်လိုက်ပေသည်။

စိုင်းမောင်မောင်ဘေးမှာ မိန်းကလေးတစ်ယောက် အသက်က ဘာရှိဦးမှာလဲ၊ အလွန်ဆုံးရှိ နှစ်ဆယ်ပေါ့။

ကိုယ်လုံးကိုယ်ထည် အချိုးကျကျနဲ့ အတော်ကို ချောမောလှတဲ့ မိန်းကလေး။

လမ်းလျှောက်လာပုံကလည်း ကြော့ကြော့ကလေး နှင့်လှလိုက်တာ။



စိုင်းမောင်မောင်တို့ ကံကောင်းပုံများ ပြောတောင် မပြောချင်ဘူး။

သည်လောက် ချောချောလှလှ အပြစ်ကင်းစင်တဲ့ မိန်းမမျိုးနှင့် ယှဉ်တွဲနိုင်လို့ပေါ့။

ဒေါက်တာအောင်စိုးကြည့်နေရင်းမှ သည်မိန်းကလေး ကို မြင်ဖူးသလိုလိုရှိလာသည်။

ဒေါက်တာအောင်စိုး မျက်မှောင်ကြုတ်ပြီး စဉ်းစားမိ ရင်း အိတ်ထဲမှဓာတ်ပုံကို အမြန်ထုတ်ကြည့်လိုက်မိသည်။

ဘုရားစပ် အဟောင်းသားဖြစ်သွား၏။

"လက်စသတ်တော့ သဇင်ဖြူကိုး၊ စိုင်းမောင်မောင်နဲ့ ဘယ်လိုများ အသိမိတ်ဆွေဖြစ်လာကြပါလိမ့်"

ဒေါက်တာအောင်စိုး တွေးနေမိသည်။

စိုင်းမောင်မောင်နှင့် မဖြူ မလှမ်းမကမ်းရောက်လာ သည်နှင့် ဒေါက်တာအောင်စိုးက ...

"ဒေါ်သဇင်ဖြူလား"

နှုတ်ဆက်စကားဆိုလိုက်သည်။

"ဟုတ်ပါတယ် ဒေါက်တာ၊ အဲဒါ ဒေါ်သဇင်ဖြူပါ၊ ကျွန်တော်နဲ့ လေယာဉ်ပျံပေါ် ခုံချင်းကပ်လျက်ပါလာတာပါ၊ ကျွန်တော် စိုင်းမောင်မောင်ပါ၊ ဒေါက်တာ့ခြံဘေးကပါပဲ၊ ဒေါက်တာက မကြိုဖြစ်ခဲ့ရင်တောင် ကျွန်တော် လိုက်ပို့ မလို့ပါ"

နှုတ်သွက်သော စိုင်းမောင်မောင်က ကြားဖြတ်ဖြေ လိုက်သည်။

"ခင်ဗျားကို ကျွန်တော် သိပါတယ်ဗျာ၊ ခြံနီချင်းတွေပဲဟာ"

စိုင်းမောင်မောင်နှင့် ဒေါက်တာအောင်စိုး ရင်းရင်းနှီးနှီး လက်ဆွဲနှုတ်ဆက်ကြသည်။

"ကဲ ... မဖြူ၊ ဒေါက်တာနဲ့ လိုက်သွားမလား၊ နောက်တော့မှ အေးအေးဆေးဆေး ဆုံကြသေးတာပေါ့ဗျာ၊ သွားပါဦးမယ် ဒေါက်တာ"

စိုင်းမောင်မောင်က မဖြူကို ဒေါက်တာအောင်စိုးထံ အပ်နှံရင်း နှုတ်ဆက်စကားဆိုလိုက်ပါသည်။

"ကိုမောင်မောင် ကျွန်တော့်ကားနဲ့ လိုက်ခဲ့လေဗျာ၊ တစ်လမ်းတည်း၊ တစ်မြို့တည်း ခြံချင်းကပ်ပဲဟာကို"

ဒေါက်တာအောင်စိုးက စိုင်းမောင်မောင်ကို ဖိတ်ခေါ်လိုက်ပါသည်။

"ကျွန်တော် ဟဲဟိုးမြို့ထဲမှာ ကိစ္စတစ်ခုရှိသေးလို့ပါ ဒေါက်တာ၊ အများကြီးကျေးဇူးတင်ပါတယ်၊ သွားလိုက်ပါဦးမယ် မဖြူ"

စိုင်းမောင်မောင် နှုတ်ဆက်၍ထွက်သွားသည်ကို ကြည့်ရင်း မဖြူရင်ထဲ ဟာတာတာကြီးဖြစ်ကျန်ရစ်ခဲ့ရတော့သည်။

တစ်လမ်းလုံးနှင့် အချိန်သုံးနာရီနီးပါး ခင်မင်သိကျွမ်းရင်းနှီးခဲ့ရသူတစ်ဦးနှင့် အခုလို ရုတ်တရက် ခွဲခွာရသည့်အတွက် မဖြူ ဝမ်းနည်းသလိုလို၊ စိတ်အားငယ်မိသလိုလိုဖြစ်သွားမိပါသည်။

'"ကဲ ... ဒေါ်သစင်ဖြူ၊ ပစ္စည်းတွေရပြီ၊ သွားကြစို့"

"ဟုတ်ကဲ့ ဆရာ၊ မဖြူကို မဖြူလို့ပဲခေါ်ပါ၊ ရပါတယ်"



ဒေါက်တာအောင်စိုးက မဖြူ၏သားရေသေတ္တာကြီးကို လှမ်းဆွဲယူမည်အပြု။

"နေပါစေ ဆရာ၊ အထဲမှာ မိန်းမအသုံးအဆောင်တွေချည်းပဲ၊ မဖြူ ငရဲကြီးနေပါဦးမယ် ဆရာ"

ဒေါက်တာအောင်စိုးလက်မှ သေတ္တာကို မဖြူ အတင်းပြန်ဆွဲယူလိုက်သည်။

သို့ရာတွင် ဒေါက်တာအောင်စိုးက သေတ္တာကို ဆွဲမြဲဆွဲထားသည့်အတွက် မဖြူ၏အေးစက်၍ လက်ဖဝါးနုနုကလေးနှင့် မတော်တဆ ထိသွားရ၏။

မဖြူရင်ထဲ ရင်ဒိတ်ခနဲခုန်သွားသော်လည်း ဒေါက်တာအောင်စိုးကတော့ ဘာမှ မဖြစ်သလို ခံစားမှုမရှိသလိုနှင့်။

"ရပါတယ်၊ ကျွန်တော် အယူမရှိပါဘူးဗျာ၊ ကဲပါ ကျွန်တော့်နောက်က လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးလေးလိုက်ခဲ့ပါ"

ဘယ်လိုမှ ပြောလို့မရသည့်အဆုံး မဖြူ လက်လျှော့လိုက်ရပါတော့သည်။

စိုင်းမောင်မောင် ပြောခဲ့သလို ဒေါက်တာအောင်စိုးအား လူကြီးလူကောင်းတစ်ယောက် ဖြစ်နေတာတွေ့ရ၍ မဖြူရင်ထဲ နည်းနည်းတော့ အေးသွားသလိုလို။

✤ ✦ ✤

## အခန်း(၄)

"ကျွန်တော် မဖြူကို အလုပ်ခန့်ရတဲ့ ရည်ရွယ်ချက်အသေး စိတ်ကို ရှင်းပြထားချင်ပါတယ်"

ကားမောင်းနေရင်းမှ ဒေါက်တာအောင်စိုးက စကား စ,လိုက်ခြင်းဖြစ်၏။

ဒေါက်တာအောင်စိုးကို နိုင်ငံခြားပြန် ဆရာဝန်ကြီး တစ်ယောက်ဖြစ်ကြောင်းကြားမိကတည်းက တော်တော်အသက်ကြီး ရောပေါ့ဟု မဖြူစိတ်ထဲမှာ ထင်မှတ်နေမိသည်။ အခုတော့ မဖြူ ထင်သလို မဟုတ်ပါ။

အလွန်ဆုံးရှိ အသက်သုံးဆယ်ကျော်ကျော်ပဲရှိမည်ဟု မဖြူ ခန့်မှန်း၍ရပါသည်။

အရပ်ငါးပေရှစ်လက်မလောက် ရှိမည်ထင်သည်။ အားကစားသမားလားမသိ။ ခန္ဓာကိုယ်ဝယ် ဗိုက်ခေါက်မထူ။ အဆီလုံးဝမရှိဘဲ အသားဖြူဖြူ ဆံပင်မည်းမှောင်ကာ အတော်ကြည့် လို့ကောင်းသော လူတစ်ယောက်ပင်။

"မဖြူ ကျွန်တော်ပြောတာ ကြားပါရဲ့လား"



မဖြူထံမှ ခွန်းတုံ့ပြန်မှုမရှိသဖြင့် ဒေါက်တာအောင်စိုး ထပ်မေးလိုက်ခြင်းဖြစ်သည်။

မဖြူ အားနာသွားရသည်။

"ဟုတ် ... ဟုတ်ကဲ့ပါ၊ ကြားပါတယ် ဆရာ၊ ပြောပါ မဖြူ နားထောင်နေပါတယ်"

"ပုလဲလေးကို အမေရိကားမှာ မွေးခဲ့တာပါ"

ကားတစ်စီးကို ကျော်တက်ရန် ကြိုးစားနေရသဖြင့် ဒေါက်တာအောင်စိုး စကားကို ခေတ္တဖြတ်ထားလိုက်ပါသည်။

"ဒါကြောင့် ပုလဲဟာ မြန်မာမဆန်ဘူး၊ မြန်မာ့ယဉ်ကျေးမှု နဲ့ .အံမဝင်ဘူး၊ မြန်မာမပီသဘူး၊ အဲဒီလိုဖြစ်နေတယ် မဖြူ"

"ဒါဖြင့် မဖြူက ပုလဲကို မြန်မာမလေးနဲ့တူအောင် ပြုပြင်ပေးရမှာပေါ့နော် ဆရာ"

မဖြူက စကားဖြတ်၍ မေးလိုက်ခြင်းဖြစ်သည်။

ဒေါက်တာအောင်စိုးကတော့ စကားပြန်မဆက်သေး ဘဲ ကားကို ဂရုတစိုက်မောင်းနေသည်။

မဖြူတို့ကား မြို့တစ်မြို့ကို ဝင်စပြုနေပြီဖြစ်ကြောင်း မဖြူ တွေ့ရ၏။

မြို့အဝင်မို့ထင်သည်။ လူနေအိမ်ခြေနည်းပြီး ကျဲနေ တာတွေ့ရ၏။

ခြံအကျယ်ကြီးတွေမှာ တစ်ထပ်တိုက် လှလှလေး တွေ ခေတ်ဆန်ဆန်ဆောက်ထားတာ တွေ့ရသည်။

အဆိုပါ ခြံကျယ်များမှာ များသောအားဖြင့် သစ်တော်ပင်များ စိုက်ထားတတ်ကြ၏။

"အဲဒါ အောင်ပန်းမြို့တဲ့ မဖြူ"

"ဟုတ်ကဲ့ပါ ဆရာ"

ဒေါက်တာအောင်စိုး ပြောလိုက်သည့်အတွက် မဖြူ ခွန်းတုံ့ပြန်လိုက်၏။

အောင်ပန်းမြို့အဝင်တွင် ဆေးရုံ၊ သောက်ရေကန်၊ ဘုန်းတော်ကြီးကျောင်းတို့ကို မဖြူ တွေ့လိုက်ရသည်။

"ဟိုဘက်က တောင်တန်းကြီးတွေကတော့ လွယ်မယ် တောင်တန်းတဲ့"

ကားလမ်း၏လက်ဝဲဘက်မှာရှိသည့် တောင်တန်းကြီး တစ်ခုကို ဒေါက်တာအောင်စိုး လက်ညှိုးညွှန်ပြရင်း ပြောလိုက်ခြင်း ဖြစ်သည်။

မကြာမီ အောင်ပန်းမြို့ကားဂိတ်ရှိ စားသောက်ဆိုင် တစ်ဆိုင်ရှေ့တွင် ဒေါက်တာအောင်စိုး ကားထိုးရပ်လိုက်ပြီး ...

"မဖြူလည်း ဆာရောမယ်၊ တစ်ခုခုစားကြတာပေါ့"

ဒေါက်တာအောင်စိုး ကားပေါ်မှ အရင်ဆင်းပြီး ဆိုင်ထဲဝင်သွားသည်။

မဖြူလည်း နောက်မှလိုက်သွားလိုက်သည်။ စားသောက်ဆိုင်မှာ တော်တော်လေးကျယ်ဝန်းပြီး သန့်သန့်ပြန့်ပြန့် ခမ်းနားစွာ ပြင်ဆင်ထားတာတွေ တွေ့ရ၏။

ထိုင်ခုံတွေကလည်း အများကြီး။ သို့သော် လူသူကင်း ရှင်းနေ၏။



အဝေးပြေးကားဂိတ်မှာ ကားဆိုက်ချိန်မဟုတ်၍လား မသိ။ အတွဲလားဘာလား စုံတွဲတစ်တွဲတော့ တွေ့ရှိရ၏။

"မဖြူ ဘာစားမလဲ၊ ဒီဆိုင်မှာ အစုံရှိတယ်၊ လက်ဖက်ရည် ကော်ဖီ၊ နန်းကြီးသုပ်၊ တို့ဟူး၊ ရှမ်းခေါက်ဆွဲ အစုံရတယ်၊ ကြိုက်တာပြောပါ"

ဒေါက်တာအောင်စိုး မဖြူကိုပြောပြီးနောက် စားပွဲ ထိုးကလေးတစ်ယောက်ကို လက်ဖျောက်တီးခေါ်လိုက်သည်။

"ဆရာ စားတာကိုပဲ မဖြူ စားပါမယ်"

ဒေါက်တာအောင်စိုး စားပွဲထိုးဘက်လှည့်၍ "ကော်ဖီ နှစ်ခွက်နဲ့ ပေါက်စီပေးကွယ်"

စားပွဲထိုးလေး ပြန်ထွက်သွားသည့်အခါ ဒေါက်တာ အောင်စိုး မဖြူဘက်ပြန်လှည့်ရင်း စကားစလိုက်သည်။

"ကျွန်တော့်သမီးပုလဲကို စာသင်ပေးရုံကတော့ ကလောမြို့ မှာလည်း ပညာတတ်တွေအများကြီးပါပဲ၊ ဒါပေမဲ့ စာသင်ရုံ နဲ့မပြီးသေးပါဘူး၊ အထူးလိုအပ်နေတာက ပုလဲလိမ္မာရေး ခြားရှိဖို့ရယ်၊ ကိုယ့်မြန်မာပြည်အကြောင်းကို သိဖို့ရယ်၊ မြန်မာနိုင်ငံနဲ့ မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးဖို့၊ မြန်မာ ပီပီနေတတ်ဖို့ရယ်က ပိုအရေးကြီးတယ်လေ၊ အဲဒါတွေက တော့ ပုလဲနဲ့အရွယ်တူ နေထိုင်စားသောက်သွားလာရင်းနဲ့ သူ သဘောပေါက်လာသည်အထိ ပြုပြင်သင်ကြားသွားဖို့ ကိုလိုမယ်လို့ ကျွန်တော်ထင်တယ်လေ၊ ဒါကြောင့် ကျွန် တော် မဖြူတို့လို မြန်မာစစ်စစ်ကိုခေါ်ပြီး အကူညီ တောင်းရတာပါ"

"ကဲ ... စားပါဦး၊ ဒီဆိုင်က ပေါက်စီသိပ်ကိုကောင်းတာပဲ၊ ဒီက ဂျုံသားက မြေပြန့်က ပေါက်စီဂျုံသားနဲ့ မတူဘူး၊ သိပ်ပြီးနူးညံ့တာပဲ"

စကားရှည်ရှည်ပြောလိုက်ရ၍ ဒေါက်တာအောင်စိုး မောသွားသည်ထင့်။ ပေါက်စီကို အားရပါးရစားရင်း မဖြူကိုပါ စားရန် ညွှဝတ်ပြုလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ၊ မဖြူ ရင်ခံလာလို့ ကော်ဖီပဲ သောက်ပါရစေ"

မဖြူက ကော်ဖီကို တစ်ကျိုက်တည်းသောက်လိုက်သည်။

ကော်ဖီဖြစ်ဖြစ်၊ လက်ဖက်ရည်ဖြစ်ဖြစ် မဖြူက အခုလို ဘာစ်ခွက်လုံး တစ်ကျိုက်တည်း မော့သောက်တတ်သည့် အကျင့်ရှိ၏။

ဒေါက်တာအောင်စိုးကတော့ အဲဒီလိုမဟုတ်။

မုန့်တစ်ကိုက်စားလိုက်၊ ကော်ဖီတစ်ကျိုက်သောက်လိုက်နှင့်။

ဒေါက်တာအောင်စိုးရဲ့ အစားအသောက်၊ အနေအထိုင် ဟန်ပန်တွေက ဥရောပသားဆန်သည်။

ဝတ်စားထားတာလည်း ကြည့်ပါဦး။ ဥရောပဝတ်စုံ အပြည့်ပါပဲ။

သူကိုယ်တိုင်ကတော့ ဥရောပဆန်ပေမယ့် ဒေါက်တာအောင်စိုးက သူ့သမီးကျတော့ မြန်မာဆန်စေချင်သည်တဲ့။ ဖခင်မေတ္တာထင်ပါရဲ့လေ။



အို ... ဒါတွေကို ငါ တွေးနေစရာမလိုဘူး။ သူက အလုပ်ရှင်။ ငါက အလုပ်သမား။ သည်တော့ အလုပ်ရှင်အကြိုက်ကို အလုပ်သမားက လုပ်ပေးရမှာပဲ။

"ကျွန်တော် လိုချင်တဲ့ပုံစံမျိုး၊ မဖြူ ကူညီနိုင်ပါ့မလား"

နောက်ဆုံးလက်ကျန် ကော်ဖီကို မော့သောက်လိုက်ပြီး လက်ကို လက်ကိုင်ပဝါဖြင့်သုတ်ရင်း ဒေါက်တာအောင်စိုး မေးလိုက်ခြင်းဖြစ်၏။

"မဖြူ ကြိုးစားပါ့မယ်ဆရာ"

နှုတ်က ဒါပဲပြောလိုက်ပေမယ့် မဖြူ ရင်ထဲမှာ ဒေါက်တာအောင်စိုးကို မေးခွန်းတစ်ခုမေးချင်နေသည်။

"ပုလဲမှာ အမေမရှိတော့ဘူးလား"လို့ပင်ဖြစ်ပါသည်။

မေးရကောင်းနိုး၊ မမေးဘဲနေရကောင်းနိုးနှင့် ဝေခွဲမရဖြစ်နေ၍ မဖြူ စားပွဲခင်းကိုသာ လက်နှင့် အသာအယာ ကုတ်ခြစ်နေမိသည်။

"မဖြူ ... ကျွန်တော် ပြောခဲ့တာတွေထဲမှာ ဘာများမရှင်းတာရှိသေးလဲ၊ မေးစရာရှိရင်မေးပါ၊ အားမနာပါနဲ့"

ဒေါက်တာအောင်စိုး လမ်းဖွင့်ပေးလာသဖြင့် မဖြူ မနေနိုင်တော့ဘဲ မေးလိုက်သည်။

"စိတ်မဆိုးပါနဲ့ဆရာ၊ မဖြူ စပ်စုတယ်လို့ မထင်ပါနဲ့၊ ပုလဲနဲ့ပတ်သက်လို့ မဖြူမှာ အစစအရာရာ တာဝန်ရှိလာပြီမို့ မဖြူကို မေးခွန်းတစ်ခုမေးခွင့်ပြုပါ၊ ဘာလဲဆိုတော့ ပုလဲမှာ အမေမရှိတော့ဘူးလား ဆရာ"

ချက်ချင်းပင် ဒေါက်တာအောင်စိုး၏မျက်နှာ ပန်းရောင်ပြောင်းသွားသည်။

ခုနက နှပျို့လန်းဆန်းနေသော ဒေါက်တာအောင်စိုး၏မျက်နှာ ချက်ချင်းအိုမင်းရင့်ရော်သွားသည်ကို ကြည့်ရင်း မဖြူပင် စိတ်မကောင်းဖြစ်သွားရသည်။

"ဟင်း"

ဒေါက်တာအောင်စိုး သက်ပြင်းချလိုက်ပြီးမှ ...

"ကျွန်တော် မပြောပါရစေနဲ့ဗျာ၊ ကျွန်တော့်ကိုလည်း နောက် ဒီမေးခွန်းမျိုး မမေးပါနဲ့ မဖြူ၊ နောက်တော့ သိလာမှာပါ၊ ကဲ ... သွားကြစို့၊ ကလေးက မယ်မယ်တို့လည်း မျှော်ကြရော့မယ်"

ဒေါက်တာအောင်စိုး စားပွဲထိုးလေးကိုခေါ်၍ ကျသင့်ငွေရှင်ပြီး ဆိုင်ထဲမှ အရင်ထွက်လိုက်သည်။

"ဆောရီးပဲ ဆရာ၊ မဖြူ မသိလို့မေးမိတာပါ၊ နောက် မမေးတော့ပါဘူး၊ တောင်းပန်ပါတယ် ဆရာ"

နောက်မှလျှောက်လာရင်း မဖြူ ဒေါက်တာအောင်စိုးကို တောင်းပန်စကားဆိုလိုက်သည်။

ဒေါက်တာအောင်စိုးကတော့ မဖြူကို လှမ်း၍ပင် မကြည့်တော့ဘဲ ကားရှိရာသို့သာ တစိုက်မတ်မတ် ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လှမ်းသွားနေပါတော့သတည်း။

✤ ✦ ✤



## အခန်း(၅)

"ဒါ သမီးစာသင်ရမယ့် ပုလဲပဲ"

ဒေါက်တာအောင်စိုး၏မိခင် ဒေါ်နန်းသီတာက မဖြူကို ပုလဲနှင့် မိတ်ဆက်ပေးလိုက်သည်။

မဖြူ ပုလဲကို သေချာကြည့်လိုက်မိသည်။

ကလေးက ဖြူဖြူချောချော လုလုဝဝလေးပင်။ အသက်က ငါးနှစ်ခန့်ရှိပါမည်။

ဆံပင်လေးက မည်းမှောင်ပြီး အရှည်ဖြစ်သည့်ဆံပင်ကို မြင့်မြင့်ထိပ်နားစည်းပြီး ဂျစ်ဆံမြီးတစ်ချောင်းတည်းကျစ်ထားပြီး ဖဲကြိုးအပြာကြီး အဖြူရောင်လေးကို တပ်ဆင်ထားသည်။

"ဗွတ်မောနင်း တီချာ"

ပုလဲက မဖြူကို သွက်လက်စွာ စတင်နှုတ်ဆက်၍ လက်ကိုပင် ကမ်းပေးလိုက်သေးသည်။

မဖြူက ပုလဲလက်ကလေးကို လှမ်းကိုင်၍ လှုပ်ယမ်းနှုတ်ဆက်မည့်အစား လက်ကလေးကို ဆုပ်နယ်နေလိုက်ပြီးမှ ...

"မင်္ဂလာပါ သမီးလေးရယ်"

မြန်မာဆန်ဆန် မဖြူက ပြန်နှုတ်ဆက်သည်ကို ပုလဲက အံ့သြသွားသည့်ဟန်လေးဖြင့် မျက်လုံးပြူးပြီး ကြည့်နေ၏။

"ကဲ ... အဲဒါပဲကြည့်ပါတော့ ဆရာမရယ်"

"မဖြူလို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါ ကြီးကြီးရယ်၊ ကြီးကြီးကိုလည်း မဖြူ ကြီးကြီးလို့ပဲ ခေါ်ပါရစေရှင်"

"ကောင်းပါပြီ မဖြူ၊ ပုလဲက မြန်မာစကားကိုတောင်တော်တော်လေးတတ်နေပါပြီ၊ မြန်မာလိုတော့ ကကြီးခခွေးလောက်ပဲပေါ့၊ အဲဒါကြောင့် မဖြူကို ကြီးကြီးပြောချင်တာက မြန်မာရေးတတ်၊ ဖတ်တတ်လာသည်အထိ သင်ပေးဖို့ပါပဲ"

"မဖြူ ကြိုးစားပါ့မယ် ကြီးကြီး၊ သမီး မြန်မာပြည်ရောက်တာကြာပြီလား"

"မကြာသေးဘူး၊ ဟို မေကမှ"

"လေးငါးခြောက်လတော့ရှိပေါ့ ဆရာမရယ်၊ ကြီးကြီးရောနှင်းဆီရော၊ ထမင်းချက်တဲ့မိအေးရော ဝိုင်းပြီးသင်ပေးကြလို့ နည်းနည်းပါးပါး၊ ပြောတတ်ဆိုတတ်နေပါပြီ"

ပုလဲရဲ့အဘွား ဒေါ်နန်းသီတာက ဝင်ရှင်းပြလိုက်သည်။

"မြန်မာပြည်မှာနေရတာ သမီးပျော်ရဲ့လား"

မဖြူ မေးလိုက်ပြန်သည်။ ပုလဲ နှုတ်မှမဖြေ။ ခေါင်းပဲညိတ်ပြလိုက်သည်။

"ဒီလို ခေါင်းညိတ်မပြရဘူးလေ၊ ပါးစပ်ကပျော်ပါတယ်လို့ဖြေရတယ်၊ မှတ်ထားနော်"



ဟု ခပ်တိုးတိုးကလေးရေရွတ်သလို ခေါင်းလေးကိုငုံ့ပြီးဖြေလိုက်သည်။

"ကော်ဖီတွေအေးကုန်တော့မယ်၊ သောက်လိုက်ပါဦး"

အဘွားကြီး ကော်ဖီတစ်ခွက်ကိုယူပြီး မဖြူအား လှမ်းပေးသည်။

"အားနာစရာကြီး ကြီးကြီးရယ်၊ လမ်းမှာလည်း ဆရာက တိုက်ခဲ့ပါသေးတယ်"

"အို ... အရည်ပဲဟာ၊ ရပါတယ်၊ သောက်လိုက်ပါဦး၊ မဖြူအတွက် အခန်းပြင်ဆင်ထားပြီးပါပြီ၊ အိမ်မှာကလည်း အခန်းတွေက များများစားစားမရှိဘူးလေ၊ သားက တစ်ခန်း၊ ကြီးကြီးနဲ့ မိအေးကတစ်ခန်း၊ အရင်တုန်းကတော့ ပုလဲပါ ကြီးကြီးတို့နဲ့အတူအိပ်တယ်၊ အခုတော့ သားက ပုလဲကို မဖြူနဲ့အတူတူ တစ်ခန်းတည်းထားပါဆိုလို့၊ မဖြူရယ်၊ ပုလဲရယ်၊ နှင်းဆီရယ် တစ်ခန်းပေါ့၊ အခန်းကြီးတွေကတော့ ကျယ်ပါတယ်၊ ကဲ ... အညောင်းပြေအညာပြေသွားပြီး အိပ်ရာမှာလဲပါဦးလား၊ နောက်နာရီဝက်လောက်ကြာရင် ထမင်းစားကြတာပေါ့"

"ဟုတ်ကဲ့ ... ကောင်းပါတယ် ကြီးကြီး"

"ကဲ ... သမီးလေးပုလဲ၊ သမီးဆရာမကို အခန်းလိုက်ပြလိုက်ဦးနော်"

အဘွားကြီးက ပုလဲကိုခိုင်းလိုက်သည့်အတွက် ပုလဲက မဖြူကို လက်ဖြောက်တီး၍ ရှေ့ကထွက်သွားသည်။

"ဟင်း"

ပုလဲကိုကြည့်ပြီး မဖြူ သက်ပြင်းချလိုက်မိပါသည်။

အခန်းတံခါးကို ပုလဲကဖွင့်လိုက်ပြီး အရှေ့မှထွက်ဝင်သွား၏။

အခန်းထဲမှာတော့ တစ်ယောက်အိပ်ခုတင်သုံးလုံးစီတန်းထားတာတွေ့ရ၏။

နံရံနားတစ်ဖက်က နှင်းဆီခုတင်တဲ့။

အလယ်ကတော့ ပုလဲအတွက်ခုတင်တဲ့။

နောက် ဘေးနံရံတစ်ဖက်ကတော့ မဖြူအတွက်ခုတင်ဟု ပုလဲက ညွှန်ပြလေသည်။

မဖြူက သူ၏ပစ္စည်းအတိုအထွာကလေးများကိုအိတ်ထဲမှထုတ်၍ ခေါင်းရင်းဘေးစားပွဲမှာတင်ရင်း ပြတင်းပေါက်မှ အပြင်ဘက်ကို မျှော်ကြည့်လိုက်သည်။

ကြီးမားလှသော ထင်းရှူးပင်ကြီးများဝိုင်းရံထားသည့်ကြားက တစ်ထပ်တိုက်ပုကလေးတစ်လုံးကို လှမ်းမြင်နေရ၏။

စိုင်းမောင်မောင်အိမ်များလားဟု မဖြူ တွေးထင်မိလိုက်သည်။

မဖြူ အခန်းထဲပြန်လှည့်ကြည့်လိုက်သည်။

ပုလဲကို မတွေ့တော့ပေ။ အခန်းတံခါးကိုတော့စေ့ထားခဲ့ရှာသည်။

တော်တော်ဆိုးတဲ့ကောင်မလေးပဲ။ နှုတ်တောင်မဆက်သွားဘူးဟု မဖြူ စိတ်ထဲက တွေးလိုက်မိသည်။



စိတ်မောလူမောနှင့် မဖြူ သူ၏ အိပ်ရာခုတင်ပေါ်လှဲချလိုက်ပြီး အနားယူလိုက်သည်။ နောက် တစ်ခန်းလုံးကိုလည်းမျက်စိကစားလိုက်မိသည်။

ခုတင်သုံးလုံးစလုံးပေါ်၌ ခေါင်းအုံးသုံးလုံးစလုံးတွင်ခေါင်းအုံးစွပ်စာအဖြူရောင်တွေ ဆင်တူစွပ်ထားသည်။ အိပ်ရာခင်းသုံးခုလုံး ပိတ်အဖြူပေါ်မှ စာအဖြူထပ်ချုပ်ထားသော အိပ်ရာခင်းထား၏။ ဂွမ်းစောင်အဖြူရောင်ပေါ် ပန်းပွင့်ကြီးများဖော်ထား၍အလွန်တရာ လှပသောစောင်တစ်ထည်စီ ခုတင်ခြေရင်းဘက်တွင်နေရာတကျထားရှိသည်။

အလှားတူပင် ခုတင်အသီးသီး၏ခေါင်းရင်းဘက်နံရံများတွင် စားကြည့်စားပွဲတစ်လုံးစီကို နေရာချပေးထားပြန်သေး၏။

အခန်း၏ခြေရင်းဘက်တွင် မှန်တင်ခုံတစ်လုံး၊ ဗီရိုတစ်လုံး၊ အဝတ်တန်းတစ်ခုတို့ကိုလည်း သူ့နေရာနှင့်သူ စနစ်တကျထားရှိပေသည်။

မနက်စောစော အိပ်ရာထခဲ့ရသည့်အပြင် ခရီးလည်းလွန်စွာပန်းခဲ့သဖြင့် မျက်လုံးများ ညောင်းညာနေပြီး လူလည်းနွမ်းနယ်နေရာ မကြာမီအချိန်အတွင်း မဖြူ မေးခနဲ အိပ်ပျော်သွားလေတော့သတည်း။

✤ ✦ ✤

## အခန်း(၆)

နှင်းဆီ သိပ်ပျော်နေသည်။

စိုင်းမောင်မောင်နှင့် တွေ့ရတော့မည်ကိုး။

"နှင်းပါဟ၊ မြန်မြန်လေးနင်းစမ်းပါ"

စက်ဘီးနောက်မြီးပေါ်တွင် လိုက်ပါလာသော နှင်းဆီက စက်ဘီးနင်းနေသော စိုင်းညီညီကို အော်ပြောလိုက်ခြင်းပါ။

စိုင်းညီညီဆိုသူဟာ စိုင်းမောင်မောင်၏ညီဖြစ်သည်။

နှင်းဆီနှင့်တစ်ကျောင်းတည်း တစ်တန်းတည်းသားတွေပင်။

နှင်းဆီတို့ကျောင်းက တစ်နေ့လုံးကျောင်း။

မနက်ကိုးနာရီမှ ညနေသုံးနာရီအထိ ကျောင်းတက်ရသည်။

မုန့်စားဆင်းချိန်က မွန်းတည့်ဆယ့်နှစ်နာရီမှ တစ်နာရီအထိဖြစ်၏။

မုန့်စားဆင်းချိန်မှာ အိမ်ပြန်ထမင်းစားဖို့ နှင်းဆီတို့ ပြန်လာကြခြင်းဖြစ်သည်။



ရန်ကုန်ကို သီချင်းသွားသွင်းပြီး ပြန်ရောက်လာသည့် စိုင်းမောင်မောင်နှင့် မိတ်ဆက်ပေးမည်ဟု စိုင်းညီညီက လမ်းမှာ ပြောခဲ့၍ နှင်းဆီတစ်ယောက် အူမြူးနေခြင်းဖြစ်ပါသည်။

နှင်းဆီကလည်း စိုင်းမောင်မောင်ရဲ့ ပရိသတ်တစ်ဦးပင်။

ဒါပေမဲ့ နှင်းဆီ စိုင်းမောင်မောင်နှင့် သိကျွမ်းဖို့နေနေသာသာ တစ်ခါနှစ်ခါ ခပ်လှမ်းလှမ်းကမြင်ဖူးသည်။

စိုင်းမောင်မောင့်ကလည်း ရန်ကုန်နှင့်ကလော ကူးချည်းသန်းချည်ဆိုတော့ အိမ်မှာနေတာနည်းသည်။

"ညီညီ"

"ဘာလဲဟ"

ကုန်းအတက်တွင် နှင်းဆီကခေါ်လိုက်သဖြင့် စိုင်းညီညီ မောသံပါကြီးနှင့် ထူးလိုက်လေသည်။

"အောင်မယ်လေး … နင်ကလည်း ဒီကုန်းမြင့်လေးနင်းရတာ မောနေရသေးတယ်"

"မောတော့မောတာပေါ့၊ ဒါပေမဲ့ မမောဘူး"

စိုင်းညီညီက သီချင်းဆိုရင်း ဖြေလိုက်၏။

"အရေးထဲ ဒီမှာဟ၊ ငါမေးတာကို ဖြေစမ်းပါဦးဟာ"

"ဘာလဲဟ၊ ပြောလေ"

"နင့်အစ်ကိုသွင်းလာတဲ့ သီချင်းအသစ်တွေ ငါ နားထောင်ရမှာလား"

နှင်းဆီရဲ့မေးခွန်းကို စိုင်းညီညီ ပြန်ပြီးပြောဖို့ တော်တော်ခက်သွားသည်။

သီချင်းမထွက်ခင်မှာ စိုင်းမောင်မောင်က သူ့သီချင်းတွေဖွင့်မပြခဲ့။

မိမိတောင်မှ အစ်ကိုမသိအောင် ခိုးနားထောင်ရသည့်ဟာ၊ တွေ့သွားလို့ကတော့ မလွယ်။

စိုင်းမောင်မောင်၏ အဆူအဆဲခံရဖို့ သေချာသည်။ ထို့ကြောင့် ...

"ဒါတော့ ငါ အာမမခံနိုင်ဘူးလေ၊ သူဖွင့်ပြရင် နင် နားထောင်ရမှာပေါ့၊ သူမဖွင့်ပြရင်တော့ ငါလည်း ဘာမှ မတတ်နိုင်ဘူး၊ ဒါနဲ့ နေစမ်းပါဦး၊ နင်အစကပြောတုန်းကတော့ မိတ်ဆက်ပေးပါလို့ပဲ ပြောခဲ့တာပဲဟာ"

စက်ဘီးကို အားနှင့်ဆက်နင်းရင်း စိုင်းညီညီ အခြေအနေအမှန်ကို ပြောပြလိုက်၏။

"ငါကတော့ ဖွင့်ပြခိုင်းမှာပဲ၊ ဒါမှ အတန်းထဲက ဘောဘီတို့၊ မေရီတို့ကို ကြွားလို့ရမှာ"

နင်းဆီကတော့ စိုင်းညီညီစကားကို အရေးမစိုက်သလို သူ့ဆန္ဒကို ကလေးလေးတစ်ယောက်ပမာ တတွတ်တွတ် ပြောနေသေးသည်။

စိုင်းညီညီ နင်းဆီရဲ့ စကားများကို နားထောင်ရင်း မဲ့ရွဲ့နေမိ၏။

"ကိုကိုမောင်ရေ ... ကိုကိုမောင် ဒီမှာ ဧည့်သည်ပါလာတယ်ဗျို့"

အိမ်ပေါက်ဝမရောက်ခင်ကတည်းက စိုင်းညီညီ အော်ဟစ်ခေါ်လိုက်သည်။



ရတ်တရက် အသံပြကြီးဖြင့် ကုန်းအော်လိုက်သော နင်းဆီ နားအူသွားရပြီ။

ထို့ကြောင့် စိုင်းညီညီကို မျက်စောင်း တအားထိုးလိုက်မိသေးသည်။

တစ်ခွန်းနှစ်ခွန်းသာ အော်လိုက်ရပြီး စိုင်းမောင်မောင် အိမ်ထဲမှ ပြေးထွက်လာတာကို မြင်ကြရ၏။

"ဟာ ... ညီလေးတို့ပါလား၊ လာကြ ... လာကြ"

ပျူပျူငှာငှာ ဖိတ်ခေါ်လိုက်သည်။

"ကိုကိုမောင်၊ ဒါ နင်းဆီတဲ့၊ ကျွန်တော်နဲ့ ကျောင်းမှာ တစ်တန်းတည်းသားပဲ၊ ဟိုဘက်ခြံမှာနေတယ်ဗျ"

အိမ်ထဲရောက်သည်နှင့် စိုင်းညီညီက မိတ်ဆက်ပေးလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ထိုင်ပါ ... ထိုင်ပါ၊ ဒေါက်တာအောင်စိုးနဲ့ ဘာတော်သလဲ၊ သမီးလား"

စိုင်းမောင်မောင် ရင်းနှီးဖော်ရွေစွာ မေးလိုက်မိသည်။

"တူမပါ အစ်ကို"

"သြော် ... တူမကိုး၊ နင်းဆီတို့အိမ်က ဧည့်သည်တောင် ကျွန်တော်နဲ့ ကနေ့ပဲ အတူတူပါလာသေးတယ်လေ"

"ဧည့်သည်"

အံ့သြဟန်နှင့် နင်းဆီ ရေရွတ်လိုက်၏။ မျက်လုံးလေး ကလယ်ကလယ်နှင့် စဉ်းစားနေသည်။

"ဟုတ်တယ်၊ ဒေါ်သဇင်ဖြူဆိုလား မဖြူဆိုလားပဲ"

"ဩော် ... ဩော် ... သိပြီ၊ နှင်းဆီရဲ့ညီမလေး ပုလဲကို စာသင်ပေးဖို့ပါ၊ ဒါနဲ့ အစ်ကိုသီချင်းအသစ်တွေကို ညီမ နားထောင်ချင်တယ်၊ နားထောင်ပါရစေနော်"

စိုင်းညီညီ မျက်လုံးပြူးသွားသည်။

ဆိုင်းမဆင့် ဗုံမဆင့်ဘဲ နှင်းဆီက တဲ့တိုးကြီးပြောချလိုက်၍ဖြစ်ပါသည်။

စိုင်းမောင်မောင်ကတော့ ဘာမှမဖြစ်သလို ရယ်မောနေသေးသည်။ ပြီးမှ ...

"ဒါတော့လည်း သည်းခံပါဗျာ၊ ကျွန်တော်တို့ကလည်း စောင့်စည်းရပါတယ်၊ သီချင်းမဖြန့်သေးခင် ဖွင့်ပြလို့မဖြစ်ပါဘူး၊ အဲ ... စာသားတွေ လိုချင်တယ်ဆိုရင်တော့ သီချင်းစာအုပ်ကို ပေးလိုက်ပါ့မယ်နော်"

ပြောပြောဆိုဆို အိပ်ခန်းထဲ စိုင်းမောင်မောင် ဝင်သွားပြီး သီချင်းစာအုပ်တစ်အုပ်နှင့်အတူ ပြန်ထွက်လာသည်။

"ရော့ ... နှင်းဆီ၊ ဒါနောက်ထွက်မယ့် သီချင်းတွေပဲ၊ စာသားတွေပဲ အရင်ဖတ်ကြည့်ဦးပေါ့"

နှင်းဆီ အပြည့်အဝ မကျေနပ်သေး။ ဒါပေမဲ့ သီချင်းစာအုပ်ပေးဖော်ရတာ တော်သေးတာပေါ့လို့ တွေးရင်း ...

"ကျေးဇူးပါပဲ အစ်ကို၊ နှင်းဆီပြန်ပါဦးမယ်၊ ညီညီရေ ... ငါ ပြန်မယ်ဟေ့"

ညီအစ်ကိုနှစ်ယောက်ကို နှုတ်ဆက်၍ နှင်းဆီပြန်ခဲ့၏။

"ကျွိ"



ခြံပြင်အရောက်မှာပင် ကားဘရိတ်တအားအုပ်လိုက်သံကြောင့် နှင်းဆီ လန့်သွားပြီး လမ်းဘေးသို့ ဆင်းပေးလိုက်သည်။

"နှင်းဆီ"

သည်အသံကို နှင်းဆီ သိလိုက်ပါပြီ။

သူ့ဦးလေး ဒေါက်တာအောင်စိုး၏အသံ။

နှင်းဆီ စိုင်းမောင်မောင်တို့အိမ်ကို ထမင်းစားအပြန်နှင့် လမ်းမှာ ဆုံမိနေခြင်းဖြစ်သည်။

"ကားပေါ်တက်"

ကားပေါ်သို့ နှင်းဆီ ကုပ်ကုပ်ကလေးတက်လိုက်ပါသည်။

"အဲဒါ ဘယ်ကပြန်လာတာလဲ"

ကားကိုဆက်မောင်းရင်း ဒေါက်တာအောင်စိုး မေးလိုက်ခြင်းဖြစ်သည်။

"ညီညီတို့အိမ်ကပါ"

"ဘာသွားလုပ်တာလဲ"

"ညီညီဆီမှာ စာအုပ်သွားငှားတာပါ"

"ပြစမ်း၊ ဒီစာအုပ်ကို"

ခက်ပြီ။ နှင်းဆီတစ်ယောက်တော့ ...

နေ့လယ် မုန့်စားဆင်းချိန်မို့ နှင်းဆီမှာ ကျောင်းစာအုပ် တစ်အုပ်မျှမပါ။

စိုင်းမောင်မောင်ပေးလိုက်သော သီချင်းစာအုပ်တစ်အုပ်ကလေးသာ ရှိနေ၏။

"ပြစမ်းဆို"

ဒေါက်တာအောင်စိုး ထပ်အော်လိုက်မှ နှင်းဆီက သီချင်းစာအုပ်ကလေးကို မပေးချင်ပေးချင်ဖြင့် လှမ်းပေးလိုက်သည်။

ကားမောင်းရင်း ဒေါက်တာအောင်စိုး သီချင်းစာအုပ်ကို လှမ်းမယူဘဲ တစ်ချက်သာငဲ့စောင်းကြည့်ပြီး ...

"နှင်တော့ ကျမှာပဲ၊ ဒီသီချင်းတွေပဲ ကျပ်ကျပ်လုပ်နေ"

ဒါပဲပြောဖြစ်သည်။ ကိုယ့်သမီးအရင်းမဟုတ်သည့်အပြင် ကိုယ့်ကို လာရောက်မှီခိုနေသူတစ်ယောက်မို့ ဒေါက်တာအောင်စိုး ပြင်းပြင်းထန်ထန် မပြောချင်ပါ။

နှင်းဆီကတော့ ကားနောက်ခန်းထဲမှာ လျှာတစ်လစ်ကလေးနှင့် စပ်ဖြဲဖြဲလုပ်ရင်း လိုက်ပါသွားတော့သည်။

✤ ✦ ✤



## အခန်း(၇)

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြားသောကြောင့် မဖြူ လန့်နိုးသွားရ၏။

လက်မှနာရီကကြည့်လိုက်တော့ မွန်းတည့်ဆယ့်နှစ်နာရီရှိနေလေပြီ။

"ဆရာမ ... ဆရာမ"

ပုလဲက တကြော်ကြော်ခေါ်ရင်း အိပ်ခန်းထဲပြေးဝင်လာသည်။ ပုလဲနောက်မှ ချောချောလှလှ ကောင်မလေးတစ်ယောက် ပါလာတာကို မဖြူ တွေ့ရသည်။

"ထမင်းစားမယ်ဟော့ ... ဆရာမရေ"

ပုလဲက စကားကို တစ်လုံးချင်း ပြောလိုက်၏။

မဖြူ အိပ်ရာမှ အလူးအလဲထလိုက်သည်။

အင်္ကျီထဘီတွေကို အသာဆွဲဆန့်လိုက်ပြီး အနည်းငယ်ပွဖွာသွားသော ဆံပင်ကိုလည်း လက်ဖြင့်သပ်တင်လိုက်သေးသည်။

“ဆရာမ”

ပုလဲ မဖြူအနားလာရင်း ခေါ်လိုက်ပြန်လေသည်။

“ဘာလဲ ပုလဲ”

“အဲဒါ ပုလဲမမ နှင်းဆီတဲ့”

မဖြူ နှင်းဆီကို လှမ်းကြည့်လိုက်တော့ နှင်းဆီကလည်း မိန်းမချောလေးပဲ။

“ကဲ ... ထမင်းသွားစားကြစို့”

နှင်းဆီနှင့်ပုလဲတို့၏ ပခုံးများကို မဖြူဖက်ရင်း အခန်းထဲမှ ထွက်ခဲ့ကြသည်။

“လာ ... မဖြူလာပါ၊ ဒီမှာထိုင်”

စားပွဲထိပ်တွင် နေရာယူထားသော ဒေါက်တာအောင်စိုးက ခရီးဦးကြိုပြုလိုက်ပြီး သူ့ဘယ်ဘက်ကခုံမှာ ထိုင်မိုင်းသည်။

ဒေါက်တာအောင်စိုး၏ ညာဘက် မဖြူနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဒေါက်တာအောင်စိုး၏မိခင် ကြီးကြီးစိုး ထိုင်နေပြီး ကြီးကြီးနှင့်ကပ်လျက်က နှင်းဆီဖြစ်သည်။

နှင်းဆီနှင့် မျက်နှာချင်းဆိုင် မဖြူ၏ ဘယ်ဘက်ကုလားထိုင်တွင် ပုလဲထိုင်ရသည်။

ထမင်းစားပွဲကြီးက ကြီးသလောက် ဟင်းတွေကလည်း များစွာစုံလင်သည်။

“စားနော် သမီး၊ ဘာမှ အားမနာနဲ့”

ပြောပြောဆိုဆိုနှင့် အဘွားကြီးက မဖြူပန်းကန်ထဲကို ဟင်းမျိုးစုံထည့်ပေးသည်။



“ရပါတယ် ကြီးကြီးရယ်၊ မဖြူ ထည့်စားပါ့မယ်”

မဖြူ ဘယ်လိုပြောပြော ဘွားကြီးက တစ်လှည့် ဒေါက်တာအောင်စိုးကတစ်လှည့်၊ မဖြူပန်းကန်ထဲသို့ ဟင်းမျိုးစုံ ထည့်ထည့်ပေးနေကြလေသည်။

“ရှမ်းထမင်း ရှမ်းဟင်းတွေကို မဖြူ စားလို့ကောင်းရဲ့လား”

ဒေါက်တာအောင်စိုးက မေးလိုက်သည်။

“စားလို့ကောင်းပါတယ် ဆရာ”

“ဝမ်းသာပါတယ်ကွယ် ကြားရတာ၊ အဲဒါက ရှမ်းတို့ဟူး၊ ဒါက ကြက်သားချဉ်၊ အချဉ်ကိုပိုကြိုက်တယ်ဆို၊ စားကြည့်ပါဦးလား”

ဘွားကြီးက မဖြူကို အားနာစရာ ကောင်းလောက်အောင်ပင် ဧည့်ခံကျွေးမွေးနေပြန်သည်။

ရှမ်းတို့ဟူးကြွပ်ကြွပ်ကြော်တို့၊ ရှမ်းထမင်းချဉ်တို့၊ ရှမ်းခေါက်ဆွဲတို့ကို မဖြူက ရင်းနှီးပြီးသား။

ကြိုက်လည်းကြိုက်သည်။ ဆာလည်းဆာနေသည်မို့ မဖြူမှာ ထမင်းနှစ်ပန်းကန်လောက် ကုန်သွားတော့သည်။

“ဟဲ့ ... ပြီးပလား နှင်းဆီ”

နှင်းဆီ ထမင်းစားပွဲမှ အရင်ဆုံးထလိုက်သဖြင့် ဘွားကြီးကတော့ မေးလိုက်ခြင်းဖြစ်၏။

“ဟုတ်ကဲ့၊ ကျောင်းချိန်နီးနေပြီ ဘွားဘွား”

“အပြင်မှာစောင့်နေ၊ ဦး လိုက်ပို့ပေးမယ်၊ စောင့်နေ”

ဒေါက်တာအောင်စိုးက ခပ်တည်တည်မျက်နှာထားဖြင့် နှင်းဆီကို လှမ်းပြောလိုက်ပြန်သည်။

နှင်းဆီ ခေါင်းညိတ်ပြရင်း ခပ်ကုပ်ကုပ်ပင် ထမင်းစားခန်းမှာ ထွက်သွား၏။

"ဒီနေ့တော့ နားပါဦး၊ ခရီးလည်း ပန်းနေမှာပေါ့၊ ပုလဲအတွက် တိုင်တီဘယ်လ် အချိန်စာရင်းလေးကိုတော့ မနက်ဖြန်ကျမှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့၊ ကျွန်တော် နှင်းဆီကို ကျောင်းလိုက်ပို့လိုက်ဦးမယ်"

ပြောဆိုပြီးသည်နှင့် ဒေါက်တာအောင်စိုး အခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွားလေသည်။

"ကဲ ... သမီး၊ အေးအေးဆေးဆေးအနားယူဦးပေါ့၊ ကြီးကြီးမှာကလည်း သားသမီး များများစားစားမရှိဘူးကွယ့်၊ သားတစ်ယောက်ပဲရှိတာ၊ ဒီသားကလည်း နိုင်ငံခြားမှာ ပညာတော်သင်သွားနေတာ အကြာကြီးပဲ၊ ပုလဲအမေနဲ့ အတူတူပေါ့၊ သွားတုန်းကတော့ နှစ်ယောက်သား ကြော့ကြော့နဲ့ပေါ့၊ ဟိုမှာ ပုလဲကိုမွေးတာ၊ အခုပြန်လာတော့ သားအဖနှစ်ယောက်တည်းလေ"

သည်နေရာရောက်တော့ အဘွားကြီးက သူ့စကားရှည်ရှည်ကြီးကို ခဏရပ်လိုက်သည်။

ပြီးတော့ ရေတစ်ခွက်ယူ၍ ခပ်ပြည်းပြည်းသောက်နေသည်။

"ပုလဲ မေမေက ဘယ်ရောက်သွားတာလဲဟင် ကြီးကြီး"

မအောင့်အည်းနိုင်၍ မဖြူ မေးလိုက်မိပါသည်။ မေးသာမေးရသည်။ မနက်တုန်းက ဒေါက်တာအောင်စိုးလိုများ အဘွားကြီး ဒေါပွသွားမလားလို့ မဖြူ စိုးရိမ်နေ၏။



တော်ပါသေးသည်။ အဘွားကြီး ဒေါပွသွားပုံမရ။ ဒါပေမဲ့ ဖြေလည်းမဖြေ။

"သူ့အမေအကြောင်းတော့ မမေးပါနဲ့ကွယ်"

ခပ်တိုတိုပဲပြောသည်။

"ဟုတ်ကဲ့ ကြီးကြီး၊ မဖြူ မမေးတော့ပါဘူး၊ မေးမိတာကို စိတ်မရှိဖို့ တောင်းပန်ပါတယ်"

မဖြူ တောင်းပန်လိုက်သည်ကို အဘွားကြီး ခေါင်းညိတ်ပြ၍ ပုလဲကို တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် မေးငေါ့လိုက်ရင်း ...

"သူ့ကွယ်ရှာ အေးအေးဆေးဆေး ရှင်းပြတော့မယ်"

အဘွားကြီးလေသံနိမ့်၍ ပြောလိုက်သည်။

"ရပါတယ် ကြီးကြီးရယ်"

"ကဲ ကဲ ... သမီးလည်း နားချင်မှာပဲ၊ သွား သွား ... နားလိုက်ပါဦး"

အဘွားကြီးနှင့် ပုလဲကို နှုတ်ဆက်ပြီး မဖြူ ထမင်းစားခန်းမှထွက်ခဲ့သည်။

ဒါပေမဲ့ မဖြူရင်ထဲမှာ မရှင်း။ ပုလဲအတွက် ခံစားနေရသည်။

ပုလဲလေးရယ် ...။

မင်းဟာ အမေရှိလျက်နဲ့ အမေနဲ့ မနေရတဲ့ဘဝပါလား သမီးလေးရယ်။

မင်းအမေမှာ ဘာအပြစ်ရှိလို့ မင်းအဖေနဲ့ အဘွားနာကြည်းနေရတာလဲကွယ်။

မင်းကို မဖြူ ကိုယ်ချင်းစာ သနားမိပါရဲ့ကွယ်။

မဖြူ အိပ်ရာပေါ်လှဲရင်း တွေးပြီး သနားနေမိပါရဲ့ ကွယ်။ လူမမည် ကလေးငယ် ပုလဲလေးအတွက် မဖြူ ရင်နာပြီး မောနေမိတော့သည်။

✣ ✦ ✣



## အခန်း(၈)

စီနိုင်တီး စုပါကပ်ဆိုင်ကယ်ပေါ်သို့ စိုင်းမောင်မောင် တက်လိုက်၏။

ပြီးတော့ ဆိုင်ကယ်စီး ဦးထုပ်အနီရဲလေးကိုဆောင်း၍ စက်နှိုးကီယာထိုးကာ မောင်းထွက်လိုက်သည်။

ခြံဝရောက်တော့ စိုင်းမောင်မောင် ဆိုင်ကယ်ကို ခဏရပ်ပြီး ဒေါက်တာအောင်စိုးခြံဘက်ကို အမှတ်မထင်လှမ်း မျှော်ကြည့်မိ၏။ စိုင်းမောင်မောင်မျက်နှာ ဝင်လက်သွားသည်။

ခြံထဲမှာ ကလေးတစ်ယောက်နှင့် လမ်းလျှောက်နေသော မဖြူကို တွေ့လိုက်ရ၍ပင်။

ကလေးရောက်ပြီးကတည်းက သူလည်း သစ်တော ခြံကိစ္စတွေကို လုံးပန်းနေရ၍ မဖြူဆီကိုတောင် တစ်ခေါက်မှ မရောက်ဖြစ်ပါ။

ခုလိုကြုံတုန်း မဖြူကိုနှုတ်ဆက်ရန်စိတ်ကူးဖြင့် ဒေါက်တာအောင်စိုးတို့ခြံထဲသို့ စိုင်းမောင်မောင် မော်တော်ဆိုင်ကယ်ကို ချိုးကွေ့မောင်းနှင်လာလေသည်။

သူ့ကိုမြင်လိုက်လျှင် မဖြူ အံ့ဩဝမ်းသာသွားဟန်ဖြင့် ...

"ဟာ ... အစ်ကို၊ ခုမှပေါ်လာတော့တာပဲကိုး"

စိုင်းမောင်မောင်က ပြုံးရင်း မော်တော်ဆိုင်ကယ်ပေါ်မှ အသာအယာဆင်းလိုက်သည်။

"လာ ... အစ်ကို၊ ခြံထဲမှာပဲ ထိုင်ရအောင်"

ခေါင်းပေါ်မှ ဆိုင်ကယ်ဦးထုပ်ကိုချွတ်ကာ စိုင်းမောင်မောင် မဖြူညွှန်ပြသော အနီရောင် သစ်သားခုံတန်းလျားစွန်းမှာ ဝင်ထိုင်လိုက်သည်။

ပုလဲကတော့ မဖြူတို့နှစ်ယောက်ကြားမှာ ဝင်ထိုင်သည်။

"ကျွန်တော်လည်း ရောက်ကတည်းက ခြံကိစ္စတွေနဲ့ လုံးလည်ချာလည်လိုက်နေလို့ နီးလျက်နဲ့ဝေးဆိုတာလို မဖြူဆီတောင် လာမတွေ့နိုင်ဘူး၊ ကလောမှာနေရတာ နေသားကျသွားပြီလား"

"ဟုတ်ကဲ့၊ တော်တော်လေးနေသားကျသွားပါပြီ"

"မဖြူ စာသင်ပေးနေတာ ဒီချာတိတ်မလေးလား"

ပုလဲ၏ ဖြူဖွေးဖွေးပါးလေးဖောင်းဖောင်းတစ်ဖက်ကို အသာဆွဲရင်း စိုင်းမောင်မောင်မေးလိုက်သည်။

"ဟုတ်ပါတယ်၊ သူ့နာမည်က ပုလဲတဲ့"

"ပုလဲရေ"

"ရှင်"



စိုင်းမောင်မောင်ကို စကားတုံ့ပြန်ရင်း တစ်ဆက်တည်း ပုလဲလေးကို မဖြူခေါ်လိုက်သဖြင့် ပုလဲက 'ရှင်'ဟု ထူးရင်း ထိုင်ခုံပေါ်မှဆင်းပြီး မဖြူရှေ့တွင် လက်ပိုက်ရပ်လိုက်သည်။

"ဒီဦးဦးကိုသိလား"

မဖြူ မေးလိုက်၍ ပုလဲ စိုင်းမောင်မောင်ကို စေ့စေ့ကြည့်နေသည်။

ပြီးတော့မှ ခေါင်းညိတ်ပြသည်။

"ခေါင်းညိတ်မပြရဘူးလေ၊ သိတယ်ဆိုရင် သိပါတယ်လို့ပြောရမယ်၊ မသိဘူးဆိုရင် မသိပါဘူးလို့ပြောရမယ်၊ ဆရာမသင်ထားတာ မေ့သွားပြီလား"

"သိပါတယ်ရှင်"

ချက်ချင်းပင် ပုလဲက မဖြူလိုချင်သည့် ပုံစံအတိုင်း ဖြေပြလိုက်၏။

"ဒါဖြင့်ရင် ဘယ်သူလဲ"

ပုလဲ ခေါင်းကလေးကိုသပ်ပြီး မဖြူဘက်မော့ကြည့်လိုက်ပြီး ...

"အဆိုကျော် စိုင်းမောင်မောင်"

"ဟာ ... ပုလဲလေးက တယ်တော်ပါလားဟေ့"

ပုလဲစကားဆုံးသည်နှင့် စိုင်းမောင်မောင်က ကျေနပ်စွာ ချီးကျူးလိုက်မိသည်။

"သမီးက ဘယ်လိုသိတာလဲ"

မဖြူ ထပ်မေးလိုက်ပြန်သည်။

"မမနှင်းဆီဆီမှာ စိုင်းမောင်မောင် ..."

"အဲဒီလိုမခေါ်ရဘူးလေ၊ ဦးဦးစိုင်းမောင်မောင်လို့ခေါ်ရမယ် နော်"

ပုလဲစကားမဆုံးခင် စကားဖြတ်၍ မဖြူ သင်ပေးလိုက်ရသည်။

"ဟုတ်ကဲ့ပါ"

"အဲဒီဦးဦးရဲ့ဓာတ်ပုံတွေ အများကြီးရှိပါတယ်"

"ဟင် ... အဲဒီနှင်းဆီက ဦးဦးရဲ့ဓာတ်ပုံတွေကို ဘာလုပ်ဖို့ သိမ်းထားတာလဲ မသိဘူး၊ ပုစွက်ဆိတ်တွေမလာအောင် ခြောက်ဖို့လားမသိ ... ဟား ဟား ဟား"

ပုလဲရဲ့စကားကို စိုင်းမောင်မောင် နောက်ပြောလိုက်သည်။

စိုင်းမောင်မောင် နောက်ပြောင်သည်ကို ပုလဲမျှော်နားမလည်ရှာပါ။

စိုင်းမောင်မောင် ပုလဲလေးကိုကြည့်ပြီး ရယ်နေသည်ကိုသာ မျက်လုံးလေးပြူးပြီး ကြည့်နေလေသည်။

မဖြူကတော့ ပုလဲကိုကြည့်ပြီး ချစ်တဲ့စိတ်၊ သံယောဇဉ်နှင့် ကြည်နူးပီတိတွေ ဖြာနေရ၏။

တစ်ပတ်အတောအတွင်း တိုးတက်လာသော ပုလဲ၏ အပြောအဆိုများကြောင့်သာမက နာမည်ကျော်စတီရီယိုအဆိုကျော်ကြီးက တကူးတကလာပြီး လည်ဖော်ရသည့်အတွက်ကြောင့် မဖြူ ဝမ်းသာကျေနပ်နေမိသည်။

"ကဲ ... သမီးပုလဲရေ ... ဦးဦးကို ဆရာမသင်ထားတဲ့ ကဗျာလေး ရွတ်ပြပါဦး"



ပုလဲကို မဖြူ နောက်တစ်မျိုးပွဲထုတ်ပြပြန်သည်။

"ရောင်စုံဘောလုံး
ရောင်စုံဘောလုံး
တစ်လုံးငါးပြား
တစ်လုံးငါးပြား
ကြိုက်တဲ့အရောင်ရွေးပါ
ကြိုက်တဲ့အရောင်ရွေးပါ
တစ်လုံးငါးပြား
တစ်လုံးငါးပြား"

သံနေသံထား ဟန်နေဟန်ထားဖြင့် မပီကလာပီကလာလေး ပုလဲကဆိုပြလိုက်သဖြင့် စိုင်းမောင်မောင် သဘောကျစွာ လက်ခုပ်တီး၍ ဂုဏ်ပြုလိုက်သည်။

"ကဲ ... သမီး၊ ထိုင် ... ထိုင်ပါဦး၊ သမီးလေးက သိပ်လှတာပဲ၊ သိပ်တော်တာပဲနော်"

"ကျေးဇူးတင်ပါတယ် ဆရာမ"

စောစောကနေရာမှာပင် ပုလဲကို မဖြူ ထိုင်စေလိုက်သည်။

"ဘယ်တွေရောက်ပြီးပြီလဲ မဖြူ"

စိုင်းမောင်မောင် မဖြူကိုကြည့်ရင်း မေးလိုက်သည်။

"ဘယ်ကိုမှမရောက်သေးပါဘူး"

"ဈေးတွေဘာတွေကော ရောက်ပြီးပြီလား"

"ဟင့်အင်း၊ ဒီကဈေးနေ့နဲ့ဆို ..."

"ဟုတ်တယ်၊ မနက်ဖြန် ကလောဈေးနေ့လေ၊ သွားချင်လား၊ ကျွန်တော် လိုက်ပို့ပေးမယ်"

"ဟာ ... ကိုမောင်မောင် အလုပ်ပျက်အကိုင်ပျက်ဖြစ်နေပါဦးမယ်၊ အားနာစရာကြီး"

"အို ... ဒီလောက်အပန်းမကြီးပါဘူးဗျာ"

မဖြူ ကလောဈေးနေ့ကို သွားချင်နေတာ အမှန်ပင်။

ဒါပေမဲ့ စိုင်းမောင်မောင်နှင့်သွားရမှာကို ဒေါက်တာအောင်စိုးတို့ ကြီးကြီးတို့ ကျေနပ်ကြပါ့မလား။ ခွင့်ပြုနိုင်ကြပါ့မလားဟု မဖြူ တွေးနေမိသည်။

"ဘာတွေ ဒီလောက်စဉ်းစားနေနေရတာပဲ မဖြူ၊ မနက်ဖြန်ကျကျွန်တော် အားပါတယ်"

"သူတို့ဆီမှာ ခွင့်ပန်ကြည့်လိုက်ဦးမယ်လေ၊ ရရင်သွားတာပေါ့"

မဖြူ ပွင့်ပွင့်လင်းလင်းပဲ ဖြေလိုက်သည်။

"ကဲ ... ဒီလိုဆို မနက်ခုနစ်နာရီလောက်ကို မဖြူဆီ ကျွန်တော်ဝင်လာခဲ့မယ်၊ မဖြူသွားခွင့်ရရင် သွားကြတာပေါ့၊ ပြန်လိုက်ဦးမယ်နော်၊ ကဲ ... သမီးရေ ... တာ့တာနော်"

စိုင်းမောင်မောင်က မဖြူနှင့် ပုလဲကိုနှုတ်ဆက်ပြီး သူ့ဆိုင်ကယ်ရပ်ထားရာသို့ လှမ်းလျှောက်သွားလေသည်။

မဖြူနှင့် ပုလဲတို့ကလည်း မော်တော်ဆိုင်ကယ်နားအထိ လိုက်ပို့ရန် စိုင်းမောင်မောင်နောက်မှ လျှောက်လိုက်လာကြသည်။

"ဟာ ... အစ်ကို"



စိုင်းမောင်မောင်ကို ဝမ်းသာအားရနှုတ်ဆက်လိုက်သူက နှင်းဆီ။

နှင်းဆီ ညနေဘက်အပျင်းပြေစက်ဘီး လျှောက်စီးနေရာမှ ပြန်လာခြင်းဖြစ်သည်။

"ဩော် ... နှင်းဆီကိုး"

မော်တော်ဆိုင်ကယ်ပေါ် တက်ထိုင်ရင်း စိုင်းမောင်မောင်ကလည်း အလိုက်သင့်ပြန်နှုတ်ဆက်လိုက်၏။

"အစ်ကိုဘယ်လာတာလဲဟင်၊ နှင်းဆီ့ဆီလာတာလား"

နှင်းဆီ အမောတကောလေးမေးရင်း စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်သည်။

"ဟင့်အင်း၊ မဖြူဆီလာတာပါ"

စိုင်းမောင်မောင် အဖြေစကားကြောင့် နှင်းဆီ မျက်နှာပျက်သွားသည်။ ရှက်လည်းရှက်သွား၏။

ပြီးတော့ မဖြူကိုလှမ်းကြည့်ရင်း ...

"ဩော် ... နှင်းဆီက နှင်းဆီဆီလာလည်တယ်လို့မှတ်တာ၊ နှင်းဆီဆီကိုလည်း လာလည်နိုင်ပါတယ် အစ်ကို"

နှင်းဆီကမလျှော့။ အတင်းပင် စိုင်းမောင်မောင်ကို ဖိတ်ခေါ်နေသေးသည်။

"ဟုတ်ကဲ့ ... လာခဲ့ပါ့မယ်၊ နောက် ကြုံဦးမှာပေါ့ဗျာ"

ဒါပဲပြောပြီး စိုင်းမောင်မောင် ဆိုင်ကယ်စက်နှိုးလိုက်သည်။

"မဖြူရေ ... သွားပြီ၊ ပုလဲရေ တာ့တာ"

နှင်းဆီကို စိုင်းမောင်မောင် တကယ်ပဲမေ့သွားတာလား၊ ဒါမှမဟုတ် တမင်ပဲနှုတ်မဆက်ဘဲသွားတာလားမသိပါ။

ဒါကို နှင်းဆီက လုံးဝမကျေနပ်။

နှုတ်ခမ်းစူခြေဆောင့်ပြီး သူ့စက်ဘီးကိုသိမ်းရန် ဂိုဒေါင်သို့ တွန်းသွားလေ၏။

"အစ်ကိုနဲ့မဖြူ ဘယ်တုန်းကများ ဘယ်လောက်အထိ ခင်မင်သွားကြပါလိမ့် သိကျွမ်းနေကြပါလိမ့်"

သံသယစိတ်အတွေးများက နှင်းဆီကို နှိပ်စက်နေကြပြီလေ။

✦ ✦ ✦



## အခန်း(၉)

နားထဲမှာ ထူးထူးခြားခြား အသံမျိုးစုံ ကြားလိုက်ရသလိုလိုရှိ၍ မဖြူ အိပ်ရာမှ လန့်နိုးလာရသည်။

လက်မှာပတ်ထားသော နာရီကိုကြည့်လိုက်တော့ နံနက်ငါးနာရီခွဲပြီ။

တစ်ညလုံး ချမ်းလိုက်တာ တုန်နေတာပဲ။ ညဦးမှာ မှေးခနဲ အိပ်ပျော်သွားရာက နာရီပြန်တစ်ချက်လောက်မှာ မဖြူ လန့်နိုးခဲ့ရသေးသည်။

ဟိုဘက်ခြံဆီမှ သီချင်းဆိုသံ၊ ဂစ်တာခေါက်သံ ကြားရသောကြောင့်ဖြစ်ပါ၏။ စိုင်းမောင်မောင် အသံလေ့ကျင့်နေသည်လား၊ သီချင်းရေးစပ်ရေးဆိုနေသလား မပြောတတ်။

အဲသည်သီချင်းသံကြောင့် မဖြူ အိပ်ရာက တစ်ရေးနိုးခဲ့ခြင်းပါ။

ညကြီးသန်းခေါင် စိုင်းမောင်မောင်တစ်ယောက် အသံလေ့ကျင့်နေခြင်းဖြစ်သည်ဟု မဖြူ တွေးမိလိုက်၏။

သူလို နိုးနေသူတစ်ယောက် ရှိသေးသည်။

နှင်းဆီပေါ့။ ခေါင်းရင်းပြတင်းပေါက်ကို အသာက လေးဖွင့်၍ နှင်းဆီနားထောင်နေသည်။

ညအချိန်ကလည်းဖြစ်၊ ချမ်းကလည်းချမ်း၊ အသံက လည်းကောင်း၊ စာသားကလည်း ကောင်းဆိုတော့ နှင်းဆီတို့လို မြီးကောင်ပေါက်မလေးမပြောနဲ့ မဖြူပင် စိုင်းမောင်မောင်၏ ဂီတရေယာဉ်ကြောတွင် နစ်မျောနေမိပါ၏။

ဘယ်အချိန်မှာ ပြန်အိပ်ပျော်သွားမှန်း မိမိကိုယ်မိမိ သတိမထားမိပါ။

အခု ပြန်နိုးနေရပြန်ပြီ။

မနက်ငါးနာရီခွဲဆိုတော့ ထမှဖြစ်မည်။ စိုင်းမောင် မောင်နှင့် ကလောဈေးသွားဖို့ ချိန်းထားသည်မဟုတ်ပါလား။

အဲသည်အတွက် မဖြူ မနေ့ကညနေ ထမင်းစားချိန် တွင် ဒေါက်တာအောင်စိုးထံ ခွင့်ပန်ခဲ့ခြင်းဖြစ်၏။

ဒေါက်တာအောင်စိုးက ခွင့်ပြုပါသည်။

"ဟုတ်ပါတယ် မဖြူရယ်၊ ဟိုသွား ဒီသွား သွားချင်ရှာမှာ ပေါ့၊ ကျွန်တော်တို့ဘက်က တာဝန်မကျေသလိုဖြစ်သွား တယ်ဗျာ၊ စိတ်မရှိပါနဲ့နော် မဖြူ အင်းလေးတို့ ဘာတို့ တော့ လိုက်ပို့ပေးပါ့မယ်၊ ကျွန်တော်တို့တာဝန်ထားပါ၊ ဟုတ်ရဲ့လား"

"ဆရာတို့ လိုက်မပို့နိုင်တာကို မဖြူ ဘယ်လိုမှ သဘော မထားပါဘူး ဆရာ၊ ဆရာတို့ အလုပ်တွေသိပ်များတာကို မဖြူ တွေ့နေရတာပဲ၊ ခုလို သွားရတာလည်း ဆရာတို့ လိုက်ပို့တဲ့အထိ မဖြူ မစောင့်နိုင်လို့ မဟုတ်ပါဘူး၊



ကိုစိုင်းမောင်မောင်နဲ့ကလည်း မိတ်ဆွေတွေဖြစ်နေတော့ သူ့စကားကမ်းလှမ်းတာကို မဖြူ အားနာလို့ လက်ခံရတာပါ ဆရာ၊ မဖြူကို ခုလိုသွားခွင့်ပြုတာ ကျေးဇူးအများကြီးတင် ပါတယ် ဆရာ"

ကျေးဇူးတင်စကားပြောရင်း မိမိ စိတ်ရင်းအမှန်ကို ဒေါက်တာအောင်စိုးအား ဖွင့်ဟနိုင်ခဲ့ကလည်း စိတ်ထဲတွင် ကျေနပ် နေမိပါသည်။

မနေ့ညကအကြောင်းကို စဉ်းစားရင်း မဖြူ အိပ်ရာ မှ ထလိုက်၏။

မှန်ပြတင်းကနေပြီး အပြင်ဘက်ကို လှမ်းမျှော်ကြည့် လိုက်တော့ ဖွေးဖွေးလှုပ်ကျနေသည့် မြူနှင်းတွေကို မဖြူ တွေ့ မြင်လိုက်ရသည်။

မြူနှင်းတွေဝေနေသောကြောင့် အရာရာတိုင်းသည် ပိန်းပိတ်အောင် မှောင်နေဆဲပင်။

မဖြူ နားထဲတွင် လှည်းဝင်ရိုးသံများ ကြားနေရ သည်။ လှည်းတန်းကြီးတစ်ခုကိုလည်း မသဲမကွဲ တွေ့မြင်နေရသည်။

လှည်းတိုင်းလိုလိုပင် ပေါင်းမိုးမပါကြပါ။ ရှင်းရှင်း လေးပင်။

ဒါကြောင့် လှည်းများပေါ်က ပင်ဖြူပင်နီအနွေးထည် ကြီးများ ဝတ်ဆင်ထား၍ မျက်နှာသုတ်ပဝါကြီးကို ခေါင်းပေါင်းထား ကြသည့် လှည်းသမားကြီးများကို နှင်းတွေအကြား မြင်နေရသည်။

ဒါတင်မက သူတို့ သယ်ယူဆောင်ကြဉ်းလာသော ကုန်စိမ်းအသီးအရွက်များ လှည်းပေါ်တွင် မို့မောက်နေသည်ကို

လည်း မြင်နေပေသည်။

အို ... ဈေးနေ့ကို လာကြသော တောင်သူတွေပါလား။ သူတို့တစ်တွေ မနက်အစောကြီးတည်းက ရွာက ထွက်လာကြရမှာပဲနော်။ သနားစရာပဲ။

သိပ်ချမ်း၊ သိပ်အေးလှတဲ့ ရာသီဥတုဒဏ်ကို မမှုကြရဘဲ ဝမ်းစာအတွက် ရှာဖွေကြရတာပါပဲ။

သနားခြင်း၊ ကြင်နာခြင်း၊ ကရုဏာသက်ခြင်းများ မဖြူ ရင်ထဲမှာ လှိုက်လှိုက်လှဲ့လှဲ့ ဖြစ်ပေါ်နေတော့သည်။

မဖြူ ဆက်၍ ငေးမောတွေဝေနေ၍ မရတော့ပါ။ ခုနစ်နာရီမှာ စိုင်းမောင်မောင်က ခေါ်တော့မည်။ အစကတည်းက ပြင်ဆင်မှပဲဟု မဖြူ တွေးမိပြီး ကိုယ်လက်သန့်စင်ရန် ရေချိုးခန်းထဲသို့ ဝင်ခဲ့ပါတော့သည်။

✤ ✦ ✤



## အခန်း(၁၀)

လိမ္မော်ရောင်တိုင်းပြည်ကြီးတစ်ခုထဲသို့ ရောက်များသွားလေသလားဟု ထင်မှတ်ရသည်။

ကြည့်ပါဦး။ တစ်ဈေးလုံးလိမ္မော်သီးတွေ များမှများပဲနော်။

ခြင်းတောင်းကြီးငယ်ထဲမှာရော၊ ဖျာတွေပေါ်မှာရော လိမ္မော်သီးများ အရွယ်အစားအမျိုးမျိုး ရောင်းချနေတာကို မဖြူ တွေ့ရသည်။

"အို ... မဖြူ အရမ်း အရမ်းပျော်တာပဲ"

"တစ်လုံးဘယ်လောက်လဲ"

မဖြူကို မျက်နှာသုတ်ပဝါ ခေါင်းပေါင်းထားတဲ့ ဈေးသည်အဒေါ်ကြီးက အံ့သြတကြီး မော့ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။

ပြီးတော့မှ ရိုးသားတည်ငြိမ်သော အကြည့်နှင့် ...

"တစ်လုံးချင်း မရောင်း၊ ကလေးမကြည့်၊ ပိဿာချိန်နဲ့ ရောင်းတာ"

ရှမ်းသံဝဲဝဲကလေး ကြားလိုက်ရ၍ မဖြူ ပြုံးရွှင်စွာ ရယ်မိသည်။

"ဒီလိုလေ မဖြူ၊ ဒီမှာက တစ်လုံးကို ဘယ်လောက်ဆိုပြီး ရောင်းလေ့မရှိဘူးဗျ၊ ပိဿာချိန်နဲ့ပဲ ရောင်းကြတယ်လေ၊ တခြားသီးနှံအစုံလည်း ပိဿာချိန်နဲ့ရောင်းကြတယ်၊ ဂေါ်ရခါးသီးတို့၊ မုန်လာဥ အဖြူအနီ၊ ခရမ်းသီး၊ ခရမ်းချဉ်သီး တို့ပေါ့ဗျာ"

စိုင်းမောင်မောင် ဝင်ပြီးရှင်းပြသည်။ မဖြူအဖို့ မရောက်ဖူး မတွေ့ဖူးတဲ့ ကလောမြို့၏ဈေးနေ့သည် အစစအရာရာ ဆန်းသစ်နေလေသည်။

သည်အရပ် သည်ဒေသကိုရောက်တာ တစ်ပတ် ကျော်လေးရှိပေမယ့် သည်အရပ်၏ ဓလေ့စရိုက်များနှင့် နည်းနည်း ကင်းကွာနေသေးသည်။

ကင်းကွာမှာပေါ့လေ။ ရောက်ကတည်းက မဖြူမှာ အိမ်တွင်းပုန်းအောင်းနေရတာကိုး။

တစ်နေ့တစ်နေ့ အချိန်ရှိသရွေ့ ပုလဲလေးနဲ့ပဲ ကစားလိုက်၊ စာသင်လိုက်၊ ဆုံးမလိုက်နှင့်။

ဒါနဲ့ပဲ တစ်နေ့ပြီးတစ်နေ့ သွားရသည့်ရက်တွေ မနည်းတော့။ ခုမှ စိုင်းမောင်မောင်လိုက်ပို့ဖော်ရ၍ ဈေးနေ့လေးကို ကြုံတွေ့ဖူးရခြင်းပါ။

မဖြူ လိမ္မော်သီးဝယ်ချင်သည့်အတွက် ဈေးသည် အဒေါ်ကြီးကို လှမ်းမေးလိုက်သည်။

"တစ်ပိဿာ ဘယ်ဈေးလဲ ဒေါ်ကြီး"



"ဒါက ရှစ်ကျပ်၊ ဒါက တစ်ဆယ့်ငါးကျပ်၊ ကြိုက်တာ ရွေးယူလို့ရပါတယ်"

တစ်ဆယ့်ငါးကျပ်တန်ထဲက စိတ်ကြိုက်အလုံးကြီး ကြီးပွပွများကို တောင်းတစ်လုံးထဲ ရွေးထည့်ပြီး မဖြူ ဈေးသည် အဒေါ်ကြီးကို လှမ်းပေးလိုက်သည်။

"ဒေါ်ကြီး တစ်ပိဿာချိန်ပေးပါ"

"ရော့ ... ပိုက်ဆံ"

စိုင်းမောင်မောင်က ပိုက်ဆံထုတ်ပေးလိုက်သည့် အတွက် မဖြူ စိုင်းမောင်မောင်ဘက်ကို လှမ်းကြည့်ပြီး ...

"အို ... မဟုတ်တာ အစ်ကိုရယ်၊ ဒါက မဖြူ ဝယ်တာပါ၊ ဒေါ်ကြီးရေ သူ့ဆီက ပိုက်ဆံမယူပါနဲ့နော်"

မဖြူက တကယ်ပင် ဗျာများသွားရသည်။ စိုင်းမောင်မောင်ကိုလည်း တားမရ၊ ဈေးသည်အဒေါ်ကြီးကိုလည်း ဘားမရတာနှင့်။

"မဟုတ်ဘူး အဒေါ်ကြီး၊ ဒီကယူပါ၊ ကျွန်တော်ပေးတာ ယူပါ၊ ကျွန်တော်က ဒီကအိမ်ရှင်ပါ၊ မဖြူ နေနေ၊ မဖြူက ဧည့်သည်ပဲဟာ၊ ဧည့်သည်ကို အိမ်ရှင်က ပြုစုကျွေးမွေးရမှာပါ"

မဖြူကလည်း လျှော့မပေး။

သည်တစ်ခါဗျာများရသူက ဈေးသည်အဒေါ်ကြီး ပင်။ ဘာလုပ်ရမှန်းမသိ။ ဘယ်သူ့ဆီက ပိုက်ဆံယူရမှန်းမသိ။ ဟိုကြည့်သည်ကြည့်နှင့် နှစ်ယောက်စလုံးကို သဘောကျစွာ ပြုံး၍ ကြည့်နေသည်။

နောက်ဆုံးတော့ ဈေးသည်အဒေါ်ကြီးက စိုင်းမောင်မောင်ဆီက ပိုက်ဆံကို လှမ်းယူလိုက်ရင်းနှင့် ...

"သူက ဒီမြို့ကလူ၊ သူ့ဆီကပဲယူမယ်ကွယ်"

ဘယ့်နှယ်ရှိစဟူသော မျက်နှာလေးဖြင့် စိုင်းမောင်မောင်က အောင်နိုင်သူအပြုံးဖြင့် မဖြူကို လှမ်းကြည့်လိုက်သည်။

"ဒါဆိုရင် မဖြူက မုန့်ဝယ်ကျွေးမယ်"

လိမ္မော်သီးအထုပ်ကိုဆွဲရင်း မဖြူက ပြောလိုက်သည်။

"ဒါဆိုလည်း ဒီလောက်တောင် ကျွေးချင်မွေးချင်နေရင် ဒါနလေးမြောက်သွားရအောင် အဝစားရမှာပေါ့၊ ကဲ ... ဟင်းထုပ်စားရအောင်"

"ဟင်းထုပ်"

မဖြူ တအံ့တသြသံယောင်လိုက်၍ ရေရွတ်မိသည်။

"လာပါ၊ ဟိုကျတော့စားကြည့်၊ သိပ်ကြိုက်သွားမယ်၊ ကောင်းမှကောင်း"

စိုင်းမောင်မောင်က အကြော်ဆိုင်တစ်ဆိုင်ထဲသို့ ခေါ်သွားသည်။

မဖြူ ဆိုင်ကိုမြင်ပြီး အကဲခတ်လိုက်မိသည်။

ဆိုင်နောက်ဘက်၌ မီးနံမကြီးတစ်ယောက် ဒယ်အိုးကြီးတစ်လုံးနှင့် အကြော်တွေကြော်နေသည်။

အကြော်တွေကတော့ ကောင်းလိုက်တာ၊ စုံသလား မမေးနဲ့၊ ပဲလုံးကြော်၊ ကြက်သွန်ကြော်၊ ပုစွန်ဆိတ်ကြော်၊ အာလူးကြော်၊ အကြော်တွေက ပွပွရွရွလေးနဲ့စုံလို့၊ သူတို့အကြော်ပုံစံလေးတွေက ရန်ကုန်မှာမြင်တွေ့ရသည့် အကြော်ပုံစံများနှင့် သိပ်မတူချင်ပါ။



ဖက်ကလေးတွေနှင့် ထုပ်ထားသည့် အထုပ်လေးတွေ အပုံလိုက်ကိုလည်း ဗန်းကြီးထဲတွင် ထည့်ထားတာတွေ့ရ၏။

"ဟင်းထုပ်နှစ်ပွဲ"

"ပြီးတော့"

"အကြော်စုံတစ်ပွဲပေးပါ"

စိုင်းမောင်မောင်က မှာလိုက်သည်။

ဆိုင်ရှင်ကောင်မလေးက ချောချောလှလှ သပ်သပ်ရပ်ရပ်ဝတ်စားထားပြီး သန့်ရှင်းစွာရောင်းနေကြောင်း မဖြူ အကဲခတ်မိသည်။

ကောင်မလေးက ဖက်ဖြင့်ထုပ်ထားသော အထုပ်ကလေးများကို ဖြေလိုက်သည်။'

ဖက်ထဲမှာတော့ မုန့်ဖတ်ထုပ်လို ဖြူဖြူကလေးများ ပေါ်လာသည်။

မဖြူ မနေနိုင်တော့၍ ထုံးစံအတိုင်း စပ်စုမိပါသည်။

"အဲဒါ ဘာနဲ့ထုပ်ထားတာလဲဟင်"

"ဆန်မှုန့်ရယ်၊ ကြက်သွန်ဖြူရယ်၊ ကြက်သွန်မြိတ်ရယ်၊ ဆားရယ်၊ အချိုမှုန့်ရယ် ရောနယ်ပြီး ဖက်နဲ့ထုပ်ပေါင်းထားတာပါ မမ"

ကောင်မလေးက အသံလေးဝဲတဲဝဲတဲနှင့် ရှင်းပြလိုက်သည်။

ပါးစပ်ကလည်းပြော လက်ကလည်း ပန်းကန်ထဲ ထည့်ပြီးသော မုန့်များပေါ်သို့ ငရုတ်သီးမှုန့်အကြမ်းမှုန့်ဖြင့် ဆီသတ်ထားသော ဆီချက်အဖတ်များ ဆီချက်များဆမ်းပြီး မဖြူတို့အရှေ့သို့ ပန်းကန်များ လာချပေးလိုက်သည်။

ဇွန်းလေးနှင့်ကော်ပြီး မဖြူ တစ်ဇွန်းစားကြည့်လိုက်သည်။

အီဆိမ့်သွားသည်။ ရှမ်းဆန်မွှေးမွှေး၊ ဆီချက်မွှေးမွှေး တို့ကြောင့်လား၊ ဒါမှမဟုတ် နယ်ထားတာ အစပ်တည့်သောကြောင့် လားမသိ၊ စားလို့တော်တော်ကောင်းပါသည်။

"အကြော်စုံနဲ့ရောစား မဖြူ"

စိုင်းမောင်မောင် အကြော်ပန်းကန်ထိုးပေးရင်း ပြောလိုက်သည်။ မဖြူ ကြက်သွန်ကြော်တစ်ခုယူပြီး ကိုက်လိုက်သည်။

အကြော်ကလေးက ချိုပြီး ကြွပ်ရွနေတာမို့ မဖြူ ခံတွင်းတွေ့သွားသည်။ နောက်ထပ် ဘူးသီးကြော်တစ်ခု ထပ်ယူစားလိုက်သည်။

"ဘယ်လိုလဲ၊ လျှာလည်သွားပြီလား"

စိုင်းမောင်မောင်အမေးကြောင့် မဖြူ ရှက်သွားရ၏။ မိမိစားသည့်ပုံစံက အငမ်းမရပုံပေါက်နေလေရော့သလားလို့ တွေးနေမိရင်းက ...

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ အရမ်း အရမ်းကို ကောင်းတာပဲ၊ မဖြူ ကြိုက်တယ်"

အရှက်ပြေ မဖြူ ပြောလိုက်သည်။ စားကောင်းကောင်းနှင့် ခဏတွင်းကုန်သွားသည်။



"အံ့ရောအံ့ရော"

မဖြူနှုတ်မှ လွှတ်ခနဲထွက်သွားသည်။ အာမေဍိတ်သံကြောင့် စိုင်းမောင်မောင် အလန့်တကြားလှည့်ကြည့်ရင်း ...

"ဘာလဲ မဖြူ"

"ကြည့်ပါဦး၊ မုန့်ဆိုင်တန်းတွေ မနည်းပါလား၊ ဆိုင်တိုင်းဆိုင်တိုင်းမှာလည်း လူတွေအပြည့်နဲ့ အလကားကျွေးနေတဲ့အတိုင်းပဲနော်"

မြင်မြင်သမျှ မဖြူအဖို့တော့ အသစ်အဆန်းချည်းဖြစ်နေသည်။

"အဲဒါ ရွာနီးချုပ်စပ်ကလူတွေပဲ၊ သူတို့ခမျာ မနက်အစောကြီးကတည်းက ရွာတွေကတက်လာကြရတာ၊ တချို့ဆိုရင် ညကတည်းက ဒီမှာလာအိပ်နေကြရတယ်၊ လိုအပ်တာတွေဝယ်ကြတယ်၊ ပါလာတဲ့ သူတို့ရဲ့ပစ္စည်းတွေရောင်းကြတယ်၊ အဲဒီတော့ သူတို့ခမျာ ဒီမှာပဲ စားကြသောက်ကြနေကြရတာပေါ့၊ ကုန်ဆိုင်တွေကလည်း ဈေးနေ့မှစုံတယ်လေ"

"အယ် ... ဟုတ်လား"

မဖြူနှုတ်မှ လွှတ်ခနဲ ထွက်သွားရပြန်သည်။

ဒီတစ်ခါတော့ စိုင်းမောင်မောင် မဖြူကို ပြန်မမေးနေတော့ဘဲ မဖြူငေးကြည့်သည့်နေရာကို လှမ်းကြည့်လိုက်သည်။

အဘိုးကြီးတစ်ယောက် အဝတ်ထုပ်ထဲက နီနီရဲရဲ ထမင်းတွေကို မြိန်ရည်ရှက်ရည် စားနေ၏။

စိုင်းမောင်မောင် ရယ်မောကာ ရှင်းပြပြန်သည်။

"အဲဒါ သူ့ရဲ့မိန်းမအဘွားကြီးက မသိုးထမင်း မသိုးဟင်း ထုပ်ပေးလိုက်တာလေ၊ အဘိုးကြီး ဈေးမှာ တွေ့ကရာတွေ ဝယ်မစားရအောင်ပေါ့၊ ဘွားဘွားကြီးရဲ့မေတ္တာစေတနာတွေပေါ့ မဖြူရာ"

"ထမင်းတွေက နီရဲနေတာပဲနော်"

"ဒါ ... ရှမ်းဆန်လေ၊ ရှမ်းဆန်က ဒီလိုပဲနီတယ်"

ရှမ်းတိုင်းရင်းသားတို့၏ ဘဝဓလေ့ကို မဖြူမှာ တအံ့တဩဖြစ်နေရသည်။

အချို့မှာ ရှမ်းအမျိုးသမီးကလေးအမေတွေ ကလေး ပေါက်စကလေးတွေကို ကျောမှာ အမြဲပိုးပြီးဈေးဝယ်၊ ထမင်းဟင်း ချက်၊ အဝတ်လျှော်၊ ငါးဖမ်း၊ ဈေးရောင်းနှင့် တစ်နေကုန် အလုပ်များနေကြသည်။

ဈေးကလည်း စည်သလားမမေးနဲ့။

ဗိုလ်ချုပ်ဈေးရှုံးလောက်ပါရဲ့။

✤ ✦ ✤



## အခန်း(၁၁)

ဒီလောက်ထိဖြစ်လိမ့်မယ်လို့ မဖြူ အစက မထင်မိ ပါ။ အေးမိပြီး ကိုယ်လက်နည်းနည်းပါးပါး ကိုက်ခဲရုံလောက်ဖြစ် မည်ဟု ထင်နေမိပါသည်။

အခုတော့ ကိုယ်လက်ကိုက်ခဲရုံမက ကိုယ်တွေပူပြီး ဖျားနေပါတော့သည်။

တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေပြီး နှာစေးချောင်း ဆိုးလည်း နည်းနည်းဆိုးပါသည်။

မျက်လုံးနှင့် လည်ချောင်းတို့ပါ ပူနေပြီး ခုတင်ပေါ် တွင် ဂွမ်းစောင်ခြုံပြီး ကွေးနေသည့်တိုင် အချမ်းမပြေနိုင်ဖြစ်နေ သည်။

ရင်ထဲက ချမ်းစိမ့်တုန်ယင်နေခဲ့သည်။

"မဖြူ နေမကောင်းလို့ဆို"

ဒေါက်တာအောင်စိုး အသံကြားလိုက်ရ၍ မဖြူ လန့်ပြီး ခေါက်ခနဲ ထထိုင်မိသည်။

ရုတ်တရက်ထထိုင်မိ၍ မဖြူ ခေါင်းမှာ မူးနောက်နေ၏။ နေရင်းက ခေါင်းတအားမူးပြီး ကိုယ့်ခန္ဓာကိုယ် မထိန်းနိုင်ဘဲ ယိမ်းယိုင်သွားရသည်။

"ခေါင်းမူးသွားတယ်မဟုတ်လား၊ ဖြည်းဖြည်းပြန်ပြီးလှဲအိပ်ချလိုက်နော်"

ဒေါက်တာအောင်စိုး မဖြူ ခေါင်းမူးနေမှန်း ရိပ်မိသဖြင့် မဖြူရဲ့ကိုယ်လေးကို ဖမ်းပြီး ထိန်းပေးရင်း အိပ်ရာပေါ်အသာအယာ ပြန်ပြီး လှဲချပေးလိုက်သည်။

ဒေါက်တာအောင်စိုး၏ အယုအယတို့ကြောင့် မဖြူပိုပြီး အဖျားတက်လာကာ ချမ်းသလိုလို ကတုန်ကယင်ဖြစ်သွားမိပြီး မျက်လုံးများကို မှေးမှိတ်ထားလိုက်၏။

"ပုလဲပြောလို့ ကျွန်တော်လာကြည့်တာပါ၊ ကိုယ်ပူချိန်တိုင်းမယ်နော်၊ ခေါင်းမူးရင် မျက်လုံးမှိတ်ထားလိုက်ပါ"

ဒေါက်တာအောင်စိုး သာမိုမီတာကို မဖြူလျှာအောက်သို့အသာထည့်ရင်း အပူရှိန်ကို တိုင်းယူနေသည်။ မဖြူမှာ အဖျားတက်ပြီး ကယောင်ချောက်ချားစကားတွေ ပြောနေသည်။ အဖျားတိုင်းနေရင်း လက်ကောက်ဝတ်မှ သွေးတိုးနှုန်းကို စစ်ဆေးနေသည်။

"အဖျားက တစ်ရာ့နှစ်ကျော်ကျော်ရှိတယ်၊ မဖြူ ဝမ်းချုပ်သလား"

ဒေါက်တာအောင်စိုး၏ အမေးကို မျက်လုံးအသာဖွင့်ကြည့်ရင်း မဖြူ ဖြေလိုက်သည်။

"ဝမ်းနည်းနည်းချုပ်တယ် ဆရာ"



"မဖြူပါးစပ်ဟပြပါဦး"

"ဟားလို့ လုပ်ပါဦး"

ဒေါက်တာအောင်စိုးပြောသည့်အတိုင်း မဖြူ လုပ်ပြနေရသည်။

မဖြူ မျက်လုံးတွေကို ဒေါက်တာအောင်စိုး စစ်ဆေးပြန်သည်။

တစ်ဖက်ကနားကြပ်ထားပြီး မဖြူ၏ ရင်မို့မို့လေးရင်ဘတ်ကို စမ်းသပ်စစ်ဆေးနေသည်။ နှလုံးနေရာ၊ အဆုတ်နေရာတို့ကို ဒေါက်တာအောင်စိုး အင်္ကျီပေါ်မှနေ၍ ထောက်တိုင်းလိုက်ပြီးနောက် ...

"ဘာမှ ထွေထွေထူးထူး မဖြစ်ပါဘူး၊ အအေးနည်းနည်းမိသွားတာပါ၊ ဒီနေ့ အဖတ်တော့ မစားပါနဲ့နော်၊ နို့ဖြစ်ဖြစ်၊ ကော်ဖီဖြစ်ဖြစ် ဆာရင်သောက်ပါ၊ ကျွန်တော် ပုလဲကို ဆေးပေးခိုင်းလိုက်မယ်၊ အဲဒီဆေးကို တစ်နေ့သုံးကြိမ်သောက်နော်"

"ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ်၊ မဖြူကြောင့် ဆရာလည်း အလကားနေရင်း အလုပ်ပိုနေ ရပြန်ပြီနော်"

"အို ... မဟုတ်တာဗျာ၊ ဆရာဝန်ဆိုတာ လူနာကိုလိုက်ရှာပြီး ကုပေးရမယ့်တာဝန်ရှိတယ်၊ ညနေကျမှ တစ်ခေါက်လာကြည့်ဦးမယ်"

"အားနာစရာကြီးဖြစ်နေပြီ ဆရာ၊ အားတဲ့အခါမှလာပါ၊ မဖြူ နေသာပါတယ်"

"ကျွန်တော့်ကို မဖြူ အားနာစရာမလိုပါဘူး၊ ဒါက ကျွန်တော့်တာဝန်ဝတ္တရားပါဗျာ၊ ကဲ ... သွားလိုက်ဦးမယ်၊ ပုလဲကို ဆေးပေးလိုက်မယ်၊ ချက်ချင်း ဆေးသောက်လိုက်နော်"

"ဟုတ်ကဲ့ပါဆရာ"

ဒေါက်တာအောင်စိုး အိပ်ခန်းထဲမှ ပြန်ထွက်သွားသည်ကို မဖြူ ကြည့်နေပြီးမှ စောစောက ဒေါက်တာအောင်စိုး လှန်သွားသော စောင်များကို ပြန်ခြုံလိုက်သည်။

တော်ပါသေးရဲ့။ မဖြူ အနွေးထည်ဆွယ်တာ နှစ်ထပ်ဝတ်ပြီး ဗိုဗိုပြားပြား ရင်စေ့ထားလို့ အချမ်းသက်သာတာ။

ဒေါက်တာအောင်စိုး ရုတ်တရက်ကြီး ဝင်လာတော့ မဖြူ လန့်သွားတာအမှန်ပင်။

စောင်ခြုံ၍ကွေးရင်း ဒေါက်တာအောင်စိုးအကြောင်းကို မဖြူ စဉ်းစားမိနေသည်။

ဒေါက်တာအောင်စိုးသည် အလုပ်များသူတစ်ယောက်ဖြစ်သည်။ ကလောမှာနေရသည်သိပ်မရှိပေ။

တောင်ကြီး စပ်စံထွန်းဆေးရုံသွားကုလိုက်၊ ကလောနှင့် အောင်ပန်းဆေးရုံသွားကုလိုက်၊ သမဝါယမဆေးကုခန်းတွေမှာလည်း ထိုင်ပေးရနှင့် အလုပ်တော်တော်များသည်ဟု ပြောသံကြားရ၏။

"ဆရာမ"

အခန်းထဲဝင်လာရင်း ပုလဲ မဖြူကို အသံပြုလိုက်သည်။



"လာ ... လာ၊ ပုလဲ ... သမီး"

မဖြူက ပြုံးပြရင်း ဖိတ်ခေါ်လိုက်သည်။

"ဒယ်ဒီက ဒီဆေးတွေ သောက်ပါတဲ့"

ဆေးထုပ်လေးနှင့် ရေတစ်ခွက်ကို ပုလဲခမျာ သယ်လာရရှာသည်။

မဖြူ အိပ်ရာမှ ထထိုင်၍ ဆေးသောက်လိုက်သည်။

"ဆရာမ ... ကော်ဖီသောက်မလား"

"မသောက်ချင်သေးပါဘူး သမီးရယ်၊ ကျေးဇူးပဲနော် သမီး"

"ဟုတ်ကဲ့ ... သမီး ဆရာမကို ဘာလုပ်ပေးရဦးမလဲဟင်"

"သမီးက ဘာလုပ်ပေးချင်လို့လဲ"

"ဘွားဘွားကြီးဖျားတုန်းကလေ သမီးနှိပ်ပေးရတယ်၊ အဲဒီလို ဒီလို"

ပုလဲလေးက ပြောပြောဆိုဆို မဖြူ၏ ခြေသလုံးသားများကို နှိပ်ပြလိုက်သည်။

မဖြူ ဝမ်းသာပီတိဖြစ်သွားရ၏။ ဒါပေမဲ့ အနှိပ်မခံရက်ပါ။

"အို ... အို ... မလုပ်ပါနဲ့ သမီး၊ မလုပ်ပါနဲ့ ရပါတယ် သမီးရယ်၊ လိမ္မာလိုက်တဲ့ကလေးရယ်"

ပုလဲလက်များကို အတင်းဆွဲဖယ်လိုက်ရင်း မဖြူ ငြင်းလိုက်ရသည်။

"ဆရာမ အိပ်လိုက်ပါဦးမယ် သမီး"

"ဟုတ်ကဲ့"

ပုလဲ ခြေကိုဖော့လျှောက်၍ အခန်းတံခါးကို ညင်ညင်သာသာလေး ပြန်ပိတ်သွားရှာသည်။

အခုတလော ပုလဲ လိမ္မာရေးခြားရှိသလောက် နှင်းဆီကတော့ တော်တော်လွှတ်နေသည်ဟု မဖြူ ထင်သည်။

သူ့ရဲ့ဦးလေးရှိသည့်ညများမှာသာ စာကြည့်စားပွဲမှန်မှန်ထိုင်၍ သူ့ဦးလေး ခရီးထွက်နေသည့်အခါတွင်မူ ကက်ဆက်ဖွင့်လိုက်၊ သီချင်းအော်ဆိုလိုက်သာ လုပ်နေတာများ၏။

မဖြူကိုလည်း သိပ်ပြီးအရောမဝင်၊ မှန်တန်းလောက်ပဲဆက်ဆံတတ်သည်။

မဖြူရောက်ခါစကလောက် နှင်းဆီ ရင်းရင်းနှီးနှီးမရှိ။ ဘာသိဘာသာနေတတ်သည်။

အခုလည်းကြည့်။ မုန့်စားဆင်းချိန်ရောက်နေပြီ ထမင်းစားပြန်မလာသေး။

မဖြူ ဟိုတွေးသည်တွေးနှင့် မေးခနဲ အိပ်ပျော်သွားရတော့သည်။

✤ ✦ ✤



## အခန်း(၁၂)

နှင်းဆီ ရင်တွေ တဒိတ်ဒိတ်ခုန်နေပြီ။

စိုင်းမောင်မောင်တို့ခြံဝမှာ စိုင်းညီညီကိုစောင့်နေတာငါးမိနစ်လောက်ရှိတော့မည်။

သည်နေ့ စိုင်းမောင်မောင်တစ်ယောက် ခြံကိစ္စဖြင့်တစ်နေကုန် အပြင်သွားရန်ရှိတာကို နှင်းဆီ စိုင်းညီညီဆီကသတင်းရ၏။

စိုင်းမောင်မောင်မရှိတုန်း သီချင်းခွေအသစ်ကို မုန့်စားကျောင်းဆင်းချိန်မှာ ခိုးပေးမည်ဖြစ်၍ နှင်းဆီ ခြံဝမှာ စောင့်နေရန် စိုင်းညီညီကပြောသဖြင့် နှင်းဆီ စောင့်နေခြင်းဖြစ်သည်။

ထမင်းစားချိန်မို့ သူ့ရဲ့ဦးလေး ဒေါက်တာအောင်စိုးထမင်းစားပြန်ချိန်နှင့် တိုးနေမှာကိုလည်း နှင်းဆီ စိုးရိမ်သည်။

ဒေါက်တာအောင်စိုးနှင့် တိုးရင်တော့မလွယ်။ ရတောင့်ရခဲအခွင့်အရေးကလေး ဆုံးရှုံးမည်သာမက နှင်းဆီအဆူအပူအကြိမ်းအမောင်းလည်း ခံရဦးမည်။

မမျှော်လင့်ဘဲ စိုင်းမောင်မောင် ပြန်လာလျှင်လည်း အခက်။ အကြံအစည်ပျက်သွားမည်ဖြစ်သည်။

"မမနှင်းဆီ ... ဘာလုပ်နေတာလဲဟင်"

လုံးဝမျှော်လင့်မထားသော အသံကြောင့် နှင်းဆီ ကိုယ်ကလေး ဆတ်ခနဲတုန်သွားပြီး အသံလာရာသို့ လှည့်ကြည့်လိုက်၏။

အိမ်ရှေ့ဆင်ဝင်ဝမှနေ၍ သူ့ကို လှမ်းအော်မေးနေသော ပုလဲကို နှင်းဆီတွေ့လိုက်ရ၏။

မျက်စိလျင်သော ပုလဲကြောင့် နှင်းဆီ အခက်တွေ့သွားသည်။

ပုလဲအသံကို ဒေါ်နန်းသီတာကြားသွားပြီး ထွက်ကြည့်လျှင်အခက်။

ရုတ်တရက် ဘာလုပ်ရမှန်းမသိဖြစ်နေရာမှ နှင်းဆီ နှုတ်ခမ်းဝတွင်ကပ်၍ လက်ညှိုးထောင်ပြပြီး တိတ်တိတ်နေရန် ပုလဲကို ပြလိုက်သည်။

ဒါပေမဲ့ ပုလဲ အဓိပ္ပာယ်မပေါက်။

"မမနှင်းဆီလာလေ၊ ထမင်းစားမယ်"

ပုလဲကြောင့်တော့ ခက်ပြီ။ နှင်းဆီ ခေါင်းကုတ်ရင်း ညည်းညူလိုက်သည်။

တစ်ဖန် စိုင်းမောင်မောင်တို့အိမ်ဘက် နှင်းဆီ လှမ်းမျှော်ကြည့်လိုက်မိပြန်သည်။

နှင်းဆီ မျက်နှာလေး ဝင်းထိန်သွားသည်။ စိုင်းညီညီ အိမ်ထဲကထွက်လာနေတာ တွေ့ရလို့ပါပဲ။



"တော်ပါသေးရဲ့"ဟု နှင်းဆီအတွက် ရေရွတ်ရင်း စိုင်းညီညီကို မြန်မြန်လာရန် လက်ယပ်ပြပြီးခေါ်သည်။

စိုင်းညီညီကလည်း နှင်းဆီအချက်ပြသဖြင့် အပြေးကလေးလှမ်းလာရှာပါသည်။

"မမနှင်းဆီ ဘာလုပ်နေတာလဲဟင်"

ဘယ်အချိန်က အနားရောက်လာမှန်းမသိသော ပုလဲ အသံက အနီးကပ်ထွက်လာသဖြင့် နှင်းဆီ ရုတ်တရက်လန့်ပြီး မခုန်မိစေရန် ထိန်းလိုက်ရ၏။

"အသံမပေးဘာမပေးနဲ့ မိပုလဲရယ်၊ အရေးထဲ ဘာလာရှုပ်ဦးမလို့လဲ"

နှင်းဆီ စိတ်မရှည်သံဖြင့် ပြောလိုက်သည်။

"ဘာမှမရှုပ်ပါဘူး၊ ဆရာမ ဖျားနေတာပြောမလို့"

"သူ့ဘာသာသူ ဖျားဖျားပေါ့"

နှင်းဆီက ခပ်ဆတ်ဆတ်ပြောလိုက်သံကြောင့် ပုလဲ မျက်နှာလေးပျက်သွားသည်။

ထိုစဉ်မှာပင် ...

"တီ ... တီ ... တီ"

ဟွန်းသံတစ်ခုကြားလိုက်ရ၍ နှင်းဆီ လမ်းမဘက် ဆီ မျှော်ကြည့်လိုက်မိသည်။

မော်တော်ဆိုင်ကယ်တစ်စီး။ ဆိုင်ကယ်စီးလာသူက တော့ စိုင်းမောင်မောင်။

"ဟယ် ... ငါ့နယ်နော်၊ သေချင်တော့တာပဲ"

နှင်းဆီ မျက်လုံးတွေတောင် ပြာသွားသလိုလို ခံစားလိုက်ရသည်။

ဒါပေမဲ့ စိုင်းမောင်မောင်ဆိုင်ကယ်က တောင်အောက်ဝေးဝေးမှာရှိနေသေး၍ နှင်းဆီ စိတ်နည်းနည်း ပြေသာသွားရသည်။

ထိုအချိန်တွင် စိုင်းညီညီလည်း နှင်းဆီအနားကို ရောက်လာပြီဖြစ်သည်။

"နှင်ကလည်းဟာ၊ ဘာလို့ ဒီလောက်ကြာနေရတာလဲ၊ ဟိုမှာ နှင့်အစ်ကိုတောင် လာနေပြီ"

လမ်းတစ်ဖက်မေးငေါ့ပြရင်း ပြောလိုက်သော နှင်းဆီစကားကြောင့် စိုင်းညီညီလည်း ပြူးပြူးပျာပျာဖြစ်သွား၏။

"ဟာ ... ဒုက္ခပဲ၊ ဘယ်လိုလုပ်မလဲ"

ရုတ်တရက်မို့ ကြံရာမရဖြစ်ပြီး စိုင်းညီညီ နှင်းဆီထံ အကြံတောင်းလေသည်။

"အို ... နှင်အသာနေ၊ ငါရှင်းမယ်၊ ဤခြေမပျက်စေနဲ့၊ ပေးပေး ကက်ဆက်ခွေ"

နှင်းဆီ စကားဆုံးသည်နှင့် စိုင်းညီညီက သူ့ခါးမှာထိုးလာသည့် ကက်ဆက်ခွေကို လှမ်းပေးလိုက်သည်။

နှင်းဆီကလည်း သွက်သွက်လက်လက်ပင် လှမ်းယူပြီး ပုလဲလက်ထဲထည့်၍ ...

"ပုလဲ မြန်မြန်ယူသွားပြီး မမခုတင်ပေါ်တင်ထားလိုက်နော်၊ သွား ... သွား၊ ညီမလေးက လိမ္မာပါတယ်"



ပုလဲကလည်း လျင်သည်။

ဇာတ်မတိုက်ထားပါဘဲ သူ့လက်ထဲခွေရောက်သည်နှင့် ခြံထဲသို့ပြေးသွားတော့၏။

"ဟေး ... ဘာလုပ်နေကြတာလဲ"

ပုလဲထွက်ပြေးသွားတာနှင့် စိုင်းမောင်မောင် ခြံရှေ့လာချိန်မှာ အံကိုက်ပင်။

ခြံရှေ့ရောက်သည်နှင့် ဆိုင်ကယ်အရှိန်သတ်ရင်း စိုင်းမောင်မောင်က နှင်းဆီတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်း မေးလိုက်သည်။

နှင်းဆီ ကိုယ့်အပြစ်နှင့်ကိုယ်မို့ တံတွေးတစ်ချက်သာမျိုချရင်း ပြုံးပြီးဖြေလိုက်သည်။

"ဘာမှမဟုတ်ပါဘူး အစ်ကို၊ နှင်းဆီ နေ့ဘက်ကျောင်းပြန်မတက်ဖြစ်လို့ ညီညီကိုမှင့်တိုင်ခိုင်းနေတာပါ"

နှင်းဆီစကားကြောင့် စိုင်းညီညီပင် နားမလည်နိုင်ဘဲ မျက်စိကလေး ကလယ်ကလယ်ဖြစ်သွားသည်။

"ဘာဖြစ်လို့ နှင်းဆီကျောင်းပြန်မတက်နိုင်ရတာလဲ၊ ဘာများအရေးတကြီးလုပ်စရာရှိလို့လဲ"

စိုင်းမောင်မောင်က ထူးထူးဆန်းဆန်း နှင်းဆီအပေါ် အသေးစိတ် မေးခွန်းထုတ်နေမိသည်။

စိုင်းမောင်မောင်အမေးကြောင့် နှင်းဆီ ဘာဖြေရမှန်းသိဘဲ ...

"ဟို ... ဟို ... ဟိုလေ"

စကားတွေထစ်နေ၍ စိုင်းညီညီပင် မျက်လုံးပြူးနေမိ၏။ နှင်းဆီတော့ ဒုက္ခတွေ့နေပြီ။ ဘယ်တော့ ငါ့အလှည့်ရောက်လာမှာပါလိမ့်တွေးပြီး ပူနေမိသည်။

"ပြောပါဦး နှင်းဆီ"

"ဟို ... ဟို ... မဖြူလေ၊ မဖြူပေါ့၊ တော်တော်ကိုဖျားနေတယ်လေ"

ရုတ်တရက် ခေါင်းမှာ ပုလဲကို စဉ်းစားမိရင်း တစ်ဆက်တည်း စောစောက ပုလဲစကားကို သတိရသဖြင့် နှင်းဆီ ပြောမိပြောရာ ပြောချလိုက်တော့သည်။

နှင်းဆီရဲ့စကားကို စိတ်ဝင်စားပြီး စိတ်ပူပင်သွားရသူက စိုင်းမောင်မောင်။

"မဖြူ ဖျားနေတယ် ... ဟုတ်လား"

နှင်းဆီက ခေါင်းညိတ်ပြလိုက်သည်။

"ဟာ ... ဒုက္ခပါပဲ၊ ဒီလိုဆိုသွားကြည့်ဦးမှပဲ၊ အစ်ကိုလာခဲ့မယ်လို့ မဖြူကို ပြောလိုက်နော် နှင်းဆီ"

"ဟုတ်ကဲ့ အစ်ကို"

နှင်းဆီ ကျိုးကျိုးနွံနွံပုံစံဖြင့် နှုတ်ကပြောလိုက်သော်လည်း စိတ်ထဲကမူ 'ဟွန်း'အဖြစ်သည်းလိုက်တာ၊ အမြင်ကတ်စရာကောင်း ကောင်းလိုက်တာ၊ ငါ့နယ်နော် ဒီအကြောင်းမှယောင်ပြီးပြောထွက်ရတယ်လို့၊ သူတို့နှစ်ယောက်တွေ့ရင် အကြည်ဆိုက်ကြမှာကို မတွေ့ချင်မမြင်ချင်ဘူးလို့ တွေးရင်း ငိုချင်သွားမိသည်။

"ကဲ ... အစ်ကိုသွားတော့မယ်၊ ညီညီ ဆိုင်ကယ်ပေါ်တက်၊ မင်း"ကျောင်းသွားရဦးမှာမဟုတ်လား"



စိုင်းမောင်မောင် နှင်းဆီကိုနှုတ်ဆက်ပြီး ညီဖြစ်သူကိုပါ တစ်ဆက်တည်း အမိန့်ပေးလိုက်သည်။

ညီညီမျာလည်း ကြောင်တောင်တောင်နှင့် ငိုအားထက်ရယ်အားသန်ဆိုတာလို တခစ်ခစ်ရယ်မိပါတော့သည်။

✤ ✦ ✤

## အခန်း(၁၃)

"သက်သာသွားပြီလား မဖြူ"

မှိန်းပြီးအိပ်နေရာမှ မဖြူ မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

ဒေါက်တာအောင်မိုး။ ညနေဘက် တစ်ခေါက်လာပြီး ကြည့်ခြင်းဖြစ်သည်။

မဖြူ ကမန်းကတန်း လှဲနေရာမှာ ထထိုင်ရန်ပြင်လိုက်သဖြင့် ...

"နေပါ ... နေပါ မဖြူ၊ လှဲနေပါ ... လှဲနေပါ"

ဒေါက်တာအောင်စိုး တားလိုက်သည့်အတွက် မဖြူ ပြန်လှဲအိပ်နေလိုက်ပြီး ...

"နည်းနည်းတော့ သက်သာသွားပါတယ် ဆရာ၊ ချွေးလည်း နည်းနည်းထွက်သွားတယ်"

ဒေါက်တာအောင်စိုး မဖြူကို အဖျားတိုင်းရန် သာမိုမီတာခါရင်း ...

"ဘာသောက်ထားသလဲ မဖြူ"



ပြုံးချိုချို မျက်နှာထားဖြင့် မေးနေသော ဒေါက်တာအောင်စိုးကို ကြည့်ရင်း မဖြူရင်ထဲမှာ ခင်မင်တွယ်တာသွားမိသည်။

"အိုဗာတင်းသောက်ထားတယ် ဆရာ"

"ကောင်းတယ် ... ကောင်းတယ်၊ အစာအိမ်ထဲမှာ အရည်ကလေးတော့ဝင်ထားမှ"

ဒေါက်တာအောင်စိုးရဲ့ လှုပ်ရှားပြောဆိုပုံကို ငေးပြီးကြည့်နေမိသလို ဒေါက်တာအောင်စိုးကလည်း မဖြူ ပါးစပ်ထဲက သာမိုမီတာထည့်ပြီး ဘာစကားမှမပြောဘဲ မဖြူကိုသာ တစိမ့်စိမ့်စိုက်ကြည့်နေမိ၏။

အတွေးနယ်ကျော်ပြီး ဒေါက်တာအောင်စိုးကို ငေးနေမိသော မဖြူ ဒေါက်တာအောင်စိုး၏ အကြည့်ကို သတိပြုမိသည့်အခါတွင်မူ မျက်လုံးဒဏ်များကို မခံနိုင်ဘဲ မျက်လွှာကလေးချထားလိုက်သည်။

သာမိုမီတာတိုင်းချိန် တစ်မိနစ်လုံးလုံး ဒေါက်တာအောင်စိုး၏ အကြည့်ဒဏ်ကို မဖြူ ခံစားနေရရှာသည်။

ခဏအကြာတွင် သာမိုမီတာကို မဖြူ ပါးစပ်ထဲမှဆွဲရင်း ဒေါက်တာအောင်စိုး ပြောလိုက်သည်။

"အဖျားတော့ နည်းနည်းကျသွားပြီ၊ ဒါပေမဲ့ ကင်းကင်းရှင်းရှင်းဖြစ်အောင် ဆေးထိုးမှဖြစ်မယ်"

"ရှင်"

မဖြူ လန့်သွား၏။

ဆေးထိုးရမှာကို မဖြူ အသေကြောက်သည်။ ဒါကြောင့် တော်ရုံတန်ရုံဖျားရင် မဖြူ ဆေးခန်းဘယ်တော့မှ သွားပြလေ့မရှိ။

ဘာမီတုန်တို့ ပါရစီတမော စသည့်ဆေးများကို သောက်လိုက်ရုံနှင့် ပြီးလေ့ရှိသည်။

"မဖြူ ပယ်နယ်ဆလင်နဲ့ တည့်ပါတယ်နော်၊ အေးလေ၊ စမ်းလိုက်တာကောင်းပါတယ်"

မဖြူ မျက်လုံးပြူးရသည်။

ဒေါက်တာအောင်စိုးတစ်ယောက် ဆေးထိုးရန်ပြင်ဆင်နေသည်။

"ဆရာ ... မဖြူ ဆေးထိုးရမှာကြောက်တယ်"

အရဲစွန့်ပြီး မဖြူ ပြောလိုက်သည်။ ရှက်လည်းရှက်မိပါတယ်။

မဖြူစကားကြောင့် ဒေါက်တာအောင်စိုး ပြုံးရွှီရွှီ မျက်နှာထားပြင့် လှည့်ကြည့်လိုက်သည်။

နွဲ့ဆိုးဆိုးသည့် ညီမလေးတစ်ယောက်ကို ကရုဏာသက်နေသည့် အစ်ကိုကြီးတစ်ယောက်၏ အကြည့်ပုံစံမျိုး။

"မဖြူကလည်း ကလေးလေးကျနေတာပဲကွယ်၊ ဆေးကို မနာအောင်ထိုးပေးပါ့မယ်၊ ကြောက်စရာမရှိပါဘူး"

ဘယ်လိုချော့ချော့၊ ဘယ်လိုရှင်းပြရှင်းပြ မဖြူကတော့ ဆေးထိုးရမှာ ကြောက်နေတယ်။

ဒါပေမဲ့ ဒေါက်တာအောင်စိုးက လက်မြန်သည်။



ပြောရင်းဆိုရင်းက မဖြူ၏ လက်ဖျံပေါ် ဆေးထိုးလိုက်သည်။ ဆတ်ခနဲဖြစ်သွား၍ မဖြူမျက်နှာ ရှုံ့မဲ့သွားရသည်။

"ကဲ ... နာလို့လား"

"သိပ်တော့မနာပါဘူး ဆရာ"

မဖြူ ရှက်သလိုပြန်ဖြေလိုက်သည်။

"ဆေးစမ်းထားတာ ခဏလောက်စောင့်ရဦးမယ်နော်၊ ယားရင်း၊ ခေါင်းမူးရင် ပြောနော်"

"ဟုတ်ကဲ့ ဆရာ"

ဆေးထိုးထားသည့် နေရာလေးကိုကြည့်ပြီး မဖြူ ဖြေလိုက်သည်။

"မဖြူ"

"ရှင်"

ဒေါက်တာအောင်စိုး ခေါ်တာကို ပြန်ထူးရင်း မဖြူ မော့ကြည့်နေမိ၏။

"မဖြူကို ကျွန်တော် သိပ်ပြီးကျေးဇူးတင်ပါတယ်"

မဖြူ အံ့အားသင့်သွားရသည်။ ဘာအတွက်ကြောင့် ဒေါက်တာအောင်စိုက သူ့ကို ကျေးဇူးတင်ရတာပါလိမ့်ဟု တွေးရင်း မဖြူ ငြိမ်နေမိသည်။

"အခု မဖြူမြင်တဲ့အတိုင်းပဲ၊ ကျွန်တော်ကလည်း အလုပ်များတယ်လေ၊ နောက်ဆို ဒါထက်တောင်များရဦးမယ်၊ အထူးကုအဖွဲ့တွေ စစ်ကြောင်းနဲ့လိုက်ပြီး ကျေးရွာအနှံ့ ဆေးထိုးကုပေးစရာရှိသေးတယ်၊ ဒီတော့ အိမ်ကပ်ရမှာတောင် မဟုတ်ဘူး"

စကားကို ခေတ္တဖြတ်ပြီး ဒေါက်တာအောင်စိုး လက်မှဝတ်ထားသော လက်ပတ်နာရီကိုကြည့်လိုက်သည်။

"ပုလဲကတော့ တစ်နေ့တခြား အသိလိမ္မာတိုးတက်လာတာတွေ့မြင်ရတော့ ကျွန်တော် တော်တော်ကြည်နူးမိတယ်၊ ပီတိဖြစ်ရတယ်ပေါ့၊ မဖြူသိတဲ့အတိုင်းပဲ၊ မေမေကလည်း အသက်ကြီးပြီ၊ ကလေးကို ဒီလောက် အနီးကပ် အပင်ပန်းခံပြီး ဂရုမစိုက်နိုင်တော့ဘူးလေ၊ ပြီးတော့ နှင်းဆီရဲ့ပုံစံကိုလည်း ကျွန်တော် မကြိုက်ဘူး၊ သူ့ကိုယ်သူ ရုပ်ရှင်မင်းသားနဲ့တူတယ်ဆိုပြီး မဟုတ်တာတွေထင်ပြီး ရူးနေတာ၊ ရှိုးကလည်း အရမ်းထုတ်လို့ သူများတွေက ကဲ့ရဲ့နေပြီ၊ အဆိုကျော်ရူးသေးတယ်၊ အမျိုးမျိုးပါပဲ၊ ပြောရမှာတောင် ရှက်တယ်၊ ကိုယ့်သားသမီးမဟုတ်တော့လည်း ဘာမှဝင်ပြီး မပြောချင်ဘူး"

ထိုအချိန်မှာပင် ပုလဲ အခန်းထဲသို့ဝင်လာသဖြင့် ဒေါက်တာအောင်စိုး စကားဖြတ်လိုက်ပါသည်။

"လာ သမီး၊ လာ ... လာ"

ပုလဲ ဒေါက်တာအောင်စိုး၏လက်မောင်းကို လှမ်းဖက်ပြီး သူ့ခုတင်ပေါ် သူသွားတက်ထိုင်လိုက်သည်။

"နှင်းဆီနဲ့ဆို ကျွန်တော့်သမီး အတုယူမှာ စိုးရိမ်နေမိတယ်၊ နှင်းဆီက သူ့ကိုယ်သူ ချောတယ်၊ လှတယ်၊ ရုပ်ရှင်မင်းသမီးနဲ့တူတယ်ဆိုပြီး အထင်ကြီးပြီး ရူးနေတဲ့သူမို့ ကျွန်တော့်သမီးလည်း သူ့လိုဖြစ်သွားမှာစိုးရိမ်မိတယ်၊ မဖြူက ခုလို



အသေးစိတ် ကျွန်တော်လိုချင်တဲ့ ပုံစံဝင်အောင် ရက်တိုတိုလေးနဲ့ ပုလဲကို ပုံသွင်းနိုင်တဲ့အတွက် ကျေးဇူးတင်တယ်လို့ ကျွန်တော် ပြောချင်တာပါပဲ"

"ကိစ္စမရှိပါဘူး ဆရာရယ်၊ အခု မဖြူဖျားနေတာနဲ့ ပုလဲကိုတောင် မကြည့်နိုင်တာ သုံးရက်ရှိသွားပြီ၊ ဒီအတွက် မဖြူကို ခွင့်လွှတ်ပါဆရာ"

မဖြူ သဘောထားဖြူစင်စွာနှင့် တောင်းပန်လိုက်၏။

"အို ... ရပါတယ်ဗျာ၊ ရပါတယ်၊ ဒါနဲ့ မဖြူ ဆေးထိုးလိုက်ကြရအောင်"

"ရှင်"

မဖြူ ကြောက်စိတ်ဝင်လာပြန်ပါပြီ။

"အခုနေ ဆေးစမ်းထိုးထားတဲ့နေရာက ယားသလား"

မဖြူ ခေါင်းခါပြလိုက်သည်။

"မူးကောမူးသလား"

"ဟင့်အင်း ... မမူးဘူး ဆရာ"

မဖြူလက်ကလေးကို အသာအယာ ကောက်ကိုင်ပြီး ဒေါက်တာအောင်စိုး သေသေချာချာကြည့်လိုက်ပြီး ...

"အိုကေ ... ဆေးထိုးလိုက်ရအောင်၊ ဟိုဘက် ခဏလေး စောင်းလိုက်နော်၊ ကြောက်ပြီး စိတ်ကို အရမ်းတင်းမထားနဲ့ဦး၊ ကြွက်သားတွေတင်းပြီး ပိုနာတတ်တယ်"

မဖြူ တစ်ဖက်စောင်းလိုက်ပြီး မျက်စိစုံမှိတ်ထားလိုက်ပါသည်။ ဘာမှ မကြာလိုက်။

"ပြီးသွားပြီ၊ နာသေးလား"

ဒေါက်တာအောင်စိုး အသံကြားမှာ ဆေးထိုး၍ ပြီးသွားမှန်း မဖြူသိတော့သဖြင့် ရယ်ကျဲကျဲကလေးဖြင့် ပြန်ပြောလိုက်သည်။

"သိတောင်မသိလိုက်ပါဘူး ဆရာရယ်၊ ဆရာက ဆေးထိုးသိပ်တော်တာပဲ"

"ကဲ … သမီး၊ ဆရာမ ဆေးထိုးထားတဲ့နေရာကို နာနာလေးပွတ်ပေးလိုက်ပါဦးကွယ်"

သူ့ပစ္စည်းတွေကို ပြန်သိမ်းရင်း ဒေါက်တာအောင်စိုးက ပုလဲကို ပြောလိုက်၏။

ဖခင်အမိန့်အတိုင်း ပုလဲက မဖြူ ခုတင်ဘက်ကူးလာ၍ ဆေးထိုးထားသည့်နေရာကို သူ့လက်ဖဝါးလေးနှင့် ပွတ်ပေးနေရှာသည်။

"ရပါတယ် သမီး၊ ရပါတယ်၊ လိမ္မာလိုက်တာ ပုလဲလေးရယ်"

မဖြူ ကိုယ်ကိုပြန်လှည့်ရင်း ပုလဲလက်ကလေးကို ဆုပ်ကိုင်၍ ပြောလိုက်သည်။

"ကဲ … ကျွန်တော်သွားဦးမယ်၊ နေကောင်းသွားမှာပါ၊ အခုတော့ ဘီစကစ်ကလေးဘာလေး စား၊ ကော်ဖီလေးသောက်ပေါ့၊ ဟုတ်လား၊ ကျွန်တော်လည်း အချိန်ရတုန်း ဂေါက်ကွင်းပြေးလိုက်ဦးမယ်"

ဒေါက်တာအောင်စိုး နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်သွားသည်။



"နာသွားလား ဆရာမ"

ပုလဲ မေးလိုက်ခြင်းပင်။

"နည်းနည်းတော့ နာတာပေါ့ သမီးရယ်"

"ဒယ်ဒီက ဆရာမကို အပ်သေးသေးလေးနဲ့ ထိုးပေးတာပါ ဆရာမရဲ့၊ သိပ်မနာပါဘူး"

"ပုလဲကလည်း အဖေတူသမီးရယ်လို့ မပြောရဘူး၊ တယ်စကားပြောကောင်းပါလား"

မဖြူက ရယ်ရယ်မောမောနှင့်ပြောရင်း ပုလဲကိုယ်ကလေးကို ဖက်မွှေ့လိုက်မိတော့သည်။

✤ ✦ ✤

# အခန်း(၁၄)

စိုင်းမောင်မောင် ချီတုံချတုံဖြစ်နေ၏။

မဖြူဆီ သတင်းသွားမေးရကောင်းနိုး မကောင်းနိုး စဉ်းစားနေမိသည်။

စဉ်းစားရင်းမှ ဒေါက်တာအောင်စိုးတို့အိမ်ဘက်ဆီ လှမ်းမျှော်ကြည့်ရတာလည်း အကြိမ်ကြိမ်ပင်။

ဒေါက်တာအောင်စိုး၏ အက်စ်အီးအဖြူရောင်ကား ကလေးကို ဆင်ဝင်အောက်တွင်ရပ်ထားတာ တွေ့ရသဖြင့် ဒေါက်တာအောင်စိုး ရှိနေသည့်သဘောပင်ဖြစ်သည်။

ဒေါက်တာအောင်စိုးကို စိုင်းမောင်မောင် မျက်နှာချင်း သိပ်မဆိုင်ချင်။ ခါတိုင်း သည်အချိန်ဆို ဒေါက်တာအောင်စိုး ဂေါက်ကွင်းသွားနေကျဖြစ်သည်။

သည်နေ့တော့ ဘာဖြစ်လို့မသွားတာပါလိမ့်။

မဖြူကိုများ ဆေးကုပေးနေရလို့လား။

မဖြူကို ဆေးကုပေးရသည်ဆိုရင်တော့ ဒေါက်တာအောင်စိုးနှင့်မဖြူ နီးနီးကပ်ကပ်နေကြရမှာပဲပေါ့။



သည်တော့ ဘာဖြစ်လဲ။

ငါနဲ့ ဘာများဆိုင်လို့လဲ။

ငါ ဘာတွေဖြစ်နေလဲ။

ငါနဲ့ အနေသာကြီးပဲ။

အိပ်ခန်းထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စိုင်းမောင်မောင်တစ်ယောက် အတွေးများလှိုင်းထနေရ၏။

မဖြူရှိရာ ဒေါက်တာအောင်စိုးတို့အိမ်ကို စိုင်းမောင်မောင် လှမ်းမျှော်ငေးကြည့်နေမိပြန်သည်။

သူ၏စိတ်တွေ လုံးဝတည်ငြိမ်ခြင်းမရှိ။

မဖြူကို တွေ့ချင်စိတ် တွေ့ချင်ဇောတွေ ပူးကပ်နေပြီ။

ဒါဆို သူ မဖြူကို ချစ်နေမိပြီလား။

ဒါကြောင့် ဒေါက်တာအောင်စိုးနဲ့မဖြူတို့ တစ်အိမ်တည်းအတူနေပြီး ရင်းနှီးသွားမှာ စိုးရိမ်နေမိခြင်းပင်ဖြစ်သည်။

ဒေါက်တာအောင်စိုးက ကလေးတစ်ယောက်အဖေဆိုပေမယ့် အရွယ်ကောင်းတုန်း၊ ကျန်းမာတုန်း၊ ရုပ်သန့်တုန်းရှိသေးသည်။

ပြီးတော့ ပညာတတ်၊ ရုပ်ချော၊ သဘောကောင်း၊ ပိုက်ဆံကလည်း ချမ်းသာသူတစ်ဦး။

ဒေါက်တာအောင်စိုးကိုပင် သူ မနာလိုချင်သလိုလို ဖြစ်လာမိသည်။

ဟော ... ဒေါက်တာအောင်စိုး အိမ်ထဲက ထွက်လာပါလား။

အက်(စ်)အီးကားပေါ်တက် စက်နှိုးပြီး မောင်းထွက်သွားသည်ကို စိုင်းမောင်မောင် စူးစိုက်ကြည့်နေမိသည်။

ကေ့နှ ဒေါက်တာအောင်စိုး ဂေါ့ဖ်ရိုက်သွားတာဖြစ်မည်။ ဂေါ့ဖ်တံတွေပါသွားတယ်လေ။

စိုင်းမောင်မောင် ကပျာကယာ အင်္ကျီကောက်လဲလိုက်ပြီး ဒေါက်တာအောင်စိုးတို့ခြံဘက် ခပ်သုတ်သုတ်ကူးလာ၏။

"ဟာ ... အစ်ကိုလာလည်တယ်"

စိုင်းမောင်မောင်ကိုတွေ့လိုက်ရ၍ နှင်းဆီပျော်မြူးစွာနှုတ်ဆက်လိုက်သည်။

"အေးကွယ့်၊ မဖြူရော"

စိုင်းမောင်မောင်ကတော့ နှင်းဆီကို ကလေးလိုပဲသဘောထားသည်။

သူ အမှန်လာတာလည်း မဖြူဆီဆိုတော့ မဖြူကိုပဲဦးတည်မေးလိုက်သည်။

"ရှိပါတယ် အစ်ကို၊ မဖြူ အခန်းထဲမှာပါ"

နှင်းဆီ အောင့်သက်သက်ပြန်ဖြေရင်း စိုင်းမောင်မောင်ကို မဖြူရှိရာသို့ ခေါ်သွားလိုက်သည်။

"အို ... အစ်ကို"

မဖြူ သိပ်ပြီးအံ့အားသင့်သွားရသည်။

မမျှော်လင့်ဘဲ စိုင်းမောင်မောင် ရောက်လာလို့ပါပဲ။

နှင်းဆီက ကုလားထိုင်တစ်လုံးသယ်လာပြီး စိုင်းမောင်မောင်ကို ထိုင်စေလိုက်သည်။

ကုလားထိုင်မှာထိုင်လိုက်ပြီး စိုင်းမောင်မောင်က ...



စိုင်းမောင်မောင်၏ ကရုဏာသံချိုချိုလေးက မဖြူရင်ကို အေးမြသွားစေသည်ဟု မဖြူ ထင်သည်။

မဖြူ လဲလျောင်းနေရာမှ အသာထထိုင်ရင်း ...

"နည်းနည်းတော့ သက်သာသွားပါပြီ၊ ဆရာ အခုလေးတင်ပဲ ဆေးတစ်လုံးထိုးပေးသွားသေးတယ်"

ဒေါက်တာအောင်စိုး ဆေးထိုးပေးသွားသည်ဆို၍ စိုင်းမောင်မောင်ရင်ထဲ အောင့်သွားသလို ခံစားလိုက်ရသည်။ မျက်နှာကိုမပျက်အောင် မနည်းကြိုးစားပြီး ထိန်းထားလိုက်ရ၏။

ဒါကို မဖြူ မရိပ်မိပေ။

နှင်းဆီက မဖြူခုတင်စွန်းမှာဝင်ထိုင်ရင်း သူပါရော၍ စိုင်းမောင်မောင်ကို စကားလက်ဆုံကျပြီး ညှိခံနေသည်။

နှင်းဆီရှိနေ၍ စိုင်းမောင်မောင်မှာ မလွတ်လပ်ပါ။ အနေကျပ်သလိုရှိနေ၏။

"အစ်ကို ဘယ်လိုလုပ်သိတာလဲ"

မဖြူက မေးလိုက်ခြင်းပါ။ နှင်းဆီဘက်ကို လှည့်ကြည့်ရင်း မဖြူ အမေးကို စိုင်းမောင်မောင် ဖြေလိုက်သည်။

"သူပြောလို့သိတာလေ၊ ကျွန်တော်လည်း သိပ်စိတ်ပူသွားမိတာပဲ၊ ချက်ချင်းပြေးလာမလို့ပါပဲ၊ ဒါပေမဲ့ အလုပ်တွေက လက်စမသပ်ရသေးလို့ အခုမှလာနိုင်တော့တာပဲ"

စိုင်းမောင်မောင်စကားကြောင့် မဖြူရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိပါ။

နှင်းဆီရင်ထဲမှာတော့ 'ကဲ ကဲလွန်းတယ်'ဟု တွေးနေရင်း မဲ့ရွဲ့ပြီး မျက်စောင်းမထိုးမိစေရန် မနည်းထိန်းထားရသည်။

"အအေးမိပြီးဖျားတာပါ၊ ဘာမှ သိပ်ဖြစ်တာမဟုတ်ပါဘူး လို့ ဆရာကပြောတာပဲ"

မဖြူ အေးအေးဆေးဆေးပင် ပြောဆိုလိုက်သည်။ ရင်ထဲမှာတော့ မအေးပါ။

စိုင်းမောင်မောင်ကို တစ်ခုခုဖြင့် ကျွေးမွေးညှို့ခံချင်သည်။ ကိုယ်တိုင်လည်း ထမလုပ်နိုင်။ နှင်းဆီကိုလည်း မခိုင်းချင်။

အို ... မိအေးရှိသားပဲ၊ ငါ့နှယ် မေ့တတ်လိုက်တာ ဟု စိတ်ထဲတွေးပြီး ...

"မအေးရေ"

မဖြူ လှမ်းအော်ခေါ်လိုက်သည်။

"ဘာမှမလုပ်ပါနဲ့ မဖြူ၊ ဒုက္ခမရှာပါနဲ့၊ ကျွန်တော် ဒီအချိန် ဘာမှမစားမသောက်ဘူး"

မဖြူရဲ့အဖြစ်ကို စိုင်းမောင်မောင် ရိပ်စားမိပြီး ငြင်းဆန်လိုက်သည်။

နှင်းဆီကတော့ အလိုက်ကိုမသိပါ။ အလိုက်မသိတာထက် စိုင်းမောင်မောင်နားက မခွာချင်တာက ပိုများနေပေသည်။

စိုင်းမောင်မောင် သူ့ကို အရေးမလုပ်ပေမယ့်လည်း နှင်းဆီကတော့ ပေထိုင်နေပြီး စိုင်းမောင်မောင်မျက်နှာကိုသာ သေသေချာချာ တစိမ့်စိမ့်ကြည့်နေရရင် ကျေနပ်သူပါ။

နှင်းဆီအဖြစ်ကို စိုင်းမောင်မောင်သိပေမယ့် မသိချင်ယောင်ဆောင်ပြီး မဖြူကိုသာ ဦးတည်ထားပြီး ပြောနေလိုက်သည်။



နှင်းဆီကိုလည်း လုံးဝမကျေနပ်။ သူရှိနေလို့ မဖြူကို ပြောချင်သည့် သူ့ရင်ထဲက အကြင်နာစကားတွေကို လွတ်လွတ်လပ်လပ် မပြောဖြစ်နေရသည်ကိုး။

"မဖြူ ဘာစားချင်သလဲ၊ ကျွန်တော် မဖြူ ဘာစားလို့ရသလဲဆိုတာမသိလို့ ဘာမှ မယူလာရဘူး၊ စားချင်တာကို ကျွန်တော် ယူလာပေးပါ့မယ်"

"နေပါစေ အစ်ကိုရယ်၊ ဒုက္ခမရှာပါနဲ့၊ ဆရာက ဘီစကစ် လောက်ပဲစားဖို့ ပြောထားပါတယ်"

မဖြူစကားပြောတိုင်းပြောတိုင်း သည် 'ဆရာ ... ဆရာ' ဆိုသည့် ဝေါဟာရပါနေ၍ စိုင်းမောင်မောင် ဘဝင်မကျ။

ဒေါက်တာအောင်စိုး လက်ဦးသွားပြီလားလို့ မဆီမဆိုင်အတွေးများ စိုင်းမောင်မောင် ခေါင်းထဲဝင်လာပြီး ခေါင်းခဲစေပါ၏။

"ကောင်းပါတယ်၊ ဘီစကစ်ပဲစားပေါ့၊ အစာကြေလွယ်တာပဲ၊ ကျွန်တော် လာပို့ပေးပါ့မယ်"

နှင်းဆီ စိတ်တွေ မထိန်းနိုင်တော့ပါ။ သူမရဲ့ပခုံးလေးကို တွန့်လိုက်မိသည်။ ဒါကို စိုင်းမောင်မောင်ကလည်း မြင်ဖြစ်အောင်မြင်လိုက်သည်။

သဇင်ဖြူကတော့ မတွေ့မြင်လိုက်ပါ။

"ကိစ္စမရှိပါဘူး အစ်ကို၊ မဖြူမှာ ပြည့်စုံပါတယ်"

စိုင်းမောင်မောင် ထိုင်ရာမှထလိုက်ပြီး ...

"ကဲ ... ပြန်မယ် မဖြူ၊ ကျွန်တော် နောက်မှလာခဲ့ပါဦးမယ်"

"ကျေးဇူးတင်ပါတယ် အစ်ကို"

စိုင်းမောင်မောင်ကို ခြံဝအထိ နှင်းဆီက လိုက်ပို့ပေးသည်။

နှင်းဆီ သူတို့နားကမခွာဘဲ တစ်ချိန်လုံးရှိနေ၍ မပြုနိုင် လွတ်လွတ်လပ်လပ်ပြောချင်သည့်စကား မပြောခဲ့ရလို့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသောကြောင့် စိုင်းမောင်မောင် နှင်းဆီအပေါ် အတော်ကို မကျေမနပ်ဖြစ်နေခဲ့သည်။

ဒါကြောင့် ခြံဝရောက်တွင် နှင်းဆီကို စိုင်းမောင်မောင် စေ့စေ့ကြည့်ပြီး ...

"ဒီမှာ နှင်းဆီ"

"ရှင် အစ်ကို၊ ဘာပြောမလို့လဲ"

"မင်းနဲ့ ညီညီ ဘာလုပ်ကြသလဲဆိုတာ ငါအကုန်သိတယ်၊ ဘယ်မလဲ ငါ့တိတ်ခွေ"

စိုင်းမောင်မောင်ထံမှ မမျှော်လင့်သောစကားကို ကြား၏၍ နှင်းဆီ တုန်လှုပ်သွားပြီး ဘာပြန်ဖြေရမှန်းမသိဘဲ ကြောင်အန်းအန်းရပ်နေမိသည်။

တိတ်ခွေအသစ်များမရှိသောကြောင့် နေ့လယ် စိုင်းမောင်မောင် အိမ်ရောက်ရောက်ချင်း သိပြီးဖြစ်သည်။

စိုင်းညီညီနှင့် နှင်းဆီကို မသင်္ကာ၍ အိမ်ရောက်ရောက်ချင်း စစ်ဆေးကြည့်ရာ တိတ်ခွေအသစ် ပျောက်နေ၏။

စိုင်းညီညီကို မေးကြည့်တော့ ပထမငြင်းသေးသည်။

ရိုက်မယ်ပုတ်မယ်လုပ်မှ နှင်းဆီကို ခုနကလေးတင် ငှားလိုက်ကြောင်းသိရသည်။



အဲသည်ကတည်းက စိုင်းမောင်မောင် နှင်းဆီကို ဆားမှတ်ထားတာဖြစ်သည်။

ဟော ... ခုတော့ မြွေပွေရာကင်းမှောင့်ဆိုတာလို နှင်းဆီခမျာ ပြစ်ချက်နှစ်ချက်စုပေါင်းပြီး မလူးသာမလိမ့်သာခံစားနေရှာ၏။

စိုင်းမောင်မောင်မျက်နှာကြီးက တည်ပြီး တင်းနေသည်။ ဒါတောင် နှင်းဆီက ညာလိုက်သေးသည်။

"နှင်းဆီ မသိဘူး အစ်ကို"

"ဘာမှညာမနေပါနဲ့ နှင်းဆီ၊ စိုင်းညီညီ တို့ကို အကုန်ပြောပြီးပြီ မင်း အခုသွားယူပေး၊ မင်းမပေးရင်တော့ မင်းရဲ့ ဦးလေး ဒေါက်တာအောင်စိုးကို တိုင်ရမှာပဲ"

နှင်းဆီ မငြင်းသာတော့ပေ။

ရှက်လည်းသိပ်ရှက်သွားသည်။ အိမ်ထဲပြန်သွားယူပြီး စိုင်းမောင်မောင်ကို ပေးလိုက်၏။

"နောက် ဒီလို ဘယ်တော့မှမလုပ်နဲ့၊ ဒါဟာ မှန်ကန်တဲ့ လုပ်ရပ်မဟုတ်ဘူး၊ ဒီတစ်ခါတော့ ငါ ခွင့်လွှတ်လိုက်မယ်၊ ဒါပဲ"

ပြောပြီးပြီးချင်း စိုင်မောင်မောင် လှည့်ထွက်သွား၏။

နှင်းဆီမှာ နေရာမှာပင် ကြောင်တောင်တောင်နဲ့ ဆက်ရပ်နေမိသည်။

ရှက်လည်းရှက်၊ ဝမ်းလည်းနည်း၊ ဒေါသလည်းထွက်နှင့် နှင်းဆီရင်ထဲတွင် နာကျင်ပြီးခံစားရ၍ မျက်ရည်ကျရသည်။

သည့်တိတ်ခွေလေးတစ်ခွေကြောင့် နှင်းဆီမှာ သိက္ခာကျသွားရပြီ။

စိုင်းညီညီကိုလည်း ဒေါသဖြစ်မိ၏။

သူ့ကြောင့် နှင်းဆီ အခုလိုခံစားရတာပင်။ သူ့အင်မတန်ချစ်မြတ်နိုးသော စိုင်းမောင်မောင်၏ အဆင်သေးမှုကို ခံစားလိုက်ရသည့်အတွက် နှင်းဆီ ယူကျုံးမရဖြစ်မိသည်။

စိတ်တိုင်းကျ မငိုမိစေရန် ထိန်းချုပ်ပြီး ညှိုးငယ်စွာဖြင့် အိမ်ထဲပြန်ဝင်ခဲ့တော့သည်။

✤ ✦ ✤



## အခန်း(၁၅)

"ချမ်းလိုက်တာနော်"

မဖြူ အံကြိတ်ရင်း အသံမထွက်အောင် ညည်းလိုက်မိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၏ ဆောင်းရာသီကား ရက်ရက်စက်စက်အေးသည်။ ခြေလက်မှာ တုန်အောင်အေး၏။ အထူးသဖြင့် ကလောမြို့၏ ဆောင်းတွင်းကား ကြောက်ခမန်းလိလိ အေးမြနေသည်ဟု မဖြူ ထင်မိသည်။

ဥတုရလေမဝင်နိုင်အောင် တိုက်ပုလေးများကို ဆောက်ထားပေမယ့် တိုက်တစ်လုံးလုံး စိမ့်ပြီးအေးနေ၏။ သစ်သားအိမ်များဆိုရင် ဘယ်လောက်များအေးလိုက်မလဲဟု စဉ်းစားရင်း မဖြူ ကြက်သီးဖျဉ်းဖျဉ်းထသွားရသည်။

လူကလည်း အဖျားကျပြီးကာစဆိုတော့ အားကနည်းနေ၏။ ဒါကြောင့် ခါတိုင်းထက်ပိုပြီး အေးသလိုထင်ရသည်။

မဖြူ ဘုရားရှိခိုးပြီးပြီ။ စိပ်ပုတီးလည်းစိပ်ပြီးပြီ။

အမျှပေးဝေ မေတ္တာပို့ပြီးပြီ။

ပုလဲကို မဖြူ လှမ်းကြည့်လိုက်မိသည်။ ပုလဲသည် သူ့ခုတင်လေးပေါ်မှာ ဂွမ်းကပ်ကလေးခြုံပြီး ကွေးကွေးလေးနှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတာတွေ့ရသည်။

နှင်းဆီလည်း အိပ်ပျော်နေလောက်ရောပေါ့။

ကနေ့ နှင်းဆီတစ်ယောက် မျက်နှာမကောင်းဟု မဖြူ ထင်သည်။

ခါတိုင်းဆို စိုင်းမောင်မောင် တေးကလေးတစ်ပုဒ်တော့ ဆိုလိုက် ဟစ်လိုက်နေတတ်သည်။

သည်နေ့တော့ သီချင်းဆိုသံမကြားရ။ ခါတိုင်းနေ့တွေထက် အိပ်ရာထဲ စောဝင်သွားတာတွေ့တော့ မဖြူ သတိထားမိလိုက်သည်။

အိပ်ခန်းမီးကို မဖြူ ပိတ်လိုက်သည်။

အိပ်ရာပေါ်လှဲပြီး ဂွမ်းကပ်ကလေး ခြုံထားလိုက်မှ တဖြည်းဖြည်း နွေးလာရသည်။

အိပ်ရာပေါ်ရောက်ပေမယ့် မဖြူ ချက်ချင်းအိပ်မပျော်ပါ။

တစ်နေ့လုံးလှုပ်နေရ၍လားမသိ၊ မဖြူ မျက်စိကြောင်နေပြီး အိပ်လို့လုံးဝမရ။

မဖြူ ဟိုတွေးသည်တွေး၊ ဟိုလိမ့်သည်လိမ့်နှင့် အိပ်လို့မပျော်တိုင်း လျှောက်တွေးနေမိသည်။

ဟော ... ရှိုက်သံသလိုလို မဖြူ နားထဲကြားလိုက်ရ၏။ ဒါကြောင့် မဖြူ အတွေးများ လွင့်ပျောက်သွားရလေသည်။

မဖြူ နားစွင့်လိုက်၏။



ဟယ် ... နှင်းဆီခုတင်ဆီက လာတာပါလား။ သေချာအောင် နားစွင့်လိုက်သေးသည်။

ဟုတ်ပါတယ်။ သေချာပါပြီ။ နှင်းဆီတစ်ယောက် ကျိတ်ပြီးငိုနေတာဖြစ်သည်။ တစ်ခါတစ်ရံ မထိန်းသိမ်းနိုင်ဘဲ ရှိုက်သံလေးသဲ့သဲ့ထွက်လာတာဖြစ်မည်ဟု မဖြူ မှတ်ချက်ချလိုက်သည်။

နှင်းဆီတစ်ယောက် ဘာများဖြစ်လို့ ရှိုက်ငိုနေတာပါလိမ့်။

နောက်ပိုင်းရှိုက်သံက စိပ်လာသည်။ တော်တော်နှင့်မပျောက်။ ဝမ်းပန်းတနည်းကို ငိုနေပုံရသည်။

မဖြူ အိပ်ရာမှ ပြန်ထလိုက်၏။

အိပ်ခန်းမီးများဖွင့်လိုက်တော့ ရှိုက်သံ ရုတ်တရက်ရပ်သွားသည်။

မဖြူ နှင်းဆီခုတင်ဆီ လျှောက်သွားကာ ...

"နှင်းဆီ"

နှင်းဆီ ချက်ချင်း ပြန်၍မထူး။

"ဘာဖြစ်လို့ ငိုနေရတာလဲ နှင်းဆီရယ်"

"ပြောပြပါဦး"

မဖြူက ထပ်ပြီး ကြင်ကြင်နာနာ မေးလိုက်ပြန်ပါသည်။

မဖြူ တကယ်ပင်စိတ်မကောင်း၊ ဒါကြောင့် ခြင်ထောင်မပြီး မဖြူ နှင်းဆီရဲ့လက်မောင်းလေးကို ဆုပ်ကိုင်လိုက်ရင်း ...

"နှင်းဆီ ... မဖြူကို အစ်မအရင်းလိုသဘောထားပြီးပြောပြပါလားကွယ်၊ ကူညီနိုင်တာကူညီပါ့မယ်၊ ဘာဖြစ်လို့ငိုနေတာလဲဟင်"

မဖြူစကားကြောင့် ရှိုက်သံများ ရပ်သွားသည်။ ပြီးတော့ မျက်ရည်တွေစွန်းနေသော နှင်းဆီမျက်နှာလေးက တဖြည်းဖြည်းမော့လာ၏။

"ညီမရယ် ... တိတ်ပါ၊ ညီမ ဘာတွေစိတ်ထိခိုက်ခံစားနေရလဲ၊ မဖြူကို တိုင်ပင်နိုင်ပါတယ်၊ မဖြူ တတ်နိုင်သမျှ လုပ်ပေးပါ့မယ်"

နှင်းဆီ မျက်ရည်တွေကို သုတ်လိုက်၏။

ဆက်ပြီး မငိုတော့ပါ။ ဒါပေမဲ့ နည်းနည်းပါးပါးတော့ ရှိုက်နေသေးသည်။

မဖြူကလည်း သူ့လက်ကိုင်ပဝါနီရဲရဲလေးနှင့် နှင်းဆီ မျက်စပ်ကမျက်ရည်တွေကို ယုယုယယတို့သုတ်ပေးလိုက်၏။

"နှင်းဆီလေ ... နှင်းဆီ အစ်ကိုစိုင်းမောင်မောင်ကို သိပ်ချစ်မိနေပြီ"

နှင်းဆီအသံဟာ တိုးညင်းစွာပေါ်ထွက်လာ၏။

ဒါပေမဲ့ မဖြူနားထဲမှာတော့ မိုးကြိုးပစ်ခံလိုက်ရသလို ဟိန်းထွက်သွားရ၏။

ရင်ထဲမှာလည်း ဒိတ်ခနဲ ဖြစ်သွားရင်း မျက်နှာမပျက်သွားရအောင် မဖြူ မနည်းထိန်းလိုက်ရသည်။

မဖြူ ကိုယ်တိုင်ကိုပင် နားမလည်ပါ။



နှင်းဆီ စိုင်းမောင်မောင်ကို ချစ်နေပြီလို့ကြားရုံနဲ့ ဘာကြောင့် မဖြူ မုလို ရင်ထဲမှာ ခံစားရတာပါလိမ့်။

ဘုရား ... ဘုရား။ မဖြူလည်း စိုင်းမောင်မောင်ကို ချစ်မျှားချစ်နေမိပြီလား။

အရင်က သတိမထားမိခဲ့သမျှ နှင်းဆီကြောင့် မဖြူရဲ့ နှလုံးသားက အဖြေကို ခုမှ သေချာသတိပြုမိရလေပြီ။

ဟုတ်တယ်။ မဖြူ စိုင်းမောင်မောင်ကို ချစ်နေမိပြီပဲ။

"မဖြူ"

နှင်းဆီခေါ်လိုက်မှ မဖြူ သတိပြန်လည်လာရင်း ...

"ပြောလေ၊ နှင်းဆီပြောပါ၊ မဖြူ နားထောင်နေပါတယ်"

အသံတုန်ယင်နေသည်ကို မနည်းထိန်းပြီး ဟန်မပျက် မဖြူ ပြောလိုက်၏။

ရင်ထဲမှာ မချိတာတော့ အမှန်ပင်။

"နှင်းဆီလေ သူ့ရဲ့သီချင်းတွေကို ပထမစွဲမက်နေတာပါ၊ အခုမှမဟုတ်ပါဘူး၊ နှင်းဆီ ဟိုပုန်းမှာနေကတည်းကပါ မဖြူရယ်၊ အခု လူကိုယ်တိုင် နေ့တိုင်းလိုတွေ့နေတော့ နှင်းဆီစိတ်တွေ မထိန်းနိုင်တော့ဘူး၊ ဒါကြောင့် မိန်းမနောက်ပိုးလုပ်မိခဲ့တာပါ"

နှင်းဆီ စကားကိုရပ်လိုက်ပြီး စိုင်းမောင်မောင် အိမ်ဘက်ကို လှမ်းမျှော်ကြည့်လိုက်ပြီးမှ စကားဆက်သည်။

"ဒါပေမဲ့ ... သူက ..."

"သူက ဘာဖြစ်သလဲ၊ ပြောပါကွယ်"

နှင်းဆီ စကားတစ်ဝက်တစ်ပျက်နှင့် ရပ်ထားလိုက်၍ မဖြူ သိချင်ဇောဖြင့် မေးမိသည်။

"သူက နှင်းဆီကို မချစ်ပါဘူး"

"မချစ်ဘူးလို့ ပြောလို့လား"

"မချစ်ဘူးလို့တော့ ပြောပါ့မလား မဖြူရယ်၊ သူ့အပြော အဆိုအမူအရာတွေကြည့်ရတာ နှင်းဆီကို စိတ်ဝင်စားပုံ လုံးဝမရှိဘူး၊ ဒီက သူ့အပေါ် အရူးအမူးဖြစ်ပြနေတာတောင် မသိချင်ယောင်ဆောင်နေချင်တယ် မဖြူရယ်"

မဖြူ နှင်းဆီကို တအံ့တသြစိုက်ကြည့်နေမိသည်။

သတ္တိရှိသော နှင်းဆီပါလား။

အချစ်အတွက် မိန်းကလေးသိက္ခာကိုတောင် မငဲ့ကွက်ဘဲ လုပ်ရဲသည့်သတ္တိကိုပင်။

ချီးကျူးရမလား၊ အပြစ်တင်ရမလားလို့တောင် မဖြူ မသိတော့ပါ။

"သူကသာပြန်မချစ်ဘူးဆိုရင် နှင်းဆီတော့ ရူးမလားပဲ မဖြူရယ်၊ သူ့အတွက် နှင်းဆီ အရမ်းကိုခံစားနေရပါတယ်၊ စာကျက်ဖို့လည်း စိတ်သွင်းလို့မရတော့ဘူး၊ စာမေးပွဲလည်း အောင်မှာမဟုတ်ပါဘူး"

နှင်းဆီ ပြောရင်းဆိုရင်း မျက်ရည်များ လျှံတက်လာပြီး မထိန်းနိုင်တော့သည့်အဆုံး ပါးပြင်များပေါ်သို့ စီးကျလာတော့သည်။

စီးကျလာသောမျက်ရည်များကို မဖြူက သူ့လက်ကိုင်ပဝါကလေးဖြင့် သုတ်ပေးရင်း နားထောင်နေမိသည်။



"ညနေကလဲ ..."

"ညနေက ဘာဖြစ်လဲ နှင်းဆီ"

နှင်းဆီ ညနေက သူနှင့် စိုင်းမောင်မောင်တို့၏ အဖြစ်အပျက်များကို မဖြူအား အသေးစိတ်ပြောပြသည်။

နှင်းဆီ သည်လိုစိတ်ထိခိုက်ခံစားနေရတာ မြင်ရတော့လည်း မဖြူ ရင်ထဲမှာ သနားမိတာအမှန်ပင်။

ငယ်ရွယ်နုပျိုပြီး စိတ်ကစားလှုပ်ရှားတတ်ကာစ သည်လိုအရွယ်လေးမှာပင် အချစ်အတွက် အသည်းကွဲမတတ် ခံစားနေရရှာပေသည်။

နုနယ်လွန်းသည့်အသည်းမို့ ပြင်းထန်လှသော အချစ်စိတ်ဒဏ်ကို ခံနိုင်ဖွယ်ရှိမည်မထင်။

မဖြူ ညီမချင်းကိုယ်ချင်းစာနာပြီး သနားမိပါသည်။ ယူကျုံးမရလည်းဖြစ်မိသည်။

ဆယ်ကျော်သက်အရွယ် စိတ်လှုပ်ရှားချိန်မှာ အချစ်ကို မြိုးစမ်းကြည့်ချင်တဲ့ အချစ်ရူးမလေး နှင်းဆီ၏အဖြစ်က ဆိုးရွားလှပါတော့သည်။

ပထမအချစ်မှာပင် နှစ်ကိုယ်တူအချစ်ကို မခံစားရရှာသည့် ကံဆိုးမလေးနှင်းဆီရယ်။ မင်းအတွက် မဖြူ ယူကျုံးမရဖြစ်မိတာအမှန်ပါပဲ။

နှင်းဆီအကြောင်းတွေ အတွေးထဲပေါ်လာရာမှ မဖြူ နှင်းဆီကို စေ့စေ့ကြည့်ပြီး မေးလိုက်သည်။

"နှင်းဆီ စိုင်းမောင်မောင်ကို တကယ်ချစ်တယ်နော်"

မဖြူ့အမေးကို နှင်းဆီက လေးလေးနက်နက် ပြန်ဖြေရှာသည်။

"ချစ်တာပေါ့ မဖြူရယ်၊ ရင်ထဲအသည်းထဲကကို ချစ်မိတာပါ"

မဖြူ သက်ပြင်းလေးချလိုက်မိသည်။

နှင်းဆီလိုပါပဲ။ မဖြူလည်း သည်စကားမျိုး ပြောချင်လိုက်တာ။

ဒါပေမဲ့ ပြောလို့မထွက်ပါလား။ မပြောရဲပါလား။ အဲဒါကြောင့် မပြောတော့ပါဘူးလို့လည်း မဖြူ ဆုံးဖြတ်လိုက်ရင်း ...

"နှင်းဆီ စိုင်းမောင်မောင်ကို တကယ်ချစ်တယ်ဆိုရင် သူမကြိုက်တဲ့ဟာတွေ မလုပ်မိဖို့ အရေးကြီးဆုံးပဲ နှင်းဆီ၊ ညနေကအမှားမျိုး ထပ်မဖြစ်စေနဲ့ပေါ့"

"နှင်းဆီ ကြိုးစားမယ်၊ အဲဒီလို သူ့စိတ်ကြိုက်နေရင် သူပြန်ချစ်မှာလား"

"သြော် ... နှင်းဆီရယ်၊ ဒါတော့ ဘယ်သိပါ့မလဲ၊ သူ့စိတ်နဲ့သူ့သဘောပေါ့"

မဖြူရဲ့အဖြေစကားကြောင့် နှင်းဆီ စိတ်ပျက်လက်ပျက်ဟန်ဖြင့် ...

"နှင်းဆီတော့ သေချင်တာပဲ မဖြူရယ်"

"ကဲ ... နှင်းဆီ မဖြူ အကြံပေးပါ့မယ်၊ စိုင်းမောင်မောင် စိတ်ပြန်လည်လာအောင် သူကြိုက်တတ်တဲ့ပုံမျိုး ရှင်းရှင်းပြောရရင် နှင်းဆီက လူကြီးဆန်ဆန် ရိုးရိုးသားသားနေပြပေါ့၊ ကလေးမဆန်နဲ့၊ ဣန္ဒြေရရနေပြလိုက်၊ စိုင်းမောင်



မောင် အဲဒီလိုပုံစံမျိုး သဘောကျတယ်လို့ မဖြူထင်တာပဲ၊ မဖြူ ကူညီနိုင်တာတော့ ဒီလောက်ပဲ နှင်းဆီရယ်၊ ကျေနပ်ပါတော့နော်၊ အိပ်တော့၊ မနက်ကျောင်းတက်ရဦးမယ်မဟုတ်လား၊ တစ်နေ့နေ့တော့ နှင်းဆီဖြစ်ချင်တာတွေ ဖြစ်လာရမှာပေါ့၊ အချိန်ကိုစောင့်ပါဦး"

နှင်းဆီ မျက်နှာလေး ပြန်လည်ရွှင်ပျကြည်လင်လာသည်။ မဖြူ နှင်းဆီခြင်ထောင်ကို ပြန်ချပေးလိုက်သည်။

နောက် အိပ်ခန်းမီးပိတ်၍ သူ့အိပ်ရာပေါ် ပြန်လှဲချလိုက်သည်။ အိပ်ရာပေါ်လှဲချပြီးမှ မဖြူ သက်ပြင်းများချမိသည်။

သြော် ... နှင်းဆီရယ်။ အချစ်ကြီးလိုက်တာနော်။

စိုင်းမောင်မောင် မဖြူကို အရေးတယူ ဆက်ဆံနေခြင်းကို နှင်းဆီ ရိပ်မိကြောင်း မဖြူ သိနေသည်။

ဒါကိုပင် နှင်းဆီ မကျေမနပ်ဖြစ်နေလိမ့်မည်ဟု မဖြူ မှတ်ချက်ချမိသည်။

မိန်းမသားချင်း မဖြူ ကိုယ်ချင်းစာမိပါသည်။

အချစ်ကြီးမှတော့ အမျက်ကြီးရှာပေလိမ့်မည်။

မိန်းမသားတစ်ယောက် နစ်မွန်းပျက်စီးသွားမှာကို မဖြူ တကယ်မလိုလားပါ။ ဒါကြောင့် အကယ်၍ စိုင်းမောင်မောင် တစ်နေ့ မဖြူကို ချစ်ရေးဆိုလာခဲ့လျှင်ကောင်မှ နှင်းဆီအတွက် သူ ငြင်းဆန်လိုက်ပါတော့မည်ဟူ၍ပင် ဖြစ်ပါသည်။

နှင်းဆီအတွက် မြင့်မြတ်သောဒါနတစ်ခုအဖြစ် သူ့နှလုံးသားကို စတေးခံလိုက်တော့မည်။

✤ ✦ ✤

## အခန်း(၁၆)

"ဒယ်ဒီ ပြန်လာပြီဟေ့၊ တို့ဒယ်ဒီ ပြန်လာပြီ"

ပုလဲအော်သံကြောင့် သိုးမွေးထိုးနေရင်းမှ မဖြူ ခေါင်းမော့ကြည့်လိုက်မိသည်။

ဒေါက်တာအောင်စိုး အက်စ်အီးကားဖြူကလေး ခြံထဲ ဝင်လာနေသည်ကို လှမ်းမြင်တွေ့ရ၏။

တောင်ကြီးမြို့မှာ ကျင်းပသော အစည်းအဝေးတစ်ခု ကို သွားတက်ရာမှပြန်လာခြင်းဖြစ်ပါသည်။

တောင်ကြီးအသွားတုန်းက ဒေါက်တာအောင်စိုး ကိုယ်တိုင် ကားမောင်းသွားခြင်းဖြစ်ပြီး အဖော်မပါကြောင်း မဖြူ တွေ့ခဲ့ပြီးရာ ...

"ဟော ... အခုတော့ မဖြူ မမြင်ဖူးသောလူတစ်ယောက်က ကားမောင်းလျက် ဒေါက်တာအောင်စိုးက ကားမောင်းသူ၏ ဘေးတွင် ထိုင်လျက်လာနေပါလား"

မဖြူ တအံ့တဩလေး လှမ်းကြည့်နေမိ၏။



ဒေါက်တာအောင်စိုးအကြောင်း မဖြူ သိနေပြီလေ။ ဘယ်တော့မှ ကားကို သူများပေးမောင်းလေ့မရှိ။ သူ့ကားသူကိုယ်တိုင်မောင်းပြီး ရှိရှိသေသေကိုင်တွယ်တတ်သူဖြစ်ပေသည်။

သည်နေ့တော့ ထူးခြားနေသည်။ မိမိကားကိုပင် မမောင်းနိုင်လောက်အောင် ဒေါက်တာအောင်စိုး ဘာများဖြစ်လာပါလိမ့်။ တစ်ခုခုတော့ တစ်ခုခုပဲ။

မဖြူ စဉ်းစားနေခိုက် ပုလဲ သူ့နားမှ ပြေးထွက်သွားသည်။

"ဒယ်ဒီ ... ဒယ်ဒီ"

ပါးစပ်ကလည်း တကြော်ကြော်ခေါ်ရင်း ကားနားသို့ ပြေးပြီးကပ်သွားကာ ...

အဖေနှင့်မတွေ့ရတာ လေးငါးရက်ကြာပြီဆိုတော့ ပုလဲတစ်ယောက် အဖေကိုလွမ်းနေရှာပြီထင့်။

ကားရပ်လိုက်ပေမယ့် ဒေါက်တာအောင်စိုး ဆင်းလာတာမတွေ့ရသေး။

ကားမောင်းသူကသာ အရင်ဆင်းပြီး ဒေါက်တာအောင်စိုး ထိုင်သည့်ဘက် ကူးသွားပြီး ဒေါက်တာအောင်စိုးကို တွဲထုတ်လာတာ တွေ့လိုက်ရ၏။

"ဆရာမရေ ... လာပါဦး၊ ဒီမှာ ဒယ်ဒီ ဘာဖြစ်တာလဲမသိဘူး"

ကားရှိရာ မဖြူ လှမ်းကြည့်နေစဉ်မှာပဲ ပုလဲ လှမ်းအော်လိုက်တာပြစ်၏။

"နေ ... နေ၊ ရပါတယ် မဖြူ"

ဒေါက်တာအောင်စိုးက အားလုံးကို အားတုံ့အားနာ လှမ်းတားလိုက်ပါသည်။

ဒါပေမဲ့ မဖြူက မနေနိုင်။ သူတစ်ပါးဒုက္ခရောက်လျှင် မကြည့်ရက်တတ်သူတစ်ဦးပီပီ ဒေါက်တာအောင်စိုးနားသို့ လက်မောင်းတစ်ဖက်ကို လှမ်းဆွဲလိုက်ရင်း နှုတ်မှလည်း ပြောလိုက်သေးသည်။

"ရပါတယ် ဆရာ၊ မဖြူရဲ့ပခုံးကို မှေးကိုင်ပြီး လိုက်ခဲ့ပါ၊ ရပါတယ်"

လူကောင်ကြီးသော ဒေါက်တာအောင်စိုးကို ကားမောင်းသူတစ်ဦးတည်း မနိုင်မနင်းဖြစ်နေရမှာ မဖြူ လာကူလိုက်သည့်အတွက် အဆင်ပြေသွားသည်။

ဧည့်ခန်းဆိုဖာတစ်လုံးပေါ်တွင် ထိုင်မိသည်နှင့် ဒေါက်တာအောင်စိုးက မဖြူကို ရှင်းပြနေသည်။

"ဂေါ့ဖ်ရိုက်ရင်း ခြေထောက်တစ်ဖက် ချိုင့်ထဲကို ချော်ကျလို့ လေခိုသွားတာပါ"

ဒေါက်တာအောင်စိုးအမေ ဒေါ်နန်းသီတာလည်း ရောက်လာပြီး ...

"ဟုတ်ရဲ့လား သားရယ်၊ ကျိုးများကျိုးသွားသလား"

"ကြီးကြီး ကျိုးလည်းမကျိုးပါဘူး၊ အရိုးလည်းမအက်ပါဘူး၊ ခြေသလုံးကြွက်တိုင်လည်သလို ဖြစ်သွားတာပါ၊ နှစ်ရက်သုံးရက်ဆို နေကောင်းသွားမှာပါ၊ ဘာမှ စိတ်မပူပါနဲ့ ကြီးကြီး"

လိုက်ပို့တဲ့လူစိမ်း ဝင်ရှင်းပြလိုက်မှ အဘွားကြီး စိတ်အေးသွားပုံရသည်။



"အိုကေ ... ဒေါက်တာဝင်းတင်၊ မင်းသွားလိုရာ သွားနိုင်ပြီ၊ မင်းလည်း ငါ့ကိုပြုစုလိုက်ရတာ တော်တော်မောသွားမှာပဲ"

ဒေါက်တာဝင်းတင်ဆိုသူကို ဒေါက်တာအောင်စိုး နှုတ်ဆက်ရင်း ကျေးဇူးတင်စကား ပြောလိုက်သည်။

"ဟုတ်ကဲ့ ဆရာ၊ အားလုံးပဲ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

ဒေါက်တာဝင်းတင်က အားလုံးကိုနှုတ်ဆက်ပြီး ဧည့်ခန်းမှ လှည့်အထွက်တွင် ...

"ဟေး ... ဓါ့ညီ၊ ကိုယ်တော့ မင်းကို ပြန်မပို့နိုင်တော့ဘူးကွ၊ ကားမောင်းတတ်တဲ့သူလည်း မရှိလို့နော်၊ ဆောရီး၊ နောက်မှတွေ့ကြမယ်"

"ရပါတယ်ဆရာ၊ ရပါတယ်၊ ကျွန်မတော် သွားပြီ ဆရာ"

"အိုကေ"

"မယ်မယ်တို့ အခု ဘာတွေလုပ်ပေးရမလဲ သား၊ မသေကောင်းမပျောက်ကောင်းကွယ်၊ မယ်မယ် ရင်တွေတုန်လိုက်တာ"

ဒေါ်နန်းသီတာက စိုးရိမ်တကြီး မေးနေပြန်သည်။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ မယ်မယ်ရယ်၊ ဘာမှထွေထွေထူးထူးဖြစ်တာ မဟုတ်ပါဘူး၊ ရေနွေးကြမ်းထုပ်ကလေးကပ် တရုတ်ဆေးရည်လိမ်းပြီး အနားယူရုံနဲ့ ပျောက်ပါတယ်"

ဒေါက်တာအောင်စိုးက မိခင်အား နှစ်သိမ့်ရှ ရှင်းပြလိုက်၏။

"ဒီလိုဆို မယ်မယ် အခုပဲ ကြပ်ထုပ်ထိုးပေးမယ်၊ ဟုတ်လား သား"

အဘွားကြီးကတော့ ဟောဟောဒိုင်းဒိုင်း စိတ်မြန်လက်မြန်သမားပဲ။

"နေ ... နေပါဦး၊ ကျွန်တော် တစ်လမ်းလုံး မလှုပ်မယှက်ကားစီးလာတာ ညောင်းလွန်းလို့ အိပ်ရာထဲကိုသာ အရင်ပို့ပေးပါ မယ်မယ်ရာ"

ဒေါက်တာအောင်စိုး သူ့ဆန္ဒကို ထုတ်ဖော်ပြောလိုက်မှ အဘွားကြီးတို့ မဖြူတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားရသည်။

"အေး ... ဟုတ်သားပဲ၊ ငါ့သား ညောင်းနေမှာပေါ့၊ လာ မဖြူ၊ ကြီးကြီးကို ကူပေးပါဦး"

ဒေါ်နန်းသီတာက ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသော မဖြူကို လှမ်းပြီး အကူအညီတောင်းလိုက်သဖြင့် ဒေါက်တာအောင်စိုး ပျာပျာသလဲ ငြင်းလိုက်သည်။

"အို ... အို၊ နေပါစေ မယ်မယ်၊ အားနာစရာကြီး၊ သူ့ခမျာ ရှက်ရှာမှာပေါ့"

ဒေါက်တာအောင်စိုး လက်ကာပြရင်း ပြောလိုက်ပေမယ့် မဖြူ မနေနိုင်ပါ။

"ရပါတယ် ဆရာရယ်၊ ရပါတယ်၊ မဖြူကို အားမနာပါနဲ့ ဆရာ"



မဖြူ ပြောပြောဆိုဆိုနှင့် အဘွားကြီးနှင့်အတူ ဒေါက်တာအောင်စိုးကိုတွဲ၍ အိပ်ခန်းထဲသို့ လိုက်ပို့ပေးသည်။

"သင့်ခ်ယူ၊ ကဲ ... ကျွန်တော် ခဏအိပ်လိုက်ဦးမယ်"

ဒေါက်တာအောင်စိုး မဖြူကို ကျေးဇူးတင်စကားဆိုပြီးသည်နှင့် အဝတ်အစားကိုပင် မလဲနိုင်။ အိပ်ရာပေါ် လှဲချလိုက်တော့သည်။

✤ ✦ ✤

## အခန်း(၁၇)

စိုင်းမောင်မောင် အိပ်မပျော်နိုင်ပါ။

ညနေက သူတွေ့မြင်လိုက်ရသောမြင်ကွင်းတစ်ခုကြောင့် ဖြစ်ပါသည်။

ထိုမြင်ကွင်းကား ...

ဒေါက်တာအောင်စိုးတစ်ယောက် မဖြူကို မှီတွဲ၍ အိမ်ထဲဝင်သွားသည့်ပုံရိပ်ပင်။

ထိုပုံရိပ်ကို မျက်လုံးထဲက ချက်ချင်း ဖျောက်ဖျက်ပစ်လိုက်နိုင်ပေမယ့် သူ့နှလုံးသားထဲမှာတော့ စွဲမြဲထင်ဟပ်နေဆဲပါ။

ဘယ်လိုဖျောက်ဖျက်ပစ်ပေမယ့် အပြောင်းအလဲတွေမြင်ရသောကြောင့် စိတ်သည် လွန်လေပြီးသောအချိန်တွေဆီသို့ ပြေးချင်သည်။ ကွယ်ပျောက်ခြင်းမရှိ။

ဒါကြောင့် သည်လောက်ချမ်းတုန်နေသည့် ဆောင်းတွင်းကြီးမှာ စိတ်ပေါက်ပေါက်နှင့် သူကောက်ပြီး ရေချိုးပစ်လိုက်၏။ ဒါလည်း မရပါ။ ပုံရိပ်က ငြိတွယ်နေဆဲ။



ညနေစာ ထမင်းစားတုန်းကလည်း သည်ပုံရိပ်ကြောင့် ခါတိုင်းလို အားရပါးရပင် မစားနိုင်ခဲ့ပါ။

ထွက်ပြီးခဲ့သည့် သီချင်းများရော၊ နောက်ထွက်မည့် သီချင်းများရော ပါးစပ်ထဲတွေ့ရာ သူ ဆိုပစ်လိုက်ပြန်သည်။

သို့သော် စိတ်မှာ အနှောင့်အယှက်ဖြစ်လွန်းလှသည်။ ဂစ်တာကို ခပ်ကြမ်းကြမ်းခေါက်၍ နိုင်ငံခြားသံစဉ်များကို စိတ်ကြိုက်တီးပစ်လိုက်၏။

မရ။

အာရုံမှာ ပုံရိပ်က ပျော်ပါးနေဆဲ။

"ဪ ... မဖြူရယ်၊ ကိုယ့်အပေါ် လွှမ်းမိုးနိုင်လွန်းလှချေပါလားကွယ်"

စိုင်းမောင်မောင် စိတ်ပျက်လက်ပျက်နှင့် ညည်းညူလိုက်မိသည်။

"ဒေါက်တာနှင့် မဖြူတို့ ချစ်သွားကြပြီလားကွယ်"

"ငါများ နောက်ကျသွားပြီလား"

သည်လိုမေးခွန်းပေါင်း သောင်းခြောက်ထောင်ကလည်း သူ့ခေါင်းထဲ ရှင်လောင်းလှည့်သလို စီတန်းပြီးဝင်လာသည်။

စိုးရိမ်စိတ်တွေကလည်း အထွတ်အထိပ် ရောက်လုနီးပါး။ လက်လွတ်ဆုံးရှုံးသွားရပြီဟု ထင်မှတ်ရင်းလည်း စိတ်ထဲမှာ အကြိမ်ကြိမ် ယူကျုံးမရဖြစ်ရသည်။

စိုင်းမောင်မောင်၏ ခံစားချက်တို့မှာ ပြင်းထန်လွန်းလှပေသည်။

"ဟယ် ... ဟုတ်နိုင်သေးပါဘူး၊ ငါထင်သလို သူတို့နှစ်ယောက် ချစ်နေကြတာ မဟုတ်နိုင်သေးပါဘူး၊ ဒေါက်တာအောင်စိုးက လူရိုးလူကောင်းကြီးတစ်ယောက်ပါ၊ ကိုယ့်အိမ်မှာ ယုံကြည်ပြီး အလုပ်လာလုပ်တဲ့လူကို ကြံစည်မယ် မထင်ပါဘူး၊ ဒီလူက ပညာတတ်တစ်ယောက်ပဲဟာ"

တစ်မျိုးလှည့်ပြီးတွေးတော့ စိုင်းမောင်မောင် စိတ်သက်သာရသည်။ စိတ်ကိုဖြေနိုင်သည်။

မဖြူကရော ...

မဖြူကလည်း ဟင်းရွက်ကန်စွန်းရွက်မှ မဟုတ်ဘဲနော်။

မဖြူကြည့်ရတာ အင်မတန်ရိုးသားတည်ကြည်တယ်၊ သိက္ခာရှိတဲ့ အမျိုးသမီးတစ်ဦးပါ။

အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ကိုင်ဆောင်ရွက်တတ်တဲ့ အမျိုးသမီးတစ်ဦး။

ပြီးတော့ မဖြူက အပျို။

ဒေါက်တာအောင်စိုးက ကလေးတစ်ယောက်အဖေလည်းဖြစ်။ သည်လောက်ကွာခြားနေတာ မဖြူက ဒေါက်တာအောင်စိုးရဲ့အချစ်ကို လက်ခံနိုင်ပါ့မလား။

မဖြူအပေါ် ယုံကြည်လေးစားချက် အပြည့်အဝဖြင့် သူတွေးရင်း စိတ်ကို ဖြေနေမိပြန်သည်။

စိုင်းမောင်မောင်က ကက်ဆက်ကိုဖွင့်လိုက်သည်။

"ချလောက်"



ကက်ဆက်ခလုတ်ကို ပြန်ပိတ်လိုက်သည်။ ကက်ဆက်ဖွင့်မှ ပို၍ပင် စိတ်မောစရာ သီချင်းသံတွေ ထွက်လာသောကြောင့် ပိတ်ပစ်လိုက်ခြင်းဖြစ်ပါ၏။

"တော်ပြီ"

တစ်ယောက်တည်းလည်း ရေရွတ်လိုက်သေးသည်။ သူသည် လူတစ်ယောက်၊ ခံစားချက်ရှိသည့် လူသား။ သူများ ဘခြားလူသားတွေထက်ပင် ခံစားချက်တွေ ပို၍ပြည့်လျှံမို့မောက်နေပြီလို့ စိုင်းမောင်မောင် ထင်မိသည်။

ဘယ်လိုမှ သိမ်းဆည်း၍လည်းမရ။ မျိုသိပ်ထားလို့လည်းမရတော့ပါ။

"ဒီတော့ သူ ဘာလုပ်ရမလဲ"

အို ... မဖြူကို သူ့ရင်ထဲမှာ ခံစားချက်တွေအားလုံး ဖွင့်အန်ပြလိုက်ရုံပေါ့။

ဖွင့်ဟပြောဆိုရမယ့် တာဝန်က သူ့တာဝန်။ ဆုံးဖြတ်ရမည့်သူက မဖြူရယ်ပါ။

စိုင်းမောင်မောင် ယတိပြတ် ဆုံးဖြတ်လိုက်မိလေသည်။ အခုမှ သူ့စိတ်တွေ နေသာထိုင်သာရှိသွားသလိုပင်။ ဒါကြောင့် အိပ်ရာပေါ်လှဲ၍ နဖူးပေါ်လက်တင်ပြီး မျက်လုံးလေး ပိတ်ပြီး အနားယူလိုက်သည်။

✤ ✦ ✤

## အခန်း(၁၈)

"တော်ပါပြီ မဖြူရယ်၊ ဒီလောက်ဆို"

"အိုကေပဲ၊ သင့်ခ်ယူနော်"

ဒေါက်တာအောင်စိုးစကားကြောင့် မဖြူ ဆားကြပ်ထုပ်ကလေးကို ခြေသလုံးတိုင်မှ ခွာလိုက်ရင်း ...

"လိုအပ်ရင်ပြောနော် ဆရာ၊ မဖြူ လုပ်ပေးပါ့မယ်၊ အားမနာပါနဲ့ ဆရာ၊ မဖြူ နေမကောင်းတုန်းက ဆရာကပေးလို့ ကောင်းသွားတာပဲ၊ ဆရာ့အလှည့်ကျတော့ မဖြူကုမပေးတတ်ပေမယ့် ပြုစုပေးနိုင်ပါတယ် ဆရာ၊ ကြို့တုန်းကြုံခိုက် မဖြူ ပြန်ပြီး ပြုစုခွင့်ရတာကိုပဲ မဖြူ ဝမ်းသာနေမိပါတယ် ဆရာ"

ကျေးဇူးသိတတ်သော၊ ယဉ်ကျေးလိမ္မာသော မဖြူရဲ့စကားများကို ကြားရ၍ ဒေါက်တာအောင်စိုးရင်ထဲ ပီတိတွေဝေပြီး အေးမြကြည်လင်သွားရသည်။

တစေ့စေ့ကြည့်ပြီး အမြော်အမြင်ရှိသည့် မိန်းမချောလေးဟု တွေးရင်း ...



အနားမှာ ကုလားထိုင်တစ်လုံးနှင့်ထိုင်၍ သူတို့နှစ်ယောက်ကို ကြည့်နေသည့် ဒေါ်နန်းသီတာကလည်း ခေါင်းတညိတ်ညိတ်နှင့် မဖြူစကားကို သဘောကျနေ၏။

"တကယ်ပြောတာပါ မဖြူ၊ ဆရာက လူနာလည်းလူနာ၊ ဆရာဝန်လည်း ဆရာဝန်ဆိုတော့ နားလည်ပြီးသား၊ ဒီလောက်ဆိုရင် လုံလောက်ပါပြီ"

"ကဲ ကဲ ... သမီးရယ်၊ သမီးရဲ့ဆရာက ကျေနပ်ပါပြီတဲ့၊ သမီးလည်း အနားယူလိုက်ပါဦး၊ ညောင်းရှာရောပေါ့ကွယ်"

ဒေါ်နန်းသီတာကပါ ဝင်ပြော၍ မဖြူ ရပ်နားလိုက်သည်။

ပစ္စည်းပစ္စယလေးတွေ သိမ်းပြီးနောက် အခန်းထဲကပါ မဖြူ ထွက်သွားလေသည်။

မဖြူ ထွက်သွားရာနောက်သို့ လိုက်ကြည့်မိသောမျက်လုံးများကို ပြောင်း၍ ဒေါ်နန်းသီတာကို ဒေါက်တာအောင်စိုးလှမ်းကြည့်လိုက်သည်။

ဒေါ်နန်းသီတာကလည်း သားဖြစ်သူကို အကြည့်နှင့်မို့ သားအမိနှစ်ယောက် မျက်လုံးချင်းဆုံသွားရသည်။

"ဟဲ ဟဲ ဟဲ ..."

ဒေါက်တာအောင်စိုး မလုံမလဲနှင့် အရှက်ပြေ ရယ်ပြလိုက်မိသည်။

"သားကြီးလည်း အိမ်ထောင်သစ် ထူထောင်ဖို့ကောင်းပြီကွယ်၊ ဒီလိုနေလို့ မဖြစ်သေးဘူး၊ အသက်ကြီးလာတော့ ဆေးပေးမီးယူ လိုလာပြီနော်"

အဘွားကြီးက သားဖြစ်သူ၏ အခြေအနေကို ရိပ်စားမိသောကြောင့် စကားကြောင်းလိုက်သည်။

ဒေါက်တာအောင်စိုးကတော့ ဘာမှပြန်ပြီး မပြောဘဲ စဉ်းစားသလိုလုပ်နေ၏။

"သား စဉ်းစားကြည့်စမ်း၊ မယ်မယ်တို့မှာ စကားပုံရှိသားပဲ၊ တစ်ပင်လဲမှတစ်ပင်ထူတဲ့၊ သားလည်း အခုမှ အသက်သုံးဆယ်ကျော်ကျော်လေးပဲရှိသေးတာ၊ အိမ်ထောင်သစ်ထူပြီး ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းသာနေတာကို မယ်မယ် ကြည့်သွားချင်တယ် သားရယ်၊ မယ်မယ်လည်း အသက်ကြီးပြီကွယ့်၊ အခုလိုဖြစ်ရင် ကိုယ့်ဇနီးမယားကပဲ ကိုယ်ဖိရင်ဖိ ပြုစုယုယမှာသား၊ စဉ်းစားပါနော်၊ စဉ်းစားပါ"

ဒေါ်နန်းသီတာပြောသော စကားတွေသည် ဒေါက်တာအောင်စိုးအဖို့ စဉ်းစားစရာတွေချည်းပါပဲ။

သူ့မိန်းမသိမ့်ကို နာကြည်းလွန်းလို့ သည်ကိစ္စတွေ မစဉ်းစားဖြစ်ခဲ့သည်မှာ ကြာပေပြီ။

တစ်နေ့တစ်နေ့ ဆေးရုံသွား၊ လူနာဆေးကု၊ ဂေါက်ကွင်းသွားနှင့် သူ့ဘဝကို သူမြှုပ်နှံထားခဲ့သည်မှာလည်း ကြာမြင့်ခဲ့ပါပြီ။

သမီးလေးကိုငဲ့ပြီး စဉ်းစားနေရသည်က တစ်ကြောင်း သူ နောက်အိမ်ထောင်ပြုရင် သမီးလေးက ကြည်ဖြူပါ့မလား၊ ကျေနပ်ပါ့မလား၊ ချစ်ခင်ရင်းနှီးပါ့မလားပေါ့လေ။

"ကဲ ကဲ ... အေးအေးဆေးဆေးစဉ်းစားပါသား၊ မယ်မယ် ဘုရားဝတ်ပြုလိုက်ဦးမယ်"



ဒေါ်နန်းသီတာ အလိုက်တသိ နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်သွားသည်။

လှဲနေရာမှ ခုတင်ဘေးရှိ တုတ်ကောက်ကို အားပြု၍ ဒေါက်တာအောင်စိုး စားပွဲရှိရာ လျှောက်သွားသည်။

မဖြူကပဲ အပြုအစုကောင်း၍လားမသိ။ နှစ်ရက်အတွင်း သူ့ခြေထောက် သိသိသာသာကြီး သက်သာသွားသည်။

တုတ်ကောက်တစ်ခုတည်းကိုသာ အားပြု၍ ဟိုဟိုသည်သည် သွားလာနိုင်နေပြီဖြစ်၏။

စားပွဲပေါ်က မာဗိုလိုစီးကရက်ဘူးကိုယူပြီး စီးကရက်တစ်လိပ်ထုတ်၍ မီးညှိသောက်လိုက်၏။

ဒေါက်တာအောင်စိုး ဆေးလိပ်သောက်ခဲ့သည်။

အလေးအနက်စဉ်းစားစရာရှိမှသာ စီးကရက်ကို ဖွာလေ့ရှိ၏။

ဒါက သူ့ရဲ့အကျင့်ပင်။

စီးကရက်သောက်ရင်း သူ့ခုတင်ရှိရာ ပြန်လျှောက်လာသည်။

ခုတင်ပေါ်မှာ လှဲလိုက်ပြီး စဉ်းစားခန်းဖွင့်မိပြန်သည်။ နောက်အိမ်ထောင်ထပ်ပြုဆိုမည်ပါက အဓိက ဦးစားပေးစဉ်းစားရမှာက သမီးလေးပုလဲကိစ္စ။

သည်ကိစ္စကို ရှေ့တန်းတင်လွန်း၍ အခုအထိ နောက်အိမ်ထောင်မပြုနိုင်ခဲ့ခြင်းပါ။

အခုလောလောဆယ် မဖြူကို စဉ်းစားကြည့်လိုက်မိ၏။

မဖြူသည် ခေတ်ပညာတတ်တစ်ဦး။

ရုပ်ဆင်းလည်း ချောမောလှပသူ။

အသက်ကတော့ငယ်သည်။ သူနှင့်ဆို ဆယ်နှစ်လောက်ကွာနိုင်သည်။

ကဲ ... ထားပါ။ ဒါက သည်လောက်အရေးမကြီးဘူး။ မဖြူမှာ လိမ္မာရေးခြားလည်းရှိသည်။ သည်းခံခွင့်လွှတ်စိတ်လည်း ရှိသည်။

ပုလဲကိုလည်း တာဝန်ကျေပွန်ခြင်းမဟုတ်။ စိတ်ပါလက်ပါ ကိုယ်ဖိရင်ဖိ သွေးသားရင်းချင်းပမာ ပြုစုနေတာတွေ့ရ၏။

ပုလဲကလည်း မဖြူကို တွယ်တာချင်ခင်နေပေပြီ။

နောက်ထပ် အိမ်ထောင်ပြုမည်ဆိုလျှင် မဖြူသည်သာ သူနှင့် အသင့်တော်ဆုံး၊ အလိုက်ဖက်ဆုံး အိမ်ထောင်ဖက်ဖြစ်နိုင်သည်။

ဒေါက်တာအောင်စိုးကတော့ တစ်ဖက်သတ် တစ်ယောက်တည်း မဖြူကို ကျေနပ်ပြီး လက်ခံနေပါပြီ။ မဖြူရဲ့သဘောက ဘယ်လိုရှိမည်မသိ။

လူပျိုမဟုတ်တော့သည့်သူ့ကို မဖြူအနေနှင့် ချစ်ခင်စုံမက်နိုင်ပါ့မလား။

စီးကရက်ပြာကိုခြွေ၍ ဒေါက်တာအောင်စိုး တစ်ရှိုက်နှစ်ရှိုက် ဖွာလိုက်ပြန်သည်။ သည်အဖြေကတော့ မဝေးပါ။

မဖြူကို သူ ချစ်နေပြီလား။ တကယ်ချစ်ရဲ့လား။ သူ့ကိုယ်သူ ဒေါက်တာအောင်စိုး ပြန်ဆန်းစစ်ကြည့်မိသည်။



အို ... ဘာမှ စဉ်းစားနေစရာမလိုပါဘူး။ မဖြူကို ငါချစ်နေပြီ၊ ချစ်တယ်။

သည်လိုဆို မဖြူသဘောလည်း မေးရတော့မှာပေါ့လို့ စဉ်းစားရင်း ဒေါက်တာအောင်စိုး စီးကရက်ကို တစ်ချက်ဖွာရှိုက်ပြီးမှ မီးငြိမ်းသတ်လိုက်လေသည်။

ပြီး ဒေါက်တာအောင်စိုး အိပ်ရန်ဆုံးဖြတ်လိုက်သည်။

မဖြူရေ ... အိပ်မက်ထဲ ကိုယ့်ဆီကို အလည်လာခဲ့ပါဦးကွယ်။

ဒေါက်တာအောင်စိုး စိတ်တွေ ပျော်ရွှင်ပြီး နှပျိုလန်းဆန်းသွားသူလိုလိုပင်။

✤ ✦ ✤

# အခန်း(၁၉)

စိုင်းမောင်မောင် အရမ်းဝမ်းသာသွားသည်။

ကလောဈေးအတွင်းသို့ မဖြူ ဝင်သွားတာ တွေ့လိုက်ရသောကြောင့်ဖြစ်၏။

သူနှင့်မဖြူ မတွေ့မြင်ရတာ တော်တော်လေးကြာခဲ့ပေပြီ။

ဆယ်ရက်လောက်တော့ရှိမည်ထင်သည်။

အခုလို မမျှော်လင့်ဘဲ မဖြူကို လှမ်းမြင်လိုက်ရသော စိုင်းမောင်မောင် အပ်ချုပ်ဆိုင်၌ သူအပ်ထားသော ဘောင်းဘီချုပ်ခကို အမြန်ဆုံးရှင်းပေးပြီး မဖြူနောက်ကို လိုက်သွားမိသည်။

ရှမ်းရိုးရာလွယ်အိတ်ဆိုင်တစ်ဆိုင်ရှေ့ အရောက်တွင် မဖြူကို မီလေသည်။

"မဖြူရေ"

စိုင်းမောင်မောင် ခေါ်သံကြားလိုကသောကြောင့် မဖြူ သမင်လည်ပြန် လှမ်းကြည့်ရင်း နှုတ်ခမ်းပေါ်၌ အားပါးတရ အပြုံးလေးတစ်ပွင့် ပွင့်ပြလိုက်သည်။



ထိုအပြုံးနှင့်အတူ အံ့သြခြင်း၊ ဝမ်းသာခြင်းတို့လည်း ရောပြွန်းနေသည်။

"ဈေးလာသလား အစ်ကို"

စိုင်းမောင်မောင် အနားရောက်လာသည်နှင့် မဖြူက ဆီးမေးလိုက်သည်။

"အောင်ပန်းက ပြန်လာတာလေ၊ မဖြူ ဈေးထဲဝင်သွားတာ မြင်လိုက်လို့ တွေ့ချင်တာနဲ့ နောက်ကလိုက်လာတာပါ၊ ဒီနေ့ မဖြူ နားသလား"

"ဟုတ်တယ် အစ်ကို၊ ဒီနေ့ မဖြူ နားတဲ့နေ့မို့ အင်္ကျီလေးတွေချုပ်ထားတာ ရွေးစရာရှိလို့ထွက်လာခဲ့တာ"

"အင်္ကျီတွေကော ရွေးပြီးပြီလား"

"ဟင့်အင်း ... အခုပဲရောက်တာလေ"

"ဒီလိုဆို သွားရွေးလေ၊ ကျွန်တော် လိုက်ပို့ပေးမယ်"

မဖြူ အင်္ကျီတွေ ရွေးပြီးသွားပြီ။

"ခဏနော် အစ်ကို၊ မဖြူ ခေါင်းညှပ်တဲ့ကလစ်ကလေးတွေ ဝယ်ချင်သေးလို့ပါ"

"အို ... ရပါတယ်၊ ဝယ်ပါ၊ ရပါတယ်လေ၊ ဟိုဆိုင်က ဈေးမှန်တယ်လို့ပြောကြတယ်"

စိုင်းမောင်မောင် ညွှန်ပြသောဆိုင်မှာပင် မဖြူ ကလစ်နှစ်စုံဝယ်လိုက်သည်။

"ကဲ ... ဝယ်ပြီးပြီ အစ်ကို၊ ပြန်ကြစို့"

မဖြူစကားကြောင့် စိုင်းမောင်မောင် ပျာယာခတ်သွားပြီး ...

"နေပါဦး မဖြူရဲ့၊ အေးအေးဆေးဆေးပေါ့၊ တစ်ခုခုစားပြီးမှ ပြန်ကြတာပေါ့ကွယ်"

စိုင်းမောင်မောင် တားလိုက်သည်။

"အစ်ကိုကလည်း ထမင်းစားခါနီး အလကား ထမင်းစားပျက်ဦးမယ်၊ အိမ်ကျမှ စားကြတာပေါ့"

မဖြူ ဖြေလိုက်ပုံကြောင့် စိုင်းမောင်မောင် ဘဝင်မကျဖြစ်သွားရသည်။

"ဟာ ... မဖြူကလဲ၊ အိမ်ထမင်းအိမ်ဟင်းက နေ့တိုင်းစားနေကျပဲဟာ၊ အခု ဈေးရောက်တုန်း ကြုံတုန်းကြုံခိုက် တစ်ခါတည်းစားသွားရအောင်ပါ၊ လာပါ၊ အားမနာပါနဲ့၊ စားရင်းသောက်ရင်း အေးအေးဆေးဆေးစကားလေးဘာလေး ပြောကြတာပေါ့"

စိုင်းမောင်မောင်မျက်နှာကို မဖြူ သေချာစူးစိုက်ကြည့်မိသည်။

သူငြင်းလိုက်ပါက စိုင်းမောင်မောင်ခမျာ တော်တော်စိတ်ထိခိုက်သွားမည့်အခြေအနေမျိုးရှိသည်။

စိုင်းမောင်မောင် စိတ်မကောင်းဖြစ်သွားမှာကို မဖြူမလိုလားပါ။

ဒါကြောင့် ...

"ကဲ ကဲ ... အစ်ကို့သဘောပါပဲ"

မဖြူလိုက်လျောလိုက်မှ စိုင်းမောင်မောင်မျက်နှာကြည်လင်ရွှင်ပျသွားတော့သည်။



မဖြူ ရောက်သွားသည့်နေရာကတော့ သပ်သပ်ရပ်ရပ် သားသားနားနား သန့်သန့်ရှင်းရှင်း တရုတ်စားသောက်ဆိုင်ကြီးတစ်ခု။

စိုင်းမောင်မောင်က စားသောက်ဖွယ်ရာများမှာလိုက်ပြီး ...

"မဖြူကို ကျွန်တော် တွေ့ချင်နေတာ ကြာပါပြီဗျာ"

"ဟုတ်လား အစ်ကို၊ ဘာဖြစ်လို့လဲ၊ တွေ့ချင်ရင် အိမ်ကိုလာခဲ့ရောပေါ့"

မဖြူရဲ့ အရိုးခံစိတ်အတိုင်း ပြောလိုက်ခြင်းကြောင့် စိုင်းမောင်မောင် ဇစ်ယောက် တော်တော် စိတ်အိုက်သွားရသည်။

ဒါကြောင့် လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာကို သုတ်ပစ်လိုက်သည်။

"လာချင်တာပေါ့ဗျာ၊ လာချင်တာပေါ့၊ အမြဲကိုလာချင်နေပါတယ်၊ ဒါပေမဲ့ ကျွန်တော် လာလို့ မဖြူမှာ အလုပ်ပျက် အကိုင်ပျက်ဖြစ်တယ်ဆိုပြီး ဒေါက်တာအောင်စိုးက ကျွန်တော့်ပေါ် မကျေမနပ်ဖြစ်မှာစိုးလို့ပါ၊ ပြီးတော့ ..."

စိုင်းမောင်မောင် စကားကို လမ်းခုလတ်မှာ ရပ်လိုက်သည်။

"ပြီးတော့ ဘာဖြစ်လဲ၊ ဆက်ပါ အစ်ကို"

မဖြူ ကိုယ့်ကိုယ်ကိုယ်တောင် မုန်းမိသည်။ စိုင်းမောင်မောင်နှင့်တွေ့လျှင် အလိုလိုနှုတ်သွက်နေမိ၍ပါ။

“ပြီးတော့ ဟိုနှင်းဆီဆိုတဲ့ကောင်မလေးကလည်း တစ်မျိုး၊ တော်တော့ကို အလိုက်ကန်းဆိုးမသိတတ်နေတော့ လွတ်လွတ်လပ်လပ်မရှိဘူးပေါ့ဗျာ”

“သြော် ... သူကလည်း ခင်လွန်းလို့ ကပ်နေရှာတာပေါ့ အစ်ကို၊ ကဲပါ ... အခု လွတ်လွတ်လပ်လပ်တွေ့ရပြီပဲ၊ ပြောစရာရှိတာပြောပါ၊ ပြောနော်”

မဖြူ၏ ရေလာမြောင်းပေးစကားကြောင့် စိုင်းမောင်မောင် အားတက်သွားရသည်။

ပြောတော့မည်ဟု ကြံစည်ခိုက်မှာပင် စားပွဲထိုးနှစ်ယောက် ဟင်းတွေ ထမင်းတွေလာချနေပြန်သဖြင့် အရှိန်သပ်လိုက်ရ၏။

“စားနော် မဖြူ အားမနာနဲ့”

အစားအသောက်တွေ လာချတော့ စိုင်းမောင်မောင်သည်စကားပဲ ပြောလိုက်ရတာပေါ့။ စိတ်ထဲမှာတော့ သိပ်မကျေနပ်ချင်။

ပြောချင်လွန်းသည့်စကားတွေကို ပြောခွင့်ရခိုက်မှာ မပြောလိုက်ရ၍ စိတ်ထဲတွင် မရိုးမရွနှင့် အခံရခက်ပေသည်။

လက်ကလည်း မဖြူရဲ့ ထမင်းပန်းကန်ထဲသို့ အပြည့်အမောက်ထည့်ပေးနေမိသည်။

“အို ... အို ... များနေပြီ၊ မဖြူ ဒီလောက်ဘယ်စားနိုင်ပါ့မလဲ အစ်ကိုရဲ့၊ ရော့ ... အစ်ကိုလည်းစားပါဦး”

“ကျွန်တော်တို့က ယောကျာ်းလေးတွေဆိုတော့ မကြာမကြာ လာစားနေချပါ ရပါတယ်၊ မဖြူသာ အဝစားစမ်းပါနော်”



မဖြူ ဘာမှပြန်မပြောဘဲ စိုင်းမောင်မောင်ထည့်ပေးသောဟင်းများကို စားပြနေလိုက်သည်။

“ကျွန်တော့်နာမည် စိုင်းမောင်မောင်ဆိုရတာ မဖြူ သိပါတယ်နော်”

စိုင်းမောင်မောင် အမေးကြောင့် မဖြူ ကြောင်တောင်တောင်ဖြစ်သွားရသည်။

“သိပါတယ်၊ အစ်ကိုကလည်း အရေးထဲ နောက်နေပြန်ပါပြီ”

ရယ်မောမောနှင့် မဖြူ ပြန်ဖြေလိုက်သည်။

“ကျွန်တော် မနောက်ပါဘူး မဖြူရဲ့၊ စကားအကောင်းပြောနေတာပါ၊ ဒီနာမည်ကို ကျွန်တော့်မိဘတွေကပေးခဲ့တာလေ၊ အဖေတို့အမေတို့က ဘာကြောင့် ဒီနာမည်ပေးခဲ့လဲဆိုတာ မဖြူသိရဲ့လား”

“အို ... ဘယ်သိပါ့မလဲ၊ အစ်ကို့မေးခွန်းတွေက အဆန်းချည်းပဲ”

“စိတ်မဆိုးပါနဲ့နော် မဖြူ၊ စိတ်မဆိုးပါနဲ့၊ ကျွန်တော့်ကို မိဘတွေကချစ်လွန်းလို့ မောင်မောင်လို့နာမည်ပေးခဲ့တာလေ”

မဖြူက စားနေရင်းမှ မျက်ချက်ပေးလိုက်သည်။ စိုင်းမောင်မောင် သူ့စကားတွေ ခဏရပ်ပြီး ထမင်းစားနေသည်။

“မိဘတွေကသာ ချစ်တာပါဗျာ”

စိတ်ပျက်လက်ပျက်ပုံစံဖြင့် ပြောနေသော စိုင်းမောင်မောင်မျက်နှာ ညှိုးညှိုးငယ်ငယ်ကလေးဖြစ်သွား၏။

"ဘယ်သူတွေက မချစ်လို့လဲဟင်"

မဖြူ စိတ်ဝင်စားစွာမေးလိုက်၏။

"ကျွန်တော့်ဘဝကိုက ဆိုးပါတယ်ဗျာ"

"ဘာတွေ ဒီလောက် စိတ်ညစ်နေရတာလဲ"

မဖြူက မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နှင့် ထပ်မေးမိပြန်သည်။

"ကျွန်တော်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်အတွက် ပေါ့"

"ဘယ်မိန်းကလေးတစ်ယောက်အတွက်လဲ၊ ဘယ်သူလဲ၊ ပြောပါ နှင်းဆီလား"

မဖြူ တမင်သက်သက်မေးလိုက်ခြင်းပါ။ နှင်းဆီအတွက်မဟုတ်မှန်း သူသိပါသည်။

"ဟော ... မဟုတ်တာမေးပြန်ပြီဗျာ"

မဖြူအမေးကို စိုင်းမောင်မောင် မျက်နှာရှုံ့မဲ့ရင်း ဖြေလိုက်သည်။

"အစ်ကိုက ဘာမဟုတ်တာတွေ၊ ဟုတ်တာတွေ ပြောနေ၊ နှင်းဆီမျာမှာတော့ အစ်ကို့ကို အသည်းစွဲချစ်လို့"

"ခက်ပါတယ်ဗျာ၊ ကျွန်တော်က သူ့ကို မပူပါဘူး၊ ပူတာက ..."

စိုင်းမောင်မောင် စကားရပ်ပြီး မဖြူ မျက်နှာလုလုလေးကို စူးစိုက်ကြည့်ပြီး ပြုံးပြလိုက်ပြီးနေ၏။

စိုင်းမောင်မောင်အကြည့်များကို မခံနိုင်တော့၍ မဖြူ မျက်လွှာချလိုက်ရပါသည်။ မဖြူ သိလိုက်ပါပြီ။



စိုင်းမောင်မောင် ယဉ်ယဉ်ကလေး သူ့ကို ရည်းစားစကားပြောနေပြီဟု သိရသည်။

"မဖြူ"

"ရှင်"

"ခေါင်းငုံ့မထားပါနဲ့ဗျာ၊ ကျွန်တော့်ကိုကြည့်ပါဦး၊ ကျွန်တော် မဖြူကို သိပ်ပြီး ချစ်နေမိပြီဗျ"

အားမလိုအားမရသံကြီးဖြင့် စိုင်းမောင်မောင် ပြောလိုက်သော်လည်း မဖြူ သူ့ကို မော့မကြည့်ဘဲ အသာငြိမ်နေလိုက်၏။

ရတီတရက်ဆိုသလိုပင် မဖြူ မျက်လုံးထဲ၌ သနားစဖွယ် နှင်းဆီမျက်နှာလေး ပေါ်လာသည်။

"မဖြူ ... ကျွန်တော်ပြောတာ ကြားရဲ့လား"

"ကျွန်တော် မဖြူကို သိပ်ချစ်နေမိပြီဗျာ၊ မဖြူကို လက်လွှတ်ဆုံးရှုံးရမှာ တွေးပူမိတယ်၊ မဖြူ မျက်နှာလေးကို အမြဲမြင်တွေ့ပြီး နေချင်တယ်၊ မဖြူကော ကျွန်တော့်အပေါ် ဘယ်လိုသဘောထားသလဲဟင်၊ ကျွန်တော့်ရင်တွေ ပူနေပြီဗျာ"

မဖြူကတော့ ဘာမှ ပြန်မပြောပေ။ ငြိမ်သက်ပြီး နေလိုက်သည်။

"ကျွန်တော့်ကို စိတ်ဆိုးသွားပြီလားဟင်၊ မဖြူရယ် စိတ်တော့မဆိုးလိုက်ပါနဲ့ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် မဖြူကို ချစ်လွန်းလို့ ပြောမိတာပါ"

စိုင်းမောင်မောင်ရဲ့ပြောဆိုသံက လှိုက်လှိုက်လှဲလှဲရှိလှသည်။

"လူပျိုတစ်ယောက်က အပျိုတစ်ယောက်ကို ချစ်ရေးဆိုခွင့်ရှိပါတယ်၊ ဒါစိတ်ဆိုးစရာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ..."

မဖြူစကားကို ခေတ္တရပ်လိုက်သဖြင့် စိုင်းမောင်မောင် မျက်နှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ...

"ဒါပေမဲ့ ဘာဖြစ်သလဲ၊ ပြောပါ မဖြူရယ်၊ ကျွန်တော် ရင်တွေတုန်ပြီး မောလာလို့ပါ"

"မဖြူ အစ်ကို့ကို မချစ်ပါရစေနဲ့၊ ခင်ရုံပဲခင်ပါရစေလား"

မဖြူ ပြတ်ပြတ်သားသား ပြောဆိုလိုက်ပါ၏။

သူ သည်လို ပြတ်ပြတ်သားသားပြောဆိုရသည်မှာ နှင်းဆီအတွက်ပါ။

စိုင်းမောင်မောင်မှ စိုင်းမောင်မောင်ဆိုပြီး အရမ်းကို စွဲလမ်းနေသော နှင်းဆီဆိုသည့် မြီးကောင်ပေါက်အရွယ် မိန်းမချောကလေး ဘဝတစ်ခု မညှိုးနွမ်းစေလိုသည့်အတွက်ဖြစ်သည်။

မဖြူအဖြေကြောင့် စိုင်းမောင်မောင် ငိုင်သွားရပေပြီ။ မဖြူကို စူးစူးစိုက်စိုက်ကြည့်ရင်း စိုင်းမောင်မောင် နားမလည်သလို မေးမိလေသည်။

"ကျွန်တော့်အချစ်ကို လက်မခံနိုင်တာဟာ ဘာဖြစ်လို့လဲဗျာ"

မဖြူ ချက်ချင်းမဖြေပေ။

"ကျွန်တော့်ကိုငြင်းရတဲ့အကြောင်းကလေးတော့ ကျွန်တော် စိတ်ချမ်းသာအောင် သိခွင့်လေးပေးပါ မဖြူရယ်"



စိုင်းမောင်မောင် တောင်းပန်တိုးလျှိုးလိုက်၍ မဖြူ သက်ပြင်းရှိုက်ရင်း ဖြေလိုက်သည်။

"မဖြူမှာ ချစ်သူရှိတယ်"

"ဗျာ ... ချစ်သူရှိတယ်"

စိုင်းမောင်မောင် သံယောင်လိုက်၍ ရေရွတ်မိလေသည်။ မဖြူ စိုင်းမောင်မောင်ကို မကြည့်ရက်တော့ပါ။

သည်လိုပြောလိုက်ရင် စိုင်းမောင်မောင်တစ်ယောက် ဘယ်လောက် စိတ်ထိခိုက်မယ်၊ ခံစားရမယ်ဆိုတာ မဖြူ ခန့်မှန်းမိပြီးဖြစ်သည်။ သို့သော်လည်း မဖြူ ဘယ်လိုမှ မတတ်နိုင်ခဲ့ပါ။

စိုင်းမောင်မောင်ရေ ... မဖြူကို ခွင့်လွှတ်ပါနော်လို့ နှုတ်ကပင် အသံထွက်ပြီး မဖြူ တောင်းပန်ချင်နေမိသည်။

"မဖြူချစ်သူဆိုတာ ဒေါက်တာအောင်စိုးမှဟုတ်ပါလေစ၊ ကျွန်တော် သိခွင့်ရှိရင် သိပါရစေ"

စိုင်းမောင်မောင်ရင်ထဲ မချိ၍ အသံတွေ မှုမမှန်တော့ပါ။ ငိုသံပင်ပါနေပါသည်။

မဖြူ ငေးငိုင်နေမိသည်။ မဖြူရဲ့ချစ်သူ ဘယ်သူလို့ ပြောရပါ့မလဲလို့လည်း စဉ်းစားနေမိ၏။

"ဟုတ်တယ်မဟုတ်လားဟင်၊ ကျွန်တော်မြင်တာ မှန်တယ် မဟုတ်လားဗျာ"

စိုင်းမောင်မောင် ထပ်မေးလာ၍ မဖြူ ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်သည်။

"ဟွန်း ... ကျွန်တော်ထင်ထားတဲ့အတိုင်းပါပဲကိုး၊ ကျွန်တော် နည်းနည်းလေး နောက်ကျသွားတာပါဗျာ၊ အပြောနောက်

ကျသွားတာပါ၊ ဒါပေမဲ့ ကျွန်တော်က မဖြူကို ဒေါက်တာအောင်စိုးထက် အရင်စောပြီး တွေ့ခဲ့တာပါ၊ တွေ့တွေ့ချင်းကတည်းက ရင်ထဲမှာ ချစ်ခဲ့နေတာပါ မဖြူရယ်"

စိုင်းမောင်မောင် မချိတင်ကဲ ပြောနေသောကြောင့် မဖြူပင် ငိုချင်နေမိသည်။ ကြာရင် မဖြူ ဟန်မဆောင်နိုင်တော့ဘဲ ငိုချမိတော့မည်။

ဒါကြောင့် ထိုင်ရာမှထ၍ စိုင်းမောင်မောင်ကို သေချာစေ့စေ့ကြည့်ရင်း ...

"မဖြူကို ခွင့်လွှတ်ပါ အစ်ကို၊ မဖြူကို ခွင့်လွှတ်ပါ၊ တစ်ခုတော့ မဖြူမှာခဲ့ပါရစေ၊ မဖြူအချစ်ကို မရနိုင်မှန်းသိလျက် နဲ့ ပူဆွေးတမ်းတနေမယ့်အစား ကိုယ်တကယ်ချစ်မြတ်နိုးရာလို့ အစ်ကို့အချစ်ကို တမ်းတနေရှာတဲ့ မနှင်းဆီကို ကိုယ်ချင်းစာပြီး ပြန်ချစ်ဖို့ ကြိုးစားပါလို့ မဖြူ မှာခဲ့ပါရစေ၊ မဖြူကိုတကယ်ချစ်ရင် မဖြူ တိုက်တွန်းတာကို လက်ခံနိုင်အောင်ကြိုးစားပါ အစ်ကိုရယ်နော်၊ မဖြူ သွားတော့မယ်"

အားတင်းပြီး မရွှင်သည့်နှလုံး ဟန်ဆောင်ပြုံးပြီး စိုင်းမောင်မောင်ကို နှုတ်ဆက်ထွက်ခဲ့သည်။

သို့သော် ပြုံးသူမှာ မျက်ရည်စတွေနဲ့ပါလား။

အသည်အခြေကတော့ ရှင်းပါတယ်။ မဖြူ အစ်ကို စိုင်းမောင်မောင်ကို ချစ်မိနေလို့ပါပဲကွယ်။

✤ ✦ ✤



## အခန်း(၂၀)

နှင်းဆီတစ်ယောက် အိပ်မပျော်တာ သုံးလေးရက်ရှိသွားပြီ။

အခုတစ်လော စိုင်းမောင်မောင်တစ်ယောက် ပျောက်ချက်သားကောင်းနေသည်။

ညညဆို ခါတိုင်းလို သီချင်းသံလည်း မကြားရတော့ပါ။ နေ့ဘက်မှာလည်း စိုင်းမောင်မောင်ကို အရိပ်အယောင်ပင် မတွေ့ရ။

နှင်းဆီရောဂါကလည်း ပြင်းထန်သည်။ စိုင်းမောင်မောင်ကို လူချင်းတွေ့ပြီး စကားပြောခွင့်မရတောင်မှ သူ့လှုပ်ရှားမှုလေးကို ခပ်လှမ်းလှမ်းကမြင်ရသည်။ သို့မဟုတ် သူ့အသံလေးကို ညဘက် အိပ်ရာထဲမှ နားထောင်နေရရင် ခံစားနေရသည့်ဝေဒနာ သက်သာပြီး အိပ်ပျော်ရရှာသည်ကိုး။

ဒါကြောင့် သည်နေ့ ကျောင်းမှာ စိုင်းညီညီကို မေးကြည့်မိတော့ စိုင်းညီညီက သူ့အစ်ကို အောင်ပန်းရောက်နေသည်ဟု သတင်းပေး၏။

ကနေ့ နှင်းဆီ အိပ်မပျော်တာကတော့ စိုင်းညီညီကြောင့်ပါ။

တစ်နေ့လုံး ညီညီ့ကြောင့် နှင်းဆီ ဒေါပွလိုက်ရသည့်ဖြစ်ခြင်း။ သည်နေ့ ကျောင်းမှာ ညီညီက ...

"နှင်းဆီ"

"ဘာလဲ"

"နှင် ငါ့အစ်ကိုကို တော်တော်စိတ်ဝင်စားနေတယ်ပေါ့"

"အေး ဟုတ်တယ်၊ ငါ့ဘာသာငါ စိတ်ဝင်စားတာ နှင်နဲ့ ဘာဆိုင်လဲ"

"ငါကတော့ မနာလိုဘူးဟာ"

သည်အထိ နှင်းဆီက မရိပ်မိသေး။

"မနာလိုလည်း လဲသေလိုက်ပေါ့"

နှင်းဆီက စိတ်ပေါက်ပေါက်နှင့်ပြောပြီး ထွက်ခဲ့သည်။

သည်လိုပြောခဲ့ခြင်းကို စိုင်းညီညီက မကျေနပ်။ အတင်းနောက်ကလိုက်လာပြီး ...

"နှင်းဆီ"

"ဘာတုံး"

"နှင့်ကို ငါချစ်နေတယ်ဆိုတာ နှင်မသိဘူးလား"

ဒေါသထွက်လိုက်တာတော့ အရင်ပေါ့။ ဒါကြောင့် ညီညီ့မျက်နှာစေ့စေ့ကြည့်ရင်း ကုန်းအော်ပစ်လိုက်သည်။

"မသိဘူး ... မသိဘူး ... သိလည်းမသိချင်ဘူး"



"ဪ ... နှင့်ကို ငါ ဒီလောက်ကြည့်နေတာ ဘာကြောင့်လဲဆိုတာ နှင်မရိပ်မိဘူးလား၊ ချစ်လို့၊ သိလား ချစ်လို့"

စိုင်းညီညီစကားကြောင့် နှင်းဆီ ဒေါပွသွားရင်း ...

"နှင့်ဘာသာနှင်ချစ်နေ၊ ငါကတော့ မချစ်ဘူး၊ ဒီလောက် တောင်စော်ကားချင်တဲ့အကောင် ဖယ်နော်၊ နှင့်ကို ငါ ပါးရိုက်ပစ်လိုက်မယ်"

နှင်းဆီ ဒေါသတွေ ဘယ်ကတပ်ချိပြီး ရောက်လာကြသည်မသိ။ ယမ်းပုံမီးကျသည့်အတိုင်း အသားတွေဆတ်ဆတ်တုန်ပြီး အသံကျယ်ကြီးနှင့် ဒေါသတွေထွက်နေမိသည်။

"မဖယ်ဘူး၊ ငါ လုံးဝမဖယ်ဘူး၊ နှင်ရိုက်ချင်ရင်ရိုက်"

စိုင်းညီညီကလည်း မလျှော့သောဖွဲ့နဲ့ပဲ လမ်းကျဉ်းကလေးတွင် နှင်းဆီ လမ်းလျှောက်မသာအောင် ရှေ့ကပိတ်ရပ်နေလိုက်သည်။

နှင်းဆီကို အထင်သေးတာလည်းပါသည်။ အားနွဲ့သူတစ်ယောက်ဖြစ်သည့်အပြင် မိမိခင်မင်ရင်းနှီးစွဲရှိသူမို့ ရက်ရက်စက်စက်လုပ်လိမ့်မည်ဟု စိုင်းညီညီမထင်။

"ဖယ်နော်၊ ငါပြောနေတယ်၊ ဖယ်ဆိုဖယ်ပေး"

နှင်းဆီ ပြောရင်းဆိုရင်း အကူအညီများပေါ်လာမလားဟု နောက်ကျောဘက်ကို လှည့်ကြည့်သေး၏။

ကြည့်သာကြည့်ရသည် သည်လမ်းကျဉ်းကလေးက ဖြတ်လမ်းဘက်မို့ လူသွားလူလာနည်းသည်။ ဒါကြောင့် လူသုံးနည်းသည်။

"မဖယ်ဘူးကွာ"

"ဖယ်နော်၊ ငါ ဒါနောက်ဆုံးပြောနေတာ"

"ငါကလည်း အပြတ်ပြောတာ၊ မဖယ်ဘူး"

"တောက် ... မဖယ်ရင် ကဲဟာ"

"ဖြန်း"

စိုင်းညီညီ၏ပါးတစ်ဖက် ပူခနဲဖြစ်သွားလေသည်။

နှင်းဆီ၏လက်သံက ပြောင်လွန်းလှသည်။ မထင်မှတ်ဘဲ ပါးရိုက်ခံလိုက်ရ၍ ကြောင်သွားသော စိုင်းညီညီကို နှင်းဆီက တွန်းထိုးပြီးထွက်လာခဲ့သည်။

"ဝါး ... ဟား ... ဟား ... ညီညီရေ ... အမျှ ... အမျှ"

ဘယ်အချိန်ကရောက်လာမှန်းမသိသော ငလောင်တစ်သိုက်က စိုင်းညီညီတို့ ဖြစ်ရပ်ကို ခပ်လှမ်းလှမ်းမှတွေ့ မြင်၍ လှမ်းပြီး အော်ဟစ်နောက်ပြောင်ကြတော့သည်။

စိုင်းညီညီ ရှက်သွားသည်။ အလွန်တရာ ဒေါသထွက်မိသည်။

အပေါင်းအသင်းတွေအပေါ် စိုင်းညီညီက နှင်းဆီကို အချိန်မရွေး သူကြိုက်ချင်လျှင် ရနိုင်သည်ဟု ကြွားထားတာတွေ အလကားဖြစ်ရလေပြီ။

"အချစ်ကြီးတော့ အမျက်ကြီးရပြီပေါ့၊ ဟေ့ ... နှင်းဆီ၊ နေနှင့်ဦးပေါ့ဟာ၊ ညီညီ့အကြောင်း တစ်နေ့ မင်းသိရစေမယ်ဟေ့"

စိုင်းညီညီ အသံကကျယ်လွန်း၍ နှင်းဆီသာမက ကျောင်းကလူတွေပင် ကြားနိုင်လောက်လေသည်။



နှင်းဆီကတော့ ဒေါသတွေ တတွတ်တွတ်နှင့် အိမ်ကို ကဆုန်ပေါက်မပြေးရုံတမည် ထဘီတိုတိုဝတ်ကာ ပြန်ခဲ့သည်။

အဲသည်ဒေါသက အခုထိ မပြေချင်သေးပါ။ သည်ကိစ္စတွေကို အိမ်ကလူကြီးတွေကိုတောင် နှင်းဆီ အသိမပေးပါ။

ဒါပေမဲ့ စိုင်းမောင်မောင်ကိုတော့ သူပြောပြချင်ပါသည်။

အစ်ကိုရယ် ... နှင်းဆီအဖြစ်တွေ ကြည့်လှည့်ပါဦး။ အစ်ကိုကို နှင်းဆီချစ်မိလို့ အစ်ကို့ရဲ့ညီ အခွင့်အရေးယူပြီး စော်ကားတာတွေ ခံနေရပါပြီ။

နှင်းဆီမှာ ကျိတ်ပြီးငိုလိုက်၊ ဒေါသထွက်လိုက်နှင့်။ အရဏ်ဦးကျမှ မှေးခနဲ အိပ်ပျော်သွားရသည်။

✤ ✦ ✤

## အခန်း(၂၁)

"သံယောဇဉ်ဆိုတာ ဖြတ်ရခဲပါလားနော်"

မဖြူစိတ်ထဲက ကျိတ်ပြီး ညည်းညူလိုက်မိခြင်းပင်။

တကယ်တော့ သည်မြေကြီးမှာ မဖြူ နေချင်စိတ် မရှိတော့ပါ။

တတိတ်တခိုးချစ်ခင်တွယ်တာနေမိသော စိုင်းမောင်မောင်ကို သူ ဆုံးရှုံးခဲ့ရပြီမဟုတ်ပါလား။

မဖြူတို့အဖြစ်က ဆိုးလွန်းပါသည်။ တစ်ယောက်ကိုတစ်ယောက် အသည်းနစ်အောင်ချစ်ပါလျက်နှင့် ခွဲခွာခဲ့ရသည့် အဖြစ်။

လူတစ်ယောက်အတွက် မဖြူ သူ့ရဲ့အသည်းကို စတေးလိုက်ပြီပဲ။

ဤအရပ်ဒေသသည် မဖြူအတွက် သာယာမှုကင်းဝေးစေပြီး ပူပြင်းခြောက်သွေ့လွန်းလှချေပြီ။

သို့သော် သူ့မှာ တွယ်တာနေမိသော သံယောဇဉ်ကြိုးကလေးတစ်မျှင်က ရှိနေပြန်၏။



ပုလဲလေးပါ။ နောက် မဖြူအပေါ် အစစအရာရာ အလွန်ကောင်းလှသည့် ဒေါက်တာအောင်စိုးတို့မိသားစု။

အခုလည်း ကြည့်ပါဦး။ မဖြူ အင်းလေးကို မရောက်ဖူးသေး၍ ဒေါက်တာအောင်စိုးတို့မိသားစုက အင်းလေးသို့ လိုက်ပို့ပေးနေပြန်သည်။

ဒေါက်တာအောင်စိုး မိသားစုဆိုသည်မှာ ဒေါက်တာအောင်စိုး၊ ဒေါ်နန်းသီတာနှင့် ပုလဲတို့ဖြစ်ပါသည်။

"ရှေ့ဆက်သွားရင် တောင်ကြီးပဲ၊ မဖြူ ဒီလမ်းခွဲက ညောင်ရွှေလမ်းခွဲ ညောင်ရွှေကို နာရီဝက်လောက်မောင်းရင် ရောက်ပြီ"

ဒေါက်တာအောင်စိုး တစ်လမ်းလုံး မဖြူကို ရှင်းပြသွားသည်။

"မဖြူ တောင်ကြီးကိုရောက်ဖူးသလား" ခရီးစဉ် ရှင်းပြနေရာမှ စကားဖြတ်၍ ဒေါက်တာအောင်စိုး မေးလိုက်ခြင်းဖြစ်သည်။

"တစ်ခါမှမရောက်ဖူးပါဘူး ဆရာ"

"တောင်ကြီးကတော့ ရှမ်းပြည်နယ်မှာ အကြီးဆုံးမြို့ပေါ့ဗျာ၊ လှလည်းလှတယ်၊ စားချင်သောက်ချင်တာလည်း အကုန်လုံး အချိန်မရွေးရတယ်၊ စည်တာပေါ့ဗျာ၊ အဆင်ပြေတဲ့တစ်နေ့ လိုက်ပို့ပါဦးမယ်၊ တောင်ကြီးက တော်တော်မြင့်တယ်ဗျ၊ ပေလေးထောင်ကျော်ရှိတယ်"

စကားပြောတာရပ်ပြီး ဒေါက်တာအောင်စိုး ကားမောင်းသည်။ ကားကို အာရုံစူးစိုက်ထားလိုက်ပြန်သည်။

ဒေါက်တာအောင်စိုးတစ်ယောက် အခန်းတွင်းဝင်နေ၏။

ဒေါ်နန်းသီတာကတော့ တစ်လမ်းလုံး စိပ်ပုတီးပဲ စိပ်နေ၏။

ပုလဲကတော့ ကလေးပီပီ လူကြီးတွေပြောဆိုတဲ့ စကားကို နားထောင်လိုက်၊ သူသိချင်တာတွေ လှမ်းမေးလိုက်နှင့်။

"ဒယ်ဒီ"

ပုလဲခေါ်လိုက်သည်။

"ဘာလဲ သမီး"

"သမီးတို့ အင်းလေးရောက်တော့မှာလားဟင်"

"ရောက်တော့မယ်သမီးရဲ့၊ ညောင်ရွှေမြို့ဆိုတာ အရင်ရောက်မယ်၊ ပြီးတော့ စက်တပ်ထားတဲ့လှေနဲ့ အင်းထဲသွားရမှာ"

ဒေါက်တာအောင်စိုး ရှင်းပြလိုက်သည်။

"ဖောင်တော်ဦးဘုရားက ဘယ်မှာလဲ ဆရာ"

သည်တစ်ခါ မေးသူကတော့ မဖြူပါ။

"ဟဲရား ရွာမကြီးဆိုတာလည်း တောင်ပေါ်မှာပဲလား ဆရာ"

မဖြူ ကြားဖူးသမျှကို မေးလိုက်ပြန်သည်။

"တောင်ပေါ်မှာပဲလေ၊ သူကလည်း ပင်လယ်ရေမျက်နှာပြင်အထက် ပေနှစ်ထောင့်ကိုးရာကျော်မှာရှိတယ်"

ဖြေသူကလည်း ဖြေ၏။

"ဟင် ... ရက်ကန်းခတ်သံတွေကလည်း ဆူညံလို့ပါလား"



ညောင်ရွှေမြို့အဝင်မှာ မဖြူ လွတ်ခနဲ ပြောလိုက်မိသည်။

"ရက်ကန်းဆိုတာ ဘာလဲ ဆရာမ"

ပုလဲအမေး။

"အင်္ကျီလုံချည်ချုပ်တဲ့အဝတ်စတွေကိုလုပ်တဲ့ စက်ကို မြန်မာလို ရက်ကန်းလို့ခေါ်တယ်"

မကြာပါ။ ဒေါက်တာအောင်စိုး၏ကားက သူ့မိတ်ဆွေပဲ့ချိတ်စက်တပ်လှေငှားစားသည့် ဦးခွန်မိုး၏အိမ်သို့ရောက်လာ၏။

ကားကို ဦးခွန်မိုးဆီမှာအပ်ပြီး ဦးခွန်မိုး စီစဉ်ပေးသည့် ပဲ့ချိတ်ဖြင့် မဖြူတို့အုပ်စု အင်းလေးသို့လာခဲ့ကြ၏။ မြန်လိုက်သည့်ပဲ့ချိတ်လေး။

ရေပန်းများ တဖွားဖွားလွင့်တက်ဖြာကျနေ၏။

ဒါကိုကြည့်၍ ပုလဲမှာ ပျော်လို့မဆုံး။

ပဲ့ချိတ်နံဘေးမှာ လက်ချထားလျက် လှေတွင်းထဲရေကို လက်ဖြင့် ခံထားသည်။

"ဆရာမ ... ဆရာမ၊ ငါးကလေးတွေ မြင်ရတယ် ဆရာမ"

မဖြူကို အော်ပြောလိုက်ပြီး ပုလဲတစ်ယောက် အရမ်းကို ပျော်လာမိ၏။

ပုလဲကိုကြည့်ပြီး မဖြူလည်း ပျော်လာမိပါသည်။ အင်းရေက ကြည်လင်လွန်းလှသဖြင့် ငါးသေးများကိုပင် မြင်နေရသာဖြစ်သည်။

"ဟာ ... ကျွန်းတွေမနည်းပါလား"

မဖြူ လွှတ်ခနဲ ပြောမိပြန်သည်ကို ဒေါက်တာအောင်စိုးက ရှင်းပြလိုက်သည်။

"ကျွန်းတော့ကျွန်းပဲ၊ ဒါပေမဲ့ ကျွန်းမျောလို့ခေါ်တယ်"

"ကျွန်းမျော"

မဖြူ နားမလည်သလို ရေရွတ်မိသည်။

"ဒီကျွန်းတွေက သဘာဝကျွန်းတွေမဟုတ်ဘူးလေ မဖြူ လူတွေလုပ်တဲ့ကျွန်းတွေပေါ့၊ ကိုယ်လိုချင်တဲ့နေရာမှာ ရွှေ့ထားလို့ရတယ်"

ဒေါက်တာအောင်စိုး စကားဆက်လိုက်ပြန်သည်။

"မဖြူ ဒီမှာတွေ့လား၊ ဒီကျွန်းတွေပေါ်မှာ ယာခင်းတွေစိုက်လို့ရတယ်၊ မြေဩဇာကောင်းလွန်းလို့ သိပ်လည်းဖြစ်ထွန်းတယ်"

"အဲဒီကျွန်းမျောတွေပေါ်မှာ မွေးမြူရေးမလုပ်ကြဘူးလား"

"လုပ်တာပေါ့ မဖြူရဲ့၊ ဒီမွေးမြူရေးလုပ်ငန်းက အင်းတစ်ဝိုက်က နွားတွေအတွက် ရိက္ခာတွေပဲပေါ့"

"ဆရာနဲ့သွားရတာ သိပ်ဟန်ကျတာပဲ၊ မဖြူမှာ ဗဟုသုတ သိပ်တင်တာပဲ ဆရာ"

"ကျွန်တော်တို့က ပြည်သူတွေအကြား အမြဲဆင်းပြီး အလုပ်အကျွေးပြုနေရတာကိုး၊ ဒီလောက်တော့ သိနေရတာပေါ့ဗျာ၊ ဟော ... မဖြူ ဟိုမှာ ဟဲရားရွာမကြီးပဲ၊ အကြီးဆုံးကျွန်းမျောကြီးပေါ်မှာ ရွာတည်ထားတာလေ"



ဒေါက်တာအောင်စိုး ညွှန်ပြရာကို ကြည့်ရင်း မဖြူ ပါးစပ်ကလေး အဟောင်းသားဖြစ်သွားရသည်။

ရေလယ်က ကျွန်းကြီးတစ်ကျွန်းပေါ်မှာ တည်ရှိသောရွာက သိပ်ကြီးလွန်းနေလို့ပါ။ မကြာလိုက်ပေ။ မော်တော်ဦး ဘုရားစောင်းတန်းခြေရင်းတွင် ပဲ့ချိတ်ကိုကပ်ပြီး ရပ်လိုက်၏။

ဒေါက်တာအောင်စိုးက ကမ်းပေါ်အရင်ဆုံးတက်နှင့်ပြီး နောက်မှပါလာသော ဒေါ်နန်းသီတာလက်ကို ဆွဲပြီး ဖေးမလိုက်သည်။

"ဖြည်းဖြည်းကြည့်ဆင်းနော်"

ဒေါ်နန်းသီတာအလှည့်ပြီးလျှင် သမီးလေးပုလဲအလှည့်ပေါ့။ မဖြူက နောက်ဆုံး။

မဖြူရင်တွေခုန်နေသည်။ လှေပေါ်မှာ ခြေလှမ်းလိုက်တိုင်း လှေက လူးလူးသွားသည်။

သတိကြီးစွာဖြင့် လှေဝမ်းထဲမှာလျှောက်ရင်းမှ ဒေါက်တာအောင်စိုး ရပ်စောင့်နေသည့်နေရာ ရောက်လာ၏။ သို့သော် မဖြူ ကံကောင်းသလား၊ ဆိုးသည်လား ကွဲကွဲပြားပြား မသိ။

ကမ်းပေါ်လှမ်းအတက်မှာ လှေဘောင်ရိုးကို မဖြူ ခြေတစ်ဖက်က အရှိန်ဖြင့် နင်းလိုက်မိသည်။

သည်တော့ လှေတိမ်းစောင်းရာ မဖြူ၏ကိုယ်နေဟန်ထားလည်း ပျက်သွားရချေ၏။

မဖြူထိန်းတော့ထိန်းလိုက်ပါသေးသည်။ ဒါပေမဲ့ မရ။ လုံး၀ ထိန်းမရတော့ဘဲ မဖြူကိုယ်ကလေး ကမ်းပေါ်သို့

ဟပ်ထိုးကျလုနီးနီး၌ လက်ဆွဲတင်နေသော ဒေါက်တာအောင်စိုးက ဆီးမွေ့ ထားလိုက်ရသည်။

မဖြူရဲ့ကြော့ရှင်းလှပတဲ့ ကိုယ်လုံးလေးနှင့် လူတစ်ကိုယ်လုံး ဒေါက်တာအောင်စိုး၏ ရင်ခွင်ထဲသို့ မမျှော်လင့်ဘဲ ရောက်သွားရ၏။

ရှက်လိုက်တာမပြောပါနဲ့တော့။ ရှက်လွန်းလို့ မျက်နှာကို ဓားနဲ့လှီးပစ်လိုက်ချင်သည်ဆိုသည့်စကားကို ခုမှ မဖြူ ကိုယ်တွေ့ကြုံလိုက်ရသည်။

ဒေါ်နန်းသီတာနှင့် ပုလဲတို့လည်း ခပ်လှမ်းလှမ်းကကြည့်နေဆဲမှာမှ အခုလိုဖြစ်ရသည့်အတွက် မဖြူ မျက်နှာပင် မဖော်ရဲတော့ဘဲ ခေါင်းကို တွင်တွင်ငုံ့ထားမိ၏။

ရင်တွေခုန်လိုက်တာလည်း မပြောပါနှင့်တော့။

ဒေါက်တာအောင်စိုး ရင်ခွင်မှ မဖြူ ချက်ချင်းရုန်းထွက်လိုက်မိ၏။

မဖြူရုန်းထွက်လိုက်မှ ဒေါက်တာအောင်စိုးကလည်း သတိဝင်လာပြီး တင်းတင်းရင်းရင်းပွေ့ထားမိသောလက်များကို ဖြေလျော့ပေးလိုက်ရသည်။

"ကျေးဇူးပါ ဆရာ"

ဒေါက်တာအောင်စိုး မျက်နှာကိုမကြည့်ဘဲ ကတုန်ကယင်အသံလေးဖြင့် မဖြူ ပြောလိုက်သည်။

"ရပါတယ်၊ လာ ... သွားကြစို့၊ မယ်မယ်တို့စောင့်နေတယ်"

ဒေါက်တာအောင်စိုး အသံထိန်း၍ပြောရင်း ဟန်မပျက်ပင် ရှေ့ကလျှောက်သွားလိုက်သည်။



မဖြူလည်း ကတုန်ကယင်ဖြင့် ခေါင်းငုံ့ကာ ဒေါက်တာအောင်စိုးနောက်မှ လိုက်လာခဲ့ရသည်။

"ကဲ ... ရှမ်းပြည်နယ်ရဲ့ တန်ခိုးကြီးဘုရားငါးဆူကို အဝ သာအာရုံပြုပြီးရှိခိုးပေတော့ မဖြူရေ၊ လူတွေကြည်ညိုလွန်းပြီး ရွှေချထားလို့ ဆင်းတုတော်တွေကတော့ မဖြူမြင်တဲ့အတိုင်းပဲ၊ ပုံတော်တောင်မပေါ်တော့ဘူး၊ ကဲ ... မဖြူ ဘုရားဝင်ပြုပြီး လိုရာဆုသာတောင်းပါ၊ အဲဒါ ဆုတောင်းပြည့်ဘုရားပဲ"

ဒေါ်နန်းသီတာက မဖြူကိုပြောပြရင်း ကိုယ်တိုင်လည်း ဘုရားဝတ်ပြုလိုက်သည်။

ဒေါ်နန်းသီတာ အပြောကောင်းသောကြောင့် တစ်ကြောင်း၊ မဖြူ ကြားဖူးနားဝဖြင့် နဂိုကပင် ကြည်ညိုချင်နေသော ဘုရားများဖြစ်၍ မဖြူ သေသေချာချာ အာရုံပြုရင်း ရှိခိုးလိုက်သည်။

မဖြူ ဘုရားရှိခိုးပြီး၍ မျက်စိဖွင့်ကြည့်လိုက်တော့ ဒေါ်နန်းသီတာ ဝတ်ပြုမပြီးသေးကြောင်းတွေ့ရ၏။

ထိုင်ရာမှထပြီး ဟိုဟိုသည်သည်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းတွင် ရပ်နေသော ဒေါက်တာအောင်စိုးကို တွေ့ရ၍ မဖြူ လျှောက်သွားရင်း ...

"ပုလဲရောဆရာ"

မဖြူအမေးကို ဒေါက်တာအောင်စိုး နှုတ်ကမဖြေဘဲ လက်ညှိုးထိုးပြလိုက်သဖြင့် မဖြူ လှမ်းကြည့်လိုက်ရာ၊ ကန်ဘက်ကိုငေးကြည့်နေသော ပုလဲကိုတွေ့ရ၏။

ပုလဲရှိရာသို့သွားရန် မဖြူ ခြေလှမ်းပြင်လိုက်သည်။

"ဘာဆုတောင်းခဲ့သလဲ မဖြူ"

ဒေါက်တာအောင်စိုးက ရင်းရင်းနှီးနှီး မေးလာသဖြင့် မဖြူ ခြေလှမ်းများ တန့်သွားရသည်။

"ဆရာရော ဘာဆုတွေတောင်းသလဲ"

မဖြူကမဖြေဘဲ မေးခွန်းပြန်ထုတ်လိုက်သည်။

"ကျွန်တော်ကတော့ ချစ်တဲ့သူနဲ့ပေါင်းရပါစေသားလို့ ဆုတောင်းခဲ့တယ်ဗျ"

ဒေါက်တာအောင်စိုး စကားကြောင့် မဖြူ မျက်လုံးကလေးများ ပြူးသွားရသည်။

"ဖြူ"

ဒေါက်တာအောင်စိုး တိုးညင်းစွာခေါ်လိုက်သည်။

"ရှင်"

မဖြူ ပြန်ထူးရင်း ဒေါက်တာအောင်စိုး ဘာပြောမှာပါလိမ့်ဟု တွေးရင်းနေမိသည်။

"အခုလို ကျွန်တော်နဲ့နှစ်ယောက်တည်း ရပ်စကားပြောနေရတာ မဖြူ ရှက်များနေသလားဟင်"

"ရှင် ... ဘာကြောင့်များ ရှက်ရမှာလဲ ဆရာ"

မဖြူစကားကို နားထောင်ရင်း ဒေါက်တာအောင်စိုး ရယ်လိုက်သဖြင့် မဖြူပင် ကြောင်သွားသည်။

ဘာမှန်းလဲမသိဘူး၊ မေးခွန်းကလည်း ခပ်ဆန်းဆန်း။ သည့်ကမြေဖြေတော့လည်း ရယ်လို့၊ ဟွန်း ... မုန်းစရာကြီး။

မဖြူ စိတ်ထဲမှာ ပြောနေမိ၏။



"ဆရာက ကလေးတစ်ယောက်အဖေလေ၊ တစ်ခုလပ်ပေါ့၊ အဲဒီလိုလူနဲ့ မဖြူ တွဲသွားတွဲလာနေနေရတာ မဖြူများ ရှက်နေမလားလို့ တွေးပြီးမေးမိတာပါ"

ဒေါက်တာအောင်စိုး ရှင်းပြကာ မဖြူအဖို့ ပို၍ အဖြေရခက်သွားသည်။

ရှက်တယ်လို့ပြောလိုက်လျှင်လည်း ဒေါက်တာအောင်စိုးက အလုပ်ရှင်။ ဒါ့အပြင် မဖြူ မရောက်ဖူးဘူးဆို တကူးတကအင်းလေးအထိ ဘုရားဖူးလိုက်ပို့ပေးသည့် ဘုရားဒကာလေး။

သည်လောက်တော့ မဖြူ မမိုက်ရိုင်းရဲဘူးလေ။

တစ်ခါ မရှက်ဘူးလို့ ပြောလိုက်ရင်လည်း မဖြူအဖို့ ကလက်များနေမလား မဖြူစိတ်ထဲကစဉ်းစားရင်း ခေါင်းရှုပ်သွားရ၏။

"ဆရာရယ်၊ ဒါက ပတ်ဝန်းကျင်ရဲ့အမြင်တွေပါ၊ နေရာတကာ ပတ်ဝန်းကျင်ကို ဂရုစိုက်နေရင် ကိုယ့်ခံယူချက် ဆုံးဖြတ်ချက်တွေ အလကားဖြစ်သွားမှာပေါ့၊ မဟုတ်ဘူးလား ဆရာ"

မဖြူ သူမထင်မြင်ချက်ကို ဖွင့်ဟလိုက်ရသည်။

"အို ... ဟုတ်တာပေါ့၊ မဖြူပြောတာသိပ်မှန်တာပေါ့၊ မဖြူ ပတ်ဝန်းကျင်အပေါ် ဒီလိုသဘောထားနိုင်တယ်ဆိုရင် ကျွန်တော် စကားတစ်ခွန်းပြောဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဘာလဲဆိုတော့ ဆရာမ မဖြူကို လက်ထပ်ပါရစေလို့"

"ရှင်"

မဖြူ သိပ်ကိုအံ့သြသွားမိသည်။ လုံးဝမမျှော်လင့်ခဲ့သောသူထံမှ မမျှော်လင့်သည့်စကားကို ကြားလိုက်ရ၍ဖြစ်သည်။ သိပ်တော်တဲ့ဆရာပါပဲ။ စကားကိုလှည့်ပတ်ပြီး မဖြူကို ရည်းစားစကားပြောတာကိုး။

ချီးကျူးပါတယ် ဆရာလို့ပင် မဖြူ ပြောလိုက်ချင်သည်။ ကျောချမ်းစရာပြမှန်းသိဆိုသလို စကားဆုံးမှပဲ မဖြူမှာ ဒေါက်တာအောင်စိုး ဘာကိုရည်ရွယ်ပြောနေမှန်း သိတော့သည်။

"ပြောပါဦး မဖြူ၊ ဆရာ့ကို တစ်ခုခုတော့ ပြန်ပြောပါဦး၊ ပုလဲအပေါ် မဖြူ သမီးတစ်ယောက်လို သံယောဇဉ်ရှိနေပြီဆိုတာ ဆရာ သိနေပါတယ်၊ အဲဒီတော့ ပုလဲနား တစ်သက်လုံး အတူတူမနေချင်ဘူးလားဟင်၊ ပုလဲမှာ ပျောက်ဆုံးနေတဲ့ မိခင်မေတ္တာကို မပေးနိုင်ဘူးလား မဖြူရယ်၊ ဆရာ့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဆရာ့ရဲ့အိမ်ထောင်ဖက်ဟာ ပုလဲရဲ့အသင့်တော်ဆုံး ဘဝခရီးဖော်ဖြစ်ရမယ်ဆိုတာပါပဲ၊ ဒါကို ဆရာ ဦးစားပေးထားပါတယ်၊ ဒါပေမဲ့ မဖြူကို တွေ့လိုက်ရတော့ ဆရာကိုယ်တိုင် မဖြူကို မြတ်နိုးမိတယ်၊ သံယောဇဉ်တွယ်မိတယ်၊ ဒါကြောင့် ဒီလောက်အချိန်တိုတိုလေးအတွင်းမှာ မဖြူကို ဖွင့်ပြောမိရတာပါ၊ ဆရာရယ်၊ မဖြူရယ်၊ ပုလဲရယ်၊ ချမ်းမြေ့တဲ့ကမ္ဘာသစ်ကလေး တစ်ခု ထူထောင်ကြရအောင်နော်"

ဒေါက်တာအောင်စိုးအသံက လှိုက်လှိုက်လှဲလှဲရှိလှသည်။ တောက်ပသော မျက်လုံးများကလည်း မဖြူကို ရှန်းရှန်း



စားစားကြည့်ရင်း "ခေါင်းညိတ်အဖြေပေးလိုက်ပါ မဖြူရယ်"လို့ တောင်းပန်တိုးလျှိုးနေသည်လို့ မဖြူ ထင်နေမိ၏။

"ဟဲ့ ... သား မောင်အောင်စိုး၊ အမယ်လေးကွယ် ခေါ်လိုက်ရတာ၊ ဘာတွေများ ဒီလောက်စကားလက်ဆုံကျနေရပါလိမ့်၊ မယ်မယ်ကတော့ ထမင်းဆာပြီ၊ ပုလဲလည်းဆာပြီတဲ့၊ မဖြူလည်း ဆာရောပေါ့၊ ထမင်းစားဖို့ စီစဉ်ပါဦး"

ဒေါ်နန်းသီတာ ရောက်လာသဖြင့် မဖြူ နည်းနည်းအသက်ရှုချောင်သွားရသည်။

ပုလဲကလည်း ပြုံးစိစိနှင့် မဖြူတို့နှစ်ယောက်ကို ကြည့်နေသည်ဟု မဖြူ ထင်မှတ်ပြီး မလုံမလဲပင်ဖြစ်နေရသည်။ ဒေါက်တာအောင်စိုး လက်မှနာရီကိုကြည့်ရင်း ...

"ထမင်းဆာကြရောပေါ့၊ လာ ... မဖြူ သွားကြစို့"

မဖြူ ဘာမှဝင်မပြောဘဲ သူတို့မိသားစုဦးဆောင်ရာနောက်သို့ လိုက်ခဲ့၏။

ဒါပေမဲ့ မဖြူ စိတ်အစဉ်က လွင့်မျောနေမိသည်။

စောစောက ဒေါက်တာအောင်စိုး ရင်ဖွင့်ခဲ့သည်များကို ပြန်လည်းစဉ်းစားနေမိသည်။

ဖြစ်နိုင်လျှင် ငြိမ်းချမ်းသာယာသော နယ်မြေကလေးတစ်ခုစီသွားပြီး ဒေါက်တာအောင်စိုးအတွက် အဖြေတစ်ခုပေးနိုင်ရန် အေးအေးလူလူစဉ်းစားရင်း ဆုံးဖြတ်ချင်နေမိပါတော့သည်။

✤ ✦ ✤

## အခန်း(၂၂)

အင်းလေးကပြန်လာပြီး နောက်နှစ်ရက်လောက်အကြာမှာဖြစ်ပါသည်။

မဖြူကလေး ဈေးသို့ တစ်ခေါက်သွားဖြစ်သည်။

သွားရခြင်းအကြောင်းကတော့ တိုင်းရင်းသူများကို တိုင်းရင်းသားဝတ်စုံဖြင့် ပုလဲ မြင်ဖူးအောင်ပြချင်၍ ဖြစ်ပါသည်။

သည်အင်းလေးရောက်တော့လည်း စိုင်းမောင်မောင်ကို မဖြူ သတိရလွမ်းဆွတ်မိတာအမှန်ပင်။

တခြားနေ့တွေမှာ စိုင်းမောင်မောင်ကို ကြိုးစားမေ့ပျောက်လို့ရပေမယ့် သည်ဈေးရောက်တော့ မဖြူ သတိမရဘဲမနေနိုင်။

စိုင်းမောင်မောင်အကြောင်းစဉ်းစားရင်း လျှောက်နေမိသဖြင့် လာရင်းကိစ္စကိုပင် မေ့သွားမတတ်ဖြစ်မိသည်။

လက်ဖက်ခြောက်ရောင်းနေသော ပလောင်မကြီးကိုမြင်မှ မဖြူ သတိပြန်ဝင်လာတော့သည်။



ပုလဲအတွက် တိုင်းရင်းသူများဝတ်စုံပြည့်ဖြင့်ပါသော ပြက္ခဒိန်များကို လိုက်လံကြည့်ရှုသော်လည်း စိတ်ကြိုက်မတွေ့ပေ။

မဖြူ နောက်အကြံတစ်ခုရလာသည်။ သစ်သားမွှတ်လုံးဖြင့် ပြုလုပ်ထားသော တိုင်းရင်းသူများဆို ပိုကောင်းမည်ဟု စိတ်ကူးရပြီး တိုင်းရင်းသားများပုံ သစ်သားရုပ်ပုံများကို မဖြူ လိုက်ရှာနေမိ၏။

နောက်ဆုံး တွေ့မယ့်တွေ့တော့ ဈေးအပြင်ဘက် စတိုးဆိုင်တစ်ဆိုင်မှာဖြစ်သည်။

ကချင်မလေးကလည်း အချိုးအစားပြေပြစ်၍ ကြည့်ကောင်းသည်။ မဖြူ သဘောကျသွား၏။

ကရင်မလေးကတော့တစ်မျိုး၊ ငှက်လေးပျံနေသလို ဒုံးယိမ်းအကဟန်ပြုလုပ်၍ထားတော့ ဒါလည်း မဖြူ ကြိုက်သည်။

မွန်နှင့်ရှမ်းတိုင်းရင်းသူများကျတော့ အချိုးအစားကျပြီး မျက်နှာလေးတွေ ဆေးခြယ်ထားတာက ချောမောလှပတင့်တယ်လှပါသည်။

ရခိုင်မလေးကျတော့ ယဉ်ကျေးသိမ်မွေ့နွဲ့နှောင်းသည့်ဟန်ပေါ်လွင်နေ၏။

ကယားအမျိုးသမီးမှာလည်း သစ်လွင်နုပျိုလှပနေသည်။ ရှမ်းအမျိုးသမီးလေးကျတော့ ရိုးရာကြည်ခုတ်စောင်ကြီးခြုံပေးထားခြင်းဖြင့် ရိုးရာအလှအပကို ဖော်ကျူးနေပုံရ၏။

"တစ်ရုပ်ကို တစ်ဆယ်တဲ့"

"ဈေးကလည်း ကြီးလိုက်တာမပြောနဲ့တော့"

ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ၊ ဝတ်ရတော့မှာပေါ့၊ လက်ရာတွေကလည်း မြောက်ပေတာကိုး။

ဆိုင်မှအထွက် မဖြူနံဘေးမှာ ကားတစ်စီး ရုတ်တရက်ထိုးရပ်လာ၍ လန့်ပြီး ခြေလှမ်းများ တုံ့ခနဲဖြစ်သွား၏။

ကြည့်လိုက်တော့ လားလား ဒေါက်တာအောင်စိုး သွားလေးများပေါ်အောင်ပြုံးပြရင်း မဖြူကို စူးစိုက်ကြည့်နေပြီး ...

"အိမ်ပြန်မှာမို့လား၊ တက်လေ"

ဒေါက်တာအောင်စိုး ဖိတ်ခေါ်လိုက်သည့်အတိုင်း မဖြူ ကားနောက်ခန်းတံခါးဖွင့်၍ တက်လိုက်ပါသည်။

"ဘယ်သွားမှာလဲ ဆရာ"

အိမ်ကိုသွားရသည့်လမ်းကို ချိုးကွေ့မဝင်ဘဲ ဖြတ်ကျော်ခဲ့သည့်အတွက် မဖြူ မေးခွန်းထုတ်လိုက်မိသည်။

"ဩော် ... ခဏပါ မဖြူရယ်၊ ကလောဟိုတယ်မှာ မယ်မယ်အတွက် ကိတ်မုန့်ဝယ်ချင်လို့ပါ၊ ပြီးတော့ မဖြူလည်း ရောက်ဖူးအောင်ပေါ့"

မဖြူ ဘာမှ ပြန်မပြောသာပါ။ ဒေါက်တာအောင်စိုး ခေါ်ရာသို့သာ လိုက်ပါခဲ့ရတော့သည်။

"ကဲ ... မဖြူ ဆင်းပါဦး၊ လေ့လာပါ"

ကလောဟိုတယ်သို့ရောက်သောအခါ ဒေါက်တာအောင်စိုး ကားပေါ်မှဆင်းရင်း မဖြူကိုပါ လှမ်းပြောလိုက်၏။

ဖိတ်ခေါ်နေမှတော့ မဖြူသည် ဟိုတယ်ထဲဝင်လိုက်ရပါတော့သည်။

"မဖြူ ကော်ဖီသောက်မယ်နော်"



"ဟုတ်ကဲ့ပါ ဆရာ"

မဖြူ ကော်ဖီကြိုက်တတ်သည်ကို ဒေါက်တာအောင်စိုး မှတ်မိနေ၍ ဒေါက်တာအောင်စိုး မှတ်ဉာဏ်ကောင်းပုံကို မဖြူ ချီးကျူးနေမိသည်။

"မဖြူ"

ကော်ဖီမှာထားစဉ် ဒေါက်တာအောင်စိုးက စကားပြောရန် မဖြူကို ခေါ်လိုက်ခြင်းပါ။

"ရှင် ... ဆရာ"

ပြန်ထူးလိုက်သော မဖြူ၏အသံ တုန်မနေပေမယ့် ရင်ထဲမှာတော့ ကတုန်ကယင် ခံစားနေရပါသည်။

ဒေါက်တာအောင်စိုးထံမှ မမျှော်လင့်သော စကားကြားရပြန်၏။

"ကျွန်တော် အင်းလေးမှာတုန်းက မဖြူဆီကတောင်းခဲ့တဲ့ အဖြေလေး အခု သိခွင့်ပြုပါလား"

မဖြူ ချက်ချင်း အဖြေမပေးသေးဘဲ ဒေါက်တာအောင်စိုးမျက်နှာကို သေချာကြည့်ရင်း အကဲခတ်နေမိသည်။

မိမိသဘောထားကို ပကတိ လေးလေးနက်နက် အရေးတယူ တောင်းခံနေမှန်း မဖြူ သတိပြုမိ၏။

"ပြောလေ ... မဖြူ ပြောပါ၊ ကျွန်တော့်ကို ဘာမှ အားမနာပါနဲ့နော်၊ ရဲရဲသာပြောပါ၊ ဒီကိစ္စက မဖြူရဲ့ဘဝရေးရေးပါ၊ အခုလောက်ဆို မဖြူလည်း အလေးအနက်စဉ်းစားပြီးရောပေါ့၊ ဟုတ်လား"

ဒေါက်တာအောင်စိုး မလွဲပါ။ မဖြူ စဉ်းစားပြီးပါပြီ။ အင်းလေးမှပြန်ရောက်ကတည်းက မဖြူ စဉ်းစားနေခဲ့သည်။

မဖြူ မိမိကိုယ်ကို ဆန်းစစ်မိ၏။ အရင် နှလုံးသားအရေးကို နှလုံးသားဖြင့်သာ ဆုံးဖြတ်ခဲ့ဖူးပါသည်။

သည့်အတွက်ကြောင့် နှစ်ကြိမ်တိုင်တိုင် ချစ်ခံခဲ့ပြီးဖြစ်၏။

ဒါကြောင့် သည်တစ်ခါတော့ မဖြူဘဝတစ်လျှောက်လုံးအတွက်ဖြစ်၍ ဦးနှောက်ဖြင့်ဆုံးဖြတ်ရန်သာ မဖြူ စိတ်ထက်သန်ခဲ့ခြင်းဖြစ်ပါသည်။

"မဖြူ စဉ်းစားနေတုန်းပဲလား"

စားပွဲထိုးလာပို့ပေးသော ကော်ဖီကို မဖြူရှေ့တိုးပေးရင်း ဒေါက်တာအောင်စိုး နောက်တစ်ကြိမ် ထပ်မေးလာပြန်တော့သည်။

"ဟင့်အင်း"

"ဗျာ"

"ဟိုလေ ... ဆရာရယ်၊ ဘယ်လိုပြောရပါ့မလဲ၊ မဖြူ... မဖြူ စဉ်းစားပြီးပါပြီ"

စကားဆုံးသည်နှင့် မဖြူ ခေါင်းလေးငုံ့ထားလိုက်မိသည်။ ရှေ့ဆက်ပြီးပြောရန် မဝံ့ရဲ။

"စဉ်းစားပြီးပြီဆိုတော့ ဆုံးဖြတ်ချက်လည်း ချပြီးပြီပေါ့ ဟုတ်လား မဖြူ၊ ဒါဆို ကျွန်တော် ... ကျွန်တော် ဝမ်းသာရမလား၊ ဝမ်းနည်းရမလား မဖြူရယ်၊ ပြောစမ်းပါ"



မဖြူ ခေါင်းလေးကို အသာလေးမော့ပြီးတော့ ဒေါက်တာအောင်စိုးကိုကြည့်ရင်း ရှက်ပြုံးလေးပြုံးပြလိုက်ပြီး ခေါင်းကို ငုံ့ပစ်လိုက်၏။

မဖြူ၏အပြုံးကို ဒေါက်တာအောင်စိုး နားမလည်။ ဒါကြောင့် ကြောင်ပြီး ငေးကြည့်နေရာမှ ...

"ဘာတွေပြုံးနေတာလဲ ဗျာ၊ ကျွန်တော် နားမလည်ဘူး၊ ကျွန်တော် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား ဖြေပါဗျာ၊ ကျွန်တော့်ရင်တွေ တုန်နေလှပါပြီ"

တကယ်ပြောတာပါ။ ဒေါက်တာအောင်စိုးကိုတော့ မဖြူ အံ့သြမိတယ်။ ဒါလောက်တောင် နားလေးရသလားလို့။

စကားတော့ပြောတတ်သား။ ဆေးကုလည်း အတော်ကောင်းသား။ ကဗျာဆန်ဆန်လည်း ရင်ဖွင့်တတ်သားဟု မဖြူ မှတ်ချက်ချလိုက်မိသည်။

"ဒါတောင် မသိဘူးတဲ့လား ဆရာရယ်၊ မဖြူ ပြုံးပြတယ်ဆိုတော့ ဆရာလည်း ပြုံးနိုင်ပြီဆိုတဲ့သဘောပေါ့၊ တကတဲ အရိပ်ပြတာတောင် အကောင်မထင်တတ်ဘူး၊ ဟွန်း ... နားလေးလိုက်တာ"

မဖြူ ရှက်မျက်စောင်းလေးထိုး၍ ပြောလိုက်မှ ဒေါက်တာအောင်စိုးက ခုန်မိမတတ် ပမ်းသာသွားရင်း ...

"ဘာ ... ဘာ၊ ဘယ်လို မဖြူ၊ ကျွန်တော် ပြုံးနိုင်ပြီဆိုတော့ ဝမ်းသာရပြီပေါ့နော်၊ အမယ်လေး ... မဖြူရယ်၊ ခုမှ အရမ်းရင်အေးရတော့မယ်"

"ဟွန်း ... ပိုလိုက်တာ ဆရာကလဲ၊ လူပျိုလေးကျနေတာပဲ"

"ဟာ ... မဖြူကလဲ၊ အချစ်နဲ့ပတ်သက်လာရင် အိုတယ် ပျိုတယ် ဘယ်ရှိပါ့မလဲ၊ ဟာ ... ဟာ၊ ပျော်လိုက်တာဗျာ"

တကယ်ပဲ ဒေါက်တာအောင်စိုး ပျော်သွားပြီ။ အမှန်ပါ။ ပျော်မှပျော်ပါပဲ။

အပြန်လမ်းတစ်လျှောက်လုံး ဒေါက်တာအောင်စိုး ကားကို ဖိမ်ဆွဲပြီး ဖြည်းဖြည်းချင်းမောင်းနေသည်။

ပြီးတော့လည်း သူ အတင်းထိုင်ခိုင်း၍ ကားရှေ့ခန်းတွင် မဖြူ ထိုင်လိုက်လာရသည်။ မဖြူကိုလည်း စကားတွေ ရေပက်မဝင်အောင် ပြောလာခဲ့၏။

လမ်းတစ်လျှောက်လုံးတွင်လည်း နှစ်ယောက်အတူ မြန်မြန်နေထိုင်ရေးအတွက် ဒေါ်နန်းသီတာအား တင်ပြရန်ကိစ္စနှင့် မိမိတို့ကမ္ဘာသစ်ကလေး ထူထောင်ရန်အတွက် ရှေ့ရေးအစီအစဉ်များကို တိုင်ပင်ခဲ့ကြသည်။

"မဖြူရေ"

ရှေ့ရေးကိစ္စများကို တိုင်ပင်ပြီးကြ၍ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေမိကြစဉ်မှာပင် ဒေါက်တာအောင်စိုး မဖြူကို ခေါ်လိုက်ခြင်းဖြစ်သည်။

"ရှင် ... ဆရာ"

"အို ... အို၊ အဲဒီလို မထူးရဘူးလေ"

"အင် ... အဲဒီလိုမထူးရင် ဘယ်လိုထူးရမှာလဲလို့"

"မောင်လို့"

"အိုး ... ခစ် ... ခစ် ... ခစ်၊ ရှက်စရာကြီး၊ ကြီးကြီးတို့ ရှေ့မှာရော အဲဒီလိုပဲ ခေါ်ရမှာလားလို့"



မဖြူ မျက်နှာ ပန်းသွေးရောင်ဖြာလျက်ရှိ၏။

"မယ်မယ်တို့ရှေ့မှာတော့ အခု မခေါ်နဲ့ဦး၊ လက်ထပ်ပြီးမှ ခေါ်ပေါ့၊ မောင်ကလည်း မဖြူကို အချစ်လို့ခေါ်မယ်နော်"

ဒီလိုတော့လည်း ဒေါက်တာအောင်စိုးက အားကြီးပင် သူ့နှလုံးသားများ ပျော်ရွှင်မှုပီတိအဟုန်ဖြင့် နပျိုလန်းဆန်းနေမိသည်။

"အချစ် ... မောင်၊ ဟင်း ... ဟင်း"

မဖြူတစ်ယောက်တည်း ရေရွတ်ရင်း ရယ်နေသဖြင့် ...

"ဘာလို့ ရယ်နေတာလဲ အချစ်ရဲ့"

"သြော် ... ဟင်း ... ဟင်း၊ ဒီလိုခေါ်ရင် ကလက်များနေမလားလို့"

"အို ... အချစ်ရယ်၊ ချစ်ကြသူတိုင်း ဒီလိုခေါ်ကြ ထူးကြတာပဲဟာ၊ အဆန်းမှမဟုတ်ဘဲနော်၊ ဟုတ်ဘူးလား အချစ်"

"ဟုတ်ကဲ့ပါ မောင်"

နှစ်ဦးသား သံပြိုင်ရယ်မောလိုက်ကြပြန်သည်။ ပျော်လိုက်တာကွယ်။

✤ ✦ ✤

## အခန်း(၂၃)

"သားက ပညာတတ်ကြီးပါကွယ်၊ မယ်မယ် မိကျောင်းမင်းရေခင်းပြသလိုဖြစ်နေတော့မယ်၊ ကြက်မှာအရိုး လူမှာအမျိုးတဲ့ကွယ်၊ မဖြူလေးတော်ပါတယ်၊ ပုလဲကိုချစ်တာလည်းမှန်တယ် ...

"ဒါပေမဲ့ သူ့နောက်ကြောင်းတို့၊ သူ့မိဘဆွေမျိုးတွေဟာ ဘယ်လိုရှိမှန်း မယ်မယ်တို့မေးလို့မှမရဘဲ၊ အဲဒီတော့ မယ်မယ်တို့ ဘယ်လို သူ့ကို မျိုးရိုးကောင်းပါတယ်လို့ ပြောလို့ရမလဲ"

ဒေါ်နန်းသီတာ၏စကားသံကို မထင်မှတ်ဘဲကြားလိုက်ရ၍ မဖြူ အရမ်းစိတ်ထိခိုက်သွားသည်။

အရက်ရှူးများပင် ရပ်သွားမတတ် မဖြူ တုန်လှုပ်မိ၏။

ရှေ့ဆက်မသွားနိုင်ဘဲ ရောက်သည့်နေရာမှာပင် ရပ်လျက် ကျောက်ရုပ်ပမာ ငြိမ်သက်နေမိ၏။



ဒေါက်တာအောင်စိုးအား မဖြူ ချစ်ပါတယ်လို့ အဖြေပေးပြီးသည့်နေ့မှ ငါးရက်မြောက်သောနေ့၏ ညမှာပင်ဖြစ်သည်။

မဖြူ ချမ်းလွန်းလို့ အိပ်ရာဝင်ရာမှ တစ်ရေးနိုးလာခိုက် အိမ်သာဝင်ပြီးအပြန်မှာ ဒေါက်တာအောင်စိုး အိပ်ခန်းနားအရောက်၌ ဒေါ်နန်းသီတာ စကားသံတို့ကို ကြားလိုက်ရခြင်းပါ။

"မယ်မယ် ... သားကို သနားပါဦး၊ သားလေ အသက်သုံးဆယ်ကျော်ပါပြီ၊ အိမ်ထောင်ရေးအကြောင်းလည်း ကောင်းကောင်းနားလည်ပါပြီ၊ အတွေ့အကြုံရှိခဲ့ပြီးပါပြီ၊ ဒါကြောင့် ဒီတစ်ခါတော့ အရင်တစ်ခါလို မမှားနိုင်တော့ပါဘူး မယ်မယ်၊ မဖြူကိုပဲ သားချစ်တယ်၊ မြတ်နိုးတယ်၊ ယုံကြည်တယ်၊ သူ့ကိုပဲလက်ထပ်ပါရစေနော်"

မဖြူနားကိုပင် မဖြူ မယုံကြည်တော့ပါ။ ဒေါက်တာအောင်စိုး ပြောနေတာမှ ဟုတ်ပါလေစ။ ဒေါက်တာအောင်စိုးဆိုတဲ့ မောင်တစ်ယောက် မဖြူကို ရယူနိုင်ရန်အတွက် ဒေါ်နန်းသီတာခွင့်ပြုဖို့အရေး သနားစဖွယ် တောင်းပန်တိုးလျှိုးနေရရှာပါလား။

မောင်ရယ် ... မဖြူကို တကယ်ချစ်တာပါလားနော်။

မဖြူအတွက် မောင် သည်လောက် အောက်ကျနောက်ကျခံနေရပါလား။ မဖြူ ရင်နာလိုက်တာ မောင်ရယ်။ ဘကယ်တော့ သူများသားအမိချင်း ပြောဆိုနေကြတာကို အခုလိုခိုးနားထောင်နေခြင်းဟာ မကောင်းသောလုပ်ရန်မှန်း မဖြူ နားလည်ပါတယ်။

ဒါပေမဲ့ သူတို့ပြောဆိုနေကြသည့် အကြောင်းအရာဟူသမျှသည် မိမိနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အပြင် မဖြူအနေနှင့် သက်သက်မဲ့ ချောင်းနားထောင်ခြင်းမဟုတ်ဘဲ ခရီးသွားဟန်လွဲ ကြုံကြိုက်သွားသောကြောင့်သာ ဆက်လက်နားထောင်နေမိခြင်းဖြစ်၍ အပြစ်မရှိဟု မဖြူ ယူဆသည်။

"ဒီမယ်သား၊ ထားထားတုန်းကလည်း သားသဘောနဲ့ သားယူခဲ့တာပဲ မဟုတ်လား၊ ထားထားနဲ့သား ကျောင်းမှာ တွေ့ခဲ့ကြတယ်၊ ချစ်ခဲ့ကြတယ်၊ ပြီးတော့ ဇွတ်လက်ထပ်ပစ်ကြတယ်၊ မယ်မယ်တောင် ယူပြီးမှပဲသိရတယ်၊ ဪ ... ဒါ ငါ့ချွေးမပါလားလို့လေ၊ ကဲ ... အခုတော့ ဘာတတ်နိုင်သေးလဲ၊ ထားထား သားကို ခြေစုံကန်ထွက်သွားပြီမဟုတ်လား၊ ဒါ ဘာကြောင့်လဲ၊ သားသိရဲ့လား၊ ထားထားအကြောင်းကို သား ဂဃနဏ ဘာမှမသိခဲ့လို့ သားခံလိုက်ရတာပဲ၊ အချစ်ကြောင့် အမိုက်မှောင်တွေ ဖုံးလွှမ်းတတ်တယ်သား၊ အချစ်ဟာ အပြစ်တွေကို ခွင့်လွှတ်တတ်တယ် ကွယ့်၊ အဲဒါတွေ ထားလိုက်ပါတော့၊ ဒီတစ်ခါလည်း အရင်တစ်ခါလို ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်မယ်ဆိုရင် ..."

ဒေါ်နန်းသီတာ စကားမဆုံးလိုက်ပါ။ ဒေါက်တာအောင်စိုး လက်ကာပြရင်း ဖြတ်ပြောလိုက်၍ ...

"ဆက်မပြောပါနဲ့တော့ မယ်မယ်၊ ဆက်မပြောပါနဲ့၊ သားဒါတွေသဘောပေါက်ပြီးသားပါ၊ ဒီမှာ မယ်မယ်၊ သားမှာ ပုလဲဆိုတဲ့ သမီးလေးတစ်ယောက်ရှိတယ်၊ ဒီသမီးလေးဟာ မိခင်မေတ္တာငတ်နေရတဲ့ ကလေးတစ်ယောက်ပါ၊



မိခင်ရဲ့အယုအယဆိုတာ ဘာမှ မခံစားရတဲ့ ကလေး၊ တစ်နေ့ ဒီကလေးဟာ မိခင်ပြန်ဖြစ်မယ့်ကလေးမျိုး၊ သူ့မှာ မိခင်ရဲ့မေတ္တာတွေ အပြုအစုတွေမသိရင် မိခင်လောင်းတစ်ယောက်ဖြစ်နိုင်ပါ့မလား မယ်မယ်ရယ်"

ဒေါက်တာအောင်စိုးစကားကို ခေတ္တရပ်ထားလိုက်ပြီး ဦးကရက် မီးညှိနေဟန်တူ၏။ မီးခြစ်ခြစ်သံသဲ့သဲ့ကို မဖြူ ကြားလိုက်မိ၏။

"ဒါကြောင့် ပုလဲရှေ့ရေးကို အချိန်ယူစဉ်းစားပြီးမှ မဖြူကို ရွေးချယ်တာပါ၊ မဖြူရဲ့မေတ္တာအဆင့်အတန်းမျိုးဟာ ပုလဲဘဝကို လုံခြုံရိတင်မကဘူး၊ ပုလဲ မျိုးဆက်တွေထိတောင် စီးဆင်းဖြန့်ဝေနိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ် မယ်မယ်၊ မဖြူဟာ ထားလိုပဲ မိန်းမတစ်ယောက်ဖြစ်ပေမယ့် ထားလိုမိန်းမစားမျိုးမဟုတ်ဘူးလို့ ကျွန်တော် အကဲခတ်မိပါတယ်၊ ဒါကြောင့် မဖြူကို ကျွန်တော် ချစ်ခွင့်ပန်လိုက်တာ"

"ဘာ"

ဒေါ်နန်းသီတာ၏ 'ဘာ'ဆိုသည့်အသံက တော်တော်ကျယ်သွားသည်။

အပြင်ကနားထောင်နေသည့် မဖြူပင် တုန်လှုပ်သွား၏။

ဒေါ်နန်းသီတာကပင်ဆက်၍ ...

"ဒီမယ်သား၊ မင်းက အခု မဖြူကို ချစ်ရေးဆိုခဲ့ပြီးပြီပေါ့၊ မဖြူကလည်း မင်းကို ချစ်တုံ့ပြန်လိုက်ပြီပေါ့၊ ဟုတ်

လား၊ မင်းတို့က ချည်ပြီးတုပ်ကြပြီးမှ မင်းက မယ်မယ့်ဆီကို ခွင့်ပန်တာပေါ့လေ၊ ဟုတ်လား"

အဘွားကြီးအသံ တော်တော်မာမာထန်ထန်ဖြစ်နေ၏။

"ဟုတ်တယ် မယ်မယ်၊ သားကလည်း မဖြူကိုချစ်နေမိပြီ၊ မဖြူကလည်း သားကို တုံ့ပြန်ပါတယ်၊ ဒါကြောင့် မယ်မယ် စီစဉ်ထားတဲ့ကိစ္စ စကားမလွန်မိအောင် သားအသိပေးတာပါ မယ်မယ်"

ဒေါက်တာအောင်စိုး အတိအလင်းဝန်ခံလိုက်သည်။

"မယ်မယ် သဘောမတူဘူး သား၊ သဘောမတူနိုင်ဘူး၊ အခုလည်း သဘောမတူဘူး၊ နောင်လည်း သဘောမတူနိုင်ဘူး၊ မယ်မယ့်ဘက်က ပြန်ပြီး စဉ်းစားစမ်းပါ သား"

အဘွားကြီးအသံဆုံးသည်နှင့် ...

"ကျွန်တော် ဘာစဉ်းစားရမှာလဲ မယ်မယ်"

ဒေါက်တာအောင်စိုး နားမလည်သလို မေးလိုက်၏။

"အို ... သား ထားထားကိုယူတုန်းကလည်း မယ်မယ့်မှာတစ်ခါရင်ကျိုးရပြီးပြီကွယ်၊ မယ်မယ် စိတ်တိုင်းကျရွေးထားတဲ့ ကလေးမနဲ့မှ သဘောတူမယ်၊ အရင်တစ်ခါလည်း မယ်မယ် မျက်နှာပျက်ခဲ့ပြီးပြီ ဒါပေမဲ့ သားကိုချစ်တဲ့ဇောနဲ့ မယ်မယ် အရာရာကိုဖြေရှင်းခဲ့ပါတယ်၊ ရင်ဆိုင်ခဲ့ပါတယ်၊ အခုတစ်ခါတော့ သားကို မယ်မယ် အလျှော့မပေးပါရစေနဲ့၊ အသက်လည်းကြီးပါပြီ၊ ဒီတစ်ခါပဲ မယ်မယ့်



အလိုကို သားလိုက်ပါနော်၊ မယ်မယ် အသေဖြောင့်အောင်ကူညီပါ"

အဘွားကြီး စကားဆုံးသွားသည်။ ဒေါက်တာအောင်စိုး၏အသံ ထွက်ပေါ်မလာတော့ပါ။

မောင်တစ်ယောက် စဉ်းစားတွေဝေသွားပြီလား။ မိခင်မေတ္တာကို အလေးအနက်ပြုလိုက်ပြီလား။

ဒါမှမဟုတ် စီးကရက်တွေ တွင်တွင်ဖွာပြီး မဖြူဘက်ကနေ ရပ်တည်ပြီးပြောဆိုဖို့ စကားတွေ စဉ်းစားနေပြီလား။

မဖြူ အတွေးနယ်ကျယ်မိ၏။

"ကဲ ... သား စဉ်းစားပါ၊ စဉ်းစားပါ၊ အေးအေးဆေးဆေး စဉ်းစားကွယ့်၊ အလုပ်တစ်ခုကို ဦးနှောက်နဲ့ များများစဉ်းစားမှ အမှားနည်းတတ်တယ်နော်၊ ဒါပေမဲ့ ခုညတော့ မစဉ်စားနဲ့၊ ညနက်ပြီ အိပ်ကြပါစို့"

ဒေါ်နန်းသီတာ စကားဆုံးသည်နှင့် မဖြူလည်း နားထောင်နေရာမှ သူ့အခန်းထဲကို ပြေးဝင်လိုက်ရသည်။

ခုတင်ပေါ်လှဲမိသည့်တိုင် မဖြူ၏ရင်ခုန်သံများ မလျော့သည့်အပြင် တိုး၍ပင် ခုန်နေပါတော့သည်။

မျက်ဝန်းမှမျက်ရည်ပူပူများကလည်း ဘယ်လိုကနေ ဘယ်လို တလိမ့်လိမ့်စီးဆင်းကျလာသည်မသိပါ။

မဖြူပါးမို့မို့တစ်ပြင်လုံး ရွှဲရွှဲစိုနေသည့်အပြင် ခေါင်းအုံးစွပ်ပင် ရွှဲရွှဲစိုနေလေပြီ။

မောင်ရယ်။

အချစ်ရယ်။

မဖြူ ကံဆိုးလှပါတယ်နော်။

ဒေါက်တာအောင်စိုးကို မဖြူ ဦးနှောက်ဖြင့် ဆုံးဖြတ်ပြီးမှ နှလုံးသားက လက်ခံပြီး ချစ်မိခဲ့ခြင်းပါ။ နောက်ဆုံးအချစ်အဖြစ် မဖြူ ထင်မိတာပါ။

မဖြူတစ်သက်သာအတွက် နောက်ဆုံးလက်ကျန်အချစ်ဖြစ်ပါသည်။

ကဲ ... ခုတော့ မဖြူ ဘာလုပ်ရမလဲ။

သည်တစ်ခါလည်း အားလုံး စိတ်ချမ်းသာအောင် မဖြူ ဆုံးဖြတ်ဖို့ လိုလာပြန်ပြီနော်။

မိခင်ကြီး စိတ်ဆင်းရဲအောင် ချစ်တဲ့မောင်တစ်ယောက် တစ်ကြိမ်လုပ်ခဲ့ပြီးပြီဆိုပဲ။

ဗုဒ္ဓဘာသာတရားတော်အရ မိဘစိတ်နှလုံး မညှိုးချုံးအောင် ပြုလုပ်သော သားသမီးများသည် ကြီးစွာသော အပြစ်ကို ကျူးလွန်ရာရောက်ပြီး ကံကြီးထိုက်မည်ဟု အဆိုရှိသည်။

မောင်တစ်ယောက် နောက်တစ်ကြိမ်ထပ်ပြီး ကံကြီးထိုက်မှာကို မဖြူ မလိုလားပါ။

တစ်ကြိမ်တစ်ခါနှင့်ပင် လွန်လှပေပြီ။ မဖြူချစ်သောသူကို ငရဲမပေးလိုတော့ပါ။

သည်တော့ ဘာလုပ်ရမလဲ။ သည်အရပ် သည်နေရာကို စွန့်ခွာပေးတာ အကောင်းဆုံးပါပဲလို့ မဖြူ ဆုံးဖြတ်လိုက်သည်။

စိုင်းမောင်မောင်ကိုလည်း မဖြူ ချစ်ပါလျက်နှင့် နှင်းဆီအတွက် မဖြူ အသည်းနှလုံးကို စတေးခဲ့ပြီးပြီလေ။



စိုင်းမောင်မောင်တစ်ယောက်ကလည်း ဒေါက်တာအောင်စိုးနှင့် မဖြူတို့ကို ချစ်သူများဖြစ်နေပြီလို့ သတ်မှတ်ပြီး အဝေးတစ်နေရာသို့ ထွက်ခွာပြေးလေပြီ။

ဒေါ်နန်းသီတာလို သက်ကြီးရွယ်အိုတစ်ဦး၏ စိတ်ချမ်းသာရေးအတွက် မဖြူ စွန့်စားရပေတော့မည်။

မိမိဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲခဲ့သမျှ ဝဋ်ကြွေးဒုက္ခတွေ မြန်မြန်ကုန်စေလို၍ စိတ်ချမ်းသာမှုတွေကိုချည်း မဖြူ ဆောင်ရွက်ခဲ့မြဲပါ။

မဖြူ သည်အရပ်မှာရှိမနေမှသာ ဒေါက်တာအောင်စိုး မိခင် အလိုကျလိမ့်မည်ဟု မဖြူ ယူဆမိသည်။ ဒါမှသာ ဒေါ်နန်းသီတာ စိတ်ချမ်းသာပေလိမ့်မည်။

ဒေါ်နန်းသီတာ စိတ်ချမ်းသာမှသာလျှင် မောင်နှင့် မဖြူတို့လည်း ကုသိုလ်ရပေမည်။

ချစ်တဲ့မောင်တစ်ယောက် ထပ်မံပြီး အကုသိုလ်နဲ့ မတွေ့ရပါစေနဲ့။ မဖြူ ဝမ်းသာကျေနပ်ရပါသည်။

မဖြူ သိပ်လို့မပျော်နိုင်မည့်အတူတူ အိပ်ရာမှထပြီး စားပွဲမှာထိုင်ကာ ဒေါက်တာအောင်စိုးအတွက် စာတစ်စောင်ကို ရေးနေလိုက်မိသည်။

သည်စာသည် ဒေါက်တာအောင်စိုးအတွက် မင်္ဂလာလက်ဖွဲ့ဖြစ်လိမ့်မည်ဟု မဖြူ ထင်မှတ်မိသည်။

မဖြူ ဘဝတစ်လျှောက် ချစ်ကံခေလွန်းလှပါတယ်ကွယ်။

✤ ✦ ✤

## အခန်း(၂၄)

ဘီအမ်အမျိုးအစားခရီးသည်တင် ဟီးနိုးယာဉ်ငယ် တစ်စီး မြွေလိမ်မြွေကောက် ရစ်ခွေနေသည့် တောင်ပေါ်လမ်းပေါ်၌ မြားကလေးတစ်စင်း ပစ်လွှတ်လိုက်သလို အပြေးအလွှားမောင်း နှင်နေ၏။

ထိုယာဉ်ငယ်၏ ဘယ်ဘက်ခြမ်း နောက်ဆုံးခုံတန်း ပြတင်းပေါက်နားတွင် မဖြူ လိုက်ပါလျက်ရှိပါသည်။

ကလောကိုလာစဉ်က လေယာဉ်ပေါ်မှ မြင်ခဲ့ရသော တောင်ပေါ်ရှုခင်းများနှင့် အခု ကားပေါ်မှမြင်ခဲ့ရသောရှုခင်းများ မှာ မတူညီသော မျက်စိပသာဒအလှကို ပေးစွမ်းနေကြသည်ဟု မဖြူ ထင်မှတ်နေမိ၏။

အနီးအဝေး အနိမ့်အမြင့် ကွာခြားတာနှင့်အတူ အမြင်အာရုံကို ပြောင်းလဲစေသည်ဟု မဖြူ ယူဆသည်။

သည်လိုပါပဲ။

မဖြူဘဝက အကျိုးပေးမကောင်းခဲ့လို့ အမျိုးမျိုး ပြောင်းလဲနေရ၏။



ကလောမှာ မဖြူ သုံးလသာကြာခဲ့ပါသည်။

သည်သုံးလအတောအတွင်းမှာပင် မဖြူ တစ်ယောက် ယောကျ်ားနှစ်ယောက်ရဲ့ ချစ်ရေးဆိုခြင်းကို ခံစားခဲ့ရသည်။

တစ်ဦးကို မဖြူချစ်လျက် ချစ်တုံ့မပြန်ဘဲ စွန့်လွှတ် ခဲ့ပေမယ့် နောက်တစ်ဦးကိုတော့ စွန့်စွန့်စားစား ပြန်လည်ချစ်တုံ့ ပြန်ပြီးမှ စွန့်လွှတ်ခဲ့ရတာဖြစ်သည်။

မဖြူ အခုလို ကလောမြေမှ ထွက်ခွာခဲ့ခြင်းအတွက် အပျော်ကြီးပျော်နေမည့်သူကတော့ ဒေါ်နန်းသီတာဖြစ်မည်။

ညသန်းခေါင်အချိန်ကြီးတွင် သားအမိနှစ်ယောက် စကားအခြေအတင် ပြောဆိုကြပြီး နောက်တစ်နေ့မနက် မဖြူ အိပ်ရာမှနိုးလာသည့်အချိန်တွင် ဒေါက်တာအောင်စိုးကို မတွေ့ ရတော့ပါ။

အနီးအနားရှိ ရွာတစ်ရွာမှ အရေးတကြီးလာခေါ် သည့်အတွက် လိုက်သွားသည်ဟူ၍သာ သိလေ၏။

ဒေါက်အအောင်စိုး အမှန်တကယ် အရေးကြီးကိစ္စ ပေါ်လာ၍လား၊ ဒါမှမဟုတ် မဖြူကိုရော၊ သူ့မိခင်ကိုပါ မျက်နှာ ချင်းဆိုင်ရမှာ ဝန်လေးသည့်အတွက်ကြောင့် ထွက်သွားခြင်းဖြစ် မည်။

ဒါကိုတော့ မဖြူ ကွဲကွဲပြားပြားမသိပါ။ မဖြူ သိ သလို ဒေါ်နန်းသီတာလည်း သိပုံမရပေ။

ထို့ကြောင့် ဒေါ်နန်းသီတာကိုပဲ အလုပ်မှနုတ်ထွက် လိုကြောင်း မဖြူ ခွင့်ပန်ခဲ့ရပါသည်။

ဒေါ်နန်းသီတာကလည်း မတားပါ။ ဘယ်တားပါ့မလဲ။ ဒေါက်တာအောင်စိုးနှင့် ဇာတ်လမ်းမဖြစ်စေချင်ဘူးမဟုတ်လား။

လွယ်လွယ်ကူကူပင် မဖြူဆန္ဒကို လိုက်လျောခဲ့ပါသည်။ သနားစရာကောင်းတာက ပုလဲရယ်ပါ။

"ဆရာမရယ် ... သမီးကို တစ်ယောက်တည်းမထားခဲ့ပါနဲ့၊ သမီးကို သနားပါဦး"

တဖွဖွပြောရင်း မဖြူအနားမှာ ပွတ်သီပွတ်သတ်နှင့် ကပ်နေရှာသည်။

ဒါတင်မက ပုလဲတစ်ယောက် ကလေးပီပီ ရှိုက်ကြီးဟငင် ငိုယိုနေ၍ မဖြူမှာ အတော်ချော့မော့ခဲ့ရသေးသည်။

နှင်းဆီကို နှုတ်ဆက်ရန် မဖြူ လိုက်လံရှာဖွေသော်လည်း ရှာမတွေ့ပေ။ နှင်းဆီတစ်ယောက်လည်း ဘာတွေလျှောက်လုပ်နေသလဲမသိ။

အဲသည်နေ့က ကျောင်းတက်ပြီးရာမှ ပြန်မလာသေးပါ။ နောက်တစ်နေ့နံနက်စောစောမှာ အိမ်က မဖြူထွက်သည်အထိ နှင်းဆီ ပြန်မလာသေးပေ။

ဒေါ်နန်းသီတာခမျာ နှင်းဆီ ပြန်ရောက်မလာသဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်ကျန်ရစ်ခဲ့တော့သည်။

နှင်းဆီ ယောကျ်ားနောက်လိုက်သွားခြင်းလား။

ဒါမှမဟုတ် ...

သူ့အိမ်ရှိရာ ဟိုပုန်းကိုပဲ ပြန်ပြေးသွားပြီလေပြီလား။

ဘယ်သူမှမသိသည့် အခြေအနေမျိုး။



ဒေါက်တာအောင်စိုးရှိရာ စုံစမ်းပြီး အမြန်ဆုံးအိမ်ပြန်ခဲ့ရန် မှာကြားပေးဖို့ ဒေါ်နန်းသီတာတစ်ယောက် ဒေါက်တာဝင်းတင်အား တယ်လီဖုန်းဖြင့် အကူအညီတောင်းနေသံ မဖြူ ကြားခဲ့ရသည်။

အခုလောက်ဆိုရင်ဖြင့် မောင်တစ်ယောက် အိမ်ပြန်ရောက်ရင် ရောက်လောက်ရောပေါ့။ မဖြူရေးပေးခဲ့သည့် စာလေးလည်း ဖတ်ပြီးရော့မယ်။

ဒေါက်တာအောင်စိုးကို ရေးခဲ့သည့်စာထဲမှာ မဖြူ သို့မအကြောင်း အစုံအလင်ရေးသားပေးခဲ့သည်။

မဖြူ ငယ်ဘဝကအကြောင်းများ။

ပြီးတော့ စိုးစိုးနှင့် ချစ်ခဲ့ရသည်မှစ၍ ဝေးခဲ့ရသည့်အဆုံး။ အို ... အကုန်လုံး၊ အကုန်လုံးကို အသေးစိတ်ပင် ချစ်တဲ့မောင်ခေါ် ဒေါက်တာအောင်စိုးအား သိစေရန် မဖြူ အားလုံးရင်ဖွင့်ခဲ့ပြီးပြီ။

မဖြူ သည်လိုရင်ဖွင့်ခဲ့တာကို စိုးစိုးတစ်ယောက် သိရင် ခွင့်လွှတ်နိုင်ပါ့မလား။

အို ... စိုးစိုးရယ်၊ မဖြူ သိပ်သိပ်သတိရပြီး လွမ်းနေတာပဲကွယ်။

အခုလောက်ဆိုရင် စိုးစိုးနှင့် သွဲ့သွဲ့တို့လည်း လက်ထပ်ပြီးကြရောပေါ့နော်။

မဖြူ၏စိတ်အစဉ်သည် အတိတ်သို့ လွင့်ပါးရပြန်ပါ၏။

## အခန်း(၂၅)

၁၉၇၅ ခုနှစ်။

ဇန္နဝါရီလ။

"ဘာလုပ်နေသလဲ သမီးလေးမဖြူ"

ရုံးလက်ဆွဲအိတ်ကို အိမ်နံရံကသံမှာချိတ်ရင်း ဖေဖေကမေးလိုက်ခြင်းပါ။

"ဂဏန်းတွက်နေတာပါ ဖေဖေ"

မဖြူ စာအုပ်ကလေးကို ဖေဖေ ငုံ့ကြည့်ရင်း ...

"ငါ့သမီးက သိပ်ပြီးလိမ္မာတာပဲ၊ အဲဒီလိုလိမ္မာရင် တစ်ဆယ့်ငါးနှစ်နဲ့ ဆယ်တန်းရောက်မှာဗျ"

ဖေဖေက မဖြူကို ချီးမွမ်းနေသည်။

ဆဋ္ဌမတန်း နောက်ဆုံးအတန်းတင်စာမေးပွဲကြီးအထိ နှစ်စဉ်မပျက် ပညာရည်ချွန်ဆုများကို မဖြူ ရခဲ့ပါသည်။

သည်နှစ် ခုနှစ်တန်း။ မဖြူအသက်က တစ်ဆယ့်နှစ်နှစ်။



နောက်သုံးနှစ်ဆိုရင် ဖေဖေပြောသလို မဖြူ ဆယ်တန်းရောက်ပြီပေါ့။

"ဒီနေ့ ဆေးရုံဆင်းတာ စောလှချည်လား ဖေဖေ"

"ဟုတ်တယ် သမီး၊ ဖေဖေ ရင်နည်းနည်းကျပ်လို့လေ၊ ဖေဖေ့ရဲ့ရောဂါ ပန်းနာထတာပေါ့ သမီးရယ်"

ဖေဖေ့မှာ ပန်းနာရောဂါက ကြာခဲ့ပါပြီ။ ဒါကြောင့် ရုံးခဏခဏ ပျက်တတ်ပါသည်။

"သမီးမေမေ အထည်သွားသွင်းတာ ပြန်မလာသေးဘူးနော်"

"ဟုတ်ကဲ့၊ မလာသေးပါဘူး ဖေဖေ"

ဖေဖေ ကောင်းကောင်းမမာတော့ မေမေမှာ တစ်ဖက်တစ်လမ်းငွေထွက်ရှာရသည်။

မော်လမြိုင်ဘက်ကအထည်တွေကို ကျိုက္ကမီမှာ ယူရောင်းသည်။ မေမေက အဲသည်လိုရှာသည့်အတွက် မဖြူတို့မိသားစုမှာ အသက်ရှူနည်းနည်းချောင်ရပါသည်။

"ဖေဖေ"

"ဟေ"

"သိပ်များကျပ်နေသလား"

ဖေဖေ၏ အသက်ရှူသံများ သိပ်ပြီး ပြင်းထန်နေသည်။

ရင်ဘတ်တစ်ခုလုံးမှာလည်း ဖားဖိုကြီးလို ပိန်လိုက်ဖောင်းလိုက်နှင့်။

"ဆေးတော့သောက်ထားပါတယ်သမီးရယ်၊ ခဏနားလိုက်ရင် သက်သာသွားမှာပါ၊ သမီး လုပ်စရာရှိတာတွေလုပ်ပါ"

ဖေဖေ သည့်လိုပြော၍ မဖြူ ဂဏန်းတွေကို စိတ်ပါဝင်စားစွာ ဆက်လက်တွက်နေသည်။

ခဏအကြာမှာပင် မဖြူ နောက်ကျောဘက်ဆီမှ "ဒုန်း"ခနဲမြည်သံတစ်ခု ထွက်လာသည်။

မဖြူ လှမ်းကြည့်လိုက်တော့ ဖေဖေ ကြမ်းပြင်ပေါ်မှာ မှောက်လျက်ကြီးလဲနေတာကို တွေ့ရ၏။

"ဖေဖေ ... ဖေဖေ"

မဖြူ အလန့်တကြား တအားအော်ရင်း ဖေဖေ့ဆီ အပြေးအလွှားသွား၍ ဖေဖေ့ကိုယ်ကြီးကို မရန်ကြိုးစား၏။

ဒါပေမဲ့ မရ။ ဖေဖေ့ကိုယ်ကြီးကို မဖြူ မချီမနိုင်။

"ဖေဖေရေ ... ဖေဖေ ... ဖေဖေ"

တကြော်ကြော်ခေါ်ကြည့်သည်။ ဖေဖေ့ထံမှ ဘာမှ ထူးသံမကြားရပါ။ သတိမေ့နေပြီလား။

မဖြူ ဘာလုပ်ရ ဘာကိုင်ရမှန်း ရုတ်တရက်မသိ။

ကြောင်တက်တက်ဖြင့် ထိုင်ပြီး ငိုနေမိသည်။ နောက်မှ သတိဝင်လာပြီး မဖြူ အိမ်ပြင်ကိုထွက်ပြီး ကုန်းအော်လိုက်မိသည်။

"လာကြပါဦးဗျို့၊ လာကြပါဦး၊ ဖေဖေ ဘာဖြစ်လဲ မသိပါဘူး၊ မူးလဲသွားလို့ပါ"

မကြာခင်အချိန်အတွင်း အိမ်နီးနားချင်းများ အပြေးအလွှားရောက်လာကြသည်။

"ဟယ် ... ဦးကြီး သတိမေ့နေတာဟ၊ မေ့နေတာ၊ မြန်မြန်ဆေးရုံပို့ကြရအောင်"



လမ်းထဲကလူကြီးများက ဖေဖေ့အား ဆေးရုံပို့ပေးရန် ပြင်ကြသည်။

"သမီးအမေရော"

အိမ်ဘေးကအဘွားကြီး၊ ဒေါ်တင်စိန်က မေးလိုက်ခြင်းပါ။

"ဈေးသွားပါတယ် ဘွားဘွား"

"ကဲ ... လုပ်ကြပါ မြန်မြန်သာလုပ်ကြပါဦးတော်၊ မသေကောင်းမပျောက်ကောင်းဟယ်၊ သမီး မဖြူဖေဖေ့အဝတ်အစားတွေထည့်လေ"

ဒေါ်တင်တင်စိန်ကပင် လောလိုက်တာဖြစ်၏။

မဖြူတို့အိမ်ကလေး ကမ္ဘာပျက်သလိုပင် အားလုံး ရုတ်ရုတ်သဲသဲ။

ဖေဖေကတော့ မလှုပ်မယှက်။ မဖြူ ဆေးရုံလိုက်ချင်ပေမယ့် လူတွေက ဝိုင်းပြီးမလိုက်ပါနဲ့ဆို၍ လိုက်မသွားရပါ။

မဖြူ ဒေါ်တင်စိန်နှင့်သာ အတူနေခဲ့ရလေ၏။ မကြာပါ။ ညရှစ်နာရီလောက်ကျမှ ဆေးရုံပို့သည့်လူကြီးတွေ ပြန်လာကြပါသည်။ ဖေဖေတော့ ပြန်ပါမလာပါ။

ဖေဖေ ဘာဖြစ်သေးလဲ။ ဘာဖြစ်တာတဲ့လဲ။ မဖြူရင်တွေတုန်တယ်။ ရင်တွေ ပူလောင်ပြီး လူတကာအားလုံး လိုက်မေးနေမိသည်။

ဖေဖေ ဆုံးပြီတဲ့။ မဖြူ ဝမ်းနည်းလိုက်တာ။ စိတ်ရှိလက်ရှိ ငိုကြွေးမိပါသည်။ အားပါးတရကို အော်ငိုနေမိပါသည်။

မေမေ အဲသည်ညက ပြန်မလာပါ။ နောက်လည်း မေမေ ဘယ်တော့မှ ပြန်မလာတော့ပါ။ ဘယ်ပြန်လာပါတော့မလဲ။

မေမေက နောက်ယောကျ်ားနောက် လိုက်သွားပြီတဲ့လေ။

ရက်စက်လိုက်တာ မေမေရယ်။
သမီး ဘယ်လိုဖြေရပါ့မလဲ။

✤ ✦ ✤



## အခန်း(၂၆)

"ဟိတ်"

ခြံထဲမှာ ပန်းပင်ရေလောင်းနေရင်း အလန့်တကြား ပင် မဖြူ လှည့်ကြည့်လိုက်မိသည်။ မဖြူ မသိသောလူတစ်ယောက်။

အသက်က အလွန်ဆုံးရှိ ဆယ့်ကိုးနှစ်လောက် လူပျိုကြီးဖားဖားအရွယ်ပေါ့။

အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ စပို့ရှပ်အင်္ကျီ နီရဲရဲလေး၊ ဂျင်းဘောင်းဘီရှည်ဝတ်ဆင်ထားပြီး ပြုံးရွှင်သော မျက်နှာနှင့် မဖြူကို စိုက်ကြည့်နေသည်။

မဖြူ ကြာရှည်မျက်လုံးချင်းမဆိုင်ရဲသဖြင့် အသာခေါင်းငုံ့ထားလိုက်သည်။

"ချာတိတ်မလေး၊ နင် ဘယ်သူလဲ"

အလဲ ...။ မေးပုံက တစ်မျိုးပဲ။ ပိုင်စိုးပိုင်နင်းနှင့်။
သည်လိုမေးတော့ မဖြူ ရင်ထဲမှာ မကျေနပ်ပါ။
ဒါကြောင့် ...

"ဟေး ... ဒီက ဘယ်သူဖြစ်ဖြစ် ရှင့်အပူမဟုတ်ဘူး၊ ရှင်သာ ဘယ်သူလဲပြော၊ ခြံထဲဝင်ပြီး ရီးတီးယားတားတော့ လုပ်မယ်ကြံနဲ့နော်"

မဖြူ မာန်တင်း၍ ဇွတ် တည်တည်ဟောက်လိုက်မိသည်။

"ဟား ဟား ဟား ... ရီးတီးယားတားလုပ်တော့ ဘာဖြစ်လဲ၊ ဆီးသီးတွေခွာစားမှာစိုးလို့လား ... ဟား ဟား ဟား"

အဲသည်လူက မဖြူဟောက်ပေမယ့် မကြောက်။ စားသောက်ပြီး ရယ်မောနေလိုက်သေးသည်။

"ရှင် မိုက်ရိုင်းလှချည်လား၊ သူများခြံထဲ ခွင့်မတောင်းဘဲ ဝင်လာပြီး ဘာပမာမခန့်လုပ်နေတာလဲ၊ အခုထွက်သွား ထွက်သွားပါ"

မဖြူကလည်း မလျှော့ပါ။ ခါးနှစ်ဖက်ထောက်ပြီး ခပ်တည်တည်နှင့် ဆက်ပြီးဟောက်ပစ်လိုက်သည်။

"ဟား ဟား ဟား ... ချာတိတ်မလေးကလည်း ဇွာလိုက်တာဟော၊ ဘယ်ကကောင်မလေး ဒီရောက်နေပါလိမ့်"

"ဒီမယ် ... စကားကိုကြည့်ပြောနော်၊ လူကိုဇွာတယ်လို့ မပြောနဲ့"

မဖြူ တစ်စွန်းမခံ ကက်ကက်လန် ရန်တွေ့နေသည်။

"ဟယ် ... ကိုကိုစိုး ပြန်လာပြီ"



အိမ်ဘေးမှ သွဲ့သွဲ့ ဘယ်အချိန်ကရောက်လာသလဲ မသိ။ မဖြူလည်း အသံကြားမှ လှည့်ကြည့်လိုက်မိ၏။

"ဩော် ... သွဲ့သွဲ့၊ တို့အခုပဲရောက်တာလေ၊ ဒီချာတိတ်မနဲ့ အချီအချဖြစ်နေကြလို့ဟ၊ သူဘယ်သူလဲ၊ နင်ရောသိလား"

ကိုစိုးက မဖြူဘက်ကို မေးငေါ့ပြရင်း သွဲ့သွဲ့ကို မေးလိုက်တာဖြစ်၏။

"မဖြူလေ အန်တီနီတူမတဲ့၊ သူ့ကို ကိုစိုးမသိဘူးလား၊ ဟင်း ဟင်း ... ရယ်ရတယ်၊ မောင်နှမ တော်တာတောင် တစ်ယောက်ကိုတစ်ယောက် မသိကြဘူးလား၊ အဲဒါ အန်တီနီရဲ့သား ကိုစိုးစိုးလေ"

မဖြူ ဘာမှပြန်မပြော။ ကိုစိုးကို တစ်ချက်မော့ကြည့်လိုက်ပြီး ပန်းပင်များကို ရေလောင်းနေသည့် ရေပိုက်ကိုပစ်ချ၍ အိမ်ထဲဝင်ပြေးသွားသည်။

"ဟဲ့ ... သမီး မဖြူ၊ ဘယ်လိုဖြစ်လာတာလဲ"

အန်တီနီ ဆီးမေးလိုက်သည်။

"ဟို ... ဟို"

မဖြူ ထစ်နေ၏။ ဒါပေမဲ့ လက်ညှိုးကတော့ ကိုစိုးရှိရာဘက်ကို ထိုးထားလျက် ...

"အန်တီနီက ခြံထဲကို လှမ်းကြည့်လိုက်ရင်း ...

"ဩော် ... မဖြူရယ်၊ အဲဒါ အန်တီနီသား မောင်စိုးစိုးလေ"

"အန်တီနီသား ကိုစိုး"

မဖြူ မျက်လုံးပြူးသွားရသည်။ အန်တီနီတို့အိမ်မှာ မဖြူရောက်နေတာ နှစ်ပတ်ကျော်ကျော်တော့ ရှိသွားပြီ။

အန်တီနီမှာ သားတစ်ယောက်ရှိမှန်းလည်း သိပါသည်။ ဒါပေမဲ့ မမြင်ဖူးပါ။ တစ်ခါမှလည်း မမြင်ဘူး မဆုံဖြစ်သော ...

"ရုတ်တရက်ဆိုတော့ အန်တီနီမှာ သားရှိမှန်း မဖြူ မေ့သွားရတာပါ"

"ဟုတ်တယ်၊ မန္တလေးက သူငယ်ချင်းဆီသွားလည်နေလို့ သမီးနဲ့ မတွေ့ကြရသေးတာ"

အန်တီနီပြောနေစဉ် ကိုစိုး အိမ်ထဲရောက်လာသည်။ သွဲ့သွဲ့တော့ ပါမလာတော့ပါ။

"မေမေ နေကောင်းတယ်နော်" /

မဖြူကို တစ်ချက်လှမ်းကြည့်ရင်း မေးလိုက်သည်။

"နေကောင်းပါတယ်သားရယ်၊ နေကောင်းပါတယ်၊ သားကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုလှိုင့်သမီးလေးလေ"

"ဩော် ... မေမေ့မောင်ဝမ်းကွဲ ဦးလှိုင်လား၊ ဒါ သူ့သမီးပေါ့"

"ဟုတ်တယ်သား၊ သဇင်ဖြူတဲ့၊ သားငယ်ငယ်တုန်းက သူတို့သားအဖတွေ အိမ်မှာ ခဏလာနေကြသေးတယ်လေ"

"ဩော် ... သိပြီ၊ သိပြီ၊ သားငယ်ငယ်က အတူကစားခဲ့တဲ့ နှပ်ချေးတွဲလောင်းနဲ့ကောင်မလေး၊ သား သူ့ကို စလိုက်ရင် အာပြဲကြီးနဲ့ ငိုကြောရှည်တဲ့ကောင်မလေးကို"

ကိုစိုးက မဖြူကိုကြည့်ရင်း ပြောလိုက်ခြင်းပါ။



မဖြူကတော့ ရှက်ရှက်နှင့် ခေါင်းသာငုံ့ထားလိုက်၏။

"ဒါနဲ့ အန်ကယ်ဦးလှိုင်တို့ရော"

"ကိုလှိုင်ဆုံးသွားတာ ကြာပြီကွယ့်၊ သူ့အဖေဆုံးပြီးကတည်းက သူ့အမေနဲ့လိုက်နေတယ်လေ၊ သူ့အမေကလည်း နောက်အိမ်ထောင်ပြုထားတယ်၊ အခုတော့ သူ့အမေလည်း ဆုံးပြီကွယ့်၊ ဒါနဲ့ မေမေလည်း ပထွေးနဲ့ဆက်နေရင် မသင့်တော်လို့ ခေါ်ထားတာလေ"

အန်တီနီ့စကားကို နားစိုက်ထောင်နေရင်းမှ မဖြူ ကိုစိုးကို မရဲတရဲ မော့ကြည့်လိုက်၏။

ကိုစိုးကလည်း ပြုံးပြုံးကြီးပြန်ကြည့်နေခိုက်နှင့် ကြုံသွား၍ မျက်လုံးချင်းဆုံသွားကြရသည်။

"မှတ်ထားကြနော်၊ ဒါ သမီးရဲ့ အစ်ကိုတော်တယ်၊ စက်မှုတက္ကသိုလ်မှာ တတိယနှစ်ရောက်နေပြီ၊ သားကလည်း မဖြူကို ညီမအရင်းလို စောင့်ရှောက်ပါကွယ်၊ သူ့ခမျာ အင်္ဂလိပ်စာပထမနှစ်တောင် ရောက်နေရှာပါပြီ"

"ဟုတ်ကဲ့ မေမေ၊ မဖြူလည်း အကူအညီလိုရင် အစ်ကို့ကို ပြောနော်"

"ဟုတ်ကဲ့ပါ အစ်ကိုစိုး"

"အို ... မဖြူကလည်း ငယ်ငယ်တုန်းကလိုပဲ ခေါ်ရောပေါ့"

မဖြူ မျက်လုံးပြူးသွားရပြီ။ ငယ်ငယ်တုန်းက သူ့ကို မဖြူ ဘယ်လိုခေါ်မိပါလိမ့်။ လုံးဝမမှတ်မိပါ။ စဉ်းစား၍လည်းမရတော့။

"မေ့သွားပြီလား မဖြူ"

ကိုတိုး ထပ်မေးလိုက်တော့မှ မဖြူက ရယ်မောစွာဖြင့် ...

"ဟင့်အင်း ... မေ့သွားပြီ"

"စိုးစိုးလေ မဖြူရဲ့၊ မှတ်မိပြီလား"

ကိုစိုး စဖွင့်ပြောလိုက်လျှင် ...

"အို ... ဟုတ်ပြီ၊ ဟုတ်ပြီ၊ စိုးစိုး ... စိုးစိုး၊ ဟင် ... အဲလိုခေါ်ရင် မဖြူ ငရဲကြီးမလားမသိဘူး"

"ဘာဖြစ်လို့"

"မဖြူက အခုမှ တစ်ဆယ့်ခုနစ်နှစ်ပဲရှိသေးတာ"

"အိုး ... ရတယ် ... ရတယ်၊ ငရဲမကြီးဘူး၊ စိုးစိုးပဲခေါ်ပါ"

"အောင်မယ်လေး၊ အခုမှ မောင်နှမနှစ်ယောက် ပြန်တွေ့ပြီး အလွမ်းသယ်နေလိုက်ကြတာ၊ ကဲ ... သားက ရေချိုးတော့၊ မဖြူကလည်း ပန်းပင်တွေ ရေဆက်ပြီးလောင်းလိုက်ဦး၊ ဟုတ်လား"

အန်တီနီ့စကားကြောင့် သူတို့နှစ်ဦး လူချင်းခွဲလိုက်ကြတော့သည်။

✤ ✦ ✤



## အခန်း(၂၇)

"မဖြူ"

တီစီကို ဖုန်များသုတ်နေရာမှ မဖြူ လှမ်းကြည့်လိုက်သည်။

"ဟယ် ... သွဲ့သွဲ့"

ပျူပျူငှာငှာ မဖြူ နှုတ်ဆက်လိုက်ပါသည်။ သွဲ့သွဲ့က ဧည့်ခန်းထဲ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ရင်း ...

"အန်တီနီတို့မရှိကြဘူးလား"

"ရှိပါတယ် သမီးရဲ့၊ ထိုင်လေ ... ထိုင်ပါ"

သွဲ့သွဲ့ဆို အန်တီနီတစ်ယောက် အမြဲတမ်း ဒီလိုပဲ အရေးတယူဆက်ဆံလေ့ရှိကြောင်း မဖြူ သတိထားမိသည်မှာ ကြာပြီ။

သွဲ့သွဲ့လာလျှင်လည်း တစ်ခုခုတော့ ဧည့်ခံကျွေးမွေးလိုက်ရမှ အန်တီနီ ကျေနပ်လေ့ရှိသည်။

သွဲ့သွဲ့တစ်ယောက် အလည်မလာတာကြာသွားပြန်လျှင်လည်း နေမကောင်းရဲ့လား။ ဘာလားဆိုပြီး သည်ဘက်အိမ်က

နေ ဟိုဘက်အိမ်ကလေးကို ဖုန်းဆက်ပြီး သတင်းမေးရသည်မှာ အမော။

အခုလည်းကြည့်ပါဦး။ အန်တီနီတို့ သဲလိုက်ပုံများလေ။ သွဲ့သွဲ့အသံကြားလိုက်ရုံနှင့် အန်တီနီတစ်ယောက် ထမင်းစားခန်းထဲမှ အပြေးအလွှားထွက်လာပြီး မဖြူထက် အရင်ဝင်ဖြေလိုက်ပါသည်။

"အန်တီတို့ ကိုစိုးတို့စားဖို့ ပုစွန်တုပ်ချဉ် ကောင်းကောင်းလေးရတာနဲ့ မေမေက ပို့ခိုင်းလိုက်လို့ လာပြီးပို့တာပါ အန်တီ"

သွဲ့သွဲ့ကပြောရင်းဆိုရင်း ကြွေရည်သုတ် ချိုင့်လေးကို အန်တီနီသို့ လှမ်းပေးလိုက်၏။

အန်တီနီက ချိုင့်အဖုံးလေးဖွင့်ကြည့် ဝမ်းသာအားရအသံဖြင့် ...

"အယ် ... လတ်လိုက်တဲ့ ပုစွန်တုပ်ချဉ်ကွယ်၊ ကောင်းမှကောင်းပဲ၊ ဝမ်းသာလိုက်တာကွယ်၊ သွဲ့သွဲ့တို့အန်ကယ်က အန်တီနီကို ပုစွန်ချဉ်ကောင်းကောင်းလေးတွေ့ရင် ဝယ်ပြီးသုတ်ကျွေးပါလို့ပြောထားတာနဲ့ အတော်ပဲကွယ်၊ ဟဲ့ ... မဖြူ"

ဖုန်သုတ်နေရင်းမှ မဖြူ ထူးလိုက်သည်။

"ဟဲ့ ... သမီး မဖြူရေ၊ ဒါလေးသွားလှယ်ပေးလိုက်ပါဦးကွယ်၊ ပြီးတော့ အဲဒီချိုင့်ထဲကို အန်တီနီထုပ်ထားတဲ့ သရက်သီးသနပ် ပြန်ထည့်ပေးလိုက်ပါနော်"

"ဟုတ်ကဲ့ပါ အန်တီ"



မဖြူ ထမင်းစားခန်းထဲဝင်ခဲ့၏။ ထမင်းစားခန်းနှင့် ဧည့်ခန်းကြားမှာ နံရံမရှိသဖြင့် သွဲ့သွဲ့တို့ပြောဆိုနေသမျှ မဖြူ အကုန်ကြားနေရသည်။

"ကိုကိုစိုးကော အန်တီနီ"

"တင်းနစ် သွားရိုက်တယ်ကွယ့်၊ သားကလည်း အခုတလော အိမ်မှာကိုမနေဘူးကွယ်၊ ဒါနဲ့ သမီးနဲ့သား ကျောင်းမှာတော့ တွေ့ကြမှာပေါ့နော် ... ဟဲ ဟဲ ဟဲ"

သွဲ့သွဲ့ကလည်း ကိုစိုးလိုပင် စက်မှုတက္ကသိုလ်ကျောင်းသူမို့ အန်တီနီ မေးလိုက်ခြင်းဖြစ်ပါသည်။

"အခုတလောတော့ သိပ်မတွေ့ဖြစ်ကြဘူး အန်တီနီရဲ့၊ အဓိကဘာသာချင်းမတူတော့ လွဲလွဲနေကြတယ်လေ၊ ဒါနဲ့ အန်တီနီ ကြည့်ရတာ နေမကောင်းသလိုကြီးပဲ"

သွဲ့သွဲ့က ဤသို့ ဂရုတစိုက်မေးလိုက်ပြန်သဖြင့် အန်တီနီတစ်ယောက် ပီတိတွေဝေဖြာသွားပြီး ...

"သမီးက အန်တီနီကို တော်တော်ချစ်ပုံရတယ်၊ အန်တီနီကို ဂရုတစိုက် အကဲခတ်ဖော်ရတာ ဝမ်းသာလိုက်တာကွယ်၊ အိမ်မှာက သားယောကျ်ားလေးပဲရှိတော့ အမေကို ဘယ်ဂရုစိုက်နိုင်ပါ့မလဲ၊ မေမေ နေကောင်းတယ်နော်၊ ဆိုတာ လောက်မေးပြီး ထွက်သွားရောပဲ၊ အင်း ... ဒီနှစ်ထဲမှာ အန်တီနီ တော်တော်ချူချာနေတယ်ကွယ့်၊ တော်ကြာ သွေးတက်လိုက်၊ တော်ကြာ သွေးကျလိုက်နဲ့ အန်ကယ် တောင် မျက်စိလည်တယ်၊ ဗေဒင်ဆရာကလည်း ကျောက်တန်းမှာဆိုတော့ ဝေးလို့ မေးကိုမမေးရသေးဘူး"

သရက်သီးသနပ် ထည့်ထားသော ကြွေရည်သုတ်ချိုင့်ကလေးကို မဖြူက အန်တီနီ့ရှေ့ချပြီး ပြန်ထွက်သွား၏။

"ကျောက်တန်းဆို သွဲ့သွဲ့လိုက်သွားရင် အန်တီနီနဲ့ ကိုစိုးတို့လည်း အဖော်ရတာပေါ့"

"ဟာ ... သိပ်ကောင်းတာပေါ့ သွဲ့သွဲ့ရယ်၊ သိပ်ကောင်းတာပေါ့၊ ယောကျ်ားလေးပဲရှိလို့ လွှတ်ရမှာ သိပ်စေ့စေ့စပ်စပ်ရှိကြတာမဟုတ်ဘူး၊ မိန်းကလေးမှ မေးတတ်မှတ်တတ်တယ်တဲ့ သမီးဖြူ"

မဖြူကို လှမ်းခေါ်လိုက်ပြန်သည်။

"ရှင် ... အန်တီ"

မဖြူကလည်း အဆင်သင့်ပင်ထူးလိုက်၏။

"ဟုတ်ကဲ့"

"နေပါစေ အန်တီနီရယ်၊ နေပါစေ၊ မဖြူ ... ဘာမှ မလုပ်နဲ့၊ ဒီကပြန်ရင် ထမင်းစားရတော့မှာ အန်တီရဲ့"

မဖြူ ဘာလုပ်ပေးရမှန်း မသိတော့။

အန်တီနီ ခိုင်းတာကိုပဲ ပြေးပြီးလုပ်ရမလား။ သွဲ့သွဲ့တားတဲ့အတိုင်း ဘာမှ မလုပ်ဘဲနေရမလား။ ဝေခွဲမရသဖြင့် မဖြူ အန်တီနီ့မျက်နှာကိုသာ လှမ်းကြည့်လိုက်ရ၏။

မဖြူကို အန်တီနီ မျက်စိမှိတ်ပြရင်း ...

"လိမ္မော်ရည်ပဲလုပ်လိုက်ပါကွယ်၊ လိမ္မော်ရည်ကတော့ အစာကြေပါတယ် သမီးရယ်၊ အနောက်နိုင်ငံတွေမှာဆို အစားမစားခင် သစ်သီးရည်တစ်ခွက်ကို အရင်သောက်ကြတာကွယ့်၊ သောက်သွားပါဦးနော်"



အဲ ... အန်တီနီကလည်း ဗဟုသုတအများသားလို့ မဖြူတွေးရင်း လိမ္မော်ရည်ထည့်ရန် လှမ်းထွက်ခဲ့သည်။

"ဟင့်အင်း ... အန်တီနီ၊ မသောက်ပါရစေနဲ့၊ မဖြူ ... ဘာမှမလုပ်နဲ့နော်၊ ပြန်တော့မယ်၊ မဖြူရော ဘယ်လိုလဲ၊ သွဲ့သွဲ့တို့ကျောင်းဘက်လာပါဦး"

သွဲ့သွဲ့က သည်လိုပဲ၊ အိမ်လာလည်ရင် မဖြူကိုပါ တရင်းတနှီး ဆက်ဆံတတ်ပါသည်။

"ကျောင်းစာတွေနဲ့ လုံးထွေးနေရလို့ မလာဖြစ်ပါဘူး သွဲ့သွဲ့ရယ်၊ လာရမှာလည်း ကြောင်ကြောင်နဲ့၊ မဖြူ မလာရဲဘူး"

အရိုးခံတိုင်း မဖြူက ပြုံးပြုံးကလေး ပြောလိုက်လေသည်။

"အန်တီနီ ... သမီးကို ခွင့်ပြုပါဦး၊ မေမေတို့ထမင်းစားစောင့်ရှာမယ်"

သွဲ့သွဲ့ နှုတ်ဆက်လိုက်သဖြင့် အန်တီနီက ...

"ကောင်းပါပြီ သမီး၊ ကောင်းပါပြီ၊ မမက သိပ်စိတ်ပူတတ်တာ၊ သွားတော့ ... သွားတော့"

သွဲ့သွဲ့ ပြန်သွားသည်နှင့် အန်တီနီက မဖြူဘက်လှည့်၍ ...

"သမီးက သိပ်နုံ သိပ်အ,တာပဲ"

အပြစ်တင်လာသည်။

"ရှင်"

မဖြူ ဘာမှ နားမလည်၍ မျက်လုံးလေးပြူးပြီး အန်တီနီကို ကြည့်နေမိသည်။

"ဩော် ... သမီးကလဲ၊ ဥည့်သည်ဆိုတာ ဒီလိုပဲ အားနာတာပေါ့၊ နေပါစေ ... ရပါတယ် ဘာညာ ပြောကြတာပေါ့၊ အိမ်ရှင်က အလိုက်သိရတယ်၊ နောက်ဆို ဧည့်သည်ဘာပြောပြော အန်တီခိုင်းတာကိုသာလုပ် သိလား သမီး"

"ဟုတ်ကဲ့"

မဖြူ စိတ်ညစ်သွားရသည်။ ပြီးတော့ ရှုပ်ထွေးသောလူမှုဆက်ဆံရေးများကို နားမလည်ရကောင်းလားဆိုပြီး မိမိကိုယ်မိမိလည်း စိတ်ပျက်လိုက်မိပါသည်။

✣ ✦ ✣



## အခန်း(၂၈)

မဖြူ သိပ်ပျော်နေမိသည်။

မမျှော်လင့်ဘဲ ကိုစိုးနှင့် သန်လျင် ကျောက်တန်းကို ခရီးထွက်ခွင့်ရခဲ့၍ဖြစ်သည်။

အန်တီနီ ပထမစီစဉ်ထားတာက သွဲ့သွဲ့နှင့်ကိုစိုး နှစ်ယောက်တည်း ကျောက်တန်းမှာ ဗေဒင်သွားကြည့်ဖို့ပင်။

ဒါပေမဲ့ အန်တီနီစီစဉ်ထားသလို ဖြစ်မလာပါ။

သွဲ့သွဲ့တစ်ယောက် ရုတ်တရက် အအေးမိပြီး ဖျားနေသောကြောင့်ဖြစ်၏။

ထို့ကြောင့် ကိုစိုးက ပူဆာလွန်း၍ အန်တီနီ မဖြူကို မထည့်ချင်ထည့်ချင်နှင့် လိုက်ခွင့်ပြုလိုက်ရပါတော့သည်။

ဘာပဲဖြစ်ဖြစ် မဖြူမှာတော့ အရမ်းအရမ်းကို ပျော်နေမိပါသည်။

မရောက်ဖူးသည့် အရပ်ကို ရောက်ဖူးရတော့မှာဖြစ်၍ တစ်ကြောင်း။

ပြီးတော့ သီတာကူးတို့သင်္ဘောဆိပ်ပဲပိုင်းတစ်ဝိုက်ကို အမီလိုက်ကာ ခရီးသည်များ ကျွေးမွေးလျက်ရှိသော အစားအစာများကို အမိအရ ဖမ်းယူစားသောက်နေကြရှာသည့် စင်ရော်ကလေးများနှင့် မဖြူ ပျော်လိုက်ခြင်းပါ။

"ဂင်ရော်တွေဘဝ စိတ်ဝင်စားစရာရှိသေးတယ် မဖြူရဲ့၊ ဟိုမှာကြည့်စမ်း"

ကိုစိုးညွှန်ပြသည့် နေရာကို မဖြူ လှမ်းကြည့်လိုက်သည်။

ကလေးငယ်တစ်ယောက် အလွန်ဆုံးရှိ လေးငါးနှစ်ခန့်ပဲ။

ညိုညစ်နွမ်းနေသော မျက်နှာပေါ်၌လည်း မျက်ရည်စီးကြောင်းများ ထပ်နေသည်။

"ဟီး ... ဟီး ... အမေရှာပေးပါ၊ အမေရှာပေးပါ"

သည်လိုပြောပြောပြီး ငိုရလွန်း၍ထင်သည်။ ကလေး၏ မျက်လုံးများမှာလည်း မို့မောက်နီရဲနေပေသည်။

ကလေးဝတ်ထားတာကိုလည်း ကြည့်ပြီး ...

အရောင်ဆင်းမဲ့နေပြီဖြစ်သော တီရှပ်နှင့် အလွန်တစ်ရာပွပြီးကြီးသော ဘောင်းဘီတိုကို ဝတ်ဆင်ပေးထားသည်။

"ဟီး ဟီး ... ဦးရေ ... ကယ်ပါဦး၊ သားကိုကယ်ကြပါဦး၊ အမေကိုရှာပေးကြပါ၊ သားအမေကိုရှာပေးပါ ဦးတို့ရာ"

ကလေးသည် မဖြူတို့နားလျှောက်လာပြီး ငိုနေသည်။

"သနားစရာကောင်းလိုက်တာ ကိုစိုးရယ်၊ မုန့်ဖိုးလေးဘာလေးပေးလိုက်ရအောင်နော်"



မဖြူ ပြောပြောဆိုဆို သူ့ရဲ့လက်ကိုင်အိတ် နီနီရဲရဲလေးကိုဖွင့်ကာ ပိုက်ဆံတစ်ကျပ်ထုတ်ယူလိုက်ရာ ...

"အလကား ပေးမနေနဲ့ကလေးမ၊ ဒီကလေးဟာ လူလိမ်ကလေးရယ်"

"ရှင်"

"ဗျာ"

မဖြူနှင့် ကိုစိုးတို့ ပြိုင်တူရွတ်ဆိုမိကြ၏။

"ကြည့်၊ သန်လျင်ဆိပ်ကမ်းလည်းရောက်ရော အဲဒီကလေးမိဘ ပြန်တွေ့ကြပါလိမ့်မယ်"

သူတို့နားမှာ ထိုင်နေသော အသက်ငါးဆယ်ကျော်အရွယ်လူကြီးက ရှင်းပြနေသည်ကို နားထောင်ရင်း မဖြူတို့နှစ်ယောက် အံ့ဩတကြီး ဖြစ်နေမိကြသည်။

"ခက်ပါတယ်ဗျာ ... ခက်ပါတယ်ဗျာ၊ ကလေးမှာတော့ ဘာအပြစ်မှမရှိပါဘူး၊ မိဘကခိုင်းလို့ လုပ်ရရှာတာပါ၊ ကျုပ်လည်းတစ်ခေါက် နှစ်ခေါက်တော့ အငိုက်မိသွားသေးတယ်ဗျ၊ ကလေးကအစုန်အဆန်သင်္ဘောပေါ်လိုက်ပြီး အမေပျောက်ရှာသလိုလုပ်တယ်၊ ဟိုလူကသနားလိုက် ပိုက်ဆံထုတ်ပေး၊ ဒီလူကသနားလို့ကျွေးနဲ့ နောက်ဆုံး သန်လျင်ဆိပ်ကမ်းလည်းရောက်ရော အမေနဲ့ဆုံးပြလိုက်ရောဗျ၊ ခရီးသည်တွေကလည်း ဘယ်သိပါ့မလဲဗျာ၊ တစ်ခေါက်နှစ်ခေါက်ကြုံတွေ့မှ သတိထားမိတာကိုးဗျ"

အခုနလူကြီးပြောတာ မှန်၏။

သန်လျင်ဆိပ်ကမ်းလည်း ရောက်သည်နှင့် ကလေးနှင့်ကလေးအမေတို့ ပြန်ဆုံတွေ့ကြပေတော့၏။

ကလေးက အမေကိုဖက်၍ ငိုပြနေသေးသည်။

မဖြူနှင့် ကိုစိုး အကြည့်ချင်းဆုံပြီး ပြုံးလိုက်မိကြသည်။

"ကျောက်တန်းကို ... ကျောက်တန်းကို"

သန်လျင်မြို့ဆိပ်ကမ်း စထွက်မှပင် ကားသမားတွေ ဆီးကြိုခေါ်နေ၏။

"လာ ... မဖြူ တက် ... တက်"

"ဟယ် ... ဒီကားကြီးစီးရမယ်"

မဖြူ အလန့်တကြား အော်ပြောမိသည်။

"ဒီကားမစီးလို့ ဘယ်ကားစီးရမှာလဲ မဖြူ ကျောက်တန်းသွားမှာ ဒီကားပဲရှိတာကွယ့်"

"အို ... ကိုစိုးကားကြီးကလဲ ခုနစ်အိုးနာ ရှစ်ဆွေးကြီး၊ ဘိုးတော်ဘုရားခေတ်ကပုံစံမျိုးကြီးနော်"

"မဖြူရယ် ... ချေးများမနေပါနဲ့၊ ရေမချိုးခဲ့ဘူးလား၊ ကဲ တက် ... တက်"

မကျေမနပ်နှင့် မဖြူ ကားပေါ်တက်လိုက်ရသည်။

ကိုစိုးက မဖြူဘေးမှာပဲ ကပ်ထိုင်လိုက်၏။ ကားအိုကြီးခမျာ မဟာပထဝီမြေကြီးကို ခြေနင့်ကန်၍ မနည်းရုန်းကန်ထွက်သွားရသည့်အသံများဖြင့် မောင်းနှင်ထွက်ခဲ့၏။

ကားထဲမှာလူက အပြည့်အသိပ်ပင်။



ကားကြီးခမျာ ဟိုလူးသည်လူးနှင့် အတင်းရုန်းကန်နေရသည့်ပုံစံမျိုး။

ကားထဲကလူတွေကလည်း ဟိုယိမ်းသည်ယိမ်းနှင့်။ လမ်းကလည်း ဆိုးသလားမေးနှင့်။

ကားစီးရင်းနှင့် မဖြူပင် ပျော်လာမိသည်။

"ဟိတ် ... ဘာတွေစဉ်းစားနေသလဲ"

သည်တစ်ခါတော့ မဖြူက ကိုစိုးကို မေးလိုက်ခြင်းပါ။

"ဪ ... ကားကြီးကိုကြည့်ပြီး အားမာန်ပွားနေရလို့ပါဟာ"

"အလို ... ကိုစိုးစကားက ကြီးကျယ်ခမ်းနားလှချည်ပါကလား"ဟု မဖြူ တွေးလိုက်ရင်း ...

"ကိုစိုးစကားလုံးက ကြီးလွန်းလို့ မဖြူ နားနဲ့တောင်မဆံ့တော့ဘူး၊ ရှင်းစမ်းပါဦး ဆရာကြီးရဲ့"

"ကားအိုကြီးကိုကြည့်လေဟာ၊ နှစ်ပေါင်းလေးငါးခြောက်ဆယ်တော့ ရှိတော့မလားပဲ၊ ဒါတောင် သူ့စွမ်းသူ့အင်နဲ့ လူသားတွေကို အကျိုးပြုနိုင်သေးတယ်လေ၊ ဒါကိုကြည့်ပြီး အားသစ်တွေဖြစ်နေရတယ်ကွ"

"ဘယ်လိုအားသစ်တွေလဲ"

"တို့က အခုမှ ကျောင်းသားဘဝပဲ ရှိသေးတယ်လေ၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဟယ်"

"ဒီကျောင်းသားဘဝကနေ နောင်နှစ်ပေါင်းမြောက်မြားစွာ တိုင်းပြည်တာဝန်တွေ ထမ်းဆောင်ဖို့အချိန်တွေ အများကြီး ရှိသေးတယ်လေ"

"အဲဒီတော့"

ကိုစိုး စကားပြတ်သွား၍ မဖြူထောက်ပေးရင်း နားစွင့်နေမိသည်။

"ဒီကားအိုကြီး အရွယ်ရောက်ရင်လည်း တို့တစ်တွေ တိုင်းပြည်တာဝန်ကို ကိုယ်တတ်အားသရွေ့ ထောင့်တစ်ထောင့် တစ်နေရာကနေ အလုပ်အကျွေးပြုသင့်တယ်လို့ သဘောလည်းပေါက်ရမယ်၊ အားသစ်မာန်သစ်တွေလည်း အမြဲမွေးနေရမယ်"

ကိုစိုးစကားကြောင့် မဖြူပင် ကြက်သီးမွေးညင်းထသွားမိပြီး ကိုစိုးအပေါ် ကြည်ညိုလေးစားသွားမိသည်။

ဤခရီးသည်တင်ကားက မဖြူနှင့် ကိုစိုးတို့နှင့် ယောက်ကို ပို၍ ရင်းနှီးကျွမ်းဝင်ရန် ဖန်တီးလိုက်ပါတော့သည်။

❖ ✦ ✤



## အခန်း(၂၉)

မဖြူတို့ သန့်လျှင်ကပြန်ရောက်၍ အိမ်ထဲလှမ်းအဝင် မှာပင် တယ်လီဖုန်းဘဲလ်မြည်လာသည်။

မဖြူပဲ ရှေ့မှနေ၍ ပြေးပြီး ဖုန်းကိုင်လိုက်မိပါသည်။

"ဟုတ်ကဲ့" မဖြူ စကားပြောလိုက်၏။

"မဖြူလား"

တစ်ဖက်ကမေးလာသည်။

"ဟုတ်ကဲ့ ... မဖြူပါ"

"သွဲ့သွဲ့ပါ၊ အင်း ... ဟင်း ... မဖြူတို့ တော်တော်ပျော်ခဲ့ကြရဲ့လား၊ သိပ်ပြီး ပျော်ဖို့ကောင်းမှာပဲနော်"

သွဲ့သွဲ့ရဲ့လေသံက သိပ်မဟုတ်ဘူးလို့ မဖြူထင်သည်။ ခနဲ့တဲ့အသံလိုလို ဘာလိုလို။

ဒါပေမဲ့ မဖြူ မသိချင်ယောင်ဆောင်၍ ရင်ထဲကရှိသည့်အတိုင်း ...

"သိသားပဲ သိပ်ပျော်မယ်ဆိုတာ၊ သွဲ့သွဲ့သိသားပဲ၊ ဒါနဲ့ ဟိုဆရာကြီးကရော"

"ဘယ်သူလဲသွဲ့သွဲ့ရဲ့ ဆရာကြီးဆိုတာ"

"အို ... ကိုစိုးပေါ့"

"သြော် ... ရှိပါ့ရှင်၊ ရှိပါ့၊ ဒါနဲ့ သွဲ့သွဲ့ကော နေကောင်းသွားပြီလား"

"နည်းနည်းတော့ သက်သာသွားပါပြီ"

"ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက ကိုစိုးနဲ့ စကားလေးပြောချင်လို့"

"ရပါတယ် ရပါတယ်၊ ခေါ်ပေးမယ်နော်"

စကားပြောခွက်ကို မဖြူ လက်ဖဝါးလေးတစ်ဖက်နှင့်အုပ်ထားရင်း ...

"ကိုစိုးရေ ... ကိုစိုး"

လှမ်းအော်ခေါ်ပေးလိုက်၏။

အပြေးအလွှားပင် ကိုစိုးရောက်လာပြီး ဖုန်းကို လှမ်းကိုင်လိုက်၏။

"ဟဲလို"

"ကိုစိုးလား"

"သြော် ... သွဲ့သွဲ့ကိုး၊ နေကောင်းပြီလား၊ ကဲဆို"

"အင်း ... ကိုစိုးတို့တော့ အရမ်းအရမ်း ပျော်လာကြပြီပေါ့လေ"

"အာ ... အာ ... အဲဒီလိုမပြောရဘူးလေ၊ ရှိရှိးသားသားသွားကြလာကြတာပါ"

ခပ်လှမ်းလှမ်းမှ မဖြူ ကြားနေရသည်။ မဖြူ မျက်လုံးတွေ ပြူးသွားပြီး ရင်များပင် တုန်မိသွားသည်။



"ရိုးရိုးသားသားဆိုသည့် စကားလုံးကို ကိုစိုး ဘာကြောင့်သုံးရတာလဲ"

"ဒဿဂီရိလည်းမဟုတ်ဘူး၊ မျက်နှာများတဲ့လူလည်းမဟုတ်ဘူး၊ သွဲ့သွဲ့ထင်ပြီး စွပ်စွဲတာတွေ တစ်ခုမှမဟုတ်ဘူး"

"အေး ... အေး ... ထင်သလိုမဟုတ်ရင် စောင့်ကြည့်ပေါ့ဒါပဲ"

"သိပ်ပျော်လာကြတယ်မဟုတ်လား"

"ဟာ ... လာပြန်ပြီ ဒီစကားပဲ၊ ရေချိုးမလို့ဗျို့၊ ရေချိုးပါရစေ"

ကိုစိုး ဖုန်းချလိုက်ချိန်တွင် အန်တီနီ ပြုံးချိုချိုမျက်နှာလေးနှင့် ကိုစိုးနားရောက်လာပြီး ...

"ဒီလောက်တောင် ဒေါကြီးမာန်ကြီး ဖြစ်နေရတာ ဘယ်သူမို့လဲ သားရဲ့"

အရေးထဲ ရေချိုးချင်ပါပြီဆိုမှ အန်တီနီကလည်း စပ်စုလိုက်တာဟု မဖြူ တွေးရင်း ကိုစိုးအတွက် ကော်ဖီပူပူလေး ဖျော်ပေးရန် ထမင်းစားခန်းထဲဝင်ခဲ့သည်။

ထမင်းစားခန်းနှင့် ဧည့်ခန်းက ကြိမ်ပန်းလိုက်ကာကလေးပဲ ခြားထား၍ ထမင်းစားခန်းမှ ဧည့်ခန်းထဲသို့လှမ်းမြင်နေရ၏။

"သွဲ့သွဲ့ပါ မေမေရာ၊ သွဲ့သွဲ့ပါ"

"သားကို သွဲ့သွဲ့က ဘာတွေပြောလို့ ဒီလောက်တောင် ဒေါပွနေရတာလဲ သား"

စိုးစိုး ငြိမ်သွား၏။ စဉ်းစားနေပုံရသည်။ ထမင်းစားခန်းထဲမှ မဖြူကိုလည်း မသိမသာလှမ်းကြည့်လိုက်သေးသည်။

ပြီးတော့ ဖြည်းဖြည်းလေးလေးဖြေလိုက်၏။

"သူမှာတဲ့ပစ္စည်း မပါရကောင်းလားဆိုပြီး ကျွန်တော့်ကို ဆူနေလို့ ကျွန်တော် ပြန်အော်လိုက်တာပါ မေမေ"

"အောင်မယ်လေးကွယ်၊ သားကလည်း မေ့ပဲမေ့တတ်လွန်းတယ်၊ သားကို သွဲ့သွဲ့က ဘယ်လောက်ခင်တွယ်တယ်ဆိုတာ သား မသိဘူးလား၊ ငယ်ငယ်တုန်းက သားစာတွေကို သူ့ခမျာ ကူးပေးရတာ အမော။ သားအနိုင်ကျင့်သမျှ သူခံရတာ ဖတ်ဖတ်ကိုမောလို့၊ သားအလှည့်ကျတော့လည်း သူ အနိုင်ကျင့်တာ ခံရမှာပေါ့ သားရယ်၊ ဟုတ်ဘူးလား"

ကိုစိုး ဘာမှ ပြန်မပြော။ အန်တီနီပြောသမျှကို အေးအေးဆေးဆေး နားထောင်နေလိုက်သည်။

"ကဲပါ သားရယ်၊ နောက် ဒီလိုမမေ့စေနဲ့ပေါ့၊ သွား ... သွား •... သားရေချိုးချေ"

အန်တီနီ့စကားဆုံးသည်နှင့် မဖြူက ...

"ကိုစိုးရေ ... ကော်ဖီရပြီ"

ထမင်းစားခန်းမှပင် လှမ်းအော်လိုက်သည်။

"အို ... မဖြူကလည်း၊ စိုးစိုးက ရေချိုးတော့မှာ၊ ထားလိုက် ... ထားလိုက်၊ ရေချိုးပြီးမှ သောက်တာပေါ့"

ကိုစိုး ဘာမှ ပြန်မပြောသာတော့ပါ။ အန်တီနီက ကြားမှဖြတ်ပြောခြင်းကြောင့်ဖြစ်ပါသည်။



မဖြူလည်း ကော်ဖီပန်းကန်လုံးကို ပန်းကန်ပြားတစ်ချပ်နှင့်အုပ်ထားပြီး ထမင်းစားခန်းထဲမှ ထွက်ခဲ့သည်။

ဧည့်ခန်းထဲ မဖြူရောက်တော့ ကိုစိုးကိုမတွေ့ရတော့။ ရေသွားချိုးပြီနှင့်တူသည်။ အန်တီနီပဲရှိသည်။

"သမီး ... မဖြူ ခဏ"

အန်တီနီ ခေါ်လိုက်သဖြင့် အန်တီနီနားလျှောက်သွားရသည်။

"သား ဘာတွေဖြစ်လာသလဲ"

အဲသည်လို အန်တီနီက ရုတ်တရက်ကြီးမေးလိုက်တော့ မဖြူ ဘယ်လိုဖြေရမှန်းမသိ။

"ဘာမှမဖြစ်ပါဘူး အန်တီ"

ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းပင် မဖြူက ဖြေလိုက်သည်။

"သွဲ့သွဲ့မှာတဲ့ပစ္စည်းက ဘာလဲ၊ မဖြူ သိလား"

သည်မေးခွန်းကိုလည်း မဖြူ မဖြေနိုင်ပါ။

ဒါကြောင့် ...

"မသိဘူး အန်တီနီ"

"ကဲ ကဲ ... သွားတော့၊ ဒီတစ်ယောက်ကလည်း ကြောင်တောင်တောင်နဲ့"

အန်တီနီ စကားက တစ်မျိုးပဲဟု မဖြူ ထင်လိုက်သည်။

သည်နေ့ သန်လျင်က မဖြူတို့ပြန်လာပြီးမှ အဲသည် အမျိုးသမီးနှစ်ယောက်ကို မဖြူ နားမလည်နိုင်အောင် ဖြစ်နေရသည်။

အန်တီနီနှင့် သွဲ့သွဲ့တို့ပေါ့။

သွဲ့သွဲ့စကားတွေကလည်း ခနီးခနဲ့နှင့်။ အန်တီနီကျတော့ သူ့ကို မယုံသလို၊ မသက်သာသလို။

မဖြူမှာ စိတ်မောလူမောနှင့် အိပ်ရာပေါ်လှဲချလိုက်သည်။

တစ်နေ့လုံး ပျော်ခဲ့ရသမျှ ခုမှပဲ စိတ်ညစ်ချင်သလိုဖြစ်လာရသည်။

မဖြူ အဖြေရှာမရနိုင်။ ဘာကြောင့် သည်လိုပြောင်းလွဲသွားကြပါလိမ့်နော်။

✤ ✦ ✤



## အခန်း(၃၀)

"မဖြူရေ ... ခဏလာပါဦးဟေ့"

အန်တီနီခေါ်သံကြောင့် မဖြူ စာကြည့်စားပွဲမှ ထလိုက်ရသည်။

ဒုတိယနှစ်ရောက်ကတည်းက မဖြူ စာကြည့်ပိုများလာရသည်။ အင်္ဂလိပ်စာတွေကလည်း ခက်သထက်ခက်လာရသည် မဟုတ်ပါလား။

ဒါကြောင့် အိမ်ပြန်ရောက်တာနှင့် အိမ်အလုပ်တွေ လုပ်ပြီးလျှင် မဖြူ စာကြည့်စားပွဲထိုင်၍ အခန်းထဲမှ မထွက်ဘဲ အခန်းအောင်းနေတတ်သည်။

ကိုစိုးကတော့ အိမ်သိပ်ကပ်တယ်မရှိပါ။ ကျောင်းတက်လိုက်၊ တစ်နစ်ရိုက်လိုက်၊ ရေကူးလိုက်နှင့် အပြင်ထွက်နေသည်က များပါသည်။

တစ်ခါတစ်ရံ မဖြူကျောင်းကို လာလည်တတ်သည်။ ဒါကြောင့် ကျောင်းက သူငယ်ချင်းတွေကတောင် မဖြူကို စနေကြသည်။

"ဘာလဲဟေ့၊ ဘင်္ဂလားမောင်နှမလားကွယ့်"တဲ့။

မဖြူ ညှော်ခန်းထဲ ဝင်လိုက်သည်နှင့်။

"လာပါ သမီးရဲ့၊ အပျင်းပြေ အန်တီနဲ့စကားလေးပြောကြရအောင် လာခဲ့ပါလား"

သွဲ့သွဲ့လည်း ရောက်နေသည်။

လာလည်တိုင်းလည်း အန်တီနီနှင့် စကားလက်ဆုံပြောဆိုကြသည်။ ကျားထိုးတန်းလည်း ကစားတတ်သည်။

ကိုစိုးလည်း ကြွရင် ဝင်ပြီး ကစားတတ်ပါသည်။ သွဲ့သွဲ့ ကိုစိုးနှင့်သာ ကစားချင်၍ သည်အိမ်ကို ခဏခဏလာနေခြင်းပါ။

ကိုစိုးက လမ်းထွက်နေတတ်၍ သွဲ့သွဲ့ခမျာ အန်တီနီနှင့် စကားပြောဆို ကစားပြီးပြန်ရတာများပေသည်။

"သမီး စာတွေကြည့်စရာရှိသေးလို့ အန်တီနီ"

"အို ... မဖြူကလဲ၊ စာမေးပွဲတွေက အဝေးကြီးလိုသေးတဲ့ဥစ္စာ၊ လာပါ၊ အန်တီနီက မင်္ဂလာဆောင်သွားစရာရှိလို့ဟဲ့၊ အန်တီနီနဲ့ လူချင်းလဲပြီး ဆက်ကစားပေးပါဦး"

သွဲ့သွဲ့က ပြောလိုက်ခြင်းပင်။ အန်တီနီကတော့ ထိုင်ရာမှ ထလိုက်ပြီး ...

"ကဲ ... သွဲ့သွဲ့ရေ၊ အန်တီနီကိုတော့ ခွင့်လွှတ်ပါဦးနော်၊ တော်ကြာ ကားလာခေါ်တော့မှာမို့ ပြင်လိုက်ဦးမယ်"

"ရပါတယ် အန်တီနီရယ်၊ သွားပါ၊ သွဲ့သွဲ့လည်း ဒီတစ်ပွဲပြတ်ရင်ပြန်မှာပါ"

အန်တီနီ့နေရာတွင် မဖြူ ဝင်ထိုင်လိုက်ရသည်။



"ကဲ ... မဖြူအလှည့်"

မဖြူက စဉ်းစားလိုက်ပြီးမှ တစ်ကောင်စားနိုင်းပြီး သုံးကောင်ပြန်စားလိုက်သည်။

သွဲ့သွဲ့က ပြုံးလိုက်သည်။ သူသိသည်ပေါ့လေ။

"ကဲပါ ... မဖြူရဲ့။ အပျင်းပြေ နောက်တစ်မျိုးကစားကြရအောင်၊ စခရေဘယ်(လ်)ကစားကြမယ်"

မဖြူက အင်္ဂလိပ်စာအခ်ိကပဲမို့ အထင်ကြီးပြီး ကစားနိုင်းတာပါ။

"ကဲ ... မဖြူအလှည့်"

မဖြူ စဉ်းစားလိုက်ပြီးမှ အီးနှင့်စသည့်စာလုံးကို ဆက်ရမှာဖြစ်၍ မဖြူ ဆက်လိုက်သည်။ သွဲ့သွဲ့ရယ်လိုက်သည်။ မဖြူထည့်လိုက်သည့် စာလုံးအဓိပ္ပာယ်ကို သိသည်ဖြစ်ရာ သွဲ့သွဲ့ လက်ခံလိုက်သည်။

သည်တစ်ခါတော့ သွဲ့သွဲ့အလှည့်။

သွဲ့သွဲ့စဉ်းစားသည်။ မဖြူကို ပညာပြချင်ဖောနှင့် တော်တော်ကြာကြာ စဉ်းစားနေမိ၏။

မဖြူထက် သူကပိုပြီး အင်္ဂလိပ်စာမှာ တော်ကြောင်းကြွားချင်နေသည်။ ခက်နေတာက မဖြူက အင်္ဂလိပ်စာမှာ အဓိကသမားဆိုတော့ သွဲ့သွဲ့ တော်တော် စဉ်းစားထည့်မှ မဖြူ အဖို့ အခက်ကြုံနိုင်မည်မဟုတ်ပါလား။

သွဲ့သွဲ့စဉ်းစား၍ရသွားပြီ။ ဒါကြောင့် ပြုံးလိုက်လေပြီးလျှင် တူဇီကိုထည့်စားလုံးဖြတ်လိုက်သည်။

မဖြူ တွေသွားသည်။ သည်စာလုံး မဖြူ မမြင်ဖူး မကြားဖူးသေး။ အဲသည်စာလုံးရဲ့အဓိပ္ပာယ်ဆိုတာတော့ ဝေလာဝေး ပေါ့။

ဒါလည်း မဖြူ မလျှော့။ ဦးနှောက်ကိုဖျစ်ညှစ်ပြီး စဉ်းစားနေမိ၏။

ဒါကို သွဲ့သွဲ့ ရိပ်မိပုံရသည်။ သွဲ့သွဲ့နှုတ်ခမ်းမှ အပြုံးလေးတွေ ပွင့်လာပြီး ...

"သိသလား မဖြူ"

မဖြူ တော်တော်လေး တုန်လှုပ်သွားမိသည်။ သွဲ့သွဲ့ အမေးကြောင့်ပါ။

မသိဘူးဖြေလိုက်ရင် မဖြူ သိက္ခာကျသွားမည်။

သို့ဖြစ်၍ မဖြူ စဉ်းစားနေမိ၏။ သည်စာလုံးက အဓိပ္ပာယ် လုံးဝမရှိ။

သည်လိုပြန်ပြောလျှင်လည်းမဖြစ်။ တော်ကြာ အဓိပ္ပာယ်ရှိသော စာလုံးဖြစ်နေပါက မဖြူမှာ အရှုံးသိက္ခာ ထပ် ကျသွားနိုင်သည်။

မဖြူ ဘယ်လိုမှစဉ်းစား၍မရသည့်အဆုံး ခေါင်းခါ ပြလိုက်ရတော့၏။ တစ်နည်းအားဖြင့် လက်မြှောက်အရှုံးပေးလိုက် ရသည့်သဘောပင်။

"စားလုံးရဲ့အဓိပ္ပာယ်ကို ရှင်းပြမယ်နော်"

အောင်နိုင်သူပီပီ သွဲ့သွဲ့က ပြောလိုက်သည်။

"ရပါတယ် ... ရပါတယ်၊ မဖြူကိုက ညံ့တဲ့သူပါ"



"သွဲ့သွဲ့တို့ကိုက ငယ်ငယ်ကတည်းက အင်္ဂလိပ်စာနဲ့ ရင်းနှီးပြီးသားလေ၊ မာမီက အင်္ဂလိပ်ဝတ္ထုတွေသိပ်ဖတ် တော့ သွဲ့သွဲ့တို့လည်း ခိုးဖတ်ရင်းနဲ့ နားရည်လည်လာတာ ပါပဲ၊ ဟင်း ဟင်း ... အဲဒီစာလုံးရဲ့အဓိပ္ပာယ်က လေး နက်သည်၊ မဖြူ မယုံရင် ဒစ်ရှင်နာရီကိုလှန်ကြည့်လေ"

"ယုံပါတယ် ... ယုံပါတယ်၊ မဖြူ ယုံပါတယ်၊ ကဲ ... သွဲ့သွဲ့ မဖြူကို ခွင့်လွှတ်ပါ၊ ဆက်မကစားချင်တော့ဘူး၊ အရှုံးပေးပါတယ်နော်၊ မဖြူ စာကြည့်ချင်သေးလို့ပါ"

"အို ... ရပါတယ် မဖြူရယ်၊ သွဲ့သွဲ့လည်း ပညာတိုးချင် လို့ လာကစားတာပါ၊ နိုင်ချင်လို့မဟုတ်ပါဘူးနော်၊ သွားပြီ ကွယ်"

မဖြူ သွဲ့သွဲ့ ထွက်သွားသည်ကိုကြည့်ရင်း အံကို တင်းကျပ်စွာကြိတ်လိုက်မိသည်။

မျက်နှာမှာလည်း မျက်ရည်စတွေ ခိုသီတွဲကျလာ၏။ မဖြူ ဝမ်းနည်းလွန်းလို့ပါ။ စိတ်ထဲ ခံပြင်းလို့ပါ။

သွဲ့သွဲ့ နောက်ဆုံးပြောသွားသည့်စကားကို ကြည့် ပါဦး၊ ယဉ်ကျေးစွာနှင့် နှိမ်သွားတာပဲ။

မဖြူကို သူ့အနိုင်လိုလို့ လာကစားတာမဟုတ်ပါဘူး တဲ့။ သူ့ကိုယ်သူ ပညာတိုးတက်အောင်လို့ပါတဲ့။ ခုတော့ မဖြူ က သူ့လောက်မတတ်လို့ သူ့ပညာအသစ်မတိုးဘူးဆိုတဲ့သဘောကို ပြောသွားတာပင်။

သွဲ့သွဲ့ရယ် ... မဖြူကို ဘယ်လိုအငြိုးနှင့် သည် လောက်တောင် ပညာရှိနှိပ်စက်လုပ်နေရတာလဲကွယ်။

သွဲ့သွဲ့မျက်မှန်းကျိုးအောင် မဖြူ ဘာလုပ်နေမိလို့ပါလိမ့်။

မဖြူ ခေါင်းအုံးပေါ်မှောက်ပြီး စိတ်ရှိလက်ရှိ တအားငိုပစ်လိုက်တော့သည်။

✤ ✦ ✤



## အခန်း(၃၁)

"ဘယ်လိုနေသေးလဲ ကိုစိုး"

ကိုစိုးမျက်လုံးများ ပွင့်လာသည်။

"ကိုစိုး ဘာစားချင်သလဲဟင်၊ ဘာလုပ်ပေးရမလဲ၊ ပြောပါ"

မဖြူကပင် ထပ်မေးလိုက်သည်။ ကိုစိုးက မဖြေဘဲ ခေါင်းပဲခါပြသည်။

"အားရှိသွားအောင် ကြက်စွပ်ပြုတ်ကလေး သောက်လိုက်ပါလား"

ကိုစိုး ခေါင်းခါပြပြန်သည်။

"နည်းနည်းလေးတော့ သောက်လိုက်ပါလား"

မဖြူ ပြောပြောဆိုဆို ကိုစိုးနဖူးကို လက်ဖဝါးလေးနှင့်စမ်းပြီး ခပ်နွေးနွေးရယ် အဖျားအငွေ့ကလေးရှိနေသေးသည်။

ကိုစိုး ဖျားနေတာ သည်နေ့ပါဆို ငါးရက်လောက်ပင်ရှိတော့မည်။

တက္ကသိုလ်ရေကူးကန်မှာ ရေကူးပြီးပြန်ရောက်ကတည်းက ဖျားနေခြင်းပါ။

အန်ကယ်ဒေါက်တာပြောတာကတော့ အဆုတ် နည်းနည်းအအေးမိတယ်ဆိုလားပဲ။

မနေ့ကစပြီး အဖျားကျသွားသည်။ သို့သော် ကိုစိုးမှာ စားချင်သောက်ချင်စိတ်ကုန်ခန်းပြီး ခံတွင်းလည်းပျက်နေ၏။

ထိုနေ့မနက် အန်တီနီတို့က အလှူတစ်ခုကိုသွားကြသည်။

ကြက်စွပ်ပြုတ်တိုက်ရန်မှာခဲ့၍ မဖြူ ကိုစိုးကို ကြိုးစားတိုက်နေခြင်းပါ။

"နည်းနည်းလောက်ဖြစ်ဖြစ် သောက်လိုက်နော်"

မဖြူ ထပ်ပြီး တိုက်တွန်းထားလိုက်ပေမယ့် ကိုစိုးကတော့ မလှုပ်။ မျက်စိကိုပင် စုံမှိတ်ထားလိုက်သေးသည်။

"ကြက်စွပ်ပြုတ်ကလေး သိပ်ချိုတာပဲ စိုးစိုးရဲ့၊ နည်းနည်းလေးဖြစ်ဖြစ် မြည်းကြည့်ပါဦး"

ကိုစိုး မျက်လုံးများဖွင့်ကြည့်ရင်း ...

"အေးအေးနေပါရစေ မဖြူရယ်၊ ကိုစိုး ဘာမှစားချင်သောက်ချင်စိတ်မရှိလို့ပါ"

မဖြူ လက်လျှော့လိုက်ရတော့သည်။

"ကဲ ... ဒီလိုဆို မဖြူ သွားမယ်နော် စိုးစိုး"

ကိုစိုး မျက်လုံးများပွင့်လာပြန်သည်။

"နေပါဦး မဖြူရယ်"

တိုးတိုးသံလေးနှင့် ပြောလိုက်၏။

"ဘာလုပ်ပေးရမလဲ စိုးစိုး"

ပျာပျာသလဲ မဖြူက မေးလိုက်သည်။



"စိုးစိုး ဘယ်ဘက်ရင်အုံပေါ် မဖြူလက်တစ်ဖက်တစ်တင်ကြည့်စမ်းပါကွယ်"

ကိုစိုးပြသည့်နေရာတွင် မဖြူလက်ကို ဖွဖွကလေးတင်ထားလိုက်ရ၏။

"တွေ့လား မဖြူ"

ကိုစိုးမေးတာကို မဖြူ နားမလည်ရှာပါ။ ဒါကြောင့်ပြန်ပြောလိုက်သည်။

"ဟင့်အင်း ... ဘာမှ မတွေ့ဘူး"

"ရင်တွေတုန်နေတာလေ၊ မကြားဖူးလား"

ဟုတ်ပါသည်။

ကိုစိုးရင်တွေ တဒိတ်ဒိတ်ခုန်နေပါသည်။

"သိတယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ၊ ဆေးသောက်မလား"

မဖြူ မေးလိုက်သည်။

"ဘာဖြစ်ရမလဲ မဖြူရယ်၊ ဘာဖြစ်ရမှာလဲ၊ ဆေးသောက်ဖို့မလိုပါဘူး၊ အဲဒါ မဖြူကိုချစ်လို့ပဲ"

"ရှင်"

ကိုစိုးစကားကြောင့် မဖြူ သိပ်အံ့ဩသွားရသည်။ ရုတ်တရက် ဘာမှ ပြန်ပြောရမှန်းမသိဘဲ ကိုစိုးကိုသာ ကြောင်ကြည့်နေမိသည်။

"မဖြူကို ကိုစိုး သိပ်ချစ်နေပြီ"

ပြောပြောဆိုဆိုနှင့် လူမမာကိုစိုးက မဖြူကို တအားဖက်ထားလိုက်၏။

မဖြူရဲ့လှပကြော့ရှင်းတဲ့ ကိုယ်လုံးလေးကို သူ့ရင်ဘတ်ပေါ်သို့ မှောက်ချလိုက်ပြီး မွှေ့ဖက်မိသည်အထိ ဘာပြန်လုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင်ဖြစ်နေမိရာမှ သတိဝင်လာပြီး ...

"အို ... လွှတ်ပါ စိုးစိုးရယ်၊ လွှတ်ပါ၊ မတော်ပါဘူး"

"ဟင့်အင်း၊ မလွှတ်ဘူး၊ မဖြူကို ကိုစိုး ချစ်တယ်၊ သိပ်ချစ်တယ်"

မဖြူ၏ ဖြူဖွေးသောပါးနုနုကလေးကို တအားဖက်ကာ အားရပါးရနမ်းရင်း တတွတ်တွတ်ပြောနေပြန်သည်။

"လွှတ်ပါဆို၊ တော်ပါတော့၊ အသက်ရှူလို့တောင်မရတော့ဘူး၊ တော်ကြာ အန်တီနီတို့ပြန်လာရင် မြင်သွားမှ ဒုက္ခရောက်တော့မယ်"

"အို ... မေမေတို့ပြန်မလာနိုင်သေးပါဘူး မဖြူရဲ့၊ ကဲ ... ဖြေစမ်းပါဦး၊ စိုးစိုးကိုချစ်ရဲ့လားလို့လေ"

"လွှတ်လေ ... လွှတ်ပါ"

"လွှတ်မယ်လေ၊ မဖြူဆီကအဖြေစကား ကြားတာနဲ့ချက်ချင်းလွှတ်ပေးမယ်"

"အဲဒီလို အဓမ္မဆန်ဆန် အကျပ်မကိုင်နဲ့နော် စိုးစိုး"

"ဒါဟာ အကျပ်ကိုင်တာမှမဟုတ်ဘဲ မဖြူရဲ့၊ ချစ်လွန်းလို့ပဲဟာ၊ ဖြေလေ ချစ်တယ်မဟုတ်လား"

မဖြူ ရုန်းကြည့်ပါသည်။ ကြိုးစားပမ်းစားကိုရုန်းကြည့်တာမရပါ။

အားမရှိသောလူနာမဟုတ်။ ဒါကြောင့် ...



"အင်းပါဆို"

အဖြေပေးလိုက်ရတော့သည်။ ဒါပေမဲ့ ကိုစိုးကတော့ ဖက်ထားလျက်ပါ။

"ဖြေပြီးပြီလေ လွှတ်လေ"

မဖြူ တောင်းဆိုလိုက်တော့မှ ...

"တကယ်ချယ်တယ်နော်"

"အင်းပါဆို ... ချစ်တယ် ... ချစ်တယ်၊ ကဲ ... လွှတ်ပေးပါ"

"ဟင့်အင်း၊ ချစ်ပြီဆိုလို့ကို မလွှတ်တော့ဘူး"

"အိုကွာ ... စိုးစိုးကလည်း ကတိမတည်ဘူး၊ ကတိမတည်ရင် မဖြူ သိပ်မုန်းတာပဲ"

နှုတ်ခမ်းလေးစူပြီး မဖြူပြောလိုက်ပေမယ့် ကိုစိုးက ပြန်မပြောတော့ဘဲ အနမ်းမိုးတွေရွာတော့သည်။

မဖြူကတော့ ရုန်းစဲပါ။

ဒါပေမဲ့ တဖြည်းဖြည်းနှင့် မဖြူ၏ရုန်းကန်တာများ ပျော့သထက်ပျော့လာနေသည်။

"ဟော ... ကားသံကြားတယ်၊ အန်တီနီတို့ပြန်လာကြပြီထင်တယ်"

မဖြူ အလန့်တကြားပြောလိုက်မှ ကိုစိုး မဖြူကို ဖက်ထားရာလွှတ်ပေးသည်။

"ဟွန်း ... လူမမာလည်းဆိုသေးရဲ့၊ တော်တော်ဉာဏ်များပါလား၊ အားရှိလိုက်တာလည်းအရမ်းပဲ၊ ဒါတောင် ကြက်စွပ်မသောက်ရသေးလို့"

မဖြူ ကပျာကယာပြောပြီး အခန်းထဲမှ ပြေးထွက်ခဲ့တော့သည်။

သည်တော့မှ ကိုစိုးတစ်ယောက် မဖြူထားရစ်ခဲ့သော ကြက်ဆွပ်ပြုတ်များကို မြိန်ရည်ရှက်ရည် သောက်နေမိတော့သည်။

✣ ✦ ✣



## အခန်း(၃၂)

အဲသည်နေ့တစ်နေ့လုံး ဘယ်လိုပျော်သလဲ မမေးပြာနဲ့တော့။ နောက်ဆုံးနေ့ အောင်စာရင်းထွက်သည့်နေ့ဖြစ်ပါသည်။

မဖြူ သူငယ်ချင်းများနှင့်ချိန်းပြီး အောင်စာရင်းသွားကြည့်သည်။

နောက်မှ ကိုစိုးက ကားနှင့်လိုက်လာပြီး ရန်ကုန်မြို့အနှံ့ လျှောက်လည်ကြရန် အစီအစဉ်ဆွဲထားကြ၏။

အောင်စာရင်းကြည့်ပြီးသည်နှင့် အရင်ဆုံး မဖြူတို့ ရွှေတိဂုံဘုရားတက်ဖူးကြသည်။

တောင်ဘက်မုခ် ဓာတ်လှေကားစကြံပေါ်ရောက်တော့ ကိုစိုးက ရန်ကုန်မြို့အနောက်ဘက်ကို လက်ညှိုးထိုးပြရင်း ...

"ဟို မြင်တွေ့ရတဲ့မြစ်က လှိုင်မြစ်လေ၊ တွေ့လား မဖြူ"

"တွေ့တယ်၊ ဒီဘက်က နိုင်ငံခြားသင်္ဘောတွေရပ်ထားတဲ့နေရာကရော"

"အဲဒါ ရန်ကုန်မြစ်ပေါ့၊ လာ ... ရန်ကုန်အရှေ့ဘက်ကြည့်ရအောင်"

စကြံ၏ အနောက်ဘက်ကို ကိုစိုးပြောင်း၍ ...

"ဟို သစ်ပင်အုပ်အုပ်ကလေးနေရာရော သိလား"

မဖြူ ခေါင်းခါရင်း ...

"ဟင့်အင်း"

"အဲဒါ သာကေတလေ"

ကိုစိုး ပြသည့်နေရာကို မဖြူ သေသေချာချာစူးစိုက်ကြည့်လိုက်သည်။

ပြားဝပ်သည့်ရာကို သစ်ပင်တွေနှင့် အိမ်ရာအချို့ကို လှမ်းမြင်လိုက်သဖြင့် ...

"ဟို ... သာကေတနားက မြစ်ဆုံကြီးကရော"

"အဲဒီနေရာက ပုဇွန်တောင်ချောင်းနဲ့ ရန်ကုန်မြစ်ဆုံတဲ့နေရာလေ၊ စင်ရော်လေးတွေကို အစာကျွေးကြတဲ့နေရာပေါ့၊ မှတ်မိပြီနော်"

မဖြူ ကိုစိုးကိုပြုံးကြည့်ရင်း ခေါင်းညိတ်ပြသည်။

"ကဲ ကဲ ... လာသွားစို့၊ ဘုရားဖူးကြရအောင်၊ နေသိပ်ပူဦးမယ်"

သူတို့နှစ်ယောက် လက်တွဲပြီး ဘုရားဘက်ကို လျှောက်ခဲ့ကြသည်။

ပန်းဆိုင်က သစ္စာပန်းတွေဝယ်၍ ဘုရားမှာကပ်လှူပြီး နှစ်ဦးသား သစ္စာတွေ တိုင်တည်လိုက်ကြသေးသည်။

ထို့နောက် အနောက်မြောက်ထောင့် ပစ္စယံဘက်ကို သွားကြပြီး ဈေးဆိုင်ကလေးတစ်ဆိုင်မှာ အေးအေးဆေးဆေး ထိုင်ကြရင်း ရှေ့ရေးတွေကို တိုင်ပင်ဆွေးနွေးမိကြသည်။



လက်ကိုင်ပဝါနီနီရဲရဲလေးထုတ်ပြီး မဖြူက ကိုစိုးကို တဖျပ်ဖျပ်ခတ်ပေးရင်း နဖူးမှ ချွေးလေးများသုတ်ရန် ပေးရင်း ...

"စိုးစိုးနဲ့ မဖြူကို အန်တီနီက သဘောမတူကြပါမလား မသိဘူးနော်"

မဖြူက စိုးရိမ်အားငယ်စွာ ပြောမိ၏။

ချင်းသုပ်ကို ဇွန်းကလေးဖြင့် ကော်၍စားနေသော ကိုစိုးမှာ လက်တွန့်သွားရပြီး မဖြူကို ကြည့်လိုက်ရင်း ...

"သဘောတူတာ မတူတာကတော့ လူကြီးတွေအလုပ်ပါ မဖြူရယ်၊ အရေးကြီးတာက စိုးစိုးနဲ့ မဖြူ ဘယ်သူခွဲခွဲ မေတ္တာခိုင်မြဲနေကြဖို့က အရေးကြီးဆုံးပါပဲ၊ ကဲ ... စားလိုက်ဦးလေ မဖြူ"

မဖြူကလည်း ချင်းသုပ်တစ်ဇွန်း ကော်စားပြီး ...

"သိပ်ကြောက်တာပဲ၊ အန်တီနီက မဖြူရဲ့ ကျေးဇူးရှင်မဟုတ်လား၊ ကျေးဇူးရှင်ကို ပြန်ကျေးစွပ်ရမှာကို ဝန်လေးမိတယ် စိုးစိုးရယ်"

ညှိုးငယ်စွာဖြင့် မဖြူ ပြောနေမိ၏။

မဖြူ လေးလေးနက်နက်စဉ်းစား၍ ပြောနေပေမယ့် ကိုစိုးကတော့ မဖြူဆွေးနွေးသည့်ကိစ္စကို သိပ်အရေးကြီးသည်ဟု ယူဆပုံမရ။

"အို ... စိုးစိုးတော့ မေမေတို့သဘောမတူလည်း မဖြူကို လက်ထပ်မှာပဲ၊ သဘောတူလည်း လက်ထပ်မှာပဲ၊ စိုးစိုး မဖြူကို သိပ်ချစ်တယ်"

ပြောပြောဆိုဆို ကိုစိုး မဖြူ လက်ကလေးကို လှမ်းဆွဲဆုပ်ကိုင်လိုက်သဖြင့် ...

"ဟိုး ... ဆရာ ... ဟိုး၊ ဘုရားကြီးပေါ်မှာနော်၊ သတိလည်းထားပါဦးရှင်"

လက်ကို အသာရုန်းရင်း မဖြူ သတိပေးလိုက်ရသည်။ ကိုစိုးခမျာလည်း သက်ပြင်းကြီးတစ်ခု မသိမသာချ၍ ...

"မဖြူနဲ့ အတူတူနေချင်ပြီကွာ"

ညည်းညည်းညူညူ ပြောလိုက်သည်။

"ခစ် ... ခစ် ... ခစ်"

ခိုညည်းတွားသလိုဖြစ်နေသော ကိုစိုးကိုကြည့်ရင်း ရယ်ချင်လာသဖြင့် မဖြူ ရယ်လိုက်မိသည်။

"ဘာလို့ရယ်တာလဲ မဖြူရယ်"

"ဩော် ... အတူနေချင်ပြီဆိုလို့ပါ စိုးစိုးရဲ့၊ အခုလည်း အတူတူနေနေရတဲ့ဥစ္စာ၊ ဟင်း ... ဟင်း ... ဒါများ အဆန်းလုပ်ပြောနေလို့ ရယ်ချင်လာတာပေါ့"

သည်တော့မှ ကိုစိုး သဘောပေါက်၍ သူ့စကားမှား သွားမှန်းသိပြီး အရှက်ပြေရောပြီး ရယ်လိုက်သည်။

"အခုလို အတူတူနေကြတာထက် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေချင်နေတာကိုပြောတာ မဖြူရဲ့၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ စိုးစိုး"

"စိုးစိုး သဘော်တစ်ခေါက်နှစ်ခေါက်လောက်လိုက်ပြီး ပိုက်ဆံစုချင်သေးတယ်ကွယ်"



သည်စကားကို ကိုစိုး ခပ်ဆွေးဆွေးလေးပြောလိုက်ခြင်းပါ။

"စိုးစိုးကို မဖြူ မခွဲချင်ဘူးကွယ်၊ ခွဲရမှာကြောက်လွန်းလို့ သဘော်မလိုက်ပါနဲ့လား အချစ်ရယ်၊ မဖြူ မချမ်းသာချင်ပါဘူး၊ အေးအတူပူအမျှ ဒီမှာပဲ အလုပ်တစ်ခုခုဝင်လုပ်ပြီးတော့ မဖြူနဲ့အတူတူနေမယ်မဟုတ်လား၊ ကျေနပ်ပြီလား အချစ်"

မဖြူ ခေါင်းညိတ်ပြလိုက်၏။ ကိုစိုး လက်မှနာရီကို ကြည့်ရင်း ...

"သွားကြရအောင်၊ နောက်လည်း ဒီလိုပဲ အေးအေးဆေးဆေး တွေ့ကြရအောင်နော်။ တော်ကြာ မေမေတို့က မဖြူကို စိတ်ပူနေဦးမယ်"

ဘုရားပေါ်ကအဆင်းမှာလည်း တောင်ဘက်မုခ်ဓာတ်ကားမှပင် ဆင်းလာဖြစ်ကြပါသည်။

ကားနားရောက်တော့ မမျှော်လင့်ဘဲ သွဲ့သွဲ့ရပ်နေသည်ကို တွေ့လိုက်ရ၏။

"ဟာ ... သွဲ့သွဲ့ပါလား၊ တစ်ယောက်တည်း ဘုရားလာဖူးတာလား"

ကိုစိုး ရင်းရင်းနှီးနှီးပင် နှုတ်ဆက်လိုက်သည်။

သွဲ့သွဲ့ကတော့ မျက်နှာညိုညိုဖြင့်ပင် ...

"တစ်ယောက်တည်းပေါ့ ကိုစိုးရယ်၊ တစ်ယောက်တည်းပေါ့၊ မေမေ့အတွက် ဘုရားမှာ ယတြာလေးလာချေတာလေ၊ ကိုစိုးတို့ရော ဘုရားဖူးပြီးပြီလား"

သွဲ့သွဲ့စကားကြောင့် ကိုစိုးက မဖြူကို လှမ်းကြည့်လိုက်ရာ မဖြူက ပြုံးပြုံးပင် ...

“မဖြူ ဘုရားဖူးချင်တယ်ဆိုလို့ စိုးစိုးက လိုက်ပို့တာပါ”

“ဟုတ်တယ် သွဲ့သွဲ့ရေ၊ မဖြူတို့ ဒီနေ့ အောင်စာရင်းထွက်တယ်လေ၊ အဲဒါ စာမေးပွဲကို ဂုဏ်ထူးနဲ့အောင်လို့တဲ့ ဘုရားဖူးချင်တယ်ဆိုတာနဲ့ လိုက်ပို့တာ”

“အို ... မဖြူတို့ အောင်စာရင်းထွက်ပြီကိုး၊ ဝမ်းသာပါတယ် မဖြူရယ်၊ ကွန်ဂရက်ကျူလေးရှင်းပါပဲ”

သွဲ့သွဲ့က ဣန္ဒြေမပျက် မဖြူကို လက်ဆွဲ၍ပင် နှုတ်ဆက်လိုက်သေးသည်။

သွဲ့သွဲ့ကို မဖြူ အရမ်းအံ့သြနေမိ၏။

ကိုစိုးနှင့်သူ နှစ်ယောက်တွဲလျက်တွေ့ရပေမယ့် သွဲ့သွဲ့ကြည့်ရတာ ဘာမှ မဖြစ်သည့်ပုံစံမျိုးဖြစ်နေ၍ပါ။

“ကျေးဇူးတင်ပါတယ် သွဲ့သွဲ့ရယ်”

မဖြူကလည်း ပြန်ပြောလိုက်သည်။

“ဒါနဲ့ သွဲ့သွဲ့အိမ်ကကားရော လာကြိုမှာလား”

“အော် ... ဟုတ်ပါရဲ့၊ အဲဒါပြောမလို့ပါ၊ အိမ်ကကားက သွဲ့သွဲ့ကိုချထားပြီး ဖေဖေ သွားကြိုနေရတယ်လေ၊ အပြန်ကိုတော့ သွဲ့သွဲ့ အစီအစဉ်နဲ့ အိမ်ပြန်ရမှာ၊ အဲဒါ ဘုရားပေါ်ကဆင်းလာတော့ ကိုစိုးတို့ကားတွေ့လို့ ကားကြုံများစီးရမလားဆိုပြီး လာစောင့်နေတာ ... ဟင်း ဟင်း ဟင်း”



“ရပါတယ် သွဲ့သွဲ့၊ ရပါတယ်၊ လိုက်ခဲ့ပါ၊ ကျွန်တော်တို့လည်း အိမ်ပြန်ကြမှာပဲလေ၊ ကဲ ... တက်ပါ သွဲ့သွဲ့”

ကိုစိုးက ကားနောက်တံခါးဖွင့်ပေးလိုက်၍ သွဲ့သွဲ့ ဝင်ထိုင်လိုက်သည်။

မဖြူလည်း သူ့ဘက်က ကားနောက်ဘက်တံခါးကို ဖွင့်မည်အလုပ် ကိုစိုးက လှမ်းတားလိုက်ပြီး ...

“မဖြူ ရှေ့မှာလာထိုင်လေ”

ပြောရုံသာမဟုတ်၊ ကားတံခါးပါ ဖွင့်ပေးလိုက်သည်။

မဖြူလည်း အသာဝင်ထိုင်လိုက်ရသည်။

မဖြူစိတ်ထဲမှာတော့ ပျော်ခဲ့တာတွေ ပျောက်ပြီး ကြောက်စိတ်တွေဝင်လာမိသည်။

ကြောက်စိတ်နှင့်အတူ စိုးရိမ်စိတ်တွေကလည်း အဖော်အဖြစ် လိုက်လာကြ၏။

မဖြူနှင့်ကိုစိုး ဘုရားသွားကြသည့်ကိစ္စကို သွဲ့သွဲ့က အန်တီနီကို ပြောပြခဲ့လျှင် ...

အန်တီနီကလည်း ငယ်ရာက ကြီးလာတဲ့သူပီပီ အမှန်အတိုင်းတွေးမိလျှင် ...

“ဟင် ... မဖြူ ချွေးတွေပြန်လို့ပါလား၊ ပြတင်းပေါက်မှန်ချလိုက်လေ”

ကိုစိုးကပြောလိုက်မှ မဖြူလည်း ကားမှန်ပြတင်းပေါက်တံခါးကို ဖွင့်ထားလိုက်၏။

လေအေးကလေးတစ်သုတ်တော့ ကားထဲဝင်လာပါ ရဲ့။ ဒါပေမဲ့ မဖြူ ရင်ထဲက ဒပူငွေ့တွေကိုတော့ အေးမြလာအောင် မဆောင်ရွက်နိုင်ပါလားနော်။

✤ ✦ ✤



## အခန်း(၃၃)

နောက်တစ်လခန့်အကြာမှာဖြစ်သည်။

"မဖြူရေ"

"ရှင်"

"အန်တီနီ"

အန်တီနီခေါ်လိုက်သည်ကို ထူးရင်း မဖြူ အိမ်တီနီ့အနားရောက်သွားသည်။

"အင်းလျားလိတ်ကို အန်တီနဲ့လိုက်ခဲ့၊ သွား ... မြန်မြန် အဝတ်အစားလဲချေ"

သည့်လိုပါပဲ။ အန်တီတစ်ယောက် မဖြူကို မကြာမကြာ ဟိုဟိုသည်သည် ခေါ်သွားတတ်ပါသည်။

မဖြူကလည်း ဘွဲ့ရပြီး အားနေသည်ကိုး။

ဇာအင်္ကျီအဝါရောင်လက်ရှည် ဝတ်လိုက်ပြီး ချိတ်လုံချည်အဝါရောင်လေး ဝတ်လိုက်သည်။

ဆံပင်ကို အားလုံး အနောက် အချောသိမ်းပြီး ဆံထုံးလေးထုံးသည်။ မဖြူဆိုသည့် နာမည်နှင့်လိုက်အောင်

အသားဖြူဆွတ်၍ လှပကြော့ရှင်းသော ကိုယ်လုံးရှိပြီး ကျက်သရေ အပြည့်ရှိသည်။

ဝတ်စားဆင်ပြီး နှုတ်ခမ်းနီ ပန်းရောင်လေးဆိုးလိုက်ရုံဖြင့် မဖြူရဲ့အလှအပက မြင်သူတကာ ငေးသွားရတော့သည်။

အခန်းထဲမှထွက်လာခါနီးကျမှ တစ်ခုမေ့ကျန်ခဲ့၍ အခန်းထဲ ပြန်ဝင်လာခဲ့ရသည်။ လက်ကိုင်ပဝါပင်။ မိန်းကလေးဆိုတော့ လက်ကိုင်ပဝါဆောင်ရတာပေါ့လေ။

"ပြီးပြီလား သမီး"

ဧည့်ခန်းထဲမှ အန်တီနီ အသံပေးလိုက်ခြင်းပါ။

"ပြီးပါပြီ အန်တီနီ"

"လာ ... လာ၊ သွားကြစို့"

အင်းလျားလိတ် လက်ဖက်ရည်ခန်းမရောက်တော့ အန်တီနီက ...

"ထိုင် သမီး၊ ဘာစားမလဲ"

မေးလိုက်သည်။ မဖြူ ကြောင်သွားသည်။ အင်းလျားလိတ်မှာ မဖြူ ဘာမှာ စားရမှန်းမသိပါ။ ဘာတွေရှိပြီး ဘယ်ဟာ ကကောင်းမှန်းမသိပါ။

မသိဆို အင်းလျားလိတ်ကို သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်တုန်းက တစ်ကြိမ်သာ မဖြူ ရောက်ဖူးခဲ့တာကိုး။

"ပြောလေ သမီး ဘာစားမလဲ"

"အန်တီနီ ကြိုက်တာပဲမှာပါ"

စားပွဲထိုးတစ်ယောက်လည်း အဆင်သင့် စားပွဲနားလာရပ်သဖြင့် အန်တီနီ မှာလိုက်ပေသည်။



ရေခဲမုန့်နှစ်ပွဲ မှာလိုက်သည်။

စားပွဲထိုးထွက်သွားပြီး ခဏအကြာမှာပင် အန်တီနီ့အသံ ထွက်ပေါ်လာ၏။

"သမီး"

"ရှင်"

ခန်းမကြီးကို မျက်လုံးကစားပြီး ကြည့်နေရာမှ မဖြူ ထူးလိုက်ရင်း အန်တီနီကို စိုက်ကြည့်နေလိုက်သည်။

"သမီးမေမေ ဘဝကို သမီး သိပါတယ်နော်"

"ဟုတ်ကဲ့ ... သိပါတယ် အန်တီနီ၊ မေမေ့ဘဝက ဆိုးပါတယ်"

"ဟုတ်တယ် သမီး၊ သမီးအမေဘဝဟာ အလွန်တရာ ဆိုးဝါးလှတယ် သမီးရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သေတဲ့အထိ မအေးချမ်းရတဲ့ဘဝပဲ"

"ဟုတ်ကဲ့ အန်တီနီ၊ မေမေဟာ သိပ်ကံဆိုးရှာပါတယ်"

စားပွဲထိုးက ရေခဲမုန့်နှစ်ခွက် လာချပေး၍ အန်တီနီက စကားဆက်မပြောသေးဘဲ ရပ်ထားလိုက်သည်။

စားပွဲထိုးထွက်သွားတော့မှ အန်တီနီ စကားဆက် ပြောသည်။

"စားနော် သမီး၊ စားရင်းသောက်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့"

ရေခဲမုန့်စားနေရင်းမှ မဖြူ အန်တီနီ့မျက်နှာကိုကြည့်ပြီး အကဲခတ်လေ့လာနေမိသည်။

သည်နေ့ အန်တီနီကြည့်ရတာ တစ်မျိုးပဲ။ ခါတိုင်းလိုမဟုတ်ပါ။ စကားတွေသိပ်ပြောနေ၏။ စကားတွေမှာလည်း အချီးတွေ နိဒါန်းတွေနှင့်ဖြစ်နေသည်။

နောက်ပြီးတော့ အိမ်မှာပြောလည်း ရသားလျက်နှင့် အင်းလျားလိတ်အထိ လာစကားပြောရခြင်းကို မဖြူ နားမလည်။

အန်တီနီ့စကားတွေက အရေးကြီးမှန်းတော့ မဖြူ ရိပ်မိနေပြီ။

ဒါကြောင့် မဖြူ အန်တီနီကိုသာ မျက်တောင်မခတ်ငေးကြည့်နေမိတော့သည်။

"ဒါနဲ့ သမီးတို့ဘိုးဘိုးကို သမီး မှတ်မိလိုက်သေးလား"

"ဟင့်အင်း ... မြင်တောင်မမြင်ဖူးပါဘူး"

"သမီးဘိုးဘိုးနဲ့ အန်တီနီ့အမေတို့က မောင်နှမတွေဆိုတာရော သိတယ်မဟုတ်လား"

"ဒါတော့ သိပါတယ် အန်တီနီ"

"ဒီတော့ သမီးအဖေနဲ့ အန်တီနီတို့ဟာ မောင်နှမတစ်ဝမ်းကွဲပေါ့"

"သမီးသိပါတယ် အန်တီနီ"

"သမီးဖေဖေကို သမီးဘိုးဘိုးတို့က ကျောင်းကြီးကျောင်းကောင်းမှာ ကျကျနနစာသင်ပေးတယ်ကွယ်၊ အန်တီနီပြောတာလည်းနားထောင်၊ စားလည်းစားဦးလေ"

အန်တီနီပြောမှ မဖြူ တစ်ဇွန်းနှစ်ဇွန်း ဆက်ဘိုက်ထပ်စားလိုက်သည်။



"ဒါပေမဲ့ သမီးဖေဖေက စာကောင်းကောင်းမသင်ဘူး၊ ကစားမက်တယ်"

"ကစားမက်တယ်"

မဖြူ မျက်လုံးပြူး၍ မေးလိုက်ပါသည်။

"ဟုတ်တယ်၊ ကစားမက်တော့ ပျောက်ပျက်ရော၊ နောက်ဆုံး ကျောင်းထွက်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သမီးတို့အမေကို ယူလိုက်တာပါပဲ"

"ဩော် ... သမီး ခုမှ ဒါတွေသိရတော့တယ်"

"ဘယ်သူက ပြောပြမှာလဲကွယ်၊ သမီးအဖေကလည်း အိမ်ထောင်ကျပြီးမှ ဆက်ကံဆိုးပြန်ရော၊ သမီးအမေကလည်း ကစားမက်ပြန်တယ်၊ ကံတူအကျိုးပေးပေါ့ကွယ်"

မဖြူ နောက်ကြောင်းများကို ပြန်စဉ်းစားကြည့်နေမိသည်။

ဖေဖေဖဲကစားတာတော့ တစ်ခါမျှ မဖြူ မမြင်ဖူးမတွေ့ဖူးပါ။ မေမေ ဖဲကစားတာပဲ တွေ့ဖူးပါသည်။

"သမီးဖေဖေက အသက်ကလေး နည်းနည်းရလာတော့ ရုံးတစ်ရုံးမှာ အလုပ်ဝင်လုပ်ပြီးတော့ ကစားတာတွေ ခွန့်လွှတ်လိုက်တယ်လို့ ကြားတယ်ကွယ် ...

"သမီးအမေကတော့ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင်ဆိုပြီး ရှာတော့ရှာပါတယ်၊ ဒါပေမဲ့ ရှာသမျှလည်း ဖဲရိုက်ပစ်တယ်လို့ ကြားတယ် သမီး၊ နောက်ဆုံး အိမ်ထောင်ရေးပါ ဖောက်ပြန်တဲ့အထိ ဖြစ်သွားတယ်မဟုတ်လား"

မဖြူ နားထောင်ရင်း မျက်ဝန်းအစုံမှ မျက်ရည်တွေ စီးကျလာပါသည်။

ပိုက်ဆံအိတ်အတွင်းမှ လက်ကိုင်ပဝါလေးကို ထုတ်၍ အသုံးချရတော့၏။

"ဒါတွေ ဘာမှမသိဘူး အန်တီနီရယ်၊ သမီးကတော့ ဖေဖေ့ကိုပဲ သနားနေမိတယ်"

"အေး ... အန်တီနီလည်း အန်တီနီ့မောင်ကို သနားပါတယ်၊ ဒါကြောင့် သမီးကို အန်တီနီက ခေါ်ထားတာပေါ့ကွယ်၊ သမီးအမေရဲ့ နောက်ယောကျ်ားကရော ကောင်းလို့လား၊ သမီးကိုတောင် ကြံချင်သေးတဲ့အကြံသမား"

ဟုတ်ပါသည်။ ဖေဖေဆုံးတော့ မေမေနှင့် သူ့နောက်ယောကျ်ားတို့ ကျိုက္ကမီ ပြန်ရောက်လာပါသည်။

ဖေဖေခေါင်းချခဲ့သည့် ကျိုက္ကမီကအိမ်ကလေးကို ရောင်းပြီး မဖြူကို ရန်ကုန်ခေါ်သွားကြပါသည်။

မဖြူ ဆယ်တန်းစာမေးပွဲ အောင်သည့်နှစ်မှာ မေမေ ဆုံးပြန်ပါသည်။

မေမေဆုံးပြီး ဘာမှမကြာလိုက်ပါ။ အန်တီတို့က မဖြူကို လာခေါ်သွားကြပါ၏။

သည်အကြောင်းတွေ မဖြူ မတွေးမိသည်မှာ ကြာပါပြီ။ တွေးလိုက်တိုင်း မဖြူရင်တွေ နာရပါသည်။

ဖေဖေ့ကို သနားသလောက် မေမေ့ကို စိတ်နာမိသည်။ မေမေ့ကို စိတ်နာပေမယ့်လည်း မေမေနှင့်အတူနေသည့်အခါ မေမေ့ဘဝကိုကြည့်ပြီး ကြေကွဲရပြန်ပါသည်။



"အခု သမီးဘွဲ့ရပြီးပြီ၊ သမီး သံရုံးတစ်ရုံးမှာ အလုပ်ရဖို့လည်း အန်တီနီ ဆက်သွယ်ထားပြီးပြီ၊ အလုပ်ကိုကြိုးစားလုပ်ရင် ကြိုးစားသလို နိုင်ငံခြားကိုတောင် သွားလုပ်ချင်လုပ်ရဦးမယ်၊ သမီး လူတစ်လုံးသူတစ်လုံးဖြစ်သွားတာကို အန်တီနီတို့မိသားစု ဝမ်းသာနေရပါတယ်၊ အမြဲဂုဏ်ယူနေမှာပေါ့ သမီး"

ဒီနေရာရောက်တော့ အန်တီနီ့အသံတွေ မှုမမှန်တော့ပါ။ တုန်ခါလာသည်။ တစ်ဆို့လာသည်။

"မဖြူကို ငါ့တူမလေးလိုပဲ ဆက်ပြီး စောင့်ရှောက်ချင်ပါတယ်၊ ဆက်ပြီးချစ်နေချင်တယ်၊ ဒါပေမဲ့ မဖြူကို ချွေးမလိုတော့ မချစ်ပါရစေနဲ့၊ ချွေးမလည်းထပ်ပြီးမတော်ပါရစေနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သားကို အန်တီနီတို့ ဟိုဘက်ခြံက သွဲ့သွဲ့နဲ့ သဘောတူထားပြီးပြီ သမီး၊ လူကြီးချင်း ငယ်ငယ်လေးတည်းက ပြောဆိုထားကြတာမို့ အန်တီနီတို့ ဘာမှ မတတ်နိုင်တော့ဘူး၊ သမီး သဘောပေါက်ပါတယ်နော်"

မဖြူ မျက်လုံးများပင် ပြာဝေသွားမိသည်။

ခေါင်းကို မိုးကြိုးပစ်ခံရသလိုလို၊ ရင်ထဲမှာ နေဆယ်စင်း ကစ်ပြိုင်နက် ထွန်းလင်းနေသလိုလို ခံစားလိုက်ရ၏။

ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ ခံပြင်းခြင်းတို့လည်း ဖြစ်မိကာ အသားများပင် ဆတ်ဆတ်တုန်နေမိသည်။

အန်တီနီ ဘာတွေပြောဆိုလို့နေသည်ဆိုခြင်းကို မဖြူ ကောင်းကောင်းကြီးသဘောပေါက်သွားရပြီ။

စိုးစိုးနှင့် မဖြူကို သဘောမတူဘူးပေါ့။ စိုးစိုးအတွက် သွဲ့သွဲ့ရှိနေသည်ပေါ့လေ။ အန်တီနီ၏ တရားဝင်ကြေညာချက် တွေပါပဲလေ။

အန်တီနီက ပညာတတ်ပီပီ ပြောတတ်ဆိုတတ်သည်။ စကားလှလှလေးများသုံးပြီး မဖြူအရိုက်ကို အလဲထိုးသွားလိုက် နိုင်ပါ၏။

"အန်တီနီ ပြောစရာကျန်သေးတယ် သမီး"

အန်တီနီ့စကားသံ ပေါ်ထွက်လာပြန်သဖြင့် မျက်တောင်မခတ် နားစွင့်ရင်း ဝဲလာသောမျက်ရည်များကို မျက်တောင် တဖျပ်ဖျပ်ခတ်၍ သိမ်းလိုက်ရသည်။

"အန်တီ သမီးကိုပစ်မထားပါဘူးကွယ်၊ သမီးမေမေရောင်း သွားတဲ့ ကျိုက္ခမီကအိမ်ကို ပြန်ဝယ်ပေးမယ်၊ အဲဒီအိမ် မရလည်း ကျိုက္ခမီမှာပဲ တခြားအိမ်တစ်အိမ်ပေါ့၊ အစား ဝယ်ပေးမယ်၊ သမီးအိမ်ထောင်ပြုတဲ့အခါကျရင်လည်း အန်တီနီတို့က ကောင်းကောင်းမွန်မွန် တင့်တင့်တယ်တယ် ဖြစ်အောင်လုပ်ပေးဦးမယ်၊ ဟုတ်လား သမီး"

အန်တီနီရဲ့စကားတွေ မဖြူ နားထောင်နိုင်စွမ်းမရှိ တော့ပါ။

"ရက်စက်လိုက်တာ အန်တီရယ်"

"ပြောဆိုရက်လိုက်တာနော်"ဟု ရင်ထဲက အထပ် ထပ်မြည်စမ်းရင်း အသံထွက်မငိုမိရန် အံကိုတင်းတင်းကြိတ်ထား မိသည်။



မဖြူ ဝမ်းနည်းလွန်းလို့ မျက်ရည်များကတော့ တားလို့မနိုင် ဆီးမရ။ တာကျိုးသလို ဒလဟော မျက်ရည်များ လိမ့်ဆင်းကျလာပေပြီ။

အေး ... ရင်ထဲနှလုံးထဲက ချစ်မိပြီဆိုလာတော့လည်း နှလုံးသားရဲ့ ချစ်ခြင်းမေတ္တာဆိုတာ တားလို့မရဘူး။

မိန်းမသားတစ်ယောက်အနေနှင့် ယောကျ်ားလေး ဘက်က အကြောင်းအမျိုးမျိုးကြောင့် လက်ထပ်ခွင့်မပေးနိုင်ဘူးလို့ ပတ်ဝန်းကျင်အသံထွက်လာရင် မိန်းမဘဝမှာ ရင်အနာရဆုံးနှင့် နာကြည်းစရာအကောင်းဆုံးပဲ။

မဖြူ ရင်တွေနာလိုက်တာ အရမ်းပါပဲ။

အားရပါးရ မငိုမိအောင် တားဆီးထားရသဖြင့် ရင်ထဲမှာ ကျိတ်ပြီး ရှိုက်ငိုနေရသူ မဟုတ်လား။

မဖြူ ဆောက်တည်ရာ မရတော့ပါ။ ဒါကြောင့် အံကြိတ်ပြီး ထိုင်ရာမှထလိုက်မိ၏။

"သမီး ထိုင်ဦးလေ၊ အန်တီနီလည်း အခုပြန်တော့မှာကွယ့်"

အန်တီနီ တားပေမယ့် မရတော့ပေ။ ရတ်တရက် ဆုံးဖြတ်ချက်ချပြီးသည့်အတိုင်း မဖြူ အန်တီနီ့အပါးမှ ပြေးထွက် ခဲ့တော့သည်။

ဘယ်သူတွေဝိုင်းကြည့်ကြည့် မရှက်နိုင်တော့ပါ။

"မဖြူ ... သမီး"

အန်တီနီ့ခေါ်သံ တဖြည်းဖြည်း ဝေးဝေးကျန်ခဲ့လေ တော့သည်။

✤ ◆ ✤

## အခန်း(၃၄)

"ကျေးဇူးရှင် အန်တီရှင့် ...

သမီးမဖြူ ရိုသေစွာရေးအစီရင်ခံအပ်ပါသည်ရှင့်။

မဖြူမှာ မိဘတွေမရှိတော့ပါဘူး။ ဒါကြောင့် အန်တီနီဟာ မဖြူရဲ့အဖေဆိုလည်း ဟုတ်ပါတယ်၊ အမေဆိုလည်း မမှားပါဘူး။

အန်တီရဲ့ကျေးဇူးတွေဟာ မဖြူအပေါ်မှာ မြင်းမိုရ်မကကြီးမားလှပါတယ်၊ အဲဒီကျေးဇူးတွေကို မဖြူ တစ်နေ့မှာဆပ်နိုင်ဖို့ အမြဲတမ်းစောင့်မျှော်နေခဲ့ပါတယ်။

ယခု အန်တီ့ကျေးဇူးဆပ်ဖို့ အချိန်ကြုံရပါပြီ၊ အဲဒီအတွက် မဖြူ သိပ်ဝမ်းသာနေရပါတယ်။

အန်တီတို့ ဒီစာကိုဖတ်ရတဲ့အချိန်မှာ မဖြူ ရန်ကုန်မြို့မှာ မရှိတော့ပါဘူး၊ ရန်ကုန်နဲ့ မိုင်ပေါင်းများစွာဝေးတဲ့အရပ်ကို မဖြူထွက်ပြေးသွားပါပြီ။

ဘာကြောင့် မဖြူ ဝေးရာသို့ ပြေးရလဲ ဆိုတာ အန်တီနီ အသိဆုံးပါ၊ အန်တီ့ကို သမီး ကျေးဇူးဆပ်တယ်လို့ပဲ သဘောထားပါရှင်။



မဖြူ ကိုစိုးနဲ့ ပြန်မဆုံနိုင်အောင် အလွန်ဝေးကွာတဲ့အရပ်ဒေသကို ထွက်ခွာသွားပါပြီ။

အန်တီဖြစ်စေချင်တာတွေ မဖြူလိုက်နာပြီး မဖြူကျေးဇူးဆပ်လိုက်တာပါ၊ အန်တီ ကျေနပ်လိမ့်မယ်လို့ မဖြူ မျှော်လင့်ပါတယ်။

ကျေးဇူးတရားကို
ထာဝစဉ်စောင့်သိလျက် ...
ကံဆိုးမလေး
မဖြူ"

အန်တီနီရေ မဖြူ စိုးစိုးအတွက် စာတစ်စောင်ရေးပေးခဲ့ပါတယ်။ စိုးရိမ်မသွားပါနဲ့ အန်တီ။

စိုးစိုး အတွက် စာထဲမှာ စိုးစိုးတစ်ယောက် မဖြူမျက်နှာကို တစ်သက်လုံး မကြည့်ချင်လောက်အောင် မုန်းသွားစေမယ့် အကြောင်းအရာတွေကိုပဲ မဖြူ ရေးပေးထားတာပါ၊ စိတ်ချပါ အန်တီနီရယ်၊ မဖြူ ကတိတည်ပါတယ်။

အဲဒီစာကို စိုးစိုးလက်ထဲပေးဖြစ်အောင် ပေးပါနော်။ ဂုဏ်လည်းယူမိပါတယ်၊ အန်တီ ဖြစ်စေချင်တဲ့အတိုင်း မဖြူ သွားပါပြီ။

ဒါလေးတစ်ခုတော့ မဖြူကို နောက်ဆုံးအနေနဲ့ အကူအညီပေးပါလား အန်တီရယ်။

✤ ✦ ✤

"စိုးစိုးရေ ...

စိုးစိုး ဒီစာဖတ်တဲ့အချိန်မှာ စိုးစိုးသိပ်ကိုချစ်လှတဲ့ မဖြူဟာ ဟိုအဝေးတစ်နေရာကို ရောက်နေပါပြီ။

အန်တီနီဟာ မဖြူကို စောင့်ရှောက်ခဲ့တယ်၊ ကျွေးမွေးပြုစုယုယခဲ့တယ်၊ ဒါကြောင့် မဖြူ ကျေးဇူးတင်မဆုံးပါဘူးကွယ်၊ ယုံပါ။

မဖြူက ကျေးဇူးရှင်ရဲ့သားကို ကျေးဇူးရှင်တစ်ယောက်လိုပဲ သဘောထားပါတယ် စိုးစိုး။

ဒါကြောင့် ကျေးဇူးရှင်တွေစိတ်ချမ်းသာအောင် မဖြူ အားလုံးကို လိုက်လျောခဲ့ပါတယ်။

စိုးစိုးကချစ်သလားမေးရင် မဖြူက ချစ်တယ်လို့ ဖြေရမှာပဲ၊ စိုးစိုးက မဖြူ တကယ်ချစ်တယ်အောက်မေ့ပြီး လက်ထပ်မယ် ဘာမယ် တကယ်ပြောလာတော့ မဖြူမှာ အခက်တွေ့ရတော့တာပေါ့။

မဖြူ စိုးစိုးကို တကယ်မချစ်ဘူးပေါ့၊ စိုးစိုးဟာ မဖြူရဲ့ချစ်သူမှ မဟုတ်တာ။



ဒီကမ္ဘာကြီးမှာ မဖြူချစ်တဲ့သူဟာ တစ်ယောက်တည်းပဲရှိပါတယ်၊ သူ့ကိုပဲ မဖြူ ချစ်ပါရစေ။

ဒါကြောင့် စိုးစိုးကို လှည့်စားခဲ့တဲ့မဖြူကို ပစ်ပစ်ခါခါမုန်းပစ်လိုက်ပါလို့ မဖြူ ပြောပါရစေ။

အလိမ်အညာ အပလီများလှတဲ့ မဖြူကို မေ့ပစ်မုန်းပစ်လိုက်စမ်းပါ စိုးစိုးရယ်။

စိုးစိုးအပေါ် ရက်ရက်စက်စက် သစ်စိမ်းချိုး ချိုးခဲ့တဲ့ မဖြူကို စွန့်ပစ်လိုက်ပါ စိုးစိုး။

လုံးဝမျှော်လင့်မထားသောဖြစ်ရပ်တစ်ခု ပေါ်လာပြီလို့နော်။

ဒါပါပဲ

စိုးစိုး မဖြူကို ခွင့်လွှတ်နိုင်ပါစေ

အဝေးဆုံးပြေးသွားတဲ့

မဖြူ"

ဤသည်ပင်လျှင် မဖြူ၏နှလုံးသား နာကျင်ခဲ့ရသောအတိတ်။

❖ ◆ ❖

## အခန်း(၃၅)

"ဝှန်း ... ဝှန်း ... ဝှန်း"

ကမ်းစပ်ကိုလှိုင်းပုတ်သံ၊ လှိုင်းလုံးကြီးတွေ ပြေးပြေး ရိုက်နေကြ၏။

လှိုင်းကလေးများက ကမ်းစပ်မှသဲများကို ထိယမ်း ပြီးနောက် ပင်လယ်အတွင်းသို့ ပြန်လည်ပြေးဆင်းတတ်ကြသည်။

သောင်ပေါ်မှာလမ်းလျှောက်ရင်း မဖြူ လှိုင်းကလေး များကိုကြည့်ရင်း ချစ်သောသူနှင့် ကွေကွင်းရသည့်အတွက် ရင်နင့် စွာဖြင့် တွေးနေမိသည်။

ကိုယ်ဖြစ်ချင်တာမှ မဖြစ်ရတဲ့အတူတူ သူ့ဟာသူဖြစ် ချင်တာတွေ ဖြစ်လာစမ်း၊ မဖြူ ရင်ဆိုင်ပါတော့မည်။

နေဝန်းနီနီကြီးကို မဖြူ ငေးစိုက်ကြည့်နေမိသည်။

နေဝန်းနီနီကြီးကလည်း ဟိုအနောက်ဘက်ဂေါ်ရာ ကျွန်းဆီမှာ ငုပ်လျှိုးဝင်ရောက်တော့မည်မို့ ကမ္ဘာလောကကြီးကို အလှပဆုံးပန်းချီကားတစ်ချပ်ဖြစ်အောင် ခြယ်မှုန်းထားရစ်ခဲ့ပုံရ သည်။



ပင်လယ်ထဲမှာတော့ ပင်လယ်ကူးသင်္ဘောကြီးတစ် စင်း တရွေ့ရွေ့သွားနေ၏။

နေမင်းကြီးရယ်။

သင်္ဘောကြီးရယ်။

ပင်လယ်ကြီးရယ်။

ထို့ကြောင့် ဆည်းဆာချိန်မှာ အလွမ်းပိုအောင်ဖန်တီး ပေးနေသည်လားဟု မဖြူ တွေးလိုက်မိပါသည်။

ခပ်လှမ်းလှမ်းမှာရှိသော ကျိုက္ကမီရေလယ်ဘုရားကို မဖြူ အဝေးကပင် လှမ်းပြီး ဖူးမြော်ကန်တော့လိုက်သည်။

ဘုရားသို့ သွားရာလမ်းတစ်လျှောက်မှာလည်း လှိုင်း ကလေးများက ဦးစိုက်ဖူးမြော်နေသယောင် လှမ်းမြင်နေရပါသည်။

မဖြူ ကျိုက္ကမီကို ရောက်နေခြင်းဖြစ်ပါသည်။

ကလောက ထွက်လာစတုန်းကတော့ မဖြူမှာ ခြေဦး တည့်ရာအခြေအနေမျိုး၊ ဘာအလုပ်လုပ်၍ ဘယ်မှာနေထိုင်ရမည် ဆိုသည့် အစီအစဉ်များ ကြိုတင်စိတ်ကူးမရှိခဲ့ပါ။

ရုတ်တရက်ထွက်လာခြင်းဖြစ်၍လည်း ဘာမှ ပြင် ဆင်ချိန်မရခဲ့ပါ။

ရန်ကုန်ရောက်တော့ တက္ကသိုလ်တုန်းက ခင်မင်ခဲ့ သော ချိုချိုဆိုသည့် သူငယ်ချင်းအိမ်မှာ တည်းခိုလိုက်သည်။

ချိုချိုတို့အိမ်တွင် တည်းခိုနေစဉ် သတင်းစာထဲ၌ စိုင်းမောင်မောင်နှင့် နှင်းဆီတို့ လက်ထပ်ပြီးစီးကြောင်း ကြော်ငြာ ကို တွေ့လိုက်ရ၏။

စိုင်းမောင်မောင်ရယ်။

အဲသည်တုန်းက မဖြူမှာ စိုင်းမောင်မောင်အတွက် အသည်းနာရင်နှင့်လွန်း၍ မျက်ရည်ပွင့်များ ပါးပေါ်သို့ ခြွေသီခဲ့ရသည်။

ချိုချိုတို့ဖေဖေ အန်ကယ်ဦးအေး ပြောပေး၍ မဖြူ တစ်ယောက် ဓာတ်ရိပ်ရွာဖြစ်သော ကျိုက္ကမိမြို့အလယ်တန်းကျောင်း တစ်ကျောင်းမှာ အလယ်တန်းပြဆရာမတစ်နေရာတွင် အလုပ်ရလိုက်သည်။

လုပ်သက်တောင် ခြောက်လရခဲ့ပြီပဲ။

သဲပြင်နုနုပေါ်မှာ မဖြူက သူ့လက်ညှိုးကလေးဖြင့် အသည်းပုံကြီးတစ်ပုံဆွဲလိုက်သည်။

အသည်ပုံကြီးအလယ်တွင် 'ကိုစိုး'ဆိုသည့်စာလုံးကိုလည်း ရေးလိုက်လေသည်။

"ဟေး ... မိပြီကွ၊ အောင်မယ်လေး ... မမက ဒီမှာ လာပြီး စိတ်ကူးယဉ်နေတာကိုး"

မဖြူ လန့်ပြီး လှမ်းကြည့်လိုက်တော့ မိဝါဝါ။ ကလေးနှစ်ယောက်အမေ ဖြစ်နေပေမယ့် မိဝါဝါကတော့ ငယ်ကျင့်တွေမပျောက်နိုင်သေးပေ။

ပျော်ပျော်နေသေခဲဆိုသည့်မူကို လက်ကိုင်ထားဆဲထင့်။ အခုလည်းကြည့်လေ ...

မဖြူခမျာ မထိတ်သာမလန့်သာဖြစ်အောင် လုပ်လိုက်ရသေးသည်။



"နေပါဦး ... နေပါဦး၊ ဘာတွေရေးထားတာလဲ၊ ဖျက်မပစ်ပါနဲ့၊ ဟာ ... ဖယ်စမ်းပါဦး၊ လက်ကြီးနဲ့ကာမထားပါနဲ့၊ အဲ ... အသည်းပုံထဲမှာ 'ကိုစိုး'တဲ့၊ အလို ... အပျိုကြီး ဘယ်သူလဲ ကိုစိုးဆိုတာ ... ဟဲ ဟဲ"

မိဝါဝါက စပ်စုမ။

ဒါကတော့ ငယ်ငယ်ကတည်းကအကျင့်ပင်။

အဲသည်လိုစပ်စုရမှ စားဝင်အိပ်ပျော်သည့် မိဝါဝါလေ။ စပ်စုရုံတင်မကပါ။ အတင်းအပျင်းဆိုရေးလည်း လုပ်တတ်ပါသေးသည်။

အသည်းပုံကို မဖြူက လိုက်ဖျက်နေသည်။

"အလို ... ဘာလို့ ဖျက်ရတာလဲ"

"အိုး ... ရှက်စရာကြီးဟာ"

"ရှက်မနေပါနဲ့၊ ငါ သိပြီးပြီ၊ ငါ မောင်းထုတော့မယ်"

မိဝါဝါ ကျောပြင်ကြီးကို ဖျောတင်ဖို့ မဖြူ ထလိုက်သည်။

ဒါပေမဲ့ မိဝါဝါက အရင်ထွက်ပြေးနှင့်ပြီး ပြီးတော့ ခပ်လှမ်းလှမ်းကနေ ...

"ငါက ကလေးနှစ်ယောက်အမေပါဟယ်၊ နင်က ငါ့လောက်တောင်မသန်စွမ်းဘူးလား"

သည်လိုစ,နေပြန်တော့ မဖြူ မခံချင်စိတ်နှင့် နောက်က ပြေးလိုက်မိပြန်သည်။

နောက်ဆုံးနှစ်ယောက်သား သောင်ပြင်ပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်ကြသည်။

စကားတောင် ချက်ချင်းမပြောနိုင်ကြဘဲ မနည်း အသက်ရှူနေကြရသည်။

နေဝန်းနီနီကြီးကလည်း ပင်လယ်ပြင်မျက်နှာပြင်ပေါ် မေးတင်နေလေပြီ။

အတန်ကြာမှ မိဝါဝါ စဉ်းစားဟန်ဖြင့် ...

"ကိုစိုး ... ကိုစိုး ဆိုတာ ဘယ်သူလဲ"

စပ်စုလိုက်၏။

"ဘာမှ မဟုတ်ပါဘူးဟယ်၊ ပေါက်ကရတွေ ရေးမိတာပါ"

"ကောင်မ ... မညာပါနဲ့"

"ဒါ ညည်းနဲ့ပတ်သက်တဲ့လူ ဖြစ်ရမယ်"

မိဝါဝါ မကျေမနပ် မရမကကို လိုက်မေးနေတော့ သည်။ မဖြူကလည်း မဖြေပေ။ ဟိုးပင်လယ်ကြီးရဲ့အဆုံးကိုပဲ မျှော်ကြည့်နေလိုက်သည်။

"ဟေ့ ... ဒီမှာ မေးနေတယ်လေ"

"ဟုတ်တယ် မဟုတ်လား ငါပြောတာ၊ ဟော ... ပြုံးပြီ၊ ပြုံးပြီ၊ လုပ်နေပြီကောင်မ၊ ရုပ်ကိုက စပ်ဖြဲဖြဲနဲ့၊ ဟုတ်လို့ ငြိမ်နေတာမဟုတ်လား"

နေဝန်းနီနီကြီးကတော့ မြန်လိုက်သည့် ဖြစ်ခြင်း။ အနောက်ဘက်ဆီမှာ လုံးဝကွယ်ပျောက်လုနီးနီး ငုပ်လျှိုးသွားပေ ပြီ။

"ကဲ ... မှောင်ပြီဟယ်၊ ပြန်ကြစို့"

ထိုင်ရာမှထရင်း မဖြူ ပြောလိုက်သည်။



"နေစမ်းပါဦးဟ၊ ညည်းအကောင်ကဘာလဲ၊ ဘယ်ကလဲ၊ ဘာလုပ်လဲ၊ ဘယ်မှာနေလဲ"

မိဝါဝါ စပ်စုလိုက်တာ။ အမေးအမြန်းကလည်း များလိုက်တာ။ အတင်းတရကြမ်းကို မေးနေပြန်၏။

"ဟာ ... ပြန်ကြပါစို့၊ အချိန်မရှိဘူး၊ မှောင်စပြုနေပြီ၊ နင့်ကို တော်ကြာ လူကြီးပြန်လာလို့ နင့်မတွေ့ရင် ပူညံ ပူညံဖြစ်နေဦးမယ်"

မိဝါဝါ အပြေးအလွှား မဖြူနောက်လိုက်ရင်း မေးနေ ပြန်သည်။

"မသိချင်စမ်းပါနဲ့အေ"

"ဟင့်အင်း ... သိချင်တယ်၊ ငါ သိပ်သိချင်တယ်"

"ဝိုင် ... အိုင် ... တီ ကဟော့ ... သိပြီလား"

"ဘာကိုပြောတာလဲ"

ဟုတ်တာပေါ့။ မိဝါဝါက ဝိုင်အိုင်တီ ဆိုတာ ဘယ်သိပါ့မလဲ၊ တက္ကသိုလ်မှ မရောက်ဖူးတာ။

မိဝါဝါမှာ ကျိုက္ကမိမှာမွေး၊ ကျိုက္ကမိမှာကြီး၊ ကျောင်း စာလည်း ရှစ်တန်းလောက်ပဲ နေဖူးတာကိုး။

ပြီးတော့ ငယ်ငယ် ရွယ်ရွယ်နှင့် အိမ်ထောင်ကျဆို တော့ ဘယ်သိနိုင်ပါ့မလဲ။

"ဝိုင်အိုင်တီဆိုတာ အင်ဂျင်နီယာကျောင်းကို အင်္ဂလိပ်လို ပြောတာ၊ နားလည်ပြီလား"

အဲသည်လို မဖြူက ရှင်းပြပြန်တော့ ...

"အင်ဂျင်နီယာဆိုတော့ အကောင်းစားကြီးပဲ၊ ဘယ်ဆိုးလို့လဲ၊ ဆက်ပြီး ဘာလို့ လုပ်ငန်းမစတာလဲ၊ စိတ်ကူးမလွဲနဲ့နော် မဖြူ"

"သူ့ဘာသူ ကောင်းစားတာနဲ့ ငါနဲ့ဘာဆိုင်လို့လဲဟ"

"ဆိုင်ပါတော် ... ဆိုင်ပါ၊ တို့မြို့ကို ရောက်လာတဲ့ အင်ဂျင်နီယာ အရာရှိကတော့ သိပ်ချော သိပ်လှတာပဲ၊ အပျိုကလေးတွေကလည်း ဝိုင်းဝိုင်းလည်နေတာပဲ၊ အဖေအမေတွေကလည်း လောကွတ်တွေပိုပြီး ပေးကြကမ်းကြနဲ့ပဲ"

ထိုအခိုက် ...

"မေမေရေ ... ဖေဖေ ပြန်ရောက်နေပြီ၊ ပြန်လာတော့တဲ့"

မိဝါဝါသားအကြီးလေးက လာပြီးပြောလိုက်ခြင်းဖြစ်သည်။

သားငယ်က အသက်သုံးနှစ်ပဲရှိနေသေး၍ အိမ်မှာပင် နေရစ်ခဲ့ရသည်။

"နင်တို့အဖေ ဘယ်တုန်းကရောက်တာလဲ"

မိဝါဝါ သူ့သားကြီးကို မေးလိုက်သည်။

"အခုပဲ"

"အို ... ကလေးပဲခေါ်ခိုင်းခိုင်း၊ ကိုယ်တိုင်ပဲလာခေါ်ခေါ် ခေါ်တာတော့ အတူတူပဲပေါ့၊ ဟောဒီရွှေမျက်နှာတော်လေးကို ဖူးချင်လို့ဖြစ်မှာပေါ့"

မိဝါဝါရဲ့ မျက်နှာဝိုင်းစက်စက်ကြီးကိုကိုင်၍ မဖြူ ခပ်ရွှတ်ရွှတ်ပြောလိုက်သည်။



"ဟုတ်ပါလိမ့်မယ် အားကြီးကြီး၊ ထမင်းခူးခိုင်းမလို့ဖော့၊ သူဆာလာပြီပေါ့၊ ထမင်းခူးခိုင်းမလို့၊ လာ ... လာ၊ ခပ်သုတ်သုတ်သွားကြစို့၊ မှောင်နေပြီဟ"

အဲသည်လို မိဝါဝါ၏ အပျော်လေးတွေကိုပင် မဖြူချစ်နေမိသည်။

မိဝါဝါသည် စကားကို ဘယ်တော့မှ လှလှပပ တန်ဆာဆင်မနေတတ်။ ပြောချင်တာပြောသည်။

ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ရှင်းရှင်းပြောတတ်သည်။

ဒါကြောင့် မိဝါဝါအိမ်ကို မဖြူ နေခြင်းဖြစ်သည်။ မိဝါဝါတို့မိသားစုနှင့် နေရသည့်ကာလများသည် မဖြူအဖို့ စိတ်သက်သာရာအရဆုံး၊ ပျော်ရွှင်မှုအဖြစ်ဆုံးကာလများဆိုပါက မမှားနိုင်ပါ။

မိဝါဝါခင်ပွန်း ကိုသာပြည့်ဆိုတာလည်း လူအေးလူရိုးတစ်ယောက်ဖြစ်သည်။ မိဝါဝါပြောဆိုသမျှ၊ အားလုံးခြယ်လှယ်သမျှ ခံနိုင်သူတစ်ဦးပင်။

ဘာပဲဖြစ်ဖြစ် ကျိုက္ခမီရောက်မှ မဖြူစိတ်တွေ နုပျိုလန်းဆန်းနေမိသည်။ အပျိုဖျန်းကလေးလို သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားသွားလာနေမိသည်။

မဖြူ ကျိုက္ခမီမှာနေရသည်ကို ကျေနပ်ပျော်ရွှင်နေမိသည်။

✤ ✦ ✤

## အခန်း(၃၆)

"မင်္ဂလာပါ ဆရာမ"

ကျောင်းသူကျောင်းသားကလေးများ အားနှင့်မာန်နှင့် ညီညီညာညာ အော်လိုက်ကြသည့်အသံသည် မိုးထိအောင် ထိုးဖောက်သွားသလားဟုပင် မဖြူ ထင်လိုက်မိသည်။

ရေနံချေးဝတော့ မည်းနက်နေသော သစ်သားစာသင်ကျောင်းကလေး လွင့်စဉ်ပေါက်ကွဲသွားမတတ် အော်လိုက်ကြသည့် ကလေးများကိုကြည့်ရင်း မဖြူ ပီတိဖြာနေမိသည်။

ကလေးတို့၏ ရှင်းသန့်ဖြူစင်သော စိတ်ဓာတ်၊ နုပျိုသောအားမာန်နှင့် လန်းဆန်းတက်ကြွသော မျက်နှာကလေးများကို ကြည့်နေမြင်နေရ၍လည်း မဖြူ စိတ်တွေပါ နုပျိုလန်းဆန်းလို့နေသလိုပင်။

"မင်္ဂလာပါကွယ်"

ရိုးသားတည်ကြည်၍ အေးမြကြည်လင်သော မဖြူ၏ အသံဆုံးသည်နှင့် ကလေးတို့သည် မတ်တတ်ရပ်နေရာမှ ထိုင်လိုက်ကြပါသည်။



ဤဝတ္ထုရားသည် မင်္ဂလာတစ်ပါးပင်ဖြစ်ပါသည်။

"ကနေ့မင်းတို့ကို မြန်မာနိုင်ငံသမိုင်းအကြောင်း ဆရာမ သင်မယ်နော်"

မဖြူ စကားအဆုံး၌ ကလေးများ၏ စာအုပ်ထုတ်သံ၊ ခဲတံဘူးဖွင့်သံများ ဆူညံသွားတော့၏။ ရှိုက်သံလေးတစ်ခုလည်း မဖြူနားထဲ ကြားလိုက်ရသလိုလိုရှိ၍ စာသင်ခန်းတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်လိုက်သည်။

ဘယ်ဘက်ရှေ့ဆုံးတန်း၏ အစွန်ဆုံးထရံနား၌ ထိုင်နေသောကလေးမလေးတစ်ယောက်ထံမှ ထွက်ပေါ်နေသည် ရှိုက်သံများပင်။

ကလေးမလေးနာမည် မဖြူ ခေါင်းထဲမှာမရှိ။ မဖြူက နှစ်ဝက်ကျော်ကျော်မှာ သည်အတန်းကို စကိုင်ရသည့်အတွက် ကလေးတွေနာမည် အကုန်မမှတ်မိနိုင်သေးပါ။

သို့သော် ကလေးများမျက်နှာကိုတော့ မဖြူ ရင်းနှီးပြီးဖြစ်သည်။

"သမီး ဘာလို့ငိုနေတာလဲကွယ်၊ ထပါဦး၊ ဒါနဲ့ သမီးနာမည်က ဘယ်သူ"

ငိုနေသော ကလေးမလေးက မျက်ရည်များကို သုတ်ရင်း ထိုင်ရာမှ ထလိုက်သည်။

ထိုကလေးမလေး၏ဘေးမှ တစ်ယောက်က ...

"သူ့နာမည်က အိအိပါ ဆရာမ"

သွက်သွက်လက်လက် ဖြေလိုက်ပါသည်။

"ကဲ ... အိအိ ... သမီး ဘာဖြစ်လဲ"

သည်လိုမေးကာမှ ကလေးမလေးခမျာ ပို၍ ဝမ်းနည်းသွားသည့်ထင့်၊ ရှိုက်၍ရှိုက်၍ ငိုနေပြန်သည်။

မျက်ရည်များကြောင့် ပါးနှစ်ဖက်ပေါ်ရှိ ပါးကွက်များမှာလည်း ဟိုတစ်ကွက် သည်တစ်ကွက် ဖြစ်ကုန်ပေပြီ။

ကလေးမလေးဆီ မဖြူ လျှောက်သွားသည်။ ကလေးမလေး၏ဆံပင်များကို ပွတ်သပ်ရင်း ...

"ဘာဖြစ်လို့လဲ သမီး၊ မငိုနဲ့နော်၊ ဆရာမကို ပြောပါဦး ကွယ်၊ ဘာဖြစ်လဲ ဆိုတာ"

မဖြူ ချော့မော့မေးလိုက်သည်။ သို့ပေမဲ့ အိအိကတော့ အတော်ဝမ်းနည်းနေဆဲ ရှိုက်၍မဆုံးနိုင်ဖြစ်နေ၏။

ခုနက နာမည်ပြောသည့်ကလေးမကပဲ ထိုင်ရာမှထ၍ ရိုရိုသေသေလက်ပိုက်ပြီး ...

"သူ့ခဲတံ ပျောက်သွားလို့တဲ့ ဆရာမ"

ခဲတံ၊ ခဲဖျက်၊ ပေတံပျောက်သည့်ပြဿနာများကတော့ မဖြူအဖို့ အဆန်းမဟုတ်တော့ပါ။

နေ့စဉ်လိုလို ဖြေရှင်းနေရစမြဲပါ။

"ဘယ်တုန်းက ပျောက်တာလဲ သမီး"

အိအိက မပြောနိုင်သေး။ ရှိုက်ဆဲပါ။

"ပြစမ်းပါဦး သမီးလွယ်အိတ်ကို၊ ဆရာမကြည့်ပေးပါဦးမယ်"

သည်တစ်ခါတော့ အိအိ သူ့လွယ်အိတ်ကလေးကို ယူ၍ မဖြူကို လှမ်းပေးလိုက်သည်။



မဖြူ အိအိလွယ်အိတ်ကို လှမ်းယူပြီး စာအုပ်တွေ တစ်အုပ်ချင်းထုတ်၍ ခဲတံကို ရှာလိုက်သည်။ သို့သော် မတွေ့ပါ။

"အိမ်ကရော ပါလာရဲ့လားကွယ်"

အားမလိုအားမရအသံဖြင့် မေးလိုက်၏။

"ပါ ... ပါ ... ပါခဲ့ပါတယ် ဆရာမ"

ရှိုက်သံတစ်ဝက်နှင့် အိအိ ဖြေလိုက်သည်။

စာအုပ်တွေကို လွယ်အိတ်ထဲပြန်ထည့်ပေးပြီး အိအိကို လွယ်အိတ်ပြန်ပေးရင်း မဖြူ အိအိမျက်နှာကို သေချာအကဲခတ်လိုက်သည်။

ကလေးများမျက်နှာသည် ပကတိရိုးသားစင်ကြယ်သည့်မျက်နှာမျိုး။

လိမ်ညာပြောသည့်ပုံစံမျိုးမဟုတ်။ ထို့ကြောင့် အတန်းဘက်ကို မျက်နှာမူကာ မဖြူက ...

"အိအိ ခဲတံ ဘယ်သူတွေ့မိကြသလဲကွယ်"

တစ်တန်းလုံးကြားလောက်အောင် အော်၍မေးလိုက်မိသည်။ ဘယ်သူမျှ တုတ်တုတ်မလှုပ်။

"ပြောနော် ... ပြောကြ၊ ဘယ်သူတွေ့မိလို့ ယူထားလိုက်မိသလဲ၊ တွေ့လို့ယူထားမိတယ်ဆိုရင် ပြန်ပေးလိုက်ပါနော်"

သည်လိုပြောလည်း မလှုပ်ကြသေး။

"ကဲ ... ဒီလိုဆို ဆရာမ တစ်ယောက်ဆီရဲ့ လွယ်အိတ်တွေကို ရှာမယ်နော်၊ တွေ့ရင်တော့ မသက်သာဘူးမှတ်"

စားပွဲပေါ်ကကြိမ်လုံးကိုလှမ်း၍ မြှောက်ပြရင်း မဖြူ မေးလိုက်သဖြင့် တစ်ခန်းလုံး လှုပ်လှုပ်ရွရွဖြစ်သွားသည်။

စိုးရိမ်တတ်သောကလေးများက သူတို့လွယ်အိတ်ကလေးတွေကို ကျိတ်၍ ရှာနေကြသည်။

ကြိမ်လုံးကို လက်မှာကိုင်ထားရင်း မဖြူ ကလေးများ၏မျက်နှာကလေးများကို တစ်ယောက်ချင်း အကဲခတ်ကြည့်နေလိုက်၏။

ခဲတံတစ်ချောင်း ပျောက်နေလေပြီ။ အကျင့်စာရိတ္တနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်ကိစ္စ။ ဒါမျိုးကို မဖြူ မလိုလားဆုံးပါ။

သည်အချိန်သည်အရွယ်မှာ လက်ဦးဆရာက ပီပီပြင်ပြင် မဆုံးမမိပါက ကလေး၏နောင်ရေးမှာ ရင်လေးဖွယ်ရာပင်။

ဒါကြောင့် လက်သည်ပေါ်ရင်တော့ ခပ်နာနာကလေး ရိုက်ဆုံးမလိုက်မည်ဟု မဖြူ ဆုံးဖြတ်ထား၏။

အသံကြားရာဆီ မဖြူ လှမ်းကြည့်လိုက်မိ၏။

ခေါင်းတုံးဆံတောက်နှင့် အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းလေးနှင့် ကလေးတစ်ယောက်။

စာတော်သော လိမ္မာသောကလေးဟု မဖြူ သိသည်။ သူ့နာမည် ဖိုးလမင်း။

"ဟဲ့ ... ဖိုးလမင်း၊ ဘာလို့ ငိုနေရပြန်တာလဲကွ"

မဖြူ လှမ်းမေးလိုက်တော့ ဖိုးလမင်း ရုတ်တရက် ပြန်မဖြေ။

သူ့နေရာမှာထိုင်ရင်း ဆက်ငိုနေဆဲ။



"ဖိုးလမင်း ဆရာမမေးနေတယ်လေ၊ ဘာလို့ငိုနေရတာလဲ ထစမ်း"

ခပ်ဆတ်ဆတ်ကလေး မဖြူ ပြောလိုက်မှ ဖိုးလမင်း ထိုင်ရာမှ ငေါက်ခနဲထရပ်လိုက်သည်။

လက်ကိုပိုက်ထားရင်း မဖြူကို ငေးကြည့်နေသည်။

ဖိုးလမင်း မဖြူကို သိပ်ကြောက်တတ်ပါသည်။ ရိုလည်းရိုသေပါသည်။

အလွန်တရာ ချစ်စရာကောင်းသည့် ကလေးတစ်ယောက်ပါ။

"မျက်ရည်တွေသုတ်လိုက်သား၊ မျက်ရည်တွေ သုတ်လိုက်၊ ဆရာမကို ပြောပြပါဦးကွယ်၊ သား ဘာဖြစ်လို့ ငိုရတာလဲဆိုတာ"

ချော့မော့လိုက်မှ ဖိုးလမင်းအသံကလေး ထွက်လာသည်။

"ကျွန်တော့်လွယ်အိတ်ထဲမှာ ခဲတံတစ်ချောင်းတွေ့လို့ပါ ဆရာမ"

"ဘာ"

မဖြူ သိပ်အံ့သြသွား၍ စိတ်မထိန်းနိုင်တော့ဘဲ တအားအော်လိုက်မိသည်။

"ခဲတံတွေ့လို့ပါ ဆရာမ"

"ပြစမ်း ... ပြစမ်းသား"

လွယ်အိတ်ထဲက ခဲတံကိုထုတ်၍ ဖိုးလမင်းက မဖြူကို ထောင်ပြလိုက်သည်။

"ဆရာမဆီ လာပေးလေ သား"

ဖိုးလမင်း တုန်တုန်ယင်ယင်ဖြင့် အတန်းရှေ့လျှောက်လာပြီး မဖြူကို ခဲတံပေးလိုက်သည်။

ဖိုးလမင်းဆီက ခဲတံကိုယူ၍ အိအိ မဖြူထောင်ပြလိုက်ရင်း ...

"ဒါ အိအိခဲတံလား သမီး"

"ဟုတ် ... ဟုတ်ပါတယ် ဆရာမ"

"သေချာရဲ့လား၊ ကြည့်ပါဦး"

"သေချာပါတယ် ဆရာမ၊ ခွေးတံဆိပ်ခဲတံပါ၊ မနေ့က အမေဝယ်လာပြီး မနက်ကမှ အမေ့ကိုချွန်ပေးခိုင်းလိုက်တာပါ"

"ကဲ ကဲ ... လာယူ၊ နောက်ဆို ကိုယ့်ပစ္စည်းကိုယ် ကောင်းကောင်းသိမ်းနော်"

အိအိတစ်ယောက် ကုပ်ကုပ်ကလေးဖြင့် ခဲတံကို ပြန်ယူသွားသည်။

ဖိုးလမင်းဘက်ကို မဖြူ လှည့်ကြည့်လိုက်သည်။ ဖိုးလမင်း မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး အံ့ကိုကြိတ်မိသည်။

"အသည်းနာတယ် ဖိုးလမင်းရယ်၊ ငါ ရင်နာလိုက်တာ"

သည်စကားတွေကို မဖြူရင်ထဲက ပြောနေမိခြင်းပါ။ တကယ်ပဲ မဖြူ တော်တော်ကို ယူကျုံးမရ ဖြစ်ခဲ့မိတယ်။

တစ်တန်းလုံးမှာ စာအတော်ဆုံး၊ အလိမ္မာဆုံး၊ အကျင့်အကောင်းဆုံး ကလေးက သည်လိုဖြစ်ရလေခြင်းပေါ့။



မဖြူ ကြိမ်လုံးကို ပြန်ကောက်ကိုင်လိုက်သည်။ ဖိုးလမင်းကတော့ မတုန်မလှုပ်။ ရိုးသားသန့်စင်သည့် မျက်နှာလေးနဲ့။ မဖြူရှေ့တွင် ခြေစုံရပ်၍ လက်ပိုက်ထားဆဲပါ။

"ဖိုးလမင်း"

မဖြူ ခပ်ဆတ်ဆတ်အသံဖြင့် ခေါ်လိုက်၏။

"ခင်ဗျာ"

"မင်း ဒီခဲတံကို ခိုးတယ်ပေါ့"

"ကျွန်တော် ... ကျွန်တော် မခိုးရပါဘူး ဆရာမ"

ဖိုးလမင်း ပျာပျာသလဲ ငြင်းဆန်လိုက်သည်။

"ဖိုးလမင်းရယ်၊ မင်းမခိုးဘဲ မယူဘဲနဲ့ ဒီခဲတံက ဘယ်လိုခြေထောက်ပေါက်ပြီး မင်းအိတ်ထဲ ရောက်နေရဘာလဲ၊ မင်းက ခိုးရုံတင်မကဘူး၊ ဆရာမကိုတောင် ညာပြောတတ်တယ်ပေါ့လေ"

ဖိုးလမင်း မျက်လုံးအစုံမှ မျက်ရည်တွေ တွင်တွင်စီးကျသွားပြန်သည်။

"ကျွန်တော် တကယ်ပြောတာပါ ဆရာမ၊ ကျွန်တော် မခိုးတတ်ပါဘူး၊ ကျွန်တော့်အိတ်ကိုရှာကြည့်တော့ အဲဒီမှာ ခဲတံရောက်နေတာကို တွေ့တာပါ ဆရာမ"

"ဝါး ... ဟား .. ဟား"

မဖြူ စူးစိုက်ကြည့်နေသည်။

အတန်းသားအားလုံးက ဖိုးလမင်းစကားကို ဟားလိုက်ကြသည်။

မဖြူကလည်း ဖိုးလမင်းစကားကို နည်းနည်းလေးမှ မယုံပါ။ သက်သက် သည်ကလေးဟာ လိမ်နေသည်ဟု အတပ် တွေးထားသည်။

ဒါကြောင့် မှတ်လောက်သားလောက်အောင် ဖိုးလ မင်းကို ဆုံးမရန် ဆုံးဖြတ်လိုက်၏။

"ကဲ ... ဖိုးလမင်း လက်ဝါးဖြန့်ထား"

ဖိုးလမင်းကလည်း သတ္တိမခေပါ။ သူ၏လက်ဖဝါး ဖွေးဖွေးလေးကို ဖြန့်ပေးလိုက်သည်။

ဆယ်ချက်တိတိ မဖြူ ကြိမ်လုံးဖြင့်ရိုက်လိုက်သည် ကိုလည်း ဖိုးလမင်း အံကြိတ်၍ခံသွားသည်။

ထိုအခိုက် မုန့်စားဆင်းခေါင်းလောင်းသံ မြည်လာ သည်။

မဖြူ ဖိုးလမင်းကို နေရာပြန်သွားစေပြီး တစ်ခန်းလုံး ကို မုန့်စားဆင်းရန် လွှတ်လိုက်သည်။

မဖြူကိုယ်တိုင်လည်း ထမင်းစားရန် စာအုပ်တွေ ပိုက်ပြီး ကျောင်းခန်းထဲမှ ထွက်လာခဲ့သည်။

♣ ♦ ♣



## အခန်း(၃၇)

"မဖြူရေ ... မိညို လာတယ်ဟေ့"

ဧည့်ခန်းထဲမှနေ၍ မိဝါဝါ အော်ခေါ်လိုက်ခြင်းပင်။

မိဝါဝါအသံကြောင့် အိမ်ခန်းထဲတွင် အင်္ကျီချုပ်နေ သော မဖြူ ပြေးထွက်လာသည်။

"ဟယ် ... မိညို"

မဖြူတို့ မိဝါဝါတို့ရဲ့ ငယ်သူငယ်ချင်းတစ်ယောက်။

ယခုတော့ အထက်တန်းရှေ့နေကြီး ဒေါ်မိမိညိုဖြစ် နေပေပြီ။

ဧည့်ခန်းထဲ မဖြူရောက်လာတော့ ...

"ဟဲ့ ... မဖြူ၊ အိပ်ခန်းထဲအောင်းပြီး ဘာတွေတွေးနေတာ လဲ၊ ရည်းစားလွမ်းလို့လား"

မိညိုက ဆီးပြီးစလိုက်သည်။

"အောင်မယ်၊ ကျုပ်မှာ ညည်းလိုရည်းစားမရှိတော့ လွမ်းစရာ လည်း မရှိဘူးရှင့်၊ ဒီမှာ အဝတ်အစုတ်တွေချုပ်နေတာ မမြင်ဘူးလား မရွှေချော့ရဲ့"

"ဒီမယ် မဖြူ၊ မိညိုတစ်ယောက်တော့ စွဲသွားပြီတော့၊ အဲဒါကို လာပြီးတော့ကြွားတာ"

မိဝါဝါ အားရပါးရ ပြောလိုက်ခြင်းပင်။

"ဟုတ်လား၊ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ညည်းကို ငယ်ငယ်တည်းက လိုက်ပြီးနောက်ပိုးနေတဲ့ အရှည်ကြီးလား"

မိညိုက အသားဖြူဖြူ၊ လုံးကြီးပေါက်လှ ချောချောလေးပါ။

ငယ်ငယ်ကတည်းက ချောလှတဲ့ မိညိုအား ပိုးသူပန်းသူ အစ်ကိုကာလသားတွေ အလွန်တရာ ပေါပါသည်။

ပိုးတဲ့အထဲမှာ အရပ်ရှည်ရှည်၊ အသားမည်းမည်း၊ မျက်လုံးပြူးပြူးနှင့် အရှည်ကြီး၊ အဲသည်လူက အကဲဆုံး။

သူ့နာမည်က ကျော်ကျော်တဲ့။ ဒါပေမဲ့ တစ်ကျောင်းလုံးက အရှည်ကြီးလို့ပဲ ခေါ်ကြတယ်။

"လုပ်တော့မယ် ကောင်မက၊ ဘယ်ကလာပြီး ညည်းအဆက်ဟောင်း အရှည်ကြီးနဲ့ရမှာလဲ၊ အရှည်ကြီးက မိန်းမရပြီး မန္တလေးမှာအေ့"

မိညိုက အားပါးတရရယ်ပြီး ဖြေလိုက်သဖြင့် ...

"ဒါဆို ဘယ်ရွာသားလဲ"

သည်မြို့လူမဟုတ်လျှင် မဖြူတို့က တစ်ရွာသားဟု သတ်မှတ်ထားကြသည်။

"ဟောဒီမှာဖိတ်စာ၊ ဖတ်ကြည့်ကြ၊ ဖတ်ပြီးမှမနာလိုဝန်တိုမဖြစ်ကြနဲ့"



"အလဲ့ ... ကြွားသာကြွား မိညိုရေ၊ ညည်းက ကြွားနိုင်တုန်း အားရအောင်ကြွားထား၊ ဒါမျိုးဆိုတာလည်း တစ်သက်မှာတစ်ခါပဲ ကြွားခွင့်ကြုံရတာကိုး"

မိဝါဝါက ဘေးမှနေ၍ လှမ်းနောက်နေသေးသည်။

မိညို လှမ်းပေးသော ဖိတ်စာလှလှလေးကို မဖြူလှမ်းပြီး ဖတ်ကြည့်လိုက်လေသည်။

ဒေါက်တာစောအောင်။

လက်ထောက်ဆရာန်။

ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့။

"ဟာ ... တယ်ဟုတ်ပါလား မိညိုရယ်၊ ညည်းက ဆရာဝန်တွေ ဘာတွေရလို့ပါလား၊ ဘာလဲ၊ အဖေနဲ့အမေရှာပေးတာ မဟုတ်လားဟင်"

"နင်တို့က ငါ့ကိုအထင်သေးလိုက်ကြတာနော်၊ ငါ့ဘာသာငါတွေ့တာပါဟယ်၊ တက္ကသိုလ်မှာ ငါးနှစ်ငါးမိုး ကြိုက်ခဲ့ကြတာပါ၊ သိကြရဲ့လား"

"ဟုတ်သေးပါဘူးဟယ်၊ ညည်းကရှေ့နေ၊ သူကဆရာဝန်၊ ဘာဆိုင်လဲ၊ ဘယ်လိုတွေ့ကြတာလဲ ဆိုတာ ပြောပြပါဦး"

မိဝါဝါက ထုံးစံအတိုင်း အသေးစိတ်စပ်စုနေပြန်ပြီ။ အခုလို မမျှော်လင့်သည့်မေးခွန်းမျိုးတွေကို တရစပ် မရပ်မနားမေးတတ်ပါဘိ။

"အို ... သူက မော်လမြိုင်သားလေ၊ ငါတို့ ရန်ကုန်နဲ့ကျိုက္ကမိကျောင်းပိတ်ကျောင်းဖွင့်ကူးရင်နဲ့ တွေ့ကြဆုံကြတာပေါ့"

"သိပါဘူး၊ ညည်း ဒီလောက်အစွမ်းအစကောင်းမှန်း အခုမှ သိတော့တယ် ... ဟဲ ဟဲ"

ဒါကတော့ မိဝါဝါ၏နှိမ်သံပင်။

"ဒါနဲ့ပြောပါဦး၊ ညည်းဘဲက ဘဲချောချောလေးလား၊ ဘဲအိုဘဲနာကြီးလား"

သည်တစ်ခါတော့ မဖြူ မေးလိုက်ခြင်းပါ။

"အို ... ပြောမနေနဲ့၊ မေးမနေနဲ့ ချောမှချောပဲဟေ့"

"ကိုယ်ထင် ခုတင်ခြေလေးချောင်းတဲ့လေ။ ခုတင်ရွှေနန်း ဖြစ်နေပါဦးမယ် မိညိုရယ်"

မဖြူနှင့် မိဝါဝါတို့ တစ်ယောက်တစ်လှည့် နောက်ပြောင်နေသည်ကို မိညိုကလည်း အပြုံးမပျက် စိတ်ရှည်လက်ရှည် ခြေပနေသည်။

"ညည်းတို့ ကျော်သူတွေ့ဖူးလား"

"ဘယ်ကျော်သူလဲ"

မိဝါဝါနှင့် မဖြူတို့ ပြိုင်တူမေးမိလေ၏။

"ရုပ်ရှင်မင်းသားကျော်သူလေဟာ"

"အေး အေး ... တွေ့ဖူးတာပေါ့၊ တို့သိပ်ကြိုက်တာ၊ သူ့ရုပ်ရှင်ဆိုကြည့်တာပဲ"

"အဲ ... အဲဒီအတိုင်းပဲ ငါ့ဘဲလေ"

"ဟား ဟား ဟား"

မဖြူနှင့် မိဝါဝါတို့ မတိုင်ပင်ဘဲ တစ်ပြိုင်တည်း အော်ဟစ်ရယ်မောလိုက်ကြပြန်သည်။ ပြီးမှ ...

"ဟုတ်မှလည်း လုပ်ပါဟာ"



မဖြူက ရယ်မောရင်း ထပ်ပင်ပြောလိုက်သေးသည်။

"တကယ်ပါဟာ၊ ငါ မင်္ဂလာဆောင်တဲ့နေ့ကျရင် နင်တို့ တွေ့မှာပဲ"

"အခုရော ကြည့်ချင်တယ်၊ ကြည့်လို့မရဘူးလားဟယ်"

မိဝါဝါပင် ပြောလိုက်သည်။

မိညိုကတော့ စဉ်းစားနေရာမှ ...

"ညနေကျရင် ငါ့ဆီလာမယ်လို့ ပြောထားတယ်"

"မော်လမြိုင်ကနေလာမယ်၊ အလို ... ဘာလဲ ... ညည်းကို သတိရလို့လွမ်းလို့တဲ့လား"

"မဟုတ်ပါဘူးဟယ်၊ သူ့တူလေးတစ်ယောက် ရေနွေးပူ လောင်လို့ လာကြည့်ပေးတာဟဲ့"

"ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင့်ပေါ့လေ၊ ဟုတ်ဖူး လား"

မိဝါဝါ အရွှန်းဖောက်လိုက်ပြန်ပြီ။

"ဘယ်ကလာ၊ ကောင်ကလေးက ဆယ်နှစ်လောက်ရှိပြီ၊ ငါးတန်းကျောင်းသားလေး၊ သိပ်ဆိုးတဲ့ကလေး၊ ကလေး အမေက ကိုအောင်ရဲ့အစ်မပေါ့၊ အဖြစ်သည်းပြီး ကိုအောင့် ကိုလှမ်းခေါ်လို့ လာရမှာ၊ သူက မင်္ဂလာဆောင်ခါနီးမှ တစ်ခါတည်းခွင့်ယူပြီးလာမလို့ စီစဉ်ထားတာလေ"

မဖြူ တွေဝေသွားသည်။

ငါးတန်းကျောင်းသားဆိုတော့ သူ့အတန်းထဲကများ လားလို့ တွေးပြီးပူသွားမိရင်း မေးမိသည်။

"ကလေးနာမည်က ဘယ်သူလဲ"

"သန်းထွန်းတဲ့"

"သန်းထွန်း ... သန်းထွန်း၊ ဟယ် ... ငါ့အတန်းထဲက ကလေးပါလား၊ ဘယ်လိုဖြစ်တာလဲ ဟယ်"

"ပြောချင်ပါဘူးကွာ၊ ရေနွေးအိုးတည်ထားတာ ချော်ပြီး ရေနွေးအိုးပေါ်မှောက်လျက်ကျတော့ တစ်ကိုယ်လုံး ရေနွေး ပူလောင်ကုန်တာပေါ့"

"ခု သူ ဘယ်မှာလဲ"

"ဆေးရုံမှာလေ"

"ငါ သွားကြည့်ဦးမှပါပဲ"

"ဒါပဲနော်၊ မဖြူ သွားကြည့်ရင် ကလေးကိုပဲကြည့်ပါ၊ လူကြီးတော့မကြည့်ခဲ့နဲ့နော်"

မိညိုစကားကို မဖြူ နားမလည်ပေ။

"သူ့လူကို မကြည့်ခဲ့နဲ့လို့ ပြောတာဟေ့ မဖြူရ၊ ညည်းက လည်း ပုံစံကလည်မလိုလိုနဲ့ အ,လိုက်တာလွန်ရောကွာ"

"အောင်မယ်လေး၊ ဟဲ့က ဒါမျိုးဝါသနာမပါဘူး ကောင် မရေ၊ စိတ်ချပါ၊ ကလေးကိုသတင်းမေးသွားမှာ၊ ညည်းလူ ကိုသာ မှာထားပါ၊ တော်ကြာ ငါ့ကိုကြိုက်ပြီး လိုက်လာလို့ ညည်း ကျန်ရစ်ဖြစ်နေဦးမယ်နော် ... ဟား ဟား"

"အမယ် ... စိတ်ချနေ၊ မဖြစ်စေရဘူး၊ ဒါဆို ငါနဲ့အတူ လိုက်ခဲ့ပါလား၊ ငါလည်း သတင်းသွားမေးမလို့"

မိညို အဖော်စပ်လိုက်သည်။



"အေး ... ကောင်းသားပဲ၊ တစ်ခါတည်း ကိစ္စပြီးသွားကြ တာပေါ့"

"ဩော် ... ဒါနဲ့ ..."

မိညို စကားကိုမဆက်သေးဘဲ မဖြူကိုရော မိဝါဝါ ကိုပါ အကဲခတ်နေသည်။

ဒါကို မိဝါဝါက စိတ်မရှည်သလိုနှင့် ...

"ဘာလဲဟ၊ ညည်းစကားကလည်း တိုးလိုးတန်းလန်းကြီးနဲ့"

"ဩော် ... ငါ့မင်္ဂလာဆောင်ဧည့်ခံပွဲက မော်လမြိုင်မှာလုပ် မှာလေ၊ သားသားနားနားပေါ့ဟာ၊ အဲဒါ မဖြူက ငါ့အပျိုရံ လုပ်ပေးနိုင်ပါ့မလားလို့ ပြောမလို့ပါ"

မဖြူ မျက်နှာနီရဲသွားရင်း ...

"ဟာ ... ငါ ရှက်တယ်၊ မလုပ်ရဲပါဘူး"

"နင် စွံသွားအောင်လို့ပါ"

"ဘာဖြစ်လို့လဲ"

"သတို့သားရဲ့ အစ်ကိုနဲ့လေ"

"အို ... ဘာဆိုင်လို့လဲဟာ"

"သူ့အစ်ကိုက ရန်ကုန်ကလာပြီး ဓာတ်ပုံရိုက်ပေးမလို့တဲ့၊ သူကလည်း လူပျိုကြီးအင်ဂျင်နီယာလေ"

"တော်စမ်းပါဟာ၊ တော်စမ်းပါ၊ ငါ့ဘာသာငါ အေးအေး ဆေးဆေးပဲနေပါရစေ၊ ဆားနဲ့ပဲ စားပါရစေတော့၊ ငါ အဝတ်အစားသွားလဲလိုက်ဦးမယ်"

"နေပါဦးဟ၊ အပျိုရံတော့ ဆက်ဆက်လုပ်ပေးရမှာပဲ၊ ငါ့ကိုချစ်ရင် ကူညီပေါ့ဟာ"

"မလုပ်ပါရစေနဲ့ဟာ၊ ငါ့ကို ဒီပြင်ဟာခိုင်းပါ၊ ဒီပြင့်ဟာပဲ ငါလုပ်ပေးပါရစေနော်၊ ကဲ ... လာ၊ ကဲ ... လာ"

မဖြူ အဝတ်လဲရန် အခန်းထဲ ပြေးဝင်သွားလေသည်။

ပြီး ဆေးရုံသို့လာခဲ့ကြသည်။

သန်းထွန်းခမျာ မျက်ရည်လေးတလည်လည်နှင့်။

နောက်ကျောတွေရော၊ ပခုံးတွေရော၊ လက်မောင်းတွေပါ ရေနွေးပူလောင်သွားခြင်းဖြစ်ပါသည်။

အင်္ကျီမဝတ်နိုင်။ ဆေးတွေလူးထားတာ တွေ့ရ၏။ မဖြူကိုမြင်တော့ ...

"ဆရာမ"

"ဘာလဲသား"

သန်းထွန်း ချက်ချင်းစကားပြန်မပြောသေးဘဲ မဖြူမျက်နှာကို အကဲခတ်နေသည်။

သန်းထွန်းက တကယ်လူဆိုး။ အသက်ငယ်ပေမယ့် လူကောင်က အသက်နှင့်မလိုက်အောင် တော်တော်ထွားသည်။

ဟိုလူကိုစလိုက်၊ သည်လူကိုစလိုက်နှင့် ဘယ်တော့မှ ပါးစပ်ကလည်း အငြိမ်မနေနိုင်။

သန်းထွန်းပါးစပ်က စကားပြောရင်ပြော၊ မပြောရင်လည်း သီချင်းတစ်ပိုင်းတစ်စစီဖြစ်ဖြစ် ညည်းတွားနေရမှ။

ဒါမှမဟုတ် အူး ... အူး ... အာ ... အာ ဟူ၍ အသားလွတ် ညည်းနေတတ်သည်။



ဟိုနားမှာ သည်နားမှာ ရန်ဖြစ်ပြီဆိုလည်း သန်းထွန်းပါစမြဲ။

မဖြူခမျာ ဆုံးမရလွန်း၍ တစ်ခါတလေ သန်းထွန်းကို သနားတောင်သနားမိလာသည်။

စာကလည်းဖျင်းလိုက်တာ အလွန်ရောပဲ။ အဆင့်က နောက်ဆုံးနေရာမှာ။

"ဆရာမ"

သန်းထွန်း ထပ်ခေါ်လိုက်ပြန်သည်။

"ဘာလဲ သား"

မဖြူကလည်း ထူးမေးလိုက်ပါသည်။

"ဆရာမကို ကျွန်တော် တစ်ခုတောင်းပန်စရာရှိလို့ပါ"

"ဘာများလဲ ကလေးရယ်"

"ဟိုနေ့က ဖိုးလမင်း ရိုက်ခံရတဲ့ကိစ္စပါ"

မဖြူ အံ့အားတသင့် ရေရွတ်မိသည်။

"ဖိုးလမင်းမှာ အပြစ်မရှိဘူး ဆရာမ"

"ခက်တယ်ကလေးရယ်၊ ဖိုးလမင်းမှာ အပြစ်မရှိဘူးဟုတ်လား၊ မဟုတ်တာကွယ်၊ အိအိခဲတံကို သူခိုးယူထားတဲ့ဥစ္စာ၊ အပြစ်ရှိတာပေါ့ကွယ်"

"မဟုတ်ဘူးဆရာမရဲ့၊ သူအရိုက်ခံရအောင် သက်သက် ကျွန်တော် လုပ်မိတာပါ"

"ဘယ်လို ... ဘယ်လို"

မဖြူ သန်းထွန်းစကားကို နားမလည်၍ ကြည့်နေမိသည်။

"အဲဒီနေ့က အိအိခဲတံကို ကျွန်တော်ယူပြီး ဖိုးလမင်း အိတ်ထဲထည့်လိုက်တာ ကျွန်တော်ပါ ဆရာမ၊ ဖိုးလမင်း မခိုးတတ်ပါဘူး"

"ဟင် ... တကယ်လား ကလေးရယ်"

တုန်လှုပ်လှိုက်မောစွာဖြင့် မဖြူ သေချာအောင် ထပ်မေးလိုက်မိပြန်၏။

"တကယ်ပါ ဆရာမ၊ ဖိုးလမင်းနဲ့ ကျွန်တော်နဲ့က အိမ်နီးချင်းတွေပါ၊ ဖိုးလမင်းက စာသိပ်တော်တယ်၊ သိပ်လိမ္မာတယ်လေ၊ ကျွန်တော်ကတော့ အိမ်မှာအရိုက်ခံရလေပါပဲ ဆရာမ"

မဖြူ သန်းထွန်းစကားကို နားမလည်တာကြောင့် ...

"ဘာဖြစ်လို့လဲကွယ်"

"ဒီလိုပါ ဆရာမ၊ သူက စာတော်တယ်၊ လိမ္မာတယ်ဆိုတာ တစ်လမ်းလုံးသိပါတယ်၊ ကျွန်တော်က စာကျက်ရမှာပျင်းတယ်၊ ဆော့ပဲနေချင်တယ်၊ ဒါကြောင့် သူ့ကို ကျွန်တော် မုန်းတယ်၊ သူလည်း ကျွန်တော့်လို အရိုက်ခံရတာ မြင်ဖူးချင်လို့ ဒီလိုလုပ်လိုက်မိတာပါ ဆရာမရယ့်"

စကားဆုံးသည်နှင့် သန်းထွန်း ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

သန်းထွန်းကိုကြည့်ပြီး မဖြူ စိတ်မကောင်း။ သည်ကလေးသည် ဖိုးလမင်းအပေါ် မနာလိုစိတ်ပွားနေ၏။



ကလေး၏အခြေအနေမှန်ကို မဖြူ သိသွားရသည့်အတွက်လည်း သူ့ကို ပြန်ပြုပြင်နိုင်မည့်နည်းလမ်းကို မဖြူ တွေ့သွားရသည်။

ဆေးရုံသို့ လိုက်လာရခြင်းကြောင့် မဖြူ အမြတ်တစ်ခုထွက်ရလေပြီ။

"ဆရာမ"

"ဘာလဲကွယ်"

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်၊ နောက်ကို ကျွန်တော် ဒီလိုအလုပ်မျိုး မလုပ်တော့ပါဘူး၊ အခု ကျွန်တော် ခံရတဲ့ ဝေဒနာဟာလည်း ဖိုးလမင်းကို မတရားမကောင်းကြံမိလို့ ဖြစ်ရတာပါ ဆရာမ၊ ဖိုးလမင်းကို တောင်းပန်ပေးပါနော်"

ငိုနေသည့်ကြားက သန်းထွန်းက မဖြူကို တောင်းပန်နေရှာသည်။

"အေးကွယ်၊ ဆရာမ မင်းကိုယ်စား ဖိုးလမင်းကို တောင်းပန်ပေးပါ့မယ်၊ ဒါတွေ မတွေးနဲ့တော့နော် သား၊ မြန်မြန်နေကောင်းအောင်သာလုပ်ပါ၊ ဆေးတွေမှန်မှန်လိမ်း၊ မှန်မှန်စား သိလား၊ နေကောင်းသွားပြီဆိုမှ ကျောင်းမှန်မှန်တက် စာကိုကျက်ပေါ့၊ ဖိုးလမင်းလိုတော်အောင် ဆရာမ သင်ပေးမယ်၊ သိလား သား"

မဖြူ အပြောကောင်း၍လားမသိ။ သန်းထွန်း အငိုတိတ်သွားရသည်။

ဆေးရုံမှအပြန် မဖြူတစ်ယောက် သန်းထွန်းကို စိတ်မဆိုးမိဘဲ သနားရှုပင် နေမိသည်။

အထူးသဖြင့် ဖိုးလမင်းကို ပို၍ သနားမိလေ၏။ ဖိုးလမင်းခမျာ အပြစ်မရှိဘဲ အရိုက်ခံရှာသည်ကိုး။

ဖိုးလမင်းတစ်ယောက်ကတော့ လိမ္မာပါရဲ့။ ဒါပေမဲ့ အ,လွန်းသည်၊ ရိုးလွန်းသည်ဟု မဖြူ ညည်းညူမိသည်။

✣ ✦ ✣



## အခန်း(၃၈)

ရင်ခုန်သံ ရင်တွေခုန်နေတယ်
ကိုယ်လေမင်းနဲ့တွေ့ရင်ကြွယ်
နှလုံးသားထဲဝင်လာ
စိုးမိုးလွန်းသူရယ်
ရင်ခုန်သံတွေ မြန်လွန်းနေတယ်
ရင်ခုန်သံ ရင်တွေခုန်နေတယ်
အချစ်ကသိပ်ပူတယ်
တားဆီးထားချင်တယ်
ကိုယ်လေ ဆုံးရှုံးသွားမလား
စိုးရိမ်တယ်
မင်းမုန်းသွားမယ်
စိုးလွန်းလို့
ပြောရမှာတောင်
ကိုယ်ကြောက်နေတယ်။

မိညိုတို့မင်္ဂလာဆောင်ခံမဏ္ဍပ်ထဲမှာ မေဆွိ၏ရင်ခုန်သံသီချင်းသံက တလွင်လွင်ပါပဲ။

သတို့သမီး မိညိုတစ်ယောက် အရမ်းပျော်နေပုံပင်။ အလှပြင်ဆင်တာကိုခံရင်း သီချင်းဆိုနေလိုက်သေးသည်။

မိဝါဝါက မိညိုကို အလှပြင်ပေးနေရာမှ ...

"ပျော်တဲ့လူကတော့ ပျော်ပေါ့နော်၊ မပျော်တဲ့လူကတော့ ငိုင်ပေါ့၊ ဟုတ်လား မိညို"

"ဒါပေါ့၊ ဒါပေါ့၊ ဘယ်သူငိုင်နေတာလဲ မိညို"

"ဘယ်သူရှိရမလဲ၊ ဟိုမှာလေ ... ဟိုမှာ"

ပုလဲလည်ဆွဲကိုဆွဲနေသည့် မဖြူကို မိညိုမေးငေါ့ပြရင်း ပြောလိုက်၏။

ဘယ်လိုပဲငြင်းငြင်း နောက်ဆုံးကျတော့ မဖြူတစ်ယောက် မိညို၏ မင်္ဂလာဆောင်ခံပွဲကိုလိုက်၍ သတို့သမီးအရံအဖြစ် ကူညီပေးလိုက်ရတာပင်။

မိညိုတို့ မင်္ဂလာဆောင်ခံပွဲကို မော်လမြိုင်မြို့ သတို့သားအိမ်၌ ပြုလုပ်ပါသည်။ မဖြူနှင့် မိဝါတို့လည်း ကျိုက္ကမိမှလာပြီး မော်လမြိုင်တွင် ညအိပ်ကြသည်။

"သူများပျော်လို့မပျော်နိုင်၊ ရည်းစားပျောက်လို့မှိုင်"

မိဝါဝါတစ်ယောက်လည်း တော်တော်ပျော်နေ၏။

"ဟာ ... နေဦး၊ နေပါဦးဟ"

"ဘာလဲ မိညို"

"ညည်းကောင်မအတွက် ညည်းတာဝန်ယူနော်"

"ဘာတာဝန်လဲ"



"အို ... လာတဲ့ဧည့်သည် လူပျိုတွေထဲက တစ်ယောက်ယောက်နဲ့ စွံအောင်ဖန်တီးပေးဖို့လေ"

"စိတ်ချ ... စိတ်ချ၊ ဟော့ ... ကြားလား မဖြူ၊ ညည်းအတွက်ရှာလိုက်မယ်နော်"

"အို ... ဘာလုပ်ဖို့လဲ၊ သူများ အေးအေးဆေးဆေးနေတာ မြင်ချင်ဘူးလား"

"အေး ... ညည်းတော့ အပျိုကြီးကိန်း ဖြစ်ပါတယ်အေ၊ ညည်း ငှက်ပျောတုံး ဖက်ရပါလိမ့်မယ်နော်"

"ကျုပ်ဘာသာကျုပ် ဘာပဲဖက်ဖက်၊ ကျုပ်သဘောနဲ့ ကျုပ်ဖက်ချင်လည်းရတယ်၊ မဖက်ချင်လည်းရတယ်"

"ဟုတ်ပါတော်၊ ဟုတ်ပါ၊ ဒါက ညည်းသဘောပါအေ၊ တော်ကြာ မှိုင်နေတာ ငိုင်နေတာတွေ ကျုပ်တို့မမြင်ပါရစေနဲ့"

"အို ... ကျုပ်ကတော့ မမှိုင်ပါဘူး၊ မငိုင်ဘူးတော်ရေ့"

"ကဲ ... ကလေးတွေ၊ ကလေးတွေ"

မိညိုအမေ အိပ်ခန်းထဲဝင်လာရင်း ခေါ်လိုက်တာဖြစ်၏။

ဒါကြောင့် အားလုံး ကိုယ်ရှိန်သတ်လိုက်ကြရသည်။

"ဘယ်လိုလဲ၊ စကားတွေ မပြီးကြသေးဘူးလား"

မိညိုက သွက်သွက်လက်လက် ပြန်ဖြေလိုက်သည်။

"သတို့သားဘက်ကလူတွေလည်း စုံကြပြီလေ၊ အရပ်ထဲက လူတွေလည်း ရောက်ကြပြီ၊ ညည်းကိုလည်း မေးကုန်ကြပြီ၊ ထွက်ကြတော့လေ၊ ထွက်ကြတော့၊ ဟိုအပျိုကြီး လုပါ

တယ်၊ ပြင်လွန်းတော့ ဖင်ချွန်းသွားပါဦးမယ် ... ဟင်း ဟင်း ဟင်း"

"ပြီးပါပြီ မမေရဲ့၊ ဟောဒီဆံစကလေးပဲချရမလား၊ ပြန်ပြီး တင်ထားရမလား၊ စဉ်းစားနေတာပါ"

"အောင်မယ်လေး ... ဆံစလေးတစ်ပင်အတွက်နဲ့တော့ ဒီလောက် အသေးစိတ်လုပ်မနေပါနဲ့တော့ မိညိုရယ်၊ တော်ပါတော့၊ ဟောဟို သမီးမဖြူရော ပြီးပြီလား"

"ပြီးပါပြီ အန်တီ"

မျက်နှာနှင့် ဆံပင်အပြင်အဆင်ကို မိဝါဝါ တာဝန်ယူထားသည်။ မိညိုလည်း လှချင်တိုင်းလှနေပါသည်။

"ကဲ ... ထွက်ကြမယ်"

မိညိုအမေက ရှေ့မှဦးဆောင်ပြီး အခန်းထဲမှ ထွက်လိုက်သည်။

အဘွားကြီးရဲ့အနောက်က မိညို။ မညိုရဲ့နောက်က မဖြူ။

သတို့သားကို မဖြူ မသိမသာ လှမ်းအကဲခတ်လိုက်သည်။ သတို့သားကလည်း တော်တော်ကို သားသားနားနားပြင်ဆင်ထားသည်။

မိညိုပြောတဲ့အတိုင်း သတို့သားက ချောတယ်၊ ယဉ်တယ်၊ ခန့်ညားတယ်၊ ရုပ်ရှင်မင်းသား ကျော်သူနှင့်လည်း ခပ်ဆင်ဆင်တူပါသည်။

သတို့သားနှင့် သတို့သမီးတို့က နှစ်ယောက်ထိုင် ကုလားထိုင်မှာ ထိုင်ကြပါသည်။



မဖြူနှင့် လူပျိုရံတို့က သတို့သမီးနှင့် သတို့သား အသီးသီးနံဘေးက ဆက်တီများတွင် ထိုင်လိုက်ကြသည်။

မဖြူတို့နေရာယူပြီးသည်နှင့် ဓာတ်ပုံဆရာများက အသီးသီး တဖျပ်ဖျပ် ဓာတ်ပုံလာရိုက်ကြတော့သည်။

လျှပ်စစ်မီးရောင်များကြောင့် မဖြူခမျာ မျက်စိထဲ ပြာခနဲဖြစ်သွားမိ၏။

မိညိုတစ်ယောက် ဘယ်လိုနေမည်မသိ။ မဖြူခမျာမှာ ရှက်လွန်းလို့ မင်္ဂလာပွဲရောက်လာသည့် ဧည့်ပရိသတ်များရှိရာကို မကြည့်ရဲလောက်အောင်ဖြစ်ရသည်။ ဘယ်သူတွေလာလို့ လူဘယ်လောက်များနေသလဲဆိုတာ မဖြူ မသိရပါ။

ခေါင်းကိုသာ တွင်တွင်ငုံ့ထားမိသည်။

"သတို့သမီးအရံ နည်းနည်းခေါင်းမော့ပေးပါဗျာ၊ ဓာတ်ပုံရိုက်ချင်လို့ပါ"

ဓာတ်ပုံဆရာတစ်ယောက်က ပြောသည့်အတွက် မဖြူ ခေါင်းမော့ပေးလိုက်ရသည်။

"ပြုံးပြုံးကလေးနော်၊ အားလုံး ပြုံးပြုံးကလေးနေကြပါ"

ဓာတ်ပုံဆရာကပြောသည့်အတိုင်း အားလုံးပြုံးလိုက်ကြသည်။

ဒါကိုတောင် ဓာတ်ပုံဆရာက မကျေနပ်သေးဘဲ ...

"အပျိုရံ နည်းနည်းကလေး ထပ်ပြုံးလိုက်ပါဦးဗျာ"

မဖြူ စိတ်တိုချင်လာသည်။

တော်တော်ချေးများသည့် ဓာတ်ပုံဆရာပါလားနော် ဟု စိတ်ထဲကနေတွေးရင်း ကျွဲမြီးတိုလိုက်မိလေသည်။

ကလစ်ခနဲ အသံတစ်ချက် ထွက်လာပြီးနောက် ကင်မရာမီး ဖျတ်ခနဲလက်လာ၍ မဖြူ မျက်လုံးတွေဝေသွားရပြန်သဖြင့် မျက်စိအသာပိတ်ထားလိုက်မိသည်။

မဖြူ မျက်လုံးများကို ပိတ်ထားရာမှ အသာပြန်ဖွင့်မှာပင် ဓာတ်ပုံဆရာကို မဖြူ အထင်အရှားတွေ့လိုက်ရသည်။

သည်တစ်ခါလည်း မဖြူ မျက်လုံးများ ပြာဝေသွားရပြန်သည်။

ကင်မရာမီးကြောင့် မဟုတ်ပါ။ လုံးဝမမျှော်လင့်ထားသူကို တွေ့လိုက်ရ၍ပင်။

မဖြူ ရင်တွေ တဒိတ်ဒိတ်ခုန်နေ၏။ ခြေဖျားလက်ဖျားများပင် အေးစက်လာပြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်သွားလောက်အောင် ခံစားလိုက်ရသည်။

ဓာတ်ပုံဆရာမှာ အခြားသူမဟုတ်။ ကိုစိုး ... ကိုစိုးရယ်ပါ။

မဖြူ ငိုချင်နေမိပြီ။

ခေါင်းထဲမှာလည်း မူးရိပ်တွေဝေလာသည်။ အနှစ်နှစ်အလလက ကွေကွင်းနေရသော ချစ်သူကို သည်လိုပွဲမျိုးမှာမှ လာတွေ့ရသည့် မိမိအဖြစ်ကိုပင် မယုံချင်ပေ။

နဂိုကမှ ရက်လွန်း၍ မနေတတ်မထိုင်တတ်ဖြစ်နေရသည့်အထဲ အချစ်ဒဏ်ရာဟောင်းက ဖိစီးလာသည့်အတွက် မဖြူ ဣန္ဒြေမပျက်အောင် မနည်းဟန်ဆောင်နေရသည်။

ကိုစိုးကတော့ မဖြူရယ်လို့ မထင်မှတ်လို့လား၊ ဒါမှမဟုတ် သိလျက်နှင့် တမင်မျက်နှာလွှဲသွားသည်လားမသိ။



မဖြူတို့နားမှ ထွက်သွားပြီး ဧည့်ခံပွဲလာသော ဧည့်သည်များကို ဓာတ်ပုံရိုက်နေပြန်သည်။

"မိဖြူ ငါတို့ လိုက်နှုတ်ဆက်တော့မယ်၊ နင် နားချင်နားတော့၊ ရပြီ"

မိညိုအသံကြားလိုက်၍ မဖြူ အသက်ရှုချောင်သွား၏။ မိညိုနှင့်သတို့သားတို့ ဧည့်ခံပွဲလာ ဆွေမျိုးမိတ်သင်္ဂဟများကို လိုက်လံနှုတ်ဆက်နေသည်။ လူတွေ ရှုပ်ယှက်ခတ်နေသည့်ကြားကပင် အလှပြင်ခန်းဆီသို့ ပြန်တက်လာခဲ့၏။

ငိုချင်စိတ်ကို မျိုသိပ်ရင်း အင်္ကျီအဝတ်အစားတွေ အမြန်လဲပြီး နောက်ဖေးလှေကားမှ ပြန်ထွက်ခဲ့၏။

မိဝါဝါကိုပင် သူနှုတ်မဆက်ခဲ့ပါ။ ရှာလည်းရှာချိန် မရတော့ပါ။

ခြံထဲမှ ခပ်သုတ်သုတ်ထွက်ခဲ့ပြီး လမ်းမပေါ်ရောက်သည်နှင့် ကျိုက္ကမီသွားမည့် တွေ့ရာကားတစ်စီးကို တားဆီးပြီး ပြန်လာခဲ့တော့သည်။

ကျိုက္ကမီအိမ်ရောက်သည်နှင့် ထိန်းချုပ်ထားခဲ့ရသည့် စိတ်တွေကို မဖြူ လွှတ်ပေးလိုက်ပါသည်။

ခေါင်းအုံးပေါ်မှောက်ပြီး တအားငိုပစ်လိုက်မိတော့၏။

စိတ်တိုင်းကျ အားရပါးရငိုပြီးလို့ ဝသည့်အခါ မျက်နှာထသစ်၍ မျက်နှာနှင့်ခေါင်းကို သပ်ရပ်အောင် အနည်းငယ်ပြုပြင်ပြီး စိတ်ပြေလက်ပျောက်ဖြစ်စေရန် ဆင်ဖုန်းကမ်းခြေဘက်ဆီ လမ်းလျှောက်ထွက်ခဲ့ပါသည်။

တဝုန်းဝုန်းမြည်ဟည်းနေသော လှိုင်းသံ၊ ရေခိုးရေငွေ့ပြည့်ဝနေသော ပင်လယ်လေအေးနှင့် သဲအိအိပေါ်မှာ လမ်းလျှောက်ရသော အရသာတို့ကြောင့် မဖြူ စိတ်တွေ တဖြည်းဖြည်း ကြည်လင်လာရပေသည်။

ဆင်ဖုန်းကမ်းခြေဘက်၌ ကျောက်ဆောင်တွေထူထပ်ပေါ်များ၏။

ကျောက်ဆောင်တွေကိုကွင်းရှောင်လိုက်ပြီး သဲသောင်ပေါ်မှာ တရွေ့ရွေ့ ပြေးနေကြသည့် ဝင်ကစွပ်ကောင်လေးတွေကို မနင်းမိအောင် သတိထားလိုက်နှင့် တဖြည်းဖြည်း လျှောက်လာရာ ကျောက်ဆောင်တွေအလယ် မဖြူရောက်မှန်းမသိ ရောက်သွားတော့၏။

"အမယ်လေး"

"ဟာ ... ဆောရီး ... ဆောရီး၊ ဟင် ... မဖြူပါလား"

လူသားနှစ်ဦး ရုတ်တရက်ဝင်တိုက်မိခြင်းပါ။

တစ်ဦးက မဖြူ။ နောက်တစ်ဦးကတော့ ကိုစိုးပါ။

မဖြူမှန်း သိလိုက်သည်နှင့် ကိုစိုးက မဖြူကို သိမ်းကျုံးတအားဖက်လိုက်သည်။

မဖြူ ရုတ်တရက် အငိုက်မိသွားရာမှ ချက်ချင်း ကိုစိုးရင်ခွင်ထဲမှ ရုန်းထွက်ပြီး ကိုစိုးမျက်နှာကို ခပ်စိမ်းစိမ်းကြည့်နေလိုက်သည်။

"မဖြူ .. စိုးစိုးလေ၊ စိုးစိုးပါ၊ စိမ်းကားလိုက်တာ မဖြူရယ်"



ဆို့နစ်ကြေကွဲနေသော စိုးရိမ်အသံကြောင့် မဖြူ ဝမ်းနည်းလာပြီး မျက်ဝန်းထဲမှ မျက်ရည်များ ဒလဟော သွန်ထုတ်လိုက်ပါတော့၏။

ကိုစိုးကို သေချာစိုက်ကြည့်ရင်းမှ အန်တီနီ့မျက်နှာကို မဖြူမျက်လုံးထဲ၌ ရုတ်တရက်ပေါ်လာပြန်သည်။

ဒါကြောင့် မဖြူ ချာခနဲ နောက်ပြန်လှည့်၍ ပြေးလေတော့သည်။

"ဟာ ... မဖြူ ... မဖြူရေ ... မပြေးနဲ့လေ၊ စိုးစိုးပြောပြပါရစေဦး မဖြူ"

စိုးစိုးကလည်း နောက်မှ တကြော်ကြော်အော် ပြောရင်းပြေးလိုက်နေသည်။ ဒါပေမဲ့ မဖြူကတော့ မရပ်ပါ။ ခွန်အားရှိသရွေ့ ဆက်ပြေးနေသည်။

နေဝန်းကြီးကလည်း မဖြူမျက်လုံးများကဲ့သို့ အနောက်ဘက်မှာ ရဲရဲနီနေပါပြီ။

"မဖြူရယ် လုပ်ပါဦး၊ စိုးစိုးကို စကားလေးပြောခွင့်ပြုပါဦး"

မဖြူနားထဲမှာ ကိုစိုးအသံ တဖြည်းဖြည်းနီးကပ်လာနေသလိုပါပဲ။

ယောကျ်ားနှင့် မိန်းမပဲ ခွန်အားချင်း ဘယ်မျှပါ့မလဲ။ နောက်ဆုံး မဖြူကို ကိုစိုး မီလာပြီး မဖြူလက်ကို တအားဆွဲထားလေသည်။

မဖြူက ပြန်ရုန်းသေးသည်။ သို့ပေမဲ့ မလွတ်၊ မဖြူရဲ့လက်ကလေးများကို ကိုစိုးက ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ဆုပ်ကိုင်ထားလိုက်လေသည်။

"လွှတ်ပါ စိုးစိုးရယ်၊ လွှတ်ပေးစမ်းပါကွယ်"

မဖြူ တောင်းပန်စကားဆိုလိုက်သည်။

"ဩော် ... မဖြူရယ်၊ ခဏကလေးပါ၊ ခဏကလေး စိုးစိုး ပြောတာကို နားထောင်ပါဦး"

မဖြူ လက်တစ်ဖက်ကိုသာ လွှတ်ပေးပြီး ကိုစိုးပြော လိုက်သည်။

ပြေးရလွှားရ၊ ရုန်းရကုန်ရနှင့်မို့ မဖြူ မောနေပေပြီ။ ကျန်လက်တစ်ဖက်ကို ကိုစိုးလက်က လွှတ်အောင်မရုန်းတော့ဘဲ အေးအေးဆေးဆေး လမ်းဆက်လျှောက်နေသည်။

ကိုစိုးကလည်း မဖြူနှင့် ယှဉ်တွဲ၍ လိုက်လျှောက် ရင်း ...

"စိုးစိုးလေ မဖြူကို လိုက်ရှာနေတာ"

"ဘာလုပ်ဖို့လဲ"

"အို ... ပြောရက်လိုက်တာ မဖြူရယ်၊ ပြောရက်တယ် ကွယ်၊ မဖြူနဲ့ လက်ထပ်ချင်လို့ပေါ့"

လမ်းလျှောက်နေရာမှ မဖြူ တုံ့ခနဲ ရပ်ပစ်လိုက်မိ သည်။ ကိုစိုးမျက်နှာကိုလည်း စေ့စေ့ကြည့်၍ ...

"မနောက်ပါနဲ့ စိုးစိုးရယ်၊ တောင်းပန်ပါတယ်၊ ရှိခိုးဆို ရှိခိုးပါ့မယ်၊ မဖြူကို အနှောင့်အယှက်မပေးပါနဲ့တော့နော်၊ စိုးစိုးနဲ့ သွဲ့သွဲ့တို့ ယူပြီးပြီမဟုတ်လား"

လက်အုပ်ကလေးချီပြီး ကိုစိုးကို မဖြူ ပြောလိုက် ခြင်းပါ။



"ဟား ဟား ဟား ... သိပ်ရယ်ရတယ်ဟော့၊ သိပ်ရယ်ရ တယ်"

မဖြူလုပ်နေပုံကိုကြည့်ပြီး ကိုစိုးတစ်ယောက် ထိန်း မနိုင်သိမ်းမရအောင် အော်ရယ်လိုက်မိ၏။

သည်လိုရယ်လိုက်မိ၍ မဖြူ စိတ်တိုသွားပြီး ရပ် နေရာမှ ရှေ့ဆက်လျှောက်ခဲ့သည်။

"ဟား ဟား ဟား ... နေပါဦး မဖြူရဲ့၊ နေပါဦးဗျာ၊ ကျွန်တော်စိုးစိုး ရှင်းပြပါရစေဦး"

ကိုစိုးနောက်မှ ပြေးလိုက်သွားပြီး တောင်းပန်စကား ဆိုနေမိ၏။ သည်တော့မှ မဖြူက ကိုစိုးကို ရပ်စောင့်နေရင်း ...

"ဘာပြောမလို့လဲ၊ မြန်မြန်ပြော၊ နေဝင်ခါနီးပြီ"

"ရတယ် ... ရတယ်၊ စိုးစိုး အမြန်ဆုံးပြောမယ်၊ စိုးစိုးနဲ့ သွဲ့သွဲ့ ဘယ်တော့မှ မယူဖြစ်ကြတော့ဘူးသိလား ပြီးတော့ မဖြူနဲ့ စိုးစိုးကိုလည်း မေမေက သဘောတူလိုက်ပြီ သိရဲ့ လား"

ကိုစိုး ခပ်လေးလေးကလေး ပြောလိုက်သည့်အတွက် မဖြူမျက်နှာကလေးက အံ့အားသင့်သွားဟန် ပြောင်းသွားသည်။

ဌါ အိပ်မက်များမက်နေသလားဟု မဖြူ စဉ်းစား၍ ပင်နေမိသည်။

"ဟင်း ဟင်း ... မဖြူ နားရှုပ်သွားပြီမဟုတ်လား"

ကိုစိုး ရယ်ရယ်မောမော မေးလိုက်သည်ကို မဖြူ ခေါင်းကလေးညိတ်ပြလိုက်၏။

"ကဲ ... ဒီလိုဆို ကျွန်တော်မျိုးကို အကျယ်တဝင့်ရှင်းပြခွင့်ပြုပါ၊ ထိုင်ပါဦး၊ အေးအေးဆေးဆေးထိုင်ပြီး နားထောင်ပေါ့"

ကိုစိုးတစ်ယောက် အတော်ကိုပျော်နေပုံရသည်။ မျက်လွှန်း၍ အရွန်းဖောက်ပြီး စကားပြောနေခြင်းပင်။

ကိုစိုး ခုလို အူမြူးပုံမျိုး မဖြူ အရင်က မတွေ့ခဲ့ဖူးပါ။ သည်လိုဆိုတော့လည်း ကိုစိုးကိုကြည့်ပြီး မဖြူပင် ကြည်နူးသွားမိပြီး ကိုစိုးဘေးမှာ ထိုင်ချလိုက်သည်။

"မဖြူရေးပေးခဲ့တဲ့စာ ဖတ်ပြီးတော့ စိုးစိုး တော်တော်လေးဆွေးသွားမိတယ်၊ တကယ်ပဲ တစ်ခါတည်း ဆောက်တည်ရာမရနဲ့ အရူးတစ်ပိုင်းဖြစ်သွားတာပဲ၊ စိတ်လည်းဆိုးမိတာအရမ်းပဲ"

"ဘာလဲ မဖြူကို စိတ်ဆိုးတာလား"

"စိတ်ဆိုးတာထက် စိတ်နာမိတယ်ဆိုရင် ပိုပြီးမှန်တယ်၊ လုပ်ရက်လေခြင်းဆိုပြီး အသည်းလည်းနာမိတယ်၊ ဒါကို မေမေက အမျိုးမျိုးဖျောင်းဖျပြီး သွဲ့သွဲ့နဲ့နားချပါလေရော"

"အဲဒီတော့ စိုးစိုးက ချက်ချင်း ခေါင်းညိတ်လိုက်တယ်မဟုတ်လား"

ကိုစိုး စကားအသွားအလာကိုကြည့်၍ မဖြူ စ,လိုက်ခြင်းပါ။

"မနောက်နဲ့ မဖြူ၊ ဒီအချိန်က နောက်ရမယ့်အချိန်မဟုတ်သေးဘူး၊ စိုးစိုးက ဘယ်လွယ်လွယ်နဲ့ ခေါင်းညိတ်ပါ့မလဲ၊



သွဲ့သွဲ့နဲ့ ဆွေးနွေးပါရစေဦး ဟုပြီး အချိန်ဆွဲလိုက်သေးတယ်လေ"

"ဘာတွေ ဆွေးနွေးကြသလဲ၊ နင့်ကိုငါချစ်တယ်၊ ငါ့ကို နင်ချစ်မလား ဆိုတာတွေလား"

မဖြူရင်ထဲမှာ ကိုစိုးအပျော်တွေ ကူးစက်ဝင်ရောက်လာပြီဖြစ်၍ ကိုစိုးကိုပဲ စချင်နောက်ချင်နေမိသည်။

မဖြူစကားကို ကိုစိုးက ခေါင်းခါပြီး ...

"သွဲ့သွဲ့က နိုင်ငံခြားကို အရမ်းအထင်ကြီးတယ်၊ ကိုယ်တတ်တဲ့ပညာနဲ့ နိုင်ငံခြားမှာသွားပြီး အလုပ်လုပ်ချင်နေတယ်၊ ဖြစ်နိုင်ရင် ဟိုမှာပဲ အပြီးနေချင်တဲ့ဆန္ဒ ရှိတယ်၊ စိုးစိုးနဲ့လက်ထပ်ပြီးရင် နှစ်ယောက်အတူတူ နိုင်ငံခြားသွားပြီး အလုပ်လုပ်မယ်လို့ ဆုံးဖြတ်တယ်တဲ့"

"ဟာ ... သိပ်ကောင်းတဲ့အစီအစဉ်ပဲဟာ၊ စိုးစိုးက သဘောမတွေ့ဘူးလား"

"သဘောမတွေ့ဘူး၊ စိုးစိုး ဒါမျိုးမကြိုက်ဘူး၊ ကိုယ့်အမိနိုင်ငံက သင်ပေးတဲ့ပညာကို ကိုယ့်အမိနိုင်ငံအတွက်ပဲ အသုံးချချင်တယ်၊ တိုင်းတစ်ပါးအတွက် အကျိုးမပြုချင်ဘူးလို့ ပြောလိုက်တယ်၊ အဲဒီကစပြီး သဘောထားကွဲလွဲကြတော့တာပဲ မဖြူရယ်"

ကိုစိုးစကားအဆုံး၌ ဝင်လုဆဲ နေမင်းကြီးကိုကြည့်ရင်း မဖြူက ...

"အန်တီနို့သဘောကရော"

"ဖေဖေကလည်း သွဲ့သွဲ့အနေအထိုင်အယူအဆကို သဘောမကျဘူးလေ၊ သူက မေတ္တာရေးကို ဦးစားပေးတယ်လေ၊ သူ့မှာ သားတစ်ယောက်ပဲရှိတယ်တဲ့၊ ဒီသားက နိုင်ငံခြားသွားနေမယ်ဆိုရင် သူ့ဘဝအဖို့ သေတာနဲ့ အတူတူပဲတဲ့၊ သူ့သားကို သူ မခွဲနိုင်ဘူးတဲ့၊ သူလည်း နိုင်ငံခြားကို လိုက် မနေချင်ဘူးတဲ့၊ အဲဒါနဲ့ပဲ သွဲ့သွဲ့နဲ့ စိုးစိုးကိစ္စလည်း တစ်ခါတည်းပျက်သွားရော"

ကိုစိုးစကားဆုံးသည်နှင့် မဖြူ ခပ်တည်တည်ကြည့်ရင်း ...

"မဖြူ စိတ်မကောင်းပါဘူး စိုးစိုးရယ်"

"ဘာ ... မဖြူ စိတ်မကောင်းဘူးလဲ၊ ဟုတ်လား ဘာကို စိတ်မကောင်းတာလဲ၊ သွဲ့သွဲ့နဲ့ စိုးစိုး မယူဖြစ်တဲ့ကိစ္စကို စိတ်မကောင်း ဖြစ်နေတာလား"

"ဟုတ်တယ် စိုးစိုး၊ ဟုတ်တယ်၊ အယူအဆချင်းသာတူမျှကြရင် အခုချိန်လောက်ဆို စိုးစိုးနဲ့ သွဲ့သွဲ့ လက်ထပ်ပြီးရောပေါ့၊ ဟုတ်ဘူးလား၊ အန်တီနီလည်း စိတ်အေးလက်အေးရှိသွားမှာပဲ၊ ခုတော့ မမျှော်လင့်ဘဲ ဒီလိုဖြစ်သွားတော့ အန်တီနီ ဘယ်စိတ်ကောင်းတော့မှာလဲ၊ ဒါမျိုး မဖြူ စိတ်မကောင်းဘူး ပြောတာပါ"

"ဟာ ... မေမေက ပိုတောင်ဝမ်းသာနေသေးတယ် မဖြူရဲ့၊ ကံကောင်းလို့ ကံသီလို့တဲ့၊ တကယ်လို့များ ပေးစားပြီးမှ အစီအစဉ်တွေရှိနေတယ်ဆိုရင် သူ့သားကို သူဆုံးရတော့မှာတဲ့၊ စောစောစီးစီးသိရလို့ ကံကောင်းတယ်တဲ့ဗျ"



"အဲဒီနောက်တော့"

"အဲဒီနောက်တော့ မေမေက စိုးစိုးကို သားသဘောကျတဲ့ မိန်းမရှိနေလား၊ ရှိရင် မေမေ့ကိုပြောတဲ့၊ မေမေတို့သဘောတူမယ်တဲ့၊ အဲဒီလို စိုးစိုးကို လိုက်လျှောလိုက်တယ်ဗျ"

စိုးစိုးစကားအဆုံး၌ မဖြူ မျက်လွှာလေးချထားလိုက်မိသည်။ သက်ပြင်းကဲလေးတစ်ခုလည်း ချလိုက်မိသည်။

စိုးစိုးကို တခြားမိန်းကလေးတွေနဲ့ အန်တီနီ သဘောတူနိုင်ပေမယ့် မဖြူနဲ့တော့ ဘယ်သဘောတူနိုင်ပါ့မလဲ။

"ဘာလို့ ငိုင်သွားရတာလဲ မဖြူရယ်၊ ခေါင်းလေးမော့စမ်းပါဦး"

လေမှာလွင့်ကျနေသည့် မဖြူရဲ့ဆံစကလေးများကို ကိုစိုးက သိမ်းသပ်ပေးရင်း ပြောလိုက်သည်။

မဖြူ ခေါင်းလေးမော့ပေးလိုက်ပါသည်။

သို့သော် မဖြူ စိုးစိုးကိုမကြည့်ဘဲ ဟိုးအဝေးမိုးကုပ်စက်ဝိုင်းဆီသို့ လှမ်းမျှော်ကြည့်ရင်းက တိုးညင်းသံလေးနှင့် ...

"အန်တီနီက မဖြူနဲ့တော့ ဘယ်သဘောတူပါ့မလဲ စိုးစိုးရယ်၊ ဒီတော့ ဒီနေရာမှာတင် စိုးစိုးနဲ့မဖြူတို့ရဲ့ အသည်းနှစ်အောင်ချစ်ခဲ့တာတွေ ပြည်ဖုံးကားချကြရင် ကောင်းမယ်ထင်တယ်ကွယ်"

ကိုစိုးက ခေါင်းခါပြီး ...

"စကားမဆုံးသေးဘူး မဖြူရဲ့၊ မေမေက မဖြူနဲ့လည်း သဘောတူတယ်တဲ့၊ ကဲ ... သိပြီလား"

"ဟုတ်ရဲ့လား ကိုစိုးရယ်"

မယုံတစ်ဝက်ယုံတစ်ဝက် မဝံ့မရဲအသံလေးနှင့် မဖြူ မေးလိုက်မိသည်။

"ဟုတ်ပါတယ် မဖြူရဲ့၊ ဟုတ်ပါတယ်၊ မေမေကပြောတယ်၊ သားနဲ့ မဖြူတို့ ချစ်ခြင်းကို မနှောင့်ယှက်တော့ပါဘူးတဲ့၊ မဖြူကိုသာ တွေ့အောင်ရှာပါသားရယ်တဲ့"

ကိုစိုးထံမှ သည်လိုကြားရပေမယ့်လည်း မဖြူမှာတော့ အန်တီနီကို ကြောက်နေဆဲပါ။ ခဲမှန်ဖူးသည့် စာသူငယ်ကိုး။

သည်တစ်ခါထပ်ပြီး ခဲအမှန်ခံရမည်ဆိုလျှင် မဖြူ တစ်ယောက် သေဖွယ်ရာသာရှိပါတော့သည်။

"အို ... မဖြူရယ်၊ ဘာဖြစ်လို့ မျက်ရည်တွေ ကျနေရတာလဲ၊ ဒါဟာ မင်္ဂလာသတင်းပဲဟာ၊ ကိုစိုးနဲ့ မဖြူအတွက် ဝမ်းသာရမယ့် သတင်းတွေပါကွယ်၊ ဒီက ရှေ့လျှောက် ကိုစိုးနဲ့ မဖြူ ပျော်ရွှင်စွာပေါင်းသင်းနေထိုင်ကြလေသတည်း ဖြစ်တော့မှာ မဖြူရဲ့ ... ဟဲ ဟဲ ဟဲ"

ကိုစိုးက သူ့စကားဆုံးတော့ အားရပါးရ ရယ်မောလိုက်လေသေးသည်။

ပြီးတော့မှ မဖြူရဲ့ပါးမို့မို့လေးပေါ်က မျက်ရည်စတွေကိုလည်း သူ့လက်ကိုင်ပဝါ ဖြူဖြူဖွေးဖွေးကလေးနှင့် တို့သုတ်ပေးနေ၏။

"ကဲပါ ... တော်ပါတော့၊ လူတွေမြင်ကုန်မှဖြင့် ရှက်စရာကြီး"



ကိုစိုးလက်ကို တွန်းဖယ်ရင်း မဖြူ ပြောလိုက်ရသည်။ ဒါပေမဲ့ လက်မလျှော့ဘဲ ထပ်သုတ်ပေးနေသည်။

"အိုး ... တော်ပါတော့ဆို၊ အခုမှလာပြီး သဲမနေပါနဲ့၊ ဒါနဲ့ ကိုစိုးက မော်လမြိုင်ကို ဘယ်လိုရောက်လာရတာလဲ"

ကိုစိုးလက်များကို ဆွဲဖယ်ရင်း မဖြူ သိချင်တာ မေးလိုက်ရသည်။

"ဩော် ... ဟုတ်ပါရဲ့၊ စိုးစိုး ပြောရဦးမယ်၊ ဒီသတို့သားက စိုးစိုးတို့နဲ့ အမျိုးတော်တယ်"

"အမျိုးတော်တယ် ဟုတ်လား"

မျက်လုံးလေးပြူးပြီး အံ့အားတသင့် မဖြူ မေးလိုက်သည်။

"ကိုစိုးအဖေဘက်ပါ မဖြူရဲ့၊ ဒါကြောင့် အဲဒီသတို့သားက ဖေဖေ့တူဝမ်းကွဲပေါ့၊ ဖေဖေနဲ့ အဲဒီဒေါက်တာစောအောင် အဖေက ညီတစ်ဝမ်းကွဲတော်တယ်သာဆိုတယ်၊ သိပ်ချစ်ကြတာ၊ အဲဒီကိုစောအောင်ကလည်း ရိုးရိုးနဲ့ သိပ်ခင်တတ်တယ်လေ၊ ဒါကြောင့် ကိုစိုး ဒီမင်္ဂလာပွဲကို ရောက်လာရတာ"

"ဟင်း ဟင်း ... ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးဆိုတဲ့ စကားဟာ သိပ်မှန်ပါလား ကိုစိုးရယ်နော်"

"ဘာဖြစ်လို့လဲ မဖြူရဲ့"

"ကမ္ဘာကြီးဟာ တကယ်ကျဉ်းလို့သာ မဖြူနဲ့ စိုးစိုး ပြန်လည်ဆုံကြတာပေါ့၊ ဟော ... နေတောင်ဝင်သွားပြီ၊ ပြန်ကြစို့နော်၊ ဒါနဲ့ ကိုစိုး မဖြူအိမ်မှာပဲ တည်းမှာမဟုတ်လား"

နှစ်ယောက်သား မြို့ဘက်ကိုလျှောက်ရင်း မဖြူက မေးလိုက်သဖြင့်' ...

"တည်းလို့ရရင်တော့ တည်းချင်တာပေါ့ မဖြူရယ်၊ ကိုစိုး ကို မဖြူ သူငယ်ချင်းဝါဝါက တည်းခွင့်ပေးပါ့မလား"

"အိုး ... ရပါတယ်၊ သူက ဒီလောက်မရိုင်းပါဘူး၊ ကိုစိုး ကရော ရန်ကုန်ကို ဘယ်တော့ပြန်မှာလဲဟင်"

"သန်ဘက်ခါပြန်မယ်လေ၊ ကိုစိုးအလုပ်ကလည်း ခွင့်များ များယူလို့မရဘူး"

"အိုး ... ကိုစိုးအလုပ်နဲ့လား"

"ကိုစိုး မြန်မာလျှပ်စစ်ဓာတ်အားလုပ်ငန်းမှာ လုပ်နေတယ် မဖြူရဲ့၊ ရန်ကုန်လာရင် မေမေတို့ကို အကျိုးအကြောင်း ပြောပြပြီး မဖြူကိုလာခေါ်မယ်လေ၊ မကောင်းဘူးလား"

"သဘော ... သဘောပါပဲ၊ ကိုစိုးသဘော"

"မဖြူရေ ... မဖြူ"

"ဟော ... မိဝါဝါတောင် လိုက်လာပြီ၊ လာ ... ကိုစိုး၊ မြန်မြန်သွားကြရအောင်"

ကိုစိုးနှင့် မဖြူတို့ လက်ချင်းတွဲလာကြသည်ကို မိဝါဝါ မြင်လိုက်၍ထင်သည်။ မဖြူကို ထပ်မခေါ်တော့ဘဲ ရပ်စောင့်နေလိုက်တော့သည်။

✤ ✦ ✤



## အခန်း(၃၉)

လှိုင်းကလေးတွေဖွေးကာ ...
ပြာသောကောင်းကင်အောက်မှာ ...
ချစ်စရာ ... ဆည်းဆာ ...
ချစ်တဲ့သူနှစ်ဦးမှာ မြူးကာ ...
ကြည်နူး ... နှစ်သက်အားရလမ်း ...
ဝေး ... ကွာ ...
တူမောင့်မယ် မခွဲရက်ပါ ...
ကြင်ကြင် ... နာနာ ...

မဖြူ သိပ်ကိုပျော်နေသည်။ 'ဆည်းဆာ'သီချင်းကို ညည်းရင်းသနပ်ခါးတွေ ခြေဆုံးခေါင်းဆုံး လူးနေမိ၏။

မျက်နှာမှာ သနပ်ခါးအစင်းကြားလေးတွေကို သွား ပွတ်တံဖြင့်ညီအောင်ညှိပြီး တို့ဖတ်ပဝါလေးဖြင့် ပေါင်ဒါတို့ပြီး ပြေပြေလေးဖြစ်အောင် ဖို့တင်လိုက်ပြန်သည်။

သည်နောက် ဆံပင်ကို ဖြန့်ချလိုက်ပြီး သေသေ ချာချာဖြီးပြီး တစ်ပတ်လျှိုဆံထုံး ထုံးလိုက်၏။

"ဟဲ့ ... မဖြူ၊ မပြီးသေးဘူးလား၊ ကျောင်းချိန်နီးပြီနော်၊ ကျောင်းချိန်နီးပြီ မမရဲ့"

မီးဖိုချောင်မှ မိဝါဝါက လှမ်းအော်ပြောလိုက်ခြင်းပင်။

"အေးပါဟ"

မဖြူ ကျောင်းစိမ်းထဘီကို သပ်သပ်ရပ်ရပ်ဝတ်ပြီးမှ ...

"မီပါတယ်ဟာ ... မီပါတယ်၊ ပူမနေပါနဲ့၊ ညည်း ထမင်းဘူးရော အဆင်သင့်ဖြစ်ရဲ့လား"

မဖြူ သည်လိုပြန်အော်လို့မေးရင် မိဝါဝါ ကျွဲမြီးတိုသွားမည်မှန်း မဖြူ သိပါသည်။

ထင်သည့်အတိုင်းပင် ချက်ချင်း မိဝါဝါ့အသံ ထွက်လာ၏။

"ဟုတ်ကဲ့၊ အဆင်သင့်ဖြစ်နေပါပြီရှင်၊ မမထိပ်ခေါင်ဖုရား အဆင်သင့်ဖြစ်နေပါပြီ"

မဖြူ ပြုံးပြီး အခန်းထဲမှ ထွက်လာ၍ မီးဖိုချောင်ဘက်ကူးလာခဲ့၏။

"ငယ်ကျွန်ကြီးက အရမ်း ... အရမ်းကို လိမ္မာတာပဲ၊ ဟင်း ဟင်း"

မဖြူ မိဝါဝါ မခံချင်အောင် ဆက်စနေခြင်းပင်။

"ကောင်မနော်၊ အရူးဘုံမြောက်လို့ ချေးခြောက်ကောက်မစားနေနဲ့ဦး"

မျက်စောင်းကြီးခဲ၍ မိဝါဝါ မကျေမနပ်ပြောလိုက်သည်။



"ဟား ဟား ဟား ... နင် မျက်စောင်းထိုးတာကတော့ သိပ်ကြည့်လို့ကောင်းတာပဲ၊ ဟိုဇာတ်ထဲကမင်းသမီးကြီးနဲ့ သိပ်တူတာပဲ"

"အေး ... ဟုတ်တယ်လေ၊ မောင်ကလည်း နင်လို့ပဲ ပြောပြောနေတာ၊ ဟိုလေ ... ခင်လေးဆွေကြီးနဲ့တူတာ မဟုတ်လား"

"ဘယ်ကလာလို့၊ ဟို ... မိတူး ဆိုတာနဲ့လေ ... ဟင်း ဟင်း ဟင်း"

မိဝါဝါမျက်နှာကြီး ရှုံ့မဲ့သွားရသည်။

မဖြူကတော့ မိဝါဝါ မကျေမနပ်ဖြစ်အောင် စ,လိုက်ရ၍ မျက်ရည်များထွက်အောင်ပင် ရယ်နေမိတော့သည်။

"အေး အေး ... ရယ်နိုင်ပါစေ၊ ရယ်နိုင်ပါစေ၊ အဲဒီလို ရယ်နိုင်ပါစေလို့ ဆုတောင်းပါရဲ့"

မိဝါဝါက နှုတ်သီးကောင်းလျှာပါးဆိုတော့ ရန်တွေ့ကောင်းလှသည်။

"ဘာလဲ မိဝါဝါ၊ ငါရယ်နေတာကို နင်က မနာလိုလို့လား"

"မနာလိုမဖြစ်ပါဘူးတော်၊ မာနလိုမရှိပါဘူး၊ ဟောဒီကျွန်မလည်း ဝမ်းသာနေပါတယ်၊ ဝမ်းမြောက်နေပါတယ်၊ ရော့ ... ထမင်းဘူး၊ ကျောင်းချိန်နီးနေပြီ၊ ကောင်းကောင်းသွားပေတော့၊ လမ်းမှာလည်း ကိုစိုးအကြောင်း စဉ်းစားမသွားနဲ့ဦး၊ ခလုတ်တိုက်လဲလို့ ထမင်းဘူးမစားရဘဲနဲ့ နေနေဦးမယ်"

"စိတ်ချ ... စိတ်ချ၊ သူ့ကိုပဲ စဉ်းစားသွားမယ် သိလား၊ အခုလောက်ဆို မော်လမြိုင်ရောက်ပြီ၊ သူ ငါ့ကိုများ လွမ်းနေသလား၊ ဆွေးနေသလားလို့ တွေးသွားမယ်"

မိဝါဝါ နှုတ်ခမ်းကြီးစူ၍ ယောက်မကြီးကို ထောင်ပြရင်း ...

"ကောင်းပါတယ် ... ကောင်းပါတယ်၊ ကြိုက်သလိုသာ သွားပါ၊ ရိုးရိုးတွေးမယ့်အစား မျက်စိမှိတ်အာရုံပြုပြီး လမ်းလျှောက်သွားပါလား"

ရွဲ့ပြောလိုက်၏။

"ဟင်း ဟင်း ... မိဝါဝါ၊ နင်နှုတ်ခမ်းစူတာ ဘယ်သူနဲ့တူလဲသိလား"

"သိသားပဲ၊ ခင်သန်းနုနဲ့"

"ဟုတ်ပါလိမ့်မယ်အားကြီးကြီး၊ ဝက်နှုတ်သီးကြီးနဲ့တူတယ်၊ ဟား ဟား"

မိဝါဝါမနေနိုင်တော့။ မဖြူကို ယောက်မနှင့် လိုက်ရိုက်တော့သည်။

မဖြူကလည်း မိဝါဝါအထအသိပြီးသူပီပီ ဖိနပ်ကလေး ကပျာကယာစီး၍ အိမ်ပေါ်မှဆင်းပြေးခဲ့တော့သည်။

လမ်းလျှောက်ရင်း ကိုစိုးကို မဖြူ သတိရနေမိသည်။

ကိုစိုး သည်နေ့မနက်စောစော ကားနှင့်ပြန်သွားပါသည်။ ကျိုက္ကမီဝါဝါတို့အိမ်မှာ နှစ်ညအိပ်သွားသည်။

ရောက်ပြီးနောက်တစ်နေ့မှာ မဖြူနှင့်ကိုစိုး ကျိုက္ကမီဘုရားသွားဖူးကြတော့သည်။



ဆွမ်း၊ ဆီမီးများ ကပ်လှူကြပြီး နှစ်ဦးသား ဆုမွန်တွေတောင်းခဲ့ကြသေး၏။

မိဝါဝါတို့ကလည်း ကိုစိုးအပေါ် ဧည့်ဝတ်တွေကျေပါ၏။ မိဖြူတို့နှစ်ယောက်ကို အမျိုးမျိုး စ,ကြနောက်ကြနှင့် သူတို့လည်း သိပ်ပျော်နေကြသည်။

ကိုစိုးက ရန်ကုန်ပြန်ပြီး အန်တီနိတို့ကို အကျိုးအကြောင်းရှင်းပြမည်ဖြစ်သည်။

နောက်တစ်ခါခွင့်ယူပြီးပြန်လာလျှင် မဖြူနှင့် ကျိုက္ကမီတရားရုံးတွင် လက်မှတ်ထိုးကြမည်။

လက်ထပ်ပြီးလျှင် မဖြူက ကျောင်းမှအလုပ်ထွက်၍ ကိုစိုးရှိရာ ရန်ကုန်လိုက်ရမှာဖြစ်သည်။ ရန်ကုန်တွင် ဧည့်ခံပွဲလည်းလုပ်ဦးမည်။

မိဝါဝါတို့ရှေ့မှာ နှစ်ဦးသား အစီအစဉ်ဆွဲကြခြင်းဖြစ်သည်။

"ကလင် ... ကလင်"

စိတ်ကူးလေး တယဉ်ယဉ်နှင့် လမ်းလယ်ကောင်လျှောက်လာသော မဖြူ စက်ဘီးခေါင်းလောင်းသံကြောင့် လမ်းဘေးသို့ ဆင်းလျှောက်လိုက်၏။

"ကျေးဇူးပဲ ဆရာမရေ"

စက်ဘီးပေါ်ကလူက မဖြူကို နှုတ်ဆက်စကားပြောလိုက်သည်။

"ဟာ ... ဆရာဦးကျော်သန်းကြီး၊ ကနေ့ နောက်ကျလှချည်လား"

မဖြူက ပြန်နှုတ်ဆက်လိုက်သဖြင့် ဦးကျော်သန်းလည်း စက်ဘီးပေါ်ကဆင်းပြီး မဖြူနှင့် ယှဉ်လျှောက်လိုက်ရင်းက ...

"ကျွန်တော် မော်လမြိုင်က ပြန်လာတာလေ၊ လမ်းမှာ ကားတစ်စီးမှောက်နေတာတွေ့လို့၊ နည်းနည်းကူညီနေကြရလို့ ကြာသွားတယ်ဗျာ"

"အို ... ဘုရား ... ဘုရား၊ ဘယ်ကကားလဲ၊ ဘယ်သူတွေများလဲ၊ ဘာဖြစ်ကုန်လဲဟင်"

"ကျိုက္ခမီကထွက်တဲ့ ပထမကားတဲ့ဗျ၊ ကားထဲက လူတွေ တော်တော်ဒဏ်ရာရတယ်ဗျ၊ တွေ့ရမြင်တာ စိတ်မကောင်းစရာပါပဲဗျာ"

"ရှင် ...ပထမကားလား"

မဖြူ ထိတ်လန့်တကြားဖြင့် ရေရွတ်လိုက်မိသည်။

"ဟုတ်တယ် ဆရာမ၊ ပထမကားတဲ့၊ ကားကတော့ ရစရာကို မရှိတော့ဘူး၊ လူတွေကို ကြုံရာကားနဲ့ မော်လမြိုင် ဆေးရုံရောက်အောင် သယ်နေကြတုန်း"

ဦးကျော်သန်းစကားများကြောင့် မဖြူ ရင်တွေဒိတ်ဒိတ်ခုန်ပြီး သွေးတိုးနှုန်းတွေမြန်လာ၏။ အသက်ရှူ၍ပင် မဝချင်သလို ဖြစ်လာသည်။

"ဘုရား ... ဘုရား၊ ကိုစိုး ဘာမှမဖြစ်ပါစေနဲ့၊ အို ... လူတွေအားလုံး ချမ်းသာကြပါစေ"

မဖြူ အယောင်ယောင် အမှားမှားဖြင့် စိတ်ထဲမှာ ရေရွတ်လိုက်သည်။



ထိုပထမကား၌ ကိုစိုးလိုက်သွားသည်။ ကိုစိုးရော ဘာဖြစ်သွားပါလိမ့်။ မဖြူ ရှေ့ဆက်မတွေးရဲပါ။ မဖြူ ရှေ့ဆက် မလျှောက်ချင်တော့အောင် ခြေထောက်များ လေးလံလာသည်။ ကျောင်းလည်းမသွားချင်တော့ပါ။

မော်လမြိုင်ကိုအမြန်လိုက်ပြီး ကိုစိုးအခြေအနေကိုသာ စုံစမ်းချင်နေသည်။

"ဆရာ"

မဖြူအသံ တုန်နေသည်။ မူမမှန်တော့။

"ဗျာ"

ဦးကျော်သန်းထူးရင်း မဖြူကို လှည့်ကြည့်လိုက်ရာ မျက်စိမျက်နှာပျက်နေသော မဖြူကို တွေ့လိုက်ရ၏။

"ဆရာ ... ကျောင်းကို ခွင့် ... ခွင့်တိုင်ပေးပါ၊ ကျွန်မ မော်လမြိုင်လိုက်သွားချင်လို့"

"ဘာဖြစ်လို့လဲ ဆရာမ"

"ဟို ... ဟို ... ကျွန်မအမျိုးသား မနက်က ပထမထွက်တဲ့ အဲဒီကားနဲ့ပါသွားတယ်လေ၊ သူ့အခြေအနေသိချင်လို့ပါ ဆရာ၊ ကဲ ... ကျွန်မ လိုက်သွားပြီနော်"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

စကားကို တိုတိုနှင့်လိုရင်းပြော၍ မဖြူ အိမ်ဘက်သို့ ပြန်လာလိုက်သည်။

မိဝါဝါကိုခေါ်ပြီး မော်လမြိုင်ကို မီရာကားနှင့်လိုက်သွားရန် ဆုံးဖြတ်ပြီးဖြစ်သည်။

"ကိုစိုးရယ်၊ ကံဆိုးလှချည်လားကွယ်"

"ဖြစ်မှဖြစ်ရလေတယ် အချစ်ရယ်"

တစ်လမ်းလုံး မဖြူရင်ထဲက ယူကျုံးမရစွာ ရေရွတ်နေမိပါတော့သည်။

ညနေစောင်းလောက်ကျမှ မဖြူနှင့် မိဝါဝါတို့ မော်လမြိုင်ဆေးရုံကြီးသို့ ရောက်သွားကြသည်။

ကိုစိုးမှာ သတိမရသေး။

ကိုစိုးကို တွေ့လိုက်ရသောအခါ မဖြူ ရင်ဆို့သွားရသည်။ ကိုစိုးတစ်ကိုယ်လုံးမှာရော၊ ခုတင်ဝန်းကျင်မှာရော ရှုပ်ယှက်ခတ်နေ၍ဖြစ်သည်။

သွေးလည်းသွင်းထားရသည်။

ဂလူးကို့(စ်)ကိုလည်း သွင်းထားသည်။

ခေါင်းတစ်ခုလုံးကိုလည်း ပတ်တီးစည်းထားရသည်။

မျက်လုံးတစ်ဖက်ကိုလည်း ပလာစတာနှင့် ပိတ်ထားပြန်သည်။

လက်နှင့်ခြေထောက်တို့မှာလည်း ပတ်တီး အဖွေးသားနှင့်။

ခံရသည့်လူတော့မပြောနှင့်။

ကြည့်ရသည့်လူပင် ခံစားချက်မသက်သာပေ။

မဖြူတို့ရောက်သည့်အချိန်တွင် ကိုစိုးကို အောက်ဆီဂျင်ပေးရန် ပြင်ဆင်နေချိန်ဖြစ်၏။

မျှော်လင့်ချက်အလွန်နည်းနေသည်ကို မဖြူ သိရသည်။



ကိုစိုး ခုတင်ဘေးမှာ ဒူးထောက်ထိုင်ချလျက် ကိုစိုး၏မျက်နှာကို အနီးကပ်စေ့စေ့ကြည့်နေမိသည်။

အောက်ဆီဂျင်အိုးမှ လေပူဖောင်းလေးကိုကြည့်ရုံနှင့် ကိုစိုး အသက်ရှူနေကြောင်းသိရသည်။

"စိုးစိုး ... စိုးစိုးရေ"

တိုးတိုးကလေး မဖြူ ခေါ်နေမိသည်။

ဒါပေမဲ့ ကိုစိုးထံမှ တုံ့ပြန်မှု အလျဉ်းမရှိပေ။

"စိုးစိုးရေ ... ကိုစိုး"

ကိုစိုးနားနားကပ်၍ မဖြူ ထပ်ခေါ်လိုက်ပြန်သည်။

သည်တစ်ခါလည်း ကိုစိုး မလှုပ်ပါ။

"ကိုစိုး ဘယ်ကမ္ဘာရောက်နေပြီလဲကွယ်"

မဖြူစိတ်ထဲကသာ ရေရွတ်လိုက်မိပါသည်။

နှုတ်ဖျားကတော့မထွက်ပါ။ ဆို့နစ်နေဆဲပဲ။

"မဖြူ ဆရာဝန်က ပြောသွားတယ်၊ ခပ်လှမ်းလှမ်းကပဲ စောင့်ကြည့်ပါတဲ့"

မဖြူရဲ့ကိုယ်လေးကို ဖေးမထူရင်း မိဝါဝါကပြောလိုက်ပါသည်။

သည်တော့မှ မဖြူ ပိုမိုပြီး ငိုချင်သွားမိပြီး မိဝါဝါ ပခုံးပေါ် မျက်နှာတင်မှောက်၍ တအားငိုချလိုက်မိသည်။

ကိုစိုးကို သနားလွန်းလို့။

ကိုစိုးခံစားနေရသည့်ဝေဒနာကို မကြည့်ရက်တော့လို့ ဖြစ်ပါသည်။

"တိတ်ပါ မဖြူရယ် ... တိတ်ပါ၊ ကိုစိုး ဘာမှ မဖြစ်သေးပါဘူး၊ မငိုကောင်းဘူးနော် ... တိတ် တိတ်"

မိဝါဝါက ချော့ရှာသည်။

ဒါပေမဲ့ ...

မဖြူ ရင်ထဲမှာ ဝမ်းနည်းခြင်းကတော့ အပြည့်အသိပ်။ ယူကျုံးမရခြင်းကလည်း အထွတ်အထိပ်။

မနက်ကလေးကပင် ကိုစိုးကားပေါ်မတက်ခင် မှာခဲ့သည့်စကားတွေကို မဖြူ ပြန်ကြားနေမိသည်။

"စိတ်ချနော် မဖြူ၊ ကိုစိုးမေမေတို့နဲ့ အမြန်ဆုံးစီစဉ်ပြီး အမြန်ဆုံး မဖြူဆီကို ပြန်လာခဲ့မယ်"တဲ့။

"အို ... ကျိုက္ခမီကို မေမေတို့ပါ ခေါ်ခဲ့မယ်ကွာ၊ ဒီက ရပ်မိရပ်ဖတွေ၊ မဖြူသူငယ်ချင်းတွေရှေ့မှာ စိုးစိုး မဖြူကို တောင်းရမ်းလက်ထပ်ပါ့မယ်၊ မကောင်းဘူးလားဟင်"တဲ့။

မဖြူ ပြန်တွေးနေတုန်းမှာပဲ ဆရာမလေးနှစ်ယောက်ရောက်လာပြီး စိုးစိုးလက်ကလေးကို စမ်းကြည့်ကြသည်။

ပြီးတော့ နှစ်ယောက်သား ပျာပျာသလဲ ပြန်ထွက်သွားကြပြန်သည်။

"မိဝါဝါ ကြည့်စမ်းပါဦးဟယ်၊ စိုးစိုး ဘာများဖြစ်သလဲ မသိဘူး"

စိုးရိမ်လွန်ကဲမသော အသံကလေးဖြင့် မဖြူက ပြောလိုက်သည်။

"ဟိုမှာ ... ဆရာဝန်လာပြီ၊ ဆရာဝန်လာပြီ"



မဖြူကို မိဝါဝါက ပြောပြလိုက်ပါသည်။ ကိုစိုးတစ်ကိုယ်လုံးကို ဆရာဝန်က စမ်းသပ်နေသည်။

ထို့နောက် ကိုစိုး၏ ရင်ဘတ်တစ်ပြင်လုံးကို ဆုပ်နယ်နေပြန်သည်။

ဆရာမကလေးများကလည်း ဆရာဝန်လုပ်သကဲ့သို့ လိုက်လုပ်ကြသည်။

"စိုးစိုးအခြေအနေ သိပ်ဆိုးနေပြီလား မသိဘူးနော်၊ ငါ စိတ်ပူလိုက်တာဟယ်"

မဖြူ တိုးတိုးကလေး မိဝါဝါကိုပြောလိုက်သည်။ ရင်ထဲမှာ ထိတ်လိုက်တာအရမ်းပါပဲ။

မိဝါဝါက ဘာမှပြန်မပြောဘဲ ကိုစိုးကိုသာ စိုက်ကြည့်နေ၏။ ရင်ထဲမှာတော့ ဘုရားတနေမိတာမှန်ပါ၏။

"ဘုရား ... ဘုရား ... ကယ်တော်မူပါဘုရား၊ လုပ်ပါဦး မိဝါဝါရယ်၊ ကိုစိုးဘာဖြစ်နေသလဲ"

အားမလိုအားမရအသံဖြင့် မဖြူ ဆောက်တည်ရာမရပြောနေမိသည်။

တယ်ကိုပါပဲ။

မဖြူရင်ထဲ နေဆယ်စင်းမက ပူပြင်းနေရပါပြီ။ သောကမီးတွေ လောင်မြိုက်နေရပါပြီ။

"ကိုစိုးကောင်းလာပါစေ၊ ကိုစိုး ဘာမှ မဖြစ်ပါစေနဲ့ဘုရား၊ ကိုစိုးကို စောင့်ရှောက်တော်မူပါ၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ရယ် "

တွတ်တွတ်နှင့်လည်း မဖြူ ဆုတောင်းနေမိ၏။

ဒါပေမဲ့ ...

"ဦးစိုးစိုးတစ်ယောက် ဆုံးရှာပြီဗျာ၊ ကျွန်တော်တို့လည်း တတ်နိုင်သလောက် ကြိုးစားကြည့်ကြပါသေးတယ်၊ မရ တော့ဘူးဗျာ၊ ဆောရီးပဲ"

ဆရာဝန်ထံမှ မမျှော်လင့်သောစကားကိုကြားလိုက်ရ၍ မဖြူတစ်ကိုယ်လုံး မြောက်တက်သွားသလားလို့ ခံစားလိုက်ရသည်။

"ကိုစိုးဆုံးပြီတဲ့ ... ကိုစိုးဆုံးပြီတဲ့"

အနားမှာရပ်နေသည့် မိဝါဝါ၏ကိုယ်လုံးလေးကို လှုပ်၍ တဖွဖွပြောပြီးနောက် မဖြူ ငြိမ်ကျသွားတော့သည်။

မဖြူနှုတ်ဖျားမှ ဘာစကားမှ ထွက်မလာပေ။

မျက်လုံးအကြောင်သားနှင့် ကိုစိုးခုတင်ရှိရာသို့သာ စိုက်ကြည့်နေ၏။ ငိုလည်းမငိုတော့။

"ငိုလိုက်လေ၊ မဖြူငိုလိုက်၊ မင်းစိတ်တွေ လျှော့လိုက်ပါ မဖြူ၊ လျှော့လိုက်ပါ၊ အော်ဟစ်ငိုပစ်လိုက်စမ်းပါ သူငယ်ချင်းရယ်"

မဖြူ ပခုံးကိုလှုပ်ခါယမ်းရင်း မိဝါဝါ သတိပေးနေမိသည်။ မိဝါဝါကိုယ်တိုင်လည်း စိတ်ထိခိုက်လွန်း၍ မျက်ရည်မထိန်းနိုင်အောင် ဖြစ်နေမိ၏။

"သြော် ... သနားစရာကောင်းတဲ့ ချစ်သူနှစ်ယောက်ပါလား"

မိဝါဝါ ဘယ်လိုပင် တိုက်တွန်းတိုက်တွန်း မဖြူ မငိုတော့ဘဲ မိဝါဝါကိုကြည့်၍ ...



"စိုးစိုးသေပြီတဲ့၊ မသေသေးပါဘူးနော်၊ ပြောစမ်းပါဦး မိဝါဝါရဲ့"

မျက်ရည်တွင်တွင်ကျဆင်းပြီး မိဝါဝါက ...

"မဖြူရယ် ... စိတ်လျှော့လိုက်ပါတော့၊ ကိုစိုး ဆုံးပြီကွယ့်၊ ဆုံးသွားပြီ"

"ကိုစိုးဆုံးပြီလားဟင်၊ သူမရှိတော့ဘူးပေါ့နော်"

မျက်လုံးဖွင့်ပြီး ဆုံးရှာနေသော ကိုစိုးကို မဖြူ စိုက်ကြည့်နေပြန်၏။ ပြီးမှ ...

အသက်မဲ့နေပြီဖြစ်သော ကိုစိုး၏ ခန္ဓာကိုယ်ကြီးကို တအားဖက်၍ တအားအော်ဟစ်ငိုလိုက်တော့သည်။

"ကိုစိုးရေ ... ကိုစိုး၊ မဖြူကို တကယ်ပဲ ထားခဲ့ပြီလားကွယ်၊ မခွဲနိုင်ဘူးဆို၊ မဖြူ ဘယ်လိုဖြေရမလဲ ကိုစိုးရယ်"

"သတိထားနော် မဖြူ၊ သတိထားပါ"

မကြားပေ။ မကြားပါ။ လုံးဝ မကြားပါ။

✤ ✦ ✤

## အခန်း(၄၀)

အခုနကလေးတင်က သဲသဲမဲမဲ မိုးရွာ ချလိုက်ပါသည်။ ထိုမိုးနှင့်အတူ လေတို့ကလည်း ခပ်ပြင်းပြင်းက လေးတိုက်ခတ်သွားပါသည်။

ထိုမိုးထိုလေတို့ကြောင့် အချို့အချို့သော သစ်ပင်ကြီးငယ်တို့သည် ယိမ်းထိုးလာခဲ့ကြရ၏။

အပင်ကြီးအချို့မှာ လေဒဏ်ကိုမခံနိုင်၍ ခြောက်နေသော သစ်ကိုင်းများကို တဖြောင်း ဖြောင်း ချွေကျခဲ့ကြရသည်။

အပင်တို့မှ ကြွေလွင့်ကျသော သစ်ရွက်တို့မှာလည်း မနည်း။

မြေပေါ်၌ ကော်ဇောကြီးဖြန့်ခင်းထားသလို ပြန့်ကြဲလျက်။

ထိုမိုး ထိုလေသည် ဘာမှ မကြာလိုက်ပါ။

ခဏလေးဆို ခဏလေးပါပဲ။

သို့သော် ဩကာသလောကကြီးမှာ တော်တော်ထိနိုက် ခံစားပြီးကျန်ရစ်ခဲ့ရပါ၏။



မိုးစက်တွေ လွင့်ပြေးသွားတော့ နေခြည်နုနုတို့က ပြာလဲ့လာကြပြန်သည်။

ထို့ကြောင့် ဝန်းကျင်တစ်ခုလုံးလည်း အခုနကလို ပြန်ဖြစ်လာပြန်သည်။

အေးစိမ့်မနေတော့ဘဲ နွေးနွေးထွေးထွေး ပြန်ဖြစ်လာပြန်သည်။

ပူနွေးသောနေခြည်တို့ကြောင့် ချက်ချင်း ပတ်ဝန်းကျင်တစ်ခုလုံး သာယာစိုပြည်လာပါသည်။

ဟိုသစ်ပင်တစ်ပင်အထက်ဆီမှာတော့ ငှက်ကလေးတစ်ကောင်။

ငှက်ကလေးသည် တောင်ပံတဖျပ်ဖျပ်ခတ်ပြီးနောက် လွှမ်းဆွတ်ဖွယ်ရာ တေးတစ်ပုဒ်ကို သီဆိုဟစ်ကြွေးနေရှာ၏။

ငှက်ကလေး၏ တောင်ပံခတ်သံမှလွဲ၍ မော်လမြိုင်မြေနီကုန်းသုသာန်တစ်ခုလုံး ပကတိတိတ်ဆိတ်နေ၏။

ငှက်ကလေးခိုနားနေသော သစ်ပင်ကြီး၏ ခြေရင်း၌ သေသပ်လှပသော အုတ်ဂူကလေးတစ်ခု။

ထိုအုတ်ဂူ၌ ကမ္ပည်းထိုးထားသည်မှာ ...

ဦးစိုးစိုး

အသက်(၂၅)နှစ်

လက်ထောက်အင်ဂျင်နီယာ

မြန်မာလျှပ်စစ်ဓာတ်အားလုပ်ငန်း

တစ်နှစ်ဆိုတောအချိန်ကာလမှာ ဘာမှမကြာလိုက်ဟု ထင်ရသည်။

သို့သော် အုတ်ဂူဘေး၌ ရေညှိစိမ်းပင်ကလေးများကို ဟိုနေရာတစ်ကွက်၊ သည်နေရာတစ်ကွက်၊ ငြိတွယ်ကပ်စပြုနေပေပြီ။

အုတ်ဂူပတ်လည်၌လည်း ပေါင်းမြက်တို့ ရှင်သန်ထကြွလျက်။

ဖြူဖွေးလက်နုနုကလေးတစ်လက်သည် ရေညှိတွေနှင့် ပေါင်းမြက်တွေကို ဖယ်ရှားပစ်နေပါသည်။

ထိုလက်ကလေး၏ ပိုင်ရှင်ကား မဖြူဆိုသော မိန်းမလှကလေးပင်။

ကိုစိုးကွယ်လွန်သည်မှာ သည်နေ့ဆို တစ်နှစ်ပြည့်မြောက်ပါပြီ။

မနှစ်က သည်လိုနေ့မှာ ကိုစိုး ကွယ်လွန်သွားခဲ့ခြင်းပင်။

ကိုစိုးဆုံးပြီး နောက်တစ်နေ့မှာ ကိုစိုး၏ဖေဖေလေယာဉ်ပျံနှင့် ရောက်လာပါသည်။

အန်တီနီကတော့ ပါမလာပါ။

အန်တီနီ စိတ်မထိန်းနိုင်မှာစိုး၍ ထားခဲ့သည်ဟု အန်ကယ်က ပြောပါသည်။

မိညိုယောက္ခမဘက်ကလည်း ဈာပနကိစ္စအဝဝအားလုံး ဝိုင်းဝန်းကူညီကြပါသည်။

ရက်လည်သည်အထိ ဈာပနကိစ္စ ဆောင်ရွက်လျက်မဖြူ မိညိုတို့အိမ်မှာ တည်းခိုခဲ့ပါသည်။



မဖြူတစ်ယောက် အလွမ်းတောထဲမှာ ပျော်နေခဲ့တာသည်နေ့ဆို တစ်နှစ်ပြည့်သွားခဲ့ရပါပြီ။

ဒါကြောင့် စိုးစိုးအုတ်ဂူတွင် လွမ်းသူ့ပန်းခြင်းကလေးတစ်ခု မဖြူ လာချရင်း အုတ်ဂူပတ်လည်ကို သန့်ရှင်းပေးနေခြင်းဖြစ်ပါသည်။

ထိုစဉ် သုသာန်အတွင်းသို့ ကားတစ်စီး ဇရပ်ကြီးရှေ့မှာထိုးရပ်လိုက်တာ တွေ့ရသည်။

ကားပေါ်မှ ခန့်ခန့်ညားညား သားသားနားနားဝတ်စားထားသည့် ယောကျ်ားကြီးတစ်ယောက်နှင့် မိန်းမဝဝကြီးတစ်ယောက် ပန်းခြင်းတစ်ခုကိုကိုင်လျက် ဆင်းလာကြသည်။

မဖြူ မျက်လုံးပြူးသွားရပါသည်။ နှုတ်မှလည်း ...

"ဟာ ... အန်ကယ်၊ အန်တီနီတို့ပါလား"

ယောင်ယမ်းပြီး ထွက်သွားရပါသည်။

အဘိုးကြီးနှင့်အဘွားကြီးတို့သည် ပန်းခြင်းကလေးကို တယုတယကိုင်၍ မဖြူရှိရာ ကိုစိုးဂူဆီသို့ လျှောက်လာနေကြ၏။

မဖြူ ရင်တွေခုန်မြန်လာသည်။

အန်တီနီတို့ကို မဖြူ ရင်မဆိုင်လိုပါ။ ရင်ဆိုင်ရန်လည်း ခွန်အားမရှိပါ။

ဖြူ ချာခနဲလှည့်၍ ပြေးထွက်ခဲ့သည်။

"ဟဲ့ ... ဟဲ့ ... မဖြူ မပြေးပါနဲ့ကွယ်၊ မပြေးပါနဲ့၊ အန်တီနီတို့ပါ"

အန်တီနီ့ခေါ်သံကို မဖြူ ကြားပါသည်။ သို့ပေမဲ့ လှည့်မကြည့်။ ခပ်သုတ်သုတ် ဆက်ပြီးပြေးနေမိ၏။

"သမီးရေ ... နေပါဦး၊ အန်ကယ်တို့ စကားပြောချင်လို့ပါ၊ နေပါဦး သမီးရယ်"

"လာပါ သမီးရယ်၊ လာပါ၊ အန်တီနီ သမီးကို သိပ်ပြီးတွေ့ချင်နေပါတယ်၊ ဒီနေ့တောင် ဒီကအပြန် ကျိုက္ကမီကိုဝင်ပြီး သမီးနဲ့တွေ့မလို့ စီစဉ်ထားပါတယ်"

အန်တီနီ့အသံတွေ လှိုက်လှဲတုန်ယင်နေ၏။

ရင်တွင်းကလာသောအသံဖြင့် အန်တီနီ စကားပြောနေမှန်း မဖြူ သိလိုက်သည်။

မဖြူ ဟန်မဆောင်နိုင်တော့တဲ့ အဘိုးကြီး အဘွားကြီးဆီပြေးသွားပြီး အန်တီနီ့ခြေရင်း၌ ဒူးထောက်ထိုင်ချလိုက်တော့၏။

အန်တီနီက မဖြူရဲ့ဆံပင်ကလေးများကို လက်ဖြင့်ပွတ်သပ်ရင်း ...

"အန်တီနီ သမီးကို ပြောခဲ့ဆိုခဲ့တာတွေ သိပ်မှားသွားတယ်၊ သိပ်ကိုမှားသွားတယ်၊ လူတွေဟာ အားလုံးသေမျိုးကြီးပါပဲ၊ လူတိုင်း လူတိုင်း သွားလေးသွားတဲ့လမ်းအတိုင်း လိုက်ရမှာချည်းပါပဲ၊ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီမှာ သေခြင်းတရားကို ရင်ဆိုင်သွားကြရစမြဲပါ၊ ဒီတရားတွေကို အန်တီနီ အခုတော့ ကောင်းကောင်းကြီးသဘောပေါက်နေပါပြီ သမီးရယ်၊ အန်တီနီလည်း မဟာစည်သာသနာ့ရိပ်သာမှာ သားလေးဆုံးပြီးကတည်းက သုံးကြိမ်ရှိပြီ တရားဝင်ခဲ့တာ၊ ဒါကြောင့် အန်တီနီ့မှာ အရင်



စိတ်တွေ မရှိတော့ပါဘူး၊ အရင်ကကိစ္စတွေအားလုံး ပြည်ဖုံးကားချလိုက်ပါပြီ သမီး"

"အင်း ... အန်တီရော၊ အန်ကယ်ပါ သူတော်ကောင်းကျင့်စဉ်တွေကို နေ့ညမပြတ် လိုက်ရှာနေကြပါပြီ သမီး၊ အန်တီတို့ကို ခွင့်လွှတ်ပါနော်"

မဖြူ အန်တီနီကို ခေါင်းမော့ကြည့်လိုက်ပါသည်။ သို့ပေမဲ့ ဝိုးတဝါးသာ မြင်ရ၏။

မဖြူ မျက်ဝန်းအစုံမှာ မျက်ရည်တွေ ရီဝေဆိုင်းနေလို့ပါပဲ။

"အန်တီနီ မတောင်းပန်လည်း သမီးက ခွင့်လွှတ်ပြီးသားပါ၊ တောင်းပန်စရာကို မလိုပါဘူး အန်တီနီရယ်၊ အန်တီတို့မိသားစုဟာ သမီးရဲ့ကျေးဇူးရှင်တွေပါ၊ ကျေးဇူးရှင်တွေကို မဖြူ ဘယ်တော့မှ မပြစ်မှားပါဘူးလေ၊ ကျေးလည်းမစွပ်တတ်ပါဘူး၊ ကျေးဇူးရှင်တွေကို ကျေးဇူးပြန်ဆပ်နိုင်အောင်ပဲ အမြဲကြိုးစားခဲ့တာပါ၊ စိတ်ချမ်းချမ်းသာသာနေပါ အန်တီရယ်၊ မဖြူအတွက်နဲ့တော့ စိတ်စနိုးစနောင့် မဖြစ်ပါနဲ့"

ငိုနေသည့်ကြားက အားယူ၍ မဖြူ ပြောလိုက်ခြင်းပါ။

"အန်ကယ်တို့ကလည်း သမီးဆီက ဒီစကားကြားရတဲ့အတွက် သာဓုခေါ်ပါတယ်၊ စိတ်ကောင်းရှိတဲ့ သမီးလေးကို အန်ကယ်တို့ တစ်သက်လုံး စောင့်ရှောက်ချင်ပါတယ်၊ ဟိုအရင်ကလို ချစ်ချစ်ခင်ခင်နဲ့ နေကြရအောင် ရန်ကုန်ကို အန်ကယ်တို့နဲ့အတူ လိုက်ခဲ့ပါလား သမီး"

အန်ကယ်ပြောလိုက်သည့် စကားအဆုံးတွင် အန်တီနီ
က ထပ်ဆင့်၍ ...

"ဟုတ်ပါတယ် သမီးရယ်၊ မသေခင်မှာ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် နေကြရအောင်၊ သေတော့မှ လွမ်းနေ၊ ဆွေးနေ၊ ငိုနေကြတာ အလကားပဲ၊ သမီးမှာလည်း မိဘမရှိတော့မယ့်အတူတူ အန်တီနီတို့လည်း အသက်ကြီးလာပြီဆိုတော့ သမီးကို တစ်ပြန်အားကိုးပါရစေလားကွယ်၊ အန်တီတို့နဲ့ ပြန်လိုက်ခဲ့နော်၊ ဟုတ်လား"

မမျှော်လင့်ထားသော စကားများ ကြားရ၍ မဖြူဝမ်းသာဝမ်းနည်း ခံစားနေရရှာသည်။

ထို့ကြောင့် ...

ရုတ်တရက် စကားပြန်မပြောဖြစ်။

အန်တီနီက သူတို့ယူလာသော ပန်းခြင်းကလေးကို ကိုစိုး အုတ်ဂူပေါ် သွားတင်ရင်း အမှုပေးဝေနေလိုက်သည်။

ပြီးမှ မဖြူဘက် ပြန်လှည့်ကာ ...

"ကဲ .. သမီး ပြန်လိုက်ခဲ့မယ် မဟုတ်လား"

"ဘာတွေများ ဒီလောက်စဉ်းစားနေသလဲကွယ်၊ အန်တီနီတို့က သမီးကို အမွေစားအမွေခံ မွေးစားမှာပါ၊ လိုက်ခဲ့ပါနော်"

"သမီး ဒါတွေမမျှော်လင့်ပါဘူး အန်တီရယ်၊ အန်တီတို့တစ်ပြားတစ်ချပ်မှ မပေးလည်း ရပါတယ်၊ အန်တီနီတို့ကို သမီး ပြန်ပြုစုခွင့်ရတော့မှာမို့ သမီး သိပ်ကိုဝမ်းသာနေပါတယ် ဒါပေမဲ့ ..."



"ဘာဒါပေမဲ့လဲ သမီး"

အန်ကယ်က အလောတကြီး ဝင်မေးလိုက်ခြင်းပင်။

"သမီးကျောင်းက ကလေးတွေကိစ္စပါ အန်ကယ်၊ သူတို့လေးတွေကို ဒီနှစ်ကုန်တဲ့အထိတော့ သမီး စာသင်ပေးလိုက်ချင်သေးလို့ပါ၊ ရုတ်တရက်ကြီးဆိုတော့ သူတို့လေးတွေ ဒုက္ခရောက်ကြမယ်လေ။ ဒါကြောင့် နှစ်ကုန်ကျောင်းပိတ်မှပဲ အန်ကယ်တို့ဆီ လာခဲ့ပါ့မယ်လို့ ပြောမလို့"

ခုမှ အန်ကယ် သဘောပေါက်သွားပြီး ခေါင်းတညိတ်ညိတ်နှင့် ...

"ဟုတ်သားပဲ၊ အန်ကယ်တို့က ဒါတွေကို မတွေးမိဘူး၊ ကောင်းပါတယ်၊ သမီးသဘောပါ၊ ကျောင်းကြီးပိတ်ပြီးချင်းသာ အမြန်လာခဲ့နော်၊ ဟုတ်လား"

"အန်တီနီတို့ သမီးလာမယ့်ရက်ကို မျှော်နေမယ်"

"ကဲ ... သွားကြစို့၊ သမီးကို အန်တီတို့ ကျိုက္ကမီအထိ လိုက်ပို့ပေးပါ့မယ်"

"အို ... နေပါစေ အန်တီနီရယ်၊ ဒုက္ခမရှာပါနဲ့"

"ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ အန်ကယ်တို့ ကျိုက္ကမီရေလယ်ဘုရားဖူးဖို့ အစီအစဉ် ရှိပါတယ်၊ ကဲ ... သွားကြစို့၊ သွားစို့"

အန်ကယ်က ပြောရင်းဆိုရင်း ရှေ့မှလျှောက်သွားသည်။

အန်တီနီကိုတွဲ၍ မဖြူတို့က နောက်မှလိုက်သွားကြသည်။

မဖြူ ရင်ထဲမှာတော့ ...

"နေရစ်ခဲ့ပါတော့ အချစ်ရေ၊ နေရစ်ခဲ့တော့၊ ကိုစိုးရဲ့ကိုယ်စား ကိုစိုးရဲ့မိဘနှစ်ပါးကို မဖြူ တစ်သက်လုံး ပြုစုစောင့်ရှောက်သွားပါ့မယ်လို့ မဖြူ ကတိပြုပါတယ် အချစ်ရယ်၊ စိတ်ချပြီး နေရစ်ခဲ့တော့ အချစ်ရယ်"

✣ ✦ ✣



## အခန်း(၄၁)

လွမ်းစေတီရင်ပြင်ပေါ်သို့ မဖြူ တစ်ယောက်တစ်လှမ်းချင်း လှမ်းလာလိုက်၏။

လက်ထဲမှာလည်း သစ္စာပန်းနီနီရဲရဲလေးတစ်စီးကိုင်လျက် ...

ဆင်းတုတော်တစ်ဆူအရှေ့မှာ မဖြူ တစ်ယောက်တည်းထိုင်၍ ဘုရားကို အာရုံပြုကန်တော့လိုက်သည်။

ထို့နောက် သစ္စာပန်းစည်းကို ဘုရားပန်းအိုးတစ်အိုးထဲ ကပ်လှူပူဇော်လိုက်၏။

ပြီးလျှင် ချစ်တဲ့ကိုစိုးကိုလည်း အမျှပေးဝေလိုက်ပါသည်။

ဘုရားရင်ပြင်တစ်နေရာကို မဖြူ လျှောက်သွားလေသည်။

ထိုနေရာမှ တောင်ကြီးမြို့ကို ဆီးမိုး၍ ကောင်းကောင်းမြင်နိုင်ပါ၏။

မနက်စောစောမို့ တောင်ကြီးမြို့ကြီးမှာ ဆီးနှင်းတွေ ပိတ်ဆို့လို့။ ဘာကိုမှ ပီပီပြင်ပြင် ထင်ထင်ရှားရှား မမြင်ရတတ်သေး။

သေသေချာချာကြည့်မှ အနိမ့်အမြင့် မညီမညာသော တောင်တန်း တောင်ရိုး တောင်ကုန်းများပေါ် မြို့ကတည်ထားကြောင်း မြင်သာလေသည်။

အချို့သော တိုက်တာအဆောက်အအုံတို့မှာ မြို့အနိမ့်ပိုင်း၌ရှိကြ၍ အချို့သော အိမ်ရာတို့မှာ မြို့အပြင်ပိုင်းမှာ ရှိနေကြောင်းလည်း မဖြူ သတိပြုမိသည်။

တောင်ကြီးမြို့၏ မြို့ပြအခြေအနေသည် သူ့ဘဝအတိုင်းပါလားဟု မဖြူ စိတ်ထဲ တွေးထင်လိုက်မိသည်။

သူသည် တစ်ချိန်တုန်းက အမိမရှိ အဖမရှိ၊ တစ်ကောင်ကြွက် မျက်နှာငယ် ခြေသလုံးအိပ်တိုင်ဘဝ။

ခုတော့ သူ့မှာ အမိရယ်၊ အဖရယ်၊ ခြံရယ်၊ တိုက်ရယ်၊ ကားရယ်နှင့် ပြည့်ပြည့်စုံစုံ။

သူ့ကို အန်ကယ်နှင့် အန်တီနီတို့က အမွေစားအမွေခံ မွေးစားလိုက်ပါပြီ။

တစ်ခါတုန်းက မြို့ငယ်ကလေးတစ်မြို့က အလယ်တန်းပြဆရာမကလေးဘဝ။

အခုတော့ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန နည်းပြဆရာမတစ်ဦး။ ယခုလောလောဆယ် တောင်ကြီးကောလိပ်တွင် စာပေးစာယူသင်တန်းအတွက် လာရောက်ဆည်းပူးနေခြင်းဖြစ်ပါ၏။



မဖြူ၏ဘဝသည် လူ့ဘဝသက်တမ်းနှင့်မမျှ အဆစ်အချိုး၊ အကွေ့အကောက် ထူထပ်များပြားလွန်းလှပေသည်။

အချစ်ဦးနှင့် ရင်နင့်အောင် ချစ်ခဲ့ရဖူး၏။ ထိုအချစ်ဦးကြောင့် ငိုကြွေးပူဆွေးခဲ့ရဖူးသည်။ နောက်ဆုံး ...

ထိုအချစ်ဦးက သူ့အား အပြီးတိုင် စွန့်လွှတ်ထွက်ခွာသွားလေပြီ။

သူက ကိုစိုး၊ ကိုစိုးရယ်ပါ။

ဒါတင်မက မိမိကို စွဲစွဲလမ်းလမ်းနှင့် ချစ်ကြသူနှစ်ဦးမှာလည်း မဖြူ့ခမျာ ကြုံတွေ့ခဲ့ရပါသေးသည်။

နှင်းဆီဆိုသည့် မိန်းမချောကလေးအတွက် ချစ်လျက်နှင့် ငြင်းပယ်ခဲ့ရသူကတော့ စိုင်းမောင်မောင်။

ပုလဲဆိုသည့် သံယောဇဉ်ကလေး တစ်မျှင်ကြောင့် မေတ္တာမျှခဲ့ပေမယ့်လည်း ခံမှန်ဖူးသော စာသူငယ်မို့ ထပ်မံကျရောက်လာမယ့် နောက်ထပ်ခံဒဏ်ရာကို မခံနိုင်၍ ရှောင်တိမ်းပြေးခဲ့ရပါ၏။

စွန့်လွှတ်ပြေးခဲ့ရပါ၏။

ထိုသူကတော့ ဒေါက်တာအောင်စိုးပါ။

"သမီး အိမ်ထောင်ပြုချင်ပြုနော်၊ အန်တီနီတို့ကို ဘာမှမငဲ့ပါနဲ့"

သည်လို အန်တီက ပြောထားပေမယ်လည်း မဖြူနှလုံးသားမှာ အရင်လိုတုန်လှုပ်ခြင်းမရှိတော့။ ရင့်ကျက်ခိုင်မာလျက်ပါ။

သားထောက်သမီးခံ မရှိကြသော အန်ကယ်နှင့် အန်တီနီတို့ကိုပဲ အသက်ထက်ဆုံး မဖြူ ပြုစုသွားရန် ဆုံးဖြတ်ရမလို ရှိနေပါ၏။

"မဖြူ ထင်ပါရဲ့"

ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ...

"အို ... စိုင်းမောင်မောင်ရယ်"

မမျှော်လင့်ဘဲ မဖြူ စိုင်းမောင်မောင်ကို တွေ့လိုက်ရပါသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်ကြာအောင် မဖြူ ခမျာ မလှုပ်မယှက်၊ မရယ်မပြုံး ငေးကြည့်နေလိုက်သည်။

မဖြူ စိုင်းမောင်မောင်အား ယုံရခက် မယုံရခက် ခက်ပင် ဖြစ်တော့သည်။ စိုင်းမောင်မောင် တကယ်မှ ဟုတ်ပါလေရဲ့လားဟုလည်း သံသယဖြစ်မိသည်။

"မဖြူ ... ကျွန်တော် စိုင်းမောင်မောင်လေ၊ မမှတ်မိတော့ဘူးလား မဖြူရယ်"

စိုင်းမောင်မောင်ကတော့ အရင်လိုပဲ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနှင့် ပြုံးရွှင်စွာ မေးလိုက်ပါသည်။ စိုင်းမောင်မောင် အပြုံးသည် သွားကလေး ပုလဲရောင်သမ်းပြီး ညီညာဖြူဖွေးသည့်ကြားမှ တစ်ဖက်တစ်ချောင်းစီ တင်ထားသည့် သွားအစွယ်ကလေး နှစ်ချောင်းက ရယ်လေမှ ပိုပြီးလှပ ကျက်သရေရှိသွားပါ၏။

"မှတ်မိပါတယ် အစ်ကို၊ ဒီနေရာမှာ မထင်မှတ်ဘဲ၊ မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ အရမ်းအံ့သြနေမိတာပါ"



"ဒါပေါ့ဗျာ ... ဒါပေါ့၊ မတွေ့ကြတာလည်း လေးငါးခြောက်နှစ် ရှိတော့မယ်နော်"

"ဟုတ်တယ်နော်၊ ဒါနဲ့ အစ်ကိုတစ်ယောက်တည်းလား၊ အခု တောင်ကြီးမှာလား"

"တစ်ယောက်တည်းပါဗျာ၊ တစ်ယောက်တည်းပါ၊ တောင်ကြီးကို ခြံကိစ္စရှိလို့ ရောက်နေတာပါ၊ ဘုရားကိုမဖူးရတာ ကြာလို့ လာဖူးတာလေ၊ ကဲ ... မဖြူကရော တစ်ယောက်တည်းပဲလား၊ ဘာကိစ္စနဲ့ တောင်ကြီးရောက်နေတာလဲ"

"တစ်ယောက်တည်းပဲပေါ့၊ တောင်ကြီးကောလိပ်မှာ စာပေးစာယူသင်တန်းအတွက် စာလာသင်နေတာလေ၊ နှင်းဆီကော ခေါ်မလာဘူးလား"

စိုင်းမောင်မောင် မျက်နှာ ရုတ်တရက် ညှိုးကျသွားပါသည်။ ပြီးတော့မှ ...

"သြော် ... သြော်၊ ကျွန်တော့်အကြောင်းတွေ မဖြူ မသိသေးဘဲကိုး"

ဤသို့ တစ်လုံးချင်း လေးလေးနက်နက် ပြောလိုက်ပါသည်။

"နှင်းဆီ ဘာဖြစ်လို့လဲ၊ မဖြူ ဘာမှမသိရဘူး"

"နှင်းဆီ ကျွန်တော်နဲ့ ကွဲသွားပြီလေ"

"အို"

မဖြူ အံ့သြရပြန်ပြီပေါ့ တစ်ခါ။

ဘယ်လိုဖြစ်ကုန်ကြပါလိမ့်။

စိုင်းမောင်မောင်ကို နှင်းဆီက သိပ်ချစ်ရဲ့သားနဲ့။
အို … သိပ်ချစ်ရဲ့သားနဲ့ ဘာလို့များ ကွဲကုန်ကြပါလိမ့်နော်။

လောကကြီးရယ် … သိပ်ဆန်းလိုက်တာကွယ်။

စိုင်းမောင်မောင်က စီးကရက်တစ်လိပ်ကို ထုတ်သောက်ပြီး မဖြူကိုမကြည့်ဘဲ ဟိုအဝေးက မြူနှင်းတွေကို ငေးကြည့်ရင်း …

"မဖြူ အချိန်ရမယ်ဆိုရင် ကျွန်တော် ရှင်းပြပါရစေဗျာ"

"ဒီနေ့ မဖြူ အားတယ် အစ်ကို"

"ဟာ … ဒီလိုဆိုရင် သိပ်ဟန်ကျတာပေါ့ဗျာ၊ ကျွန်တော်တို့ တစ်နေရာသွားပြီး အေးအေးဆေးဆေး စကားပြောရင်း တစ်ခုခု စားသောက်ကြတာပေါ့၊ မကောင်းဘူးလား"

✤ ✦ ✤



သန့်ရှင်းသော ရှမ်းခေါက်ဆွဲဆိုင်တစ်ဆိုင်။

နံနက်စောစောမို့လား မသိ၊ ဆိုင်မှာ လူရှင်းနေ၏။

"ကဲ … ပြောပါဦး အစ်ကို၊ နှင်းဆီလေးတော့ သနားစရာပါနော်"

"ဟုတ်ပါတယ် မဖြူ၊ နှင်းဆီလေးက သိပ်ကိုသနားစရာကောင်းပါတယ်ဗျာ၊ ဒီလိုသနားမိလို့လဲ ကျွန်တော် လက်ထပ်ခဲ့တာပါ"

"နို့ … အစ်ကိုက ခိုးပြေးခဲ့တာ မဟုတ်ဘူးလား"

"ဪ … နှင်းဆီ ပျောက်သွားတုန်းက မဖြူ ရှိသေးတာကိုး"

မဖြူက ရှမ်းခေါက်ဆွဲတစ်ဇွန်း ကော်စားရင်း …

"ရှိတယ်လေ … ရှိတယ်၊ မဖြူ မပြန်ခင်တစ်ရက်မှာ နှင်းဆီပျောက်သွားတာပဲ"

"ဒါဖြင့် နှင်းဆီ ပျောက်သွားတာ ကျွန်တော်ခိုးသွားတယ်လို့ မဖြူ ထင်နေတာပေါ့"

ချက်ချင်း မဖြူ ခေါင်းညိတ်ပြလိုက်၏။

"ဒီလိုပဲ အားလုံးက ထင်နေကြတယ်ဗျာ၊ ဒီလိုထင်အောင် လည်း ကျွန်တော်နဲ့ ဒေါက်တာအောင်စိုးတို့ နောက်ပိုင်းမှာ နှင်းဆီ မနစ်နာအောင် ဖန်တီးကြရတယ်"

စိုင်းမောင်မောင် စကားများက လျှို့ဝှက်နက်ရှိုင်းလွန်းသည်။ ဒါကြောင့် မဖြူခမျာ နားမလည်နိုင်။

စိုင်းမောင်မောင်ကိုသာ တွေတွေလေး စိုက်ကြည့်နေမိသည်။

"နားရှုပ်သွားပြီလား မဖြူရယ်"

"ဟုတ်တယ်၊ ရှုပ်သွားတယ်"

"တကယ်တော့ နှင်းဆီကို ခိုးပြေးတာ စိုင်းညီညီ၊ ကျွန်တော့်ညီလေး စိုင်းညီညီ"

"အို"

ဒုတိယအကြိမ်မြောက် မဖြူ အံ့သြရပြန်သည်။

"နှင်းဆီကို စိုင်းညီညီက တစ်ဖက်သတ်ချစ်နေတာ ကြာပြီဗျ၊ တစ်နေ့ ချစ်ခွင့်ပန်လိုက်မိတယ်၊ ဒါကို နှင်းဆီက ပါးရိုက်လိုက်တယ်၊ နှင်းဆီက ကျွန်တော့်ကို တစ်ဖက်သတ်ချစ်နေမှန်း စိုင်းညီညီ သိသွားတာနဲ့ စိုင်းညီညီ တစ်ယောက် ဒေါသလိုက်ကျင့်ကြံလိုက်တာပဲပေါ့ဗျာ"

"ဒါနဲ့ အစ်ကိုက နှင်းဆီကို ဘာလို့လက်ထပ်ရတာလဲ"

"ဒီလိုလေဗျာ၊ စိုင်းညီညီက နှင်းဆီကို ရွာကလေးတစ်ရွာကို ခိုးပြေးသွားတယ်၊ အဲဒီရွာကို ဓားပြဝင်တိုက်တယ်၊ စိုင်းညီညီက ခုခံတယ်၊ ဓားပြလက်ချက်နဲ့ စိုင်းညီညီသေသွားတယ်၊ အဲဒီသတင်းရလို့ ကျွန်တော်နဲ့ ဒေါက်တာ



အောင်စိုး လိုက်သွားတော့ နှင်းဆီကိုပဲ တွေ့ရတော့တယ်၊ ဒီကိစ္စကို ဒေါက်တာအောင်စိုးက ရပ်ကျော်ရွာကျော်မဖြစ်ရအောင် နှင်းဆီကို ပြန်သိမ်းပြီး ဖုံးဖိထားလိုက်တယ်"

စိုင်းမောင်မောင် စကားရပ်ပြီး ရှမ်းခေါက်ဆွဲငုံ့စားလိုက်၏။

ပြီးမှ စိုင်းမောင်မောင် ဆက်ရှင်းပြန်သည်။

"တစ်နေ့ ဒေါက်တာအောင်စိုး ကျွန်တော့်ဆီ ရောက်လာတယ်၊ နှင်းဆီမှာ ကိုယ်ဝန်ရှိနေသတဲ့"

"အို"

တတိယအကြိမ်မြောက် မဖြူ အံ့သြမိပြန်သည်။

"အဲဒီကိုယ်ဝန်က စိုင်းညီညီနဲ့ရခဲ့တဲ့ ကိုယ်ဝန်ပေါ့ဗျာ၊ ဒီကိုယ်ဝန်ကို နှင်းဆီက ဖျက်ချဖို့ ကြိုးစားနေတယ်တဲ့၊ ဒါကို ဒေါက်တာအောင်စိုးက အချိန်မီတားဆီးပြီး ကျွန်တော့်ဆီကို အကြောင်းကြားပြီး အကူအညီ တောင်းလာတယ်၊ တောင်းတဲ့အကူအညီကတော့ နှင်းဆီရဲ့အရှက်နဲ့ ကလေးရဲ့အသက်ကို ကျွန်တော်က ကယ်ပေးဖို့တဲ့၊ ဒီနေရာမှာ မဖြူဆိုရင် ဘယ်လိုဆုံးဖြတ်မလဲ"

မဖြူက စိုင်းမောင်မောင်ကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"မဖြူကတော့ လိုက်လိုက်လှဲလှဲ အကူအညီပေးလိုက်မှာပဲ"

"ဟုတ်တာပေါ့ဗျာ၊ ဒါနဲ့ ကျွန်တော်လည်း နှင်းဆီကို လက်ထပ်လိုက်တာပါပဲ"

"အခုကွဲသွားတော့ အဲဒီကလေးကရော"

"ကလေးက ပျက်ကျသွားတယ်၊ နှင်းဆီက ကျွန်တော့် စေတနာကို နားလည်တယ်၊ ဒါကြောင့် ကလေးပျက်ကျ သွားတာနဲ့ ကွာရှင်းပေးလိုက်တယ်"

မဖြူက ခေါင်းတညိတ်ညိတ်နှင့် စားလက်စခေါက်ဆွဲ လက်ကျန်လေးကို လက်စသတ်လိုက်သည်။

စိုင်းမောင်မောင် စားသောက်ပြီးအောင်လည်း စောင့် ပေးသည်။

စိုင်းမောင်မောင် စားပြီးသည်နှင့် မဖြူ ထိုင်ရာမှ ထရပ်လိုက်သည်။

"သွားကြစို့တော့ အစ်ကို"

"နေပါဦး မဖြူ၊ ကျွန်တော်ပြောချင်တာလေး ပြီးအောင် ပြောပါရစေလား"

မဖြူ ပြန်ထိုင်သည်။

မဖြူ၏ဗီဇကိုက တစ်ဖက်သားက တောင်းဆိုလာ လျှင် ငြင်းဆန်ရန် ဝန်လေးတတ်လွန်းသည်။

စိုင်းမောင်မောင် ဆက်ပြောပါ၏။

"နှင်းဆီကို လက်ထပ်လိုက်တာဟာ လူသိရှင်ကြားဖြစ်ရဲ့ ပါ မဖြူ၊ လူတွေအားလုံးက နှင်းဆီကို ကျွန်တော်မိုးပြေး တာလို့ ထင်နေကြတယ်၊ နှင်းဆီမှာလည်း စိုင်းညီညီရဲ့ ကိုယ်ဝန် ရထားတယ်၊ စိုင်းညီညီက ကွယ်လွန်သွားပြီ၊ ဒီတော့ နှင်းဆီအတွက် ဖအေဖော်ဖို့ လိုအပ်နေပြီ၊ ဒါကြောင့် နှင်းဆီကို လူသိရှင်ကြား ကျွန်တော် လက်ထပ်ပြတယ်၊



ဒါပေမဲ့ နှင်းဆီကို ကျွန်တော် လုံးဝမပေါင်းဖက်ခဲ့ပါဘူး။ ကျွန်တော့်မှာ ခံယူချက်ရှိထားခဲ့တယ်လေ၊ ကျွန်တော်မချစ် ခင်မနှစ်သက်နိုင်တဲ့ အမျိုးသမီးတစ်ယောက်ဆီမှာ ကျွန်တော့် ရဲ့လူပျိုဘဝကို မစွန့်လွှတ်ဘူးဆိုတဲ့ ခံယူချက်ပါ၊ ဒါကြောင့် နှင်းဆီရဲ့ဦးလေးအရင်း ဒေါက်တာအောင်စိုးတို့ လင်မယား ကို သက်သေပြပြီး နှင်းဆီမွေးဖွားပြီးလို့ စိတ်ချရတဲ့အချိန် မှာ ကွာရှင်းပေးရမယ်ဆိုတဲ့ကတိနဲ့ နှင်းဆီကို လက်ထပ် ခဲ့တာပါ၊ ကျွန်တော့်ရဲ့ဘဝစစ် ဘဝမှန်ဟာ မယားနဲ့လူပျို ပါ မဖြူ၊ ကျွန်တော်ပြောတာ မယုံရင် ဒေါက်တာအောင်စိုး တို့လင်မယားဟာ ခုချိန်ထိ ကလောက အရင်အိမ်မှာပဲ ရှိနေကြပါသေးတယ်"

ဒေါက်တာအောင်စိုးတို့ ဇနီးမောင်နှံဟု ပြောပြချက် အရ ဒေါက်တာအောင်စိုးသည် သူ၏မိခင်သဘောတူသူ အမျိုး သမီးတစ်ဦးနှင့် လက်ထပ်လိုက်ကြောင်း ထင်ရှားစေပါ၏။

ပုလဲလေးအကြောင်းကို မဖြူ မေးချင်မိသည်။ သို့သော် သံယောဇဉ်ပြတ်လက်စနှင့် ပြတ်ပါစေတော့ဟု သဘော ထားကာ မမေးတော့ပါပေ။

"နှင်းဆီဟာ အစ်ကို့ကို တစ်ဖက်သတ်ချစ်သူပါ၊ အစ်ကို က တကယ်မညားဘူးဆိုတော့ သူ့ခမျာ စိတ်ဆင်းရဲမှာ ပေါ့နော်"

"အဲဒီလို မဟုတ်တော့ဘူး မဖြူ၊ စိုင်းညီညီနဲ့ သူနဲ့ မလွဲ သာ မရှောင်သာ ညားကြပေါင်းသင်းကြခဲ့ပြီးနောက် နှင်းဆီ

ကိုယ်တိုင်က သူ့ရဲ့မသန့်ရှင်းတော့တဲ့ကိုယ်ကို ကျွန်တော့်လက်ထဲ မအပ်ချင်တဲ့စိတ်ဓာတ်လေးလည်းရှိတယ်၊ နောက်တစ်ချက်က ကျွန်တော်က ကျွန်တော့်ဘဝ အနာခံပြီး သူ့သိက္ခာကို ဆယ်ပေးတဲ့ စေတနာကိုလည်း လေးစားတယ်၊ နောက်ပြီး လူသိရှင်ကြား လက်ထပ်ထားပြီးတာတောင် ကျွန်တော်က သူ့အပေါ် ညီမတစ်ယောက်ထက်မပိုတဲ့ အကြောင်း လက်တွေ့သဘောပေါက်သွားတယ်၊ ဒီကြားထဲမှာပဲ ကိုယ်ဝန်ဟာ နေ့စေ့လစေ့မနေဘဲ ပျက်ကျသွားတော့ ဘာပြောပြော သူ့ဘဝဟာ လွတ်လွတ်လပ်လပ်ဖြစ်သွားတယ် မဖြူ၊ အဲဒီလို အကြောင်းအမျိုးမျိုးတွေကြောင့် ကျွန်တော်နဲ့ သူနဲ့ တရားဝင်ကွာရှင်းလိုက်တယ်၊ ကွာရှင်းပြီးတဲ့အချိန်ကစပြီး ကျွန်တော် ကလောကအိမ်ကို အပြတ်ရောင်းပြီး ကလောကို နောက်တစ်ခေါက် ပြန်မသွားတော့ဘူး"

"အခု အစ်ကို တောင်ကြီးရောက်လာတာကရော"

"ခြံတွေရောင်းတယ်လေ၊ အမွေခွဲပေးစရာ ခိုင်ညီညီလည်း မရှိတော့ဘူး မဟုတ်လား၊ တောင်ကြီးက ကျွန်တော့်လူယုံတော် ဦးပန်းမောင်ကိုပဲ ကလောကခြံတွေရော၊ တောင်ကြီးက စိုက်ခင်းတွေရော ရောင်းခိုင်းထားတာကြာပြီ၊ အခု ဦးပန်းမောင်က ရောင်းရတဲ့ငွေတွေ လာယူပါဆိုလို့ တောင်ကြီးကို ပြန်ရောက်လာတာပဲ"

"အခု ဒါဆို အစ်ကိုက ဘယ်မှာအခြေချလဲဟင်"



"ရန်ကုန်ပဲပေါ့၊ မဟာဗန္ဓုလပန်းခြံလမ်းထဲမှာ ကိုယ်ပိုင်တေးသံသွင်းလုပ်ငန်းရော၊ တီဗီနဲ့ ဗီဒီယိုစက်တွေရော အရောင်းအဝယ်လုပ်ငန်း လုပ်နေတယ်"

မဖြူက အစ်ကိုစိုင်းမောင်မောင် ပြောသမျှ နားထောင်ရင်း အဝေးသို့ ငေးကြည့်နေမိသည်။

"မဖြူ"

"ရှင် ... အစ်ကို"

"ကျွန်တော့်ဘဝကို မဖြူ သံသယရှင်းပါတယ်နော်"

မဖြူ ခေါင်းညိတ်ပြမိသည်။

"နှင်းဆီနဲ့ ကျွန်တော် တရားဝင်ကွာရှင်းခဲ့တာ သုံးနှစ်ရှိပါပြီ မဖြူ၊ ကျွန်တော့်ရဲ့အဆိုတော်ဘဝ၊ တေးသံသွင်းလုပ်ငန်းဘဝဆိုတာဟာ နေ့စဉ်နေ့တိုင်း မိန်းကလေးတွေ ဒါဇင်လိုက် ဆက်ဆံရတဲ့ဘဝနဲ့ လုပ်ငန်းမျိုးပါ၊ ဒါပေမဲ့ မဖြူ ယုံရဲ့လား၊ ကျွန်တော် ဘယ်အမျိုးသမီးတစ်ဦးတလေကိုမှ ချစ်ရေးမဆိုခဲ့ဘူး၊ စိတ်မဝင်စားခဲ့ဘူး၊ အဲဒါဘာဖြစ်လို့လဲ၊ မဖြူ သိရဲ့လားဟင်"

"မဖြူက ဘယ်လိုသိတတ်မှာလဲ အစ်ကို"

"သိတတ်လိုက်စမ်းပါ မဖြူရယ်၊ သိလိုက်စမ်းပါ၊ ကျွန်တော် မဖြူကလွဲပြီး တခြား ဘယ်မိန်းကလေးတစ်ယောက်ကိုမှ မချစ်ခဲ့သေးလို့ပါ၊ အခု မဖြူကို ပြန်တွေ့တယ်၊ ကျွန်တော့်နှလုံးသားထဲက အချစ်ဟာ ပြာဖုံးမီးခဲပါ၊ မဖြူကို ပြန်တွေ့တာနဲ့ ပြာတွေလွင့်ပြီး မီးကျီးခဲရဲရဲတောက်လာပါတယ်၊ မဖြူကို ကျွန်တော် လက်ထပ်ပါရစေ"

"ရှင်"

"ကျွန်တော် ထပ်ပြောပါ့မယ်၊ မဖြူကို ကျွန်တော် လက်ထပ်ပါရစေ၊ ကျွန်တော် မဖြူကိုချစ်တယ်၊ မဖြူက ကျွန်တော့်ကို ချစ်ရဲ့လားဆိုတာတွေ ကျွန်တော် ပြောစရာမလိုတော့ဘူးလို့ပဲ ယူဆတယ် မဖြူ၊ ဟိုတုန်းကတည်းက ကျွန်တော် မဖြူကို ချစ်ခဲ့တာဖွင့်ပြောပြီးပြီ၊ မဖြူဟာ နှင်းဆီကိုင်ပြီး ကျွန်တော့်ကို နှလုံးသားထဲက ချစ်ပါလျက်နဲ့ ငြင်းတယ်ဆိုတာလည်း နှင်းဆီကိုယ်တိုင်က ဖွင့်ပြောခဲ့တယ်၊ ကျွန်တော် ကိုယ်တိုင်လည်း အဲဒီလိုပဲ ရိပ်စားမိခဲ့တယ်၊ ဒီတော့ အခု ပြန်တွေ့တဲ့အချိန်မှာ လက်ထပ်ပါရစေဆိုတာပဲ ကျွန်တော် ပြောချင်တယ် မဖြူ"

မဖြူ ငြိမ်နေသည်။

"ပြောပါ မဖြူ"

စိုင်းမောင်မောင်က သူ၏ရင်တွင်းနှလုံးသားအချစ်ကို ပြာဖုံးမီးခဲ ယခု ရဲရဲတောက်လာသည်ဟု ဥပမာပြောသွားသည်။

မှန်၏။

တကယ်တော့ မဖြူမှာလည်း ပင်စည်ဖြတ်လှဲစေကာမူ သစ်ငုတ်တိုမှ အကိုင်းအခက် အရွက်တွေ ပြန်လည်ထွန်းပေါက်ဝေဆာသည့်သဘော ရှိနေပါ၏။

အစ်ကိုစိုင်းမောင်မောင်အား မချစ်၍ပစ်ခွာခဲ့သည်မှ မဟုတ်တာ။



ရင်ထဲ နှလုံးထဲက ချစ်ပါလျက်နှင့် စွန့်ခွာခဲ့ခြင်းသာ မဟုတ်ပါလား။

ယခု ပြန်လည်တွေ့ဆုံပြီး ကိုယ်လွတ်လက်လွတ်ကိုယ်စီဆိုတော့လည်း သစ်ငုတ်တိုမှ အရွက်တွေ ဝေဖားစိမ်းစိုသည်။ အကိုင်းအခက်တွေ ထွက်လာမည်သာ။

"အစ်ကိုရဲ့ ဖြစ်ခဲ့တာတွေကို မဖြူ ယုံပါတယ်၊ သံသယလည်း ရှင်းပါတယ်၊ အဲ ... မဖြူ ဘာတွေဖြစ်ခဲ့တယ်ဆိုတာလည်း အစ်ကိုသိဖို့လိုမယ် အစ်ကို"

"မလိုဘူး မဖြူ၊ ဒေါက်တာအောင်စိုးနဲ့တုန်းကလည်း မဖြူဟာ နှလုံးသားအရင်းမခံဘဲ ဦးနှောက်နဲ့ ဆုံးဖြတ်ခဲ့တာရယ်၊ နှင်းဆီကိုင်ပြီး ကိုယ့်ရင်ထဲကအချစ်ကို စတေးခဲ့တာရယ်၊ ကျွန်တော် အားလုံးသိပြီးသား၊ အဲဒီမတိုင်ခင်ကပဲဖြစ်ဖြစ်၊ အဲဒီနောက်မှာပဲဖြစ်ဖြစ် မဖြူဟာ အချစ်နဲ့မကင်းတာလေးတွေ ဖြစ်ချင်လည်း ဖြစ်လိမ့်မယ်၊ ဒါတွေကို ကျွန်တော် လုံးဝထည့်မစဉ်းစားဘူး မဖြူ၊ ပြီးခဲ့တာတွေ ပြီးသွားပြီလို့ပဲ မှတ်ယူမယ်၊ ဒီမယ် မဖြူ ..."

စိုင်းမောင်မောင်က စားပွဲပေါ်တင်ထားသော မဖြူ၏ လက်ဖမိုးလေးကို သူ၏လက်ဖြင့် ညင်သာစွာ အုပ်ကိုင်လိုက်သည်။

"ခုချိန်ထိ မဖြူဟာ အပျိုဆိုတဲ့ ဝိသေသလည်း ပိုင်ဆိုင်တယ်၊ မဖြူဟာ ဘယ်သူနဲ့ပဲဖြစ်ဖြစ် လက်မထပ်ခင်အတွင်းမှာ သန့်ရှင်းအောင် ထိန်းသိမ်းနိုင်စွမ်းရှိမှန်း ကျွန်တော်သိတယ်၊ ယှဉ်ကြည့်ရင် ကျွန်တော်ကသာ မယားနဲ့လူပျိုတစ်ခုလပ် ဝိသေသကြီးနဲ့လူပါ၊ ကဲပါ ... မဖြူ၊ ကျွန်တော်

မဖြူကို လက်ထပ်ပါရစေ၊ လက်ထပ်ခွင့်ပေးမယ် မဟုတ်လား မဖြူ"

မဖြူသည် အစ်ကိုစိုင်းမောင်မောင်အား ပြုံးပြုံးလေး ကြည့်လိုက်သည်။

ပြီး ...

သူမ၏ဦးခေါင်းလေးကို ညင်ညင်သာသာလေးပင် ညိတ်ပြလိုက်လေတော့သတည်း။

နားကြပါဦးစို့

တက္ကသိုလ်တင်မြင့်